www.burmeseclassic.com

# မောင်ညိုနိုင်း
[သန်လျှင်]

# မီးငြိမ်းမိုး အပါ အဝင် လျှို့ဝှက်ဆန်းကြယ် ဝတ္ထုတိုများ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် – ၅၀၁၇၁၇၀၅၁၂
အဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၂၇၁၁၀၀၇

■

စီစဉ်သူ ။ ကိုတင်ထွန်း

■

**ပုံနှိပ်ခြင်း**

ပထမအကြိမ် ။ ၂၀၀၈၊မေလ
အုပ်ရေ ။ ၅၀၀
မျက်နှာဖုံး ။ မြတ်မင်းဟန်
ကွန်ပျူတာစာစီ ။ *Welfare*
အတွင်းဖလင် ။ *Quality*

■

**ပုံနှိပ်သူ**

ဦးမန်းနော်တင် (ပိုးကာရင်ပုံနှိပ်တိုက်) (၀၂၈၁၁)
အမှတ်(၁၂၀)၊ မင်းရဲကျော်စွာလမ်း၊
အလုံမြို့နယ်၊ ရန်ကုန်မြို့။

■

**ထုတ်ဝေသူ**

ဦးတင်ထွန်း ( မြ )(၀၄၂၀၅)
စိတ်ကူးသ ာဂဝေ
အမှတ်(၂၅)၊အပေါ်ဆုံးလွှာ၊ ပုသိမ်လမ်း၊
စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။

■


တန်ဖိုး – ၁၅၀၀ကျပ်

## မာတိကာ

| စဉ် | စာညွှန်း | စာမျက်နှာ |
| --- | --- | --- |
| ၁ | မိုးငြိမ်းမိုး | ၁ |
| ၂ | ဖဲမော့်ကျုပ်စေ့ | ၃၁ |
| ၃ | ကျိုးဝဲကျွန်းပေါ်က လူသတ်မှု | ၅၀ |
| ၄ | ငရဲမီးနှင့် ဖော်စပ်ထားသော ဖျော်ရည်ခွက်များ | ၆၆ |
| ၅ | ပြောစမှတ်ဖြစ်သည့် ဓားပြမှုတစ်မှု | ၈၁ |
| ၆ | သတိ ခါးပိုက်နှိုက် | ၉၉ |
| ၇ | လက်ငင်းပေးဆပ်လိုက်ရသည့်အကြွေး | ၁၀၉ |
| ၈ | မြေကြီးပေါ်ကျမှာစိုးရသည့်မျက်ရည် | ၁၂၄ |
| ၉ | ဓားရှက်ပြွတ် လူသတ်သမား | ၁၃၆ |
| ၁၀ | ရေသည်လင်မယားသတ်မှု | ၁၇၃ |
| ၁၁ | ဘရွှေ စာတတ်ခဲ့ပါပြီ | ၁၈၂ |
| ၁၂ | မြေလျှိုးနိုင်လျှင် နဂါး မိုးပျံနိုင်လျှင် ဂဠုန် | ၂၀၀ |
| ၁၃ | သစ်ငုတ်တစ်ငုတ်ရဲ့ တောက်ခတ်သံ | ၂၂၅ |
| ၁၄ | ငွေဖြစ်သော်လည်း ကြွေပစ်လျှင် အရှုံးလှည့်ရှိသည် | ၂၄၃ |
| ၁၅ | ပျံရေနစ်ခြင်း | ၂၆၀ |
| ၁၆ | ခိုဖြစ်သွားသည့် စွန်များ | |
| ၁၇ | မုဒိမ်းမှုများနှင့် ကြိုတင်ကာကွယ်ရေး | |
| ၁၈ | လိပ်ပြာတောင်ပံ ကျိုးတဲ့ည | |
| ၁၉ | ရာဂမီး၊လှုံ့ပြဓာတ်၊ | |

www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# မိုးငြိမ်းမိုး

(၁)

ကျွန်တော်နှင့် ဦးမှတ်ကြီးသည် အချုပ်ခန်းတစ်ခုမှာ ထော[illegible] သိကျွမ်းကြခြင်း ဖြစ်သည်။ အချိန်က ၁၉၈၉ခုနှစ်။ ကျွန်တော်ကလည်[illegible] မိုက်ပြစ်တစ်ခုနှင့် ရောက်သည့်အချိန်။

ဦးမှတ်ကြီးက အချုပ်ထဲမှာ အခန်းလူကြီး။ အချုပ်သားအသ[illegible] ရောက်လာလျှင် ပုံစံပြရသည်။ ပုံစံမှာ နှစ်မျိုးရှိသည်။ အချုပ်ပုံစံ[illegible] စံ။ ဒီမှာက အချုပ်ဆိုတော့ အချုပ်ပုံစံကို ပြရသည်[illegible] အချုပ်ခန်း ရောက်စက ပုံစံထိုင်ရသည်။

စမ်းခွ၍ ဒူးနှစ်လုံးပေါ်ကို လက်သီးဆုပ်မှောက်လျှ[illegible] မျက်နှာကို ရှေ့စူးစူးသို့ ကြည့်ထ[illegible]



[illegible]သည်။ သည့်နောက် အဖနာမည်၊ နေရပ်လိပ်စာ၊ အသက်၊ အမှု အကြောင်းများကို မေးသမျှ တိုရှင်းလိုရှင်းပြောပြရသည်။ ပြီးလျှင် အချုပ် ထဲမှာ နေနည်း ထိုင်နည်း ရေချိုးနည်း၊ ရေသုံးနည်း၊ ချေးပါသေးပေါက် [illegible]ပ်နည်းမှသည် အချုပ်ထဲမှာ ရန်မဖြစ်ရ၊ မခိုးမဝှက်ရ၊ မချွတ်မခွာရ သည်တို့ကို လိုက်နာရန် သူကသင်ပေးသည်။ ဒါသည် အချုပ်စည်းကမ်း ဖြစ်သည်။

အချို့သော အချုပ်သားအသစ်များက အချုပ်တို့ ထောင်တို့ သဘောကို နားမလည်၍ ဝင်လာကတည်းက အရပ်စတိုင်လ်၊ အိမ် တိုင်လ် ချိုးလာလျှင် သို့မဟုတ် ငါက ပိုက်ဆံရှိသည့် လူပဲ ဘယ်သူ့ အရေးစိုက် ရမှာလဲ ဟိုဒီအားကိုးနှင့် ဆောင့်ကြွားကြွားဝင်လာလျှင် ဦးမှတ်ကြီးရဲ့ စိန်ဗေဒါဆိုင်းက တီးသံကို ကြားရပြီသာ မှတ်ပေရော့။

"မင်းတို့ အပြင်မှာ ဘာကောင်တွေပဲ ဖြစ်နေနေ၊ ပညာဘယ် လောက်ပဲ တတ်တတ်၊ ပိုက်ဆံဘယ်လောက်ပဲရှိရှိ ကျားခေါင်းထဲ ခေါင်း ငုံ့ဝင်လိုက်တာနဲ့ အဲဒီဂုဏ်ပကာသနတွေ အားလုံး အဝမှာလွှင့်ပစ်ခဲ့၊ ဒါအချုပ်၊ အိမ် မဟုတ်ဘူး။ အချုပ်ထဲရောက်ရင် အခွင့်ထူးခံချင်လို့ မရဘူး။ ပဲဟင်းနဲ့ ငပိ အားလုံးတန်းတူစားရမှာပဲ၊ ပေကပ်ကပ် စွာကျယ် ကျယ် ပမာမခန့် မလုပ်နဲ့ အချုပ်စည်းကမ်းကို မဖောက်နဲ့၊ ဖောက်ရင် မှတ်ကြီးကွ၊ ဒီမှာတွေ့လား"

ပြောသည့်အတိုင်း သူ့လက်သံက ပြောင်လှသည်။ ထို့ကြောင့် ဦးမှတ်ကြီး အခန်းလူကြီးလုပ်နေသည့်ကာလတစ်လျှောက် အချုပ်ထဲမှာ ငြိမ်ဝပ်ပိပြားသည်။ မှတ်ကြီးဟော့ဆိုလျှင် လူသတ်မှု အချုပ်သားရော၊ ဓား ပြမှုအချုပ်သားများပါ ကြောက်ချစ်ရိုသေကြလေသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## (၂)

ဦးမှတ်ကြီးနှင့် ကာလအတန်ကြာ လက်ပွန်းတတီးနေသောအခါ ဦးမှတ်ကြီးအကြောင်း ကျွန်တော် သိလာခဲ့ရသည်။ သူသည် လူသတ်မှု နှစ်ကြိမ်၊ ဓားပြမှုနှစ်ကြိမ် ကျူးလွန်ဖူးသည်။ အချုပ်ကိုဖောက်၍ နှစ်ကြိမ် ပြေးဖူးသည်။ အခု အသက်(၅၀)ကျော်၍ (၆၀)နား ကပ်နေပြီ၊ အပြင်မှာ နေသည့် အသက်နှင့် ထောင်ထဲ အချုပ်ထဲနေသည့်အသက် ချိန်စက်လျှင် ထောင်သက်၊ အချုပ်သက်က ပို၍များနေသည်။

အိမ်ထောင်နှစ်ဆက်ကျဖူးသည်။ ပထမအိမ်ထောင်လည်း သူ ဆိုးသည့်ဒဏ်ကို မခံနိုင်၍ ဟိုးအဝေးသို့ ထွက်ပြေးရသည်။ လက်ရှိ အိမ်ထောင်နှင့် ကလေးနှစ်ယောက် အပြင်မှာရှိသည်ဟု ပြောသည်။ အခု ရင်ဆိုင်နေရသည့် အမှုက လူသတ်မှု မသက်သာမှု။

( ...)ကျေးရွာဘက်က တံတားတစ်ခုအနီးမှာ ဦးမှတ်ကြီးနှင့်





...ငယ်ရင်းနှီးသည့် လူတစ်ယောက် ဓားထိုးခံရပြီး လဲကျနေသည်။ ...သွားရင်းလာရင်း ဦးမှတ်ကြီးက တွေ့၍ ကူညီဖေးမနန် ပြုသည်။ ...နေစဉ်မှာပင် ခရီးသွားအချို့လည်း တွေ့ရှိသွားခဲ့သည်။ ဆေးရုံသို့ ...သွေးပြင်နေစဉ် ထိုဒဏ်ရာနှင့်လူက ''မှတ် ...ကြီး ...'' ဟု ...နုန်းပြောပြီး အသက်ထွက်သွားခဲ့သည်။ သို့နှင့် လတ်တလော ...မြင်သက်သေများ ထွက်ချက်၊ သေသူ၏ နောက်ဆုံးပြောချက် ...နှင့် ဦးမှတ်ကြီးအချုပ်ထဲသို့ (၇)ကြိမ်မြောက် ပြန်ရောက်ခဲ့ရပြန် ...သည်။

''ဦးမှတ်ကြီး ...တကယ် မသတ်ဘူးလား''

ကျွန်တော်က တိုးတိုးလေး မေးလိုက်သည်။

''မသတ်ရပါဘူး မောင်ရာ၊ သေသူထွန်းခင်ဟာ ကျုပ်နဲ့ တစ် ...က လောင်းကစားဖက် မှန်ပါတယ်၊ ရန်လည်း မဖြစ်ဖူးဘူး၊ အငြိုး ...ားလည်း မရှိဘူး၊ ကျုပ်က သတ်ရဲရင် ခံရဲတဲ့လူပါဗျ၊ ခုဟာကြီးက ...သော် ကန်ရာကရှိနေတော့ ဝင့်ပဲလို့ပဲ ဖြတ်လိုက်တယ်ဗျာ၊ ဆရာ ...ဲ ဦးဗုစ် ပြောသလိုပေါ့၊ မယ်နု ဝင်မှုရှိရင် ကျေအောင်ဆပ် ဆိုသလို ...

ညဘက်ရောက်လျှင် သူက သူ့သားလေးနှစ်ဦးနှင့် ဇနီးသည် ...သတိရကြောင်း ပြောရှာသည်။ ရုံးထွက်လျှင် ဟိုဆေးအုန်းသီး ...ရွာမှ ဇနီးသည်က ရုံးချိန်းလာတွေ့သည်။ သူ့အဆိုအရ သားအငယ် ...င်က ငါးနှစ်၊ အကြီးကောင်က ခုနစ်နှစ်ရှိပြီဟုဆို၏။

ကျွန်တော်က ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက် ...ား ဦးမှတ်ကြီးရာဟု ပြောသောအခါ။

''လုပ်စားတာပါပဲဗျာ၊ ဒါပေမယ့် နဂိုလက်စနဲ့ နာမည်ပျက်က ...တော့ ဟိုရွာမှာ ဓားပြတိုက်လည်း မှတ်ကြီးပဲ ထင်ကြ၊ ဒီရွာမှာ



www.burmeseclassic.com

www.burmeseclassic.com



စားပြတိုက်လည်း ကျုပ်ပဲ မသက်ကြနဲ့ လူပြည်နေရတာ အနေ[illegible]
လှတယ် စားရေးဆရာရယ်''

ဟု ညည်းရှာသည်။

''တရားကို နတ်စောင့်ပါတယ်၊ ဦးမှတ်ကြီးရာ''

''တကယ် စောင့်ပါစေလို့ ဆုတောင်းပါတယ်၊ စာရေးဆ[illegible]
ရယ်၊ ဟုတ်လို့ခံရတာ အရေးမဟုတ်ပါဘူးဗျာ၊ ကိုယ်မဟုတ်ပါဘဲ ခ[illegible]
ကြီးနဲ့ အချောင်ခံရမှာကို ဝမ်းနည်းတယ်ဗျာ''

ဗေသားလွတ် ဒါ ကျွန်တော်က အမှန်တရားဆိုသည် တစ်နေ့ အ[illegible]
ထိုအ ၌။ မေတ္တာစိတ်နှလုံးသွင်း၍ စောင့်ပါဟု ပြောရလေသ[illegible]
ပေါ်ပါလာလိမ့်မည်

♛ ♛ ♛

BURMESE CLASSIC

(၃)

ဦးမှတ်ကြီး အချုပ်ထဲရှိနေစဉ်ကာလအတွင်း အမှုထမ်းများက
[illegible]ထူးသဖြင့် ဦးမှတ်ကြီးကို မကြာခဏ လာလာမေးလေ့ရှိသည်။ ဒီအ
ကြောင်းကို စူးစမ်းလိုက်သောအခါ အကြောင်းတွေက ရှိနေသည်ကိုး။

ကျွန်တော် အထဲမှာ ရှိနေစဉ်ကာလအတွင်း မကြာခဏ 'တလာ
[illegible] လေ့ရှိသည်။ 'တလာစီ'ဆိုသည်မှာ ရှောင်တခင် အချုပ်ခန်းအားလုံး
ကို အမှုထမ်းများက ပိုက်စိပ်တိုက် ရှာဖွေစစ်ဆေးခြင်းကို ဆိုလိုသည်။
[illegible]ာက ကျားချုပ်နှစ်ခုနှင့် မချုပ်တစ်ခုရှိသည်။ တလာစီပုံစံထိုင်ဟု
[illegible]ော်သံကြားလိုက်သည်နှင့် အချုပ်သားအားလုံး သမံတလင်း ကြမ်းခင်း
[illegible]ပေါ်မှာ ဆောင့်ကြောင့်ထိုင်၊ ဒူးပေါ်မျက်နှာမှောက်ခါ ငုံ့ထားရသည်။
[illegible] အချိန်မှာ အိပ်ရာခင်းများ၊ စားစရာထည့်သည့် ကျွတ်ကျွတ်အိတ်များ၊
[illegible]ာယာအကြိုအကြား၊ အိမ်သာကြား၊ ရေချိုးတိုင်ကီအောက်များ၊ သမံ



www.burmeseclassic.com

www.burmeseclassic.com



တလင်းပတ်ကြားအက်ကြား ပါမကျန် လက်နက်၊ မှူးယစ်ဆေးဝါး အခြ
မရှိသင့်သည့်ပစ္စည်းများကို ရှာကြသည်။ ဒါကလည်း မရှာလို့မဖြစ်

အချို့အချုပ်သားများက သွားပွတ်တံအကျိုးကို သမံတလင်း
ရှပ်ကိုက်၍ချွန်ပြီး ဝှက်ထား၊ ဆောင်ထားတာမျိုးရှိသည်။ အချို့ ကော်
ကျိုး၏ ဖန်ကွဲအစလေးများကို လျှို့ဝှက်ယူဆောင်၍ ဝှက်ထားတာ
ရှိ သည်။ ထို့ ကြောင့် ရုံးချိန်းမှပြန်ဝင်လာလျှင် အမှုထမ်းများ အချုပ်သာ
များ ပါလာသည့် ပစ္စည်းများနှင့် ခန္ဓာကိုယ်အနှံ့ကို ပိုက်စိပ်တိုက်
ရှာကြ ရသည်။

ထိုအရာဝတ္ထုများသည် အချုပ်ထဲမှာ ရန်ဖြစ်လျှင် အလွ
အန္တရာယ်များသည်။ ထို့ကြောင့် မကြာခဏ တလာစီရသည်။ ဤကဲ့သ
တလာစီ၍ လက်သည်ပေါ်လျှင်တော့ ကျားခေါင်းထဲထည့်၍ နောက်တစ်
တိုးပြီသာ မှတ်ပေရော့။

'ကျားခေါင်း'ထဲမှာ နေရသည့်ဘဝက အလွန်ဆိုးသည်။ ကျား
ခေါင်းဆိုသည်မှာ အချုပ်ခန်းအဝင်အဝမှ နှစ်ပေခန့် အခန်းကျဉ်းကလေ
ဖြစ်သည်။ မအိပ်သာ မလှုံးသာနေရာရယ်၊ လမ်းလျှောက်၍ မရ၊ ထိုင်
ထိုင် ထရင်ထ ဒါပဲရသည်။ အပြစ်ထပ်မံ ကျူးလွန်သူများအတွက်
သီးသန့်နေရာ ဖြစ်သည်။

ထောင်ထဲမှာကျတော့ 'တိုက်ပိတ်သည်' တိုက်ပိတ်ခံရလျှင်
ပို ဆိုးသည်။ မူလပြစ်မှုနှင့် ထောင်ကျလျှင် သံခြေချင်းတစ်ခု၊ အထဲမှ
ထပ်မံ ၍ အပြစ်ကျူးလွန်လျှင် 'ဒေါက်'ထည့်လိုက်သည်။ သံခြေချင်းမှ
ဒေါက် ထည့်လိုက်လျှင် အတော်သွားရလာရ ကြပ်လှသည်။ ဒေါက်မှ
အတည့် ဒေါက်ရှိသည်။ ကြက်ခြေဒေါက်ရှိသည်။ အလွန်ဆိုးရွားသူများ
ထိုဒေါက် များ တိုးမြှင့်ခတ်ပြီး တိုက်ပိတ်သည်။ ထို့ကြောင့် ထောင်ထဲ
တိုက်ပိတ် ခံရမည်ကို တော်ရုံတန်ရုံရာဇဝတ်သားများ ကြောက်ကြသည်
ဒီလိုမှ ပြစ်ဒဏ် မပေးလျှင်လည်း မ,တစ်ထောင်သားတွေ ဆိုးလိုက်





ည့်ဖြစ်ခြင်း။

ကျွန်တော် လေ့လာ၍ သိရသလောက်ဆိုလျှင် ဦးမှတ်ကြီးကို
အမှုထမ်းများက မျက်ခြေအပြတ် မခံသလောက်ပင်။ ဘာကြောင့်မှ
သူသည် လွန်ခဲ့သည့် အချိန်ကာလများက သည်အချုပ်ကို နှစ်ကြိမ်
တိုင်တိုင် ဖောက်၍ ထွက်ပြေးဖူးသောကြောင့်ဟု သိရလေသည်။

♛ ♛ ♛

(၄)

လွန်ခဲ့သည့် ၁၅နှစ်ကျော်ကျော်ခန့်က သည်မှာ အချုပ်ခန်း
မ် ခုရှိသည်။ တစ်ခုက အပေါ်ချုပ်၊ အပေါ်ချုပ်ကို အောက်ထပ်မှ
ကြောင် လိန်လှေကားနှင့် တက်ရသည်။

အဲဒီအချိန်တုန်းက ဦးမှတ်ကြီးသည် ဟိုအရှေ့ခြမ်း ပင်လယ်
ဘက်မှ နာမည်ကျော် ဓားပြနှင့်ပေါင်း၍ (...) အပိုင်းမှာ ဓားပြသွား
တိုက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ရာဇဝတ်ဘေးကား ပြေးမလွတ်။ ဘယ်လိုပင် အရှောင်အတိမ်းကောင်းနေပါသော်လည်း သမင်ဆယ်လုမ်း ကျားတစ်လှမ်းဖြစ်သည်။ နောက်ဆုံး အားလုံး မိတော့သည်။ သူတို့လေးဦးအနက် ဦးမှတ်ကြီး(ကို)တားပြဲသိန်းအောင်ကို အပေါ်ချုပ်မှာ ထည့်ထားလိုက်သည်။

တစ်ချိန် ရုံးအထွက်မှာ ဦးမှတ်ကြီးက သံဖြတ်လွှကျိုးတစ်ခုကို မရရအောင် ကြံဖန်ပြီး ယူလာသည်။ အပေါ်ချုပ်ရဲ့အိမ်သာက အဆောင်အပြင်ကို ထုတ်ထားပြီး သံတိုင်များစိုက်ထားသည်။ အိမ်သာနှင့် မြေပြင်သည် ပေ(၅၀)ခန့် မြင့်သည်။

ဦးမှတ်ကြီးသည် ညဘက်အိမ်သာတက်တိုင်း ၎င်းလွှကျိုးနှင့် သံတိုင်ကို နည်းနည်းစီတိုက်၍ ဖြတ်သည်။ ရက်အတန်ကြာသောအခါ သံတိုင်ကို လှန်ချိုးပြီးစောင်များကို စုတ်ဖြဲ၍ ကြိုးလုပ်ကာ သူ့အဖော်နှင့် အလစ်အငိုက်မှာ ထွက်ပြေးခဲ့သည်။

မနက်မိုးလင်း၍ တန်းစီ လူစစ်တော့မှ သိတော့သည်။ ပထမတော့ အချုပ်သားများက မပြောရဲကြ။ နာမည်ကျော် ရာဇဝင်လူဆိုးလူမိုက်ကြီးများဖြစ်၍ သူတို့အန္တရာယ်ကို ကြောက်ကြသည်။ နောက်ဆုံးတော့ ပေါ်တော့သည်။

မှတ်ကြီးတို့ ဘယ်ပြေးမလဲ။ မြန်မာပြည်အဝှမ်း ကြိုက်ရာပြေးစမ်း။ ရဲအမှုထမ်းများက ခြေရာခံ၍ ရအောင်လိုက်သည်။ နောက်ဆုံး ရာဇဝတ်ဘေးကား ပြေးမလွတ်။ နရသိန်သို့ နှစ်ရှည်လများ စံတော်ရတော့သည်။

နောက်တစ်ကြိမ်က အောက်အချုပ်မှာ ဖြစ်သည်။

သည်တိုင်းက နို့ဆီဘူးအခွံအဖုံးကို ရအောင်ကြံဖန်ပြီး မားထိုသွေး၍ သစ်သားတာယာတန်းကို တစ်နေ့နည်းနည်းစီ လှီးဖြတ်ကာ ဖောက် ၍ပြေးသည်။ ဘယ်လိုပြေးပြေး မိုက်သာမိုက်တတ်သည် စာမတတ်တော့ တောမကျွမ်းသော မှတ်ကြီးအဖို့ နောက်တစ်ကြိမ်





နေသိန်မှာ နှစ်ရှည် လကြာစွာ နေလိုက်ရတော့သည်။

ထိုဖြစ်စဉ်များမှ အစပြု၍ ဦးမှတ်ကြီး အချုပ်ထဲ ပြန်ရောက်လာတိုင်း တာဝန်ကျများက မျက်ခုံးလှုပ်နေရသည်။ အလစ်လုံးဝ မပေးရဲ။ ယခုသော် ဦးမှတ်ကြီးကား နောင်ကြဉ်သွားခဲ့ပြီ ဖြစ်သည်။ သူ့မှာ သားယောဖင့်များ ရှိနေပြီ။ သံယောဇဉ်မရှိခင်က ဆိုးချင်တိုင်း ဆိုး၊ မိုက်ချင်တိုင်း မိုက်၍ သတ်ရဲ၊ သေရဲခံရခဲ့သော်လည်း ရင်သွေးကလေးနှစ်ဦး ရလာသောအခါ သည်ကလေးနှစ်ဦးရဲ့ အနာဂတ်အတွက် အကောင်းဆုံးဖော်ချင်စိတ် ဖြစ်လာခဲ့ပြီ။

"တော်ပြီ ဆရာမှိုင်းညိုရယ်၊ ဒီတစ်ခါ အမှုကိစ္စပြီးရင်ပါး ကျုပ်လည်း အသက်ကြီးလာပါပြီဗျာ၊ တရားမမှုလေးနဲ့နေပြီး ကြီးကအာဖိဝန့် လုပ်စားပါတော့မယ်ဗျာ၊ အခုလည်း ဘဲလေး၊ ကြသူ့သားကလေးမွေးပြီး သူရင်းငှားလုပ်နေတာပါဗျာ၊ အကုသိုလ်ကံ မကုန်သေးတော့လို့ပါ၊ ဒီကိစ္စပြီး သွားရင်တော့ ကျုပ်သားနှစ်ယောက်ကို ကျုပ်လိုလူဆိုးလူမိုက် ရွှံ့စရာအကောင်ကြီးမျိုး မဖြစ်ရအောင် ကျုပ်ကြိုးစားမယ်ဗျာ၊ အခုဆိုရင် ကျုပ်သားနဲ့ ကျုပ်မိန်းမဟာ ကျုပ်ရဲ့ မိုက်ပြစ်ဆိုးမှုတွေကြောင့် လူတွေကြားမှာ နေနေရပေမယ့် ရွံ့စရာ၊ ကြောက်စရာ၊ ဆိုမ်စရာသတ္တဝါတွေ ဖြစ်နေကြတယ်၊ အပယ်ခံအနှိမ်ခံ ဖြစ်နေကြတယ်၊ ပေါင်းသင်းဆက်ဆံမယ့် လူ မရှိသလောက်ဘဲ၊ အရေးဆိုရင် အားကိုးစရာလူမရှိကြဘူး၊ အဲဒါ ကျုပ်သမိုင်းကြောင်း မကောင်းခဲ့လို့ဗျာ၊ ကျုပ်နောင်တရပါပြီ စာရေး ဆရာရယ်"

သည်တုန်းက သူ ပြောခဲ့သည့်စကားများသည် သံမဏိစိတ်ကြည့်ချက်နှင့် ပြောသည့် စကားများဖြစ်သည်။ တစ်နည်းဦးနောက်နှင့်အသည်း နှလုံးပေါင်းစည်း၍ ပြောသည့်စကားများဖြစ်သည်။ ကျွန်တော်ထံသာ လိုက်ရတာ၊ လူသည် ကိုယ့်ကိုယ်ကို ပြုပြင်မှသာ ရပါသည်။ ကျွန်တော် အချုပ်ထဲ၊ ထောင်ထဲမှာ တစ်နှစ်ခန့် နေခဲ့ရသည်ကို အလွန်



www.burmeseclassic.com

www.burmeseclassic.com



သေချင်အောင် စိတ်ဆင်းရဲခဲ့သည်။ သူ့လိုသာ အချုပ်နှင့်ထောင်
အိမ်လုပ်၍နေရလျှင် ပြောဖွယ်ရာ မရှိတော့။

(၇)

မကြာခင် အလွှန်ဝမ်းသာစရာကောင်းသည့် နိုင်ငံတော်အစိုးရ၏ သတင်းထုတ်ပြန်ချက်တစ်ခု ပေါ်လာခဲ့သည်။ အမှုသေးများနှင့် စစ်ဆေး ဆဲအမှုများကို ဖြတ်ခြင်း၊ ထောင်ကျရက်များလျှော့ပေါ့ ခံစားလွတ်ငြိမ်း ခွင့်ပေးခြင်းဖြစ်သည်။ ကျွန်တော်တို့နှင့် အချုပ်ကျဘက် တရားရုံး ရင် ဆိုင်ဘက်များ၊ ယင်းလွတ်ငြိမ်းချမ်းသာခွင့်စာရင်းမှာ အကျုံးဝင်၍ အတော်များများ လွတ်မြောက်သွားကြသည်။

သို့သော် အမှုကြီးများဖြစ်သည့် လူသတ်မှု၊ မုဒိမ်းမှု၊ ဓားပြမှု နှင့် ငြိမ်ဝပ်ပိပြားရေး စီမံချက်များတော့ ကျန်ခဲ့သည်။





သို့နှင့် ကျွန်တော်တို့အားလုံး အင်းစိန်ထောင်သို့ ပြောင်းရွှေ့ကြရသည်။ အမှုကြီးများဖြစ်၍ ရန်ကုန်တိုင်းတရားရုံးမှာ တရားဆိုင်ရသည်။ ရုံးချိန်းနေ့ရောက်လျှင် အင်းစိန်မှ အချုပ်ကားနှင့် မဟာဗန္ဓုလခြံလမ်းရှိ အချုပ်သို့ လာရသည်။ ထိုအချုပ်မှသည် ဆိုင်ရာဆိုင်ရာ ရုံးများ သို့ အမှုကို ရင်ဆိုင်ရသည်။

ဦးမုတ်ကြီးနှင့် ကျွန်တော်ကား ရုံးချိန်းတိုင်း ရက်ချိန်းတူနေ၏။ မိန်းမ တောသူကလေးသည် ရုံးချိန်းနေ့တိုင်း တောစားစရာလေးများ ပ်၍ယူလာလေ့ရှိသည်။ ဦးမုတ်ကြီးနှင့်ဆိုလျှင် အသက်ထက်ပက်နီးပါး ကွာပုံရ၏။ သနားကမား လုံးကြီးပေါက်လှကလေး။ ဦးမုတ်ကြီးက က်ထိတ်တန်းလန်းနှင့် သူ့မိန်းမမျက်နှာကို တစိမ့်စိမ့်ကြည့်ရင်း သူ့သား အကြောင်းကို မေးရှာသည်။ စားရေးသောက်ရေးကိစ္စများကို မေးရှာ သည်။

သူ့မိန်းမက လေသံတိုးတိုးလေးနှင့် ဖြေနေသည်။ အမှုစစ်ပြီး၍ င်းစိန်ထောင်သို့ ညနေ(၄)နာရီ အချုပ်ကားနှင့် ပြန်ကြသောအခါ မိန်းမတော သူကလေးသည် သဘက်ကလေး ပခုံးပေါ်တင်ရင်း ထမင်းချိုင့်ကြီးကိုကိုင်ကာ မျက်ရည်စမ်းစမ်းနှင့် ငေးမော၍ ကျန်ခဲ့ တော့သည်။

ကျွန်တော်ကရော့တဲ့။

လိှုင်းလေကြားမှ နစ်ထပ်သင်္ဘောစီး၍ သားတရားခံဆီသို့ တွေ့ရသည့်အသက် (၈၀)ကျော်အမေသည် ကြပ်ပိတ်သိပ်နေသည့် ချုပ်ကားနှင့် သားလုပ်သူပြန်ပါသွားသည်ကို တွေ့ရသောအခါ မျက် ည်များနှင့် ငို၍ ကျန်ခဲ့ရစမြဲရယ်။

မိုက်ပြစ်များရဲ့ နောက်ဆက်တွဲ အကျိုးတရားများရယ်လေ။

www.burmeseclassic.com

www.burmeseclassic.com

(၆)

တစ်နှစ်နီးပါးခန့်ကြာသောအခါ ကျွန်တော့်အမှုကို တိုင်းတရား ရုံးမှသည် မြို့နယ်တရားရုံးသို့ ပြန်၍ချပေးလိုက်သည်။

ထိုအချိန်တွင် ဦးမှတ်ကြီးသည် ထောင်သက်ရင့်ကြီးပီပီ ထောင် ထဲမှာအခန်းလူကြီးပဲ ပြန်ဖြစ်နေသည်။ သူ့အောက်မှာ ထမင်းထုတ်ကိုင် ရေထုတ်ကိုင်နှင့် စည်းကမ်းထိန်းသိမ်းရေး စသည့်လက်အောက်ခံများနှင့် ဖြစ်နေသည်။ နေရေးထိုင်ရေး စားသောက်ရေးအဆင်ပြေပါသော်ငြား သူ့ သားများနှင့်ဇနီးကို လွမ်းဆွတ်သတိရ၍ နေရှာသည်။

မကြာခင် ကျွန်တော်( ...)မြို့ အချုပ်သို့ ပြန်ပြောင်းရမည် ဆိုသောအခါ ...။

"ခင်ဗျားက မကြာခင် လွတ်တော့မှာပါ ကိုမှိုင်းရယ်၊ ကျုပ် အမှုကတော့ သက်သေတွေ ပြန်စစ်နေတာနဲ့ ကြာဦးမှာပါဗျာ၊ ဒီကြား ထဲ ကံဆိုးရင် ထောင်ကျဦးမှာဗျ။ အတော့်ကို ကံကောင်းမှ လွတ်မှာပါဗျာ ခင်ဗျား အမှုကိစ္စပြီးလို့ ကျုပ်နယ်ဘက်ကိုများ ရောက်ခဲ့ရင် ကျုပ်မိသား





ကို လှမ်းကြည့်အားပေး ပေးပါဗျာ၊ ကံကောင်းလို့ ကျုပ်လည်း ပြန် လွတ်လာခဲ့ရင် ဆရာမှိုင်းနဲ့ တွေ့ချင်သေးတယ်၊ ကျုပ်ဘဝကို စာရေးစမ်း ပါ စာရေးဆရာရယ်၊ ရာဇဝင်လူမိုက်ကြီးတစ်ယောက်ရဲ့ နေဝင်ချိန် အလွမ်းအကြောင်းပေါ့ဗျာ ...နော်"

ကျွန်တော်ကလည်း ကတိပေးခဲ့သည်။ ကျွန်တော်တို့ တစ်နေ့ သောအခါ အပြင်မှာ ကောင်းသော၊ ငြိမ်းချမ်းသော၊ လောဘမရှိသော တွေ့ဆုံခြင်းမျိုးနှင့် ပြန်တွေ့ကြဦးမည်။ ထိုအခါကျရင် ဦးမှတ်ကြီး မိန်းမ ရဲ့ တောချက်ကြက်သား၊ ကာလသားချက်ကိုစားရင်း ဘဝရဲ့ အဓိပ္ပာယ် အကြောင်းကို ပုံဖော်ကြမည်။ သည်လိုပြောလိုက်သောအခါ ဦးမှတ်ကြီး က မျက်လုံးများ အရည်လဲ့ကျပြီး တက်ကြွ ကြည်နူးလာသည်။

ရုံးချိန်းမှာ ရုံးပြောင်းအမိန့်ချသည့်နေ့က ဦးမှတ်ကြီး ခမျာ၊ ကျွန်တော့်ကိုယ်စား ဝမ်းသာလွန်း၍ မျက်ရည်ဝဲရှာသည်။ ကျွန်တော် ဦးမှတ်ကြီးအတွက် ဝတ်နေကျ အနွေးထည်အင်္ကျီလေးကို ချွတ်၍ လက် ဆောင်ပေးလိုက်သောအခါ သူက တုန်ရီသောလက်အစုံနှင့် လှမ်းယူရင်း ကျွန်တော့်လက်ကို ဖျစ်ညှစ် ဆုပ်ကိုင်ထားသည်။

"ဦးမှတ်ကြီး အထဲမှာ ပုတီးစိပ်ဖြစ်ရဲ့လား"

"စိပ်တယ်ဗျာ၊ အရဟံဂုဏ်တော်ကို မနက်ည ကိုးခေါက် စိပ် တယ်"

"(၃၁)ဘုံကိုရော မေတ္တာပို့ရဲ့လား"

"သိပ်ပို့တာပေါ့ဗျာ"

"အဲဒီကောင်းကျိုးကို ဦးမှတ်ကြီး မကြာခင် ခံစားရမှာဗျာ သိပါ"

သည့်နောက် ကျွန်တော်တို့( ...)မြို့ အချုပ်ကလေးသို့ ပြန် ရောက်လာခဲ့သည်။ ဝမ်းသာသည်။ သည်မှာက ကိုယ့်မိသားစုနှင့် ရင်း နီးတွေ့၍ လွယ်သည်။ တာဝန်ရှိသူများကလည်း စိတ်ကောင်းနှလုံး



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ရှိကြသည်။ ထောင်ဆို သည်ကား တစ်ပတ်နေမှ တစ်ခါ တွေ့ရသည်။ ဒါတောင် ထောင်ဝင်စာ နှင့်မှ။ သံဇကာ အထပ်ထပ် ခြား၍ ကိုယ့်လို တွေ့ကြသူတွေအများ ကြားမှာ ကိုယ့်ထောင်ဝင်စာ လာတွေ့သူကြားရအောင် မနည်းအော်ပြော ရသည်။ ပြောရတော့လည်း ခွင့်ပြုချက်က မိနစ်အနည်းငယ် မျှသာ။ လွမ်းစရာ ကြေကွဲစရာချည်း။

ချစ်သောသူများ သံယောဇဉ်ဖြစ်သူများနှင့် အရှည်အကြာ စိတ်ကျဉ်းကြပ်စွာ ခွဲခွာနေရသည့်ဘဝကို နောင်တရသည်။ ထိုအချိန် ကာ လများမှစ၍ နောင်အချုပ်နှင့် ထောင်သို့ရောက်ရမည့် ကိစ္စမှန်သမျှ မည် သည့်ကိစ္စမှ မလုပ်တော့ဟု စိတ်ပိုင်းဖြတ်လိုက်သည်။

ထိုနေရာများသည် နေအပ်သော အရပ်မဟုတ်။

မကြာခင် ကျွန်တော်တို့အမှုအား မြို့နယ်တရားရုံးမှ စီရင်ချက် ချလိုက်သည်။ ချုပ်ရက်နှင့် ဖြတ်လိုက်ထေလိုက်သောအခါ စီရင်ချက်ချ သောနေ့မှာပင် လွတ်ခဲ့ရသည်။

လွတ်လပ်ခြင်းရဲ့ အရသာကို ခံစားရသည်မှာ အလွန်ချိုမြိန် လှသည်။

မိသားစုနှင့် သိုက်သိုက်ဝန်းဝန်း ကျန်းကျန်းမာမာ ပြန်ဆုံရ သည့် အရသာသည် အလွန်အေးမြလှသည်။ ဩော် ...ဘယ်သူမပြု မိမိအမှု ချည်းပါကလား။

ခုချိန်ဆိုလျှင် ...

ဦးမှတ်ကြီး တစ်ယောက်တည်း ကျွန်တော်တို့ကို သတိရနေရှာ ရော့မည်။

♛ ♛ ♛

(၇)

အမှုကိစ္စများ ပြီးစီးသောအခါ စားဝတ်နေရေး ကိစ္စများအတွက် လုပ်နေရသဖြင့် ထောင်နံရံကြားမှာ ပေးခဲ့သည့်ကတိများ မေ့လျော့ခဲ့ သည်။

နှစ်နှစ်ခန့်ကြာသောအခါ ကျွန်တော် 'ကျိုက်ကွင်း'ဆိုသည့် ရွာကလေးသို့ အကြောင်းတစ်ခုနှင့် ရောက်သွားခဲ့သည်။ ကျိုက်ကွင်း ဘုရားတန်ဆောင်းမှအဆင်း နောက်ဘက်ဆီမှ ခေါ်သံကြားလိုက်၍ လှည့်ကြည့် လိုက်သည်။

"ဒကာကြီး ..."

ရဟန်းအိုကြီးတစ်ပါးက ကျွန်တော့်ကို ပြုံး၍ကြည့်နေသည်။

"ဘာအလိုများရှိပါသလဲ ဘုရား"

"ဒကာကြီး ကျုပ်ကို မမှတ်မိဘူးလား၊ ကျုပ် ကိုမှတ်ကြီးလေ"

"ဗျာ ...ဦး ...မှတ် ...ကြီး၊ အဲ ...အဲ ဦးပဉ္ဇင်း မှတ်ကြီး"

"ခေါ်ပါ ကြိုက်သလိုခေါ်ပါ၊ ဒကာကြီး နေကောင်းတယ်နော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ဝမ်းသာလိုက်တာ။ ဦးမှတ်ကြီး လွှတ်လာခဲ့ပြီ ခဟာ အခု သက်န်းဝတ်နှင့် တွေ့လိုက်ရသည်။ ပို၍ ဝမ်းသာသွားခဲ့သည် သည့်နောက် ရပ်၍စကားပြောရန် မသင့်လျော်သောကြောင့် သူ့ကျောင်း သို့ လာခဲ့မည့်အကြောင်း ပြောလိုက်သည်။

♛ ♛ ♛

(၈)

ညဘက် ရောက်သောအခါ ဦးပဥ္စင်း မှတ်ကြီး (ဘွဲ့အမည် ဦး ပညာတေဇ)က စားသောက်ဖွယ်ရာများ ရေနွေးကြမ်းများနှင့် ဧည့်ခံရှာသည်။

''ကဲ ...ရှင်းစမ်းပါဦး ဦးပဥ္စင်းကြီးက ဘယ်လို အမှုပြတ်သွား ခဲ့တာတုန်း''

''ဆရာမှိုင်း ပြောသလိုပေါ့ဗျာ၊ ကျုပ်ထောင်ထဲမှာ ပုတီးလည်း





စိပ်တယ်၊ တရားလည်း မှတ်တယ်၊ မေတ္တာဘာဝနာလည်း ပွားတယ်ဗျာ၊ ဒီကောင်းမှု အကျိုးကြောင့်လား မသိဘူး၊ ထွန်းခင်ကိုသတ်တဲ့ တရားခံ အစစ်ကို သက်ဆိုင်ရာက ဖော်ထုတ်နိုင်ခဲ့တယ်ဗျာ၊ ဒီမှာ ကျုပ် ကွင်းလုံး ကျွတ်လွှတ်ခဲ့ရတာပဲ ဆရာမှိုင်းရယ်''

''ဒါဖြင့် ဦးပဥ္စင်းကြီးမိသားစု ပျော်ရွှင်ချမ်းမြေ့စွာ ပြန်ဆုံကြလေ သတည်းပေါ့''

ကျွန်တော်က သို့ကလို ဝမ်းသာအားရ ပြောလိုက်သောအခါ ဦးပဥ္စင်းကြီးမျက်နှာ ရုတ်ခြည်း ညှိုးနွမ်းသွားခဲ့တော့သည်။ ဘာများ ဖြစ်လို့ပါလိမ့်။

''ကျုပ် ဒီအကြောင်းတွေကို မသေခင်မှာ အထူးသဖြင့် ဒကာကြီး ကို သိပ်ပြောပြချင်တယ်၊ ဆရာမှိုင်းရယ် ခင်ဗျားနေတဲ့လိပ်စာ ကျုပ်က မသိတော့ ရှာရခက်နေတာပေါ့၊ ဒီလို ဆရာမှိုင်းရေ ကံကြမ္မာ အတိမ်အနက် က သံသရာ ကြိမ်နက်ပြီး လွှတ်လိုက်တော့ အကြွေး ကျန်တွေဆပ်ဖို့ ကြုံလာ ခဲ့ပြန်တယ် ဆရာမှိုင်းရယ်၊ ဒီလိုဗျာ''

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၉)

''ဆရာမှိုင်းတို့ ထောင်ကနေပြောင်းသွားတော့ ကျုပ်လွမ်းပြီး ကျန်ရစ်တာပေါ့ဗျာ၊ ဖဲ့ဒီမှာ ကျုပ်မိန်းမပေါ့ ခါတိုင်းတော့ ရုံးချိန်းတိုင်း လာလာ တွေ့နေကျပါ၊ နောင်တော့ ရုံးချိန်းတိုင်း သူမလာနိုင်တော့ဘူး ကိုမှိုင်းရေ့ တစ်နှစ်လောက်အတွင်း ခြားခြားပြီးလာတွေ့တယ်၊ လာတိုင်း လည်း စားကောင်းသောက်ဖွယ်ရာများ ယူလာပါပေရဲ့၊ နင် ဘာလုပ်နေလဲ လို့မေးတော့ အရောင်းအဝယ်လုပ်နေပါတယ် အစ်ကိုတဲ့၊ ကလေးတွေ ရော ဆိုတော့ အကြီးကောင်ကို ရွာကျောင်းမှာ ကျောင်းထားနေပါပြီတဲ့ အင်း ဝမ်းသာစရာပေါ့ဗျာ ...နော်''

ဒီလိုနဲ့ နောက်ပိုင်း သူလည်း ကျန်းမာရေးမကောင်းလို့နဲ့ တူပါ ရဲ့ဗျာ။ လာမတွေ့ တော့ပါဘူး။ ကံကောင်းချင်တော့ လူသတ်သမား အစစ်ကို သက်ဆိုင်ရာက မမျှော်လင့်ဘဲ ဖော်ထုတ်နိုင်ခဲ့လို့ ကျုပ် ကွင်းလုံးကျွတ် လွတ်လာခဲ့တယ်။ ကျုပ်အရင် ကျုပ်နယ်သား တစ် ယောက် လွတ်မှာမို့ အိမ်ကို လှမ်းမှာလိုက်တယ်။ ကျုပ် ရက်ပိုင်းအတွင်း လွတ်မယ်ဆိုတဲ့သတင်း ပေါ့။ ဒါနဲ့ လွတ်လာခဲ့ရောပေါ့ဗျာ။

လွတ်တဲ့နေ့ပဲ ဘဝတူတွေ။ ဆရာသမားတွေ စုပေါင်းပေးလိုက်





တဲ့ ငွေကလေးနဲ့ စားစရာသောက်စရာတွေ ဝယ်ခြမ်းပြီး ရွာကို ပြန်လာ ခဲ့လိုက်တယ်။ ကျုပ်တို့ရွာက ကတ္တရာလမ်းနဲ့ အတော်လှမ်းတာဗျ။ ကတ္တရာလမ်းကနေ ရွာသွားမယ် ကုန်းတန်းကိုအဆင်း ကုက္ကိုပင်အောက်မှာ ချာတိတ် ကလေးနှစ်ယောက်ကို တွေ့လိုက်ရတယ်။ ဒါနဲ့ ကျုပ်က–

''ချာတိတ်တို့ မင်းတို့ ဘာစောင့်နေတာလဲကွယ့်''

ဒီမှာ အကြီးကောင်လေးက ...

''ကျွန်တော်တို့ အဖေကို စောင့်နေတာ ဘကြီးရ''

''ဩော် ...ဟုတ်လား၊ မင်းတို့အဖေဟာ မြို့ဈေးကို သွားနေလို့လား ကလေးတို့ရဲ့''

''မဟုတ်ဘူးဗျ၊ ကျွန်တော်တို့ အဖေက ရန်ကုန်မှာ ထောင်ကျ နေတာ၊ ဒီရက်ပိုင်းအတွင်း လွတ်လိမ့်မယ်လို့ လူကြုံကပြောလို့ နေ့တိုင်း ဒီနေရာကနေ လာစောင့်နေတာ ဘကြီးရဲ့''

''ဟေ ...မင်း ...မင်း ...တို့ အဖေ .. နာမည်က ဘယ် ဘယ် သူ''

''ဦး ...မှတ် ...ကြီး''

''ဘုရား ကျားသားမိုးကြိုး ...သားလူလေး မင်း .. မင်း အောင်၊ သူ ...သူက လှဆောင် ဟုတ်တယ်၊ မဟုတ်လား''

''ဗျာ ...ဘ ...ဘ ...ကြီးက''

''ငါ မင်းတို့အဖေ ထောင်ထွက် မှတ်ကြီးလေ''

''အဖေ ...''

''အဖေ ...''

ကုက္ကိုပင်ရိပ်အောက်မှာ ကိုယ့်သား အရင်းခေါက် ခေါက်များကို တွေ့ပါလျက် မမှတ်မိတဲ့ဘဝ။ ကျုပ် အားရပါးရ လိုက်လှဲ ဝမ်းသာ ပွေ့ဖက်နမ်းရှုံ့ပြီး ချုံးပွဲချ ငိုပစ်လိုက်တယ်။ သားတွေကလည်း ရှိုက်ကြီး တငင်ငိုကြတယ်။ ငိုလို့ဝကြတော့မှ ပါလာတဲ့ မုန့်ပဲတွေရေ



www.burmeseclassic.com

www.burmeseclassic.com



စာလေးများ ကျွေးပြီး သားတို့အမေရော နေမကောင်းဘူးလားလို့ မေးလိုက်တယ်။

သားတွေက ဘာမှ ပြန်မပြောကြဘူး။ မျက်နှာလေးတွေ အောက် ငုံ့ပြီး နေကြတယ်။ အတန်ကြာကြာ ချော့မော့မေးလိုက်မှ အမေရွာမှာ မရှိဘူးတဲ့။ သားတို့ကို ဘကြီးဘုန်းကြီးကျောင်းမှာ အပ်နှံပြီး လိုအပ်တာကို အမြဲလာပေးနေပါတယ်တဲ့။ တစ်ပတ်ကိုတစ်ခါ ရွာကိုလာ တွေ့ပါတယ် တဲ့။ ဘာလို့လဲ သားတို့ရယ်လို့ မေးလိုက်တော့မှ ...

ဩော် ...မိသိန်းရွှေက အိမ်ထောင်သစ် ထူလိုက်ပြီရယ်ကိုး

တောက် ...ကျုပ်ဒေါသတွေ ပေါက်ကွဲကုန်တယ်။ ကျုပ်က မိသားစုကို ဘဝသစ်နဲ့ ထူထောင်ပြီး ပျော်ရွှင်ချမ်းမြေ့စရာ ကောင်းအောင် ကြိုးစားဖို့ ဝမ်းသာအားရ ပြန်လာခဲ့တယ်။ အခု မိန်းမက နောက် ယောက်ျားနဲ့ ပျော်ပြီး ကလေးတွေကို အဝေးမှာထားခဲ့တယ်။ ရင်ထဲမှာ ဒေါသလှိုင်း ထလာခဲ့တယ်။ ကျုပ်ရဲ့ဇာတိသွေးက နေလို့မရတော့ဘူး သူတို့ ဘယ်မှာ နေသလဲလို့ မေးလိုက်တော့ မြို့ပေါ်ကွက်သစ်ထဲမှာ နေတာပဲတဲ့။ သားတို့ မရောက်ဖူးဘူးတဲ့။ ဒါနဲ့ ကလေးတွေကို စားစရာပေးခဲ့ပြီး မင်းတို့ ရွာကို ပြန်သွားကြ။ အဖေလာခဲ့မယ်လို့ ဒီတော့ သားတွေက အဖေ ဘယ်သွား မလို့လဲတဲ့။ ငါ မင်းတို့အမေကို သွားတွေ့မလို့လို့ ပြော လိုက်တယ်။ နားလည်စပြုနေတဲ့ သားကြီးက အဖေမသွားပါနဲ့ သားတို့နဲ့ ပဲ အတူနေပါ။ အဖေရှိရင် သားတို့ နေလို့ရပါတယ်လို့ မျက်ရည်လည် ရွှဲနဲ့ ပြောရှာတယ်။ သိတယ် မဟုတ်လား မှတ်ကြီးဗျာ ဘယ်သူ့အကြောမှ ခံတဲ့ကောင် မဟုတ်ဘူး ကျုပ် အတန်တန်တားနေတဲ့ သားနှစ်ယောက် ကို မျက်ကွယ်ပြုပြီး မြို့သွားတဲ့ကားနဲ့ ပြန်လိုက်လာခဲ့လိုက်တယ်။

♛ ♛ ♛

(၁၀)

ပထမဦးဆုံး ဈေးထဲဝင်ပြီး ဆိုင်တစ်ဆိုင်က သားလှီးဓားအချွန် တစ်ချောင်းကို ဝယ်လိုက်တယ်။ သစ္စာမရှိတဲ့ ကောင်မကို တွေ့ရာသချိုင်း ဓားမဆိုင်းဘဲ သတ်မယ်။ နောက်ပြီး ရာဇဝင်လူဆိုးလူမိုက် မှတ်ကြီးရဲ့ ယားကို ခြေတော်တင်တဲ့ကောင်ရဲ့ လည်ချောင်းသွေးကို ကျုပ်ခြေနဲ့ ဆေးပစ်မယ်။

ဒီလိုနဲ့ မြို့ပေါ်က ကွက်သစ်ထဲကို ရောက်လာခဲ့တယ်။ ရပ် ကွက်အဝင်ထိပ်က 'သုခိတာ'ဆိုတဲ့ လိုင်စင်စီ အရက်ဆိုင်ထဲကိုဝင်ပြီး အရက်တစ်လုံး မှာလိုက်တယ်။ ဆိုင်ရှင် လူဝဝက အရက်နဲ့အမြည်း သာ ချပေးတယ်။ သောက်ရေချိုင့် လာချပေးတယ်။ သူ့ပုံစံက သဘောမနော ကောင်းပုံရတယ်။ ဖောက်သည်အသစ် ဖြစ်ပုံရတဲ့ကျုပ်ကို ရှိက်တယ်။ သူက စကားပြောလည်း ပြေပြစ်တယ်။ အိမ်နဲ့ ဆိုင်က



www.burmeseclassic.com

www.burmeseclassic.com



တွဲလျက်မှာ။ အရက်သာ ရောင်းတယ်။ လှမ်းကြည့်လိုက်တော့ ဘုရားခန်းက ဟည်း နေတာပဲ။ ဒါနဲ့ ကျုပ်က မေးလိုက်တယ်။

"ဒီရပ်ကွက်ထဲမှာ ဆေးအုန်းသီးရှာက မိသိန်းရွှေဆိုတာကြားဖူးလားဗျ"

"ဗျာ ...ဘယ် ...ဘယ်သူ ...အစ်ကိုကြီး"

"မသိန်းရွှေတဲ့၊ အသားလတ်လတ် အသက်(၃၅)နှစ်လောက်ရှိတယ်ဗျာ"

သူ ကျုပ်မျက်နှာကို အတန်ကြာစိုက်ကြည့်ပြီး စဉ်းစားနေတယ်။ ဒီအချိန်မှာ အရက်သောက်သူများ ရောက်လာလို့ သူ့အလုပ်သမားများကို လှမ်းပြောလိုက်တယ်။ သည့်နောက် အသံကိုထိန်းရင်း..

"သိ ...သိ ...ပါတယ် ...ခင်ဗျ"

"သူ ...အခု ...ဘယ်မှာနေလဲ ..."

"မကြာခင် ...သူလာပါလိမ့်မယ် အစ်ကိုကြီး။ အစ်ကိုကြီးလိုအပ်တာ သုံးဆောင်ပါ ခင်ဗျာ"

သူက အရက်ကုန်တော့ ထပ်ချပေးတယ်။ ကျုပ်က ဗိုက်ဆာမနေတော့ဘူးလို့ ပြောလိုက်တော့ အလကားသောက်ပါတဲ့။ သူ စေတနာနဲ့ တိုက်တာပါတဲ့။ အစ်ကိုကြီး ထမင်းစားပြီးပလားလို့ မေးတယ်။ မစားရသေးဘူးဗျာလို့ ပြောလိုက်တော့ သူကိုယ်တိုင် အိမ်ပေါ်ပြေးတက်သွားပြီး ထမင်းဟင်းတွေ ယူလာကျွေးပါလေဗျာ။ ဟင်းက ဝက်သားဟင်းနဲ့ မျှစ်ချဉ် ရည်ဟင်းချိုဗျ။ ငါးပိရည်နဲ့ တို့စရာကလည်း ပါလိုက်သေးတယ်။ ကျုပ်လည်း လည်ချောင်းထဲ ယားကျိကျိဖြစ်လာတာနဲ့ မထူးဘူးဆိုပြီး ဒီလို ဟင်းကောင်းများ မစားရတာ ကြာပြီမို့လားဗျာ။ အားရပါးရ စားပစ် လိုက်တာဗျာ။

စားလို့လည်း ဝရော လက်လည်းသုတ်ပြီးရော ဆိုင်ရှင် ကိုချစ်စရာဆိုတဲ့လူက ဖန်ခွက်နဲ့သောက်ရေကမ်းပေးတယ်။ သောက်မလို့ လှ





...နုန်းမှာပဲ အမျိုးသမီးတစ်ဦး ပစ္စည်းအပြည့်အမောက်ပါတဲ့ ဆွဲခြင်းကြီးဆွဲ...ခွင်ပြီး ဝင်လာတယ်။ လှည့်ကြည့်လိုက်တော့ ကျုပ်အံ့ဩသွားတယ်။

"မိသိန်းရွှေ"

"ဟင် ...အစ်ကို ...အစ် ...ကို .. မှတ်ကြီး"

"ဝုန်း"

သူမဟာ ကျုပ်ကိုလည်းမြင်ရော လက်ထဲက ဆွဲခြင်းကြီးကို ...င်းပစ်လို့ ကျုပ်ရှေ့မှာ ဒူးထောက်ချ လိုက်တယ်။ မျက်ရည်တွေလည်း ...ကျလို့။

"ဖြန်း ..."

ကျုပ်က သူမရဲ့ ဘယ်ဘက်ပါးကို အားကုန်လွှဲရိုက်လိုက်တယ်။ ...ချိန်မှာ ဆိုင်ရှင် ကိုချစ်စရာက အစ်ကိုကြီးလွန်မယ်ဆိုပြီး ဝင်ကာလိုက်တယ်။

"ခင်ဗျားနဲ့မဆိုင်ဘူး ကိုချစ်စရာ နောက်ဆုတ်နေပါ၊ ကျုပ်...နေ့ သူ့ကိုသတ်မှာ"

"အစ်ကိုကြီး သူ ...သူ့ကို မသတ်ပါနဲ့ဗျာ၊ သတ်ချင်ရင် ...တော့်ကို သတ် ...ပါ အစ်ကိုကြီးရာ ..."

ဘာဆိုင်လို့ ကျုပ်က ခင်ဗျားကို သတ်ရမှာလဲ။ ဒီမိန်းမယုတ် သတ်မှ"

"မဟုတ်သေးဘူး အစ်ကိုကြီး။ သူ ...သူဟာ ကျွန်တော့်ရဲ့ ...ဖြစ် ...ဖြစ်နေလို့"

"ဟင်...ခင်ဗျားရဲ့ဇနီး ဖြစ်နေတယ်၊ ဟုတ် ...ဟုတ်လား"

ကျုပ် ပိုပြီး အံ့ဩသွားခဲ့ပြန်ပြီဗျာ။

ကျုပ်ကို အရက်တိုက်၊ ထမင်းကျွေး၊ သောက်ရေခပ်ပေးတဲ့ ...စရာက ကျုပ်သိပ်ချစ်ရတဲ့ ဇနီးရဲ့ယောက်ျားတဲ့။ ကျုပ် ခါးကြား...



www.burmeseclassic.com

www.burmeseclassic.com



တားချွန်ကို ဆွဲထုတ်လိုက်တယ်။ သိန်းရွှေက မျက်ရည်လည်ရွဲနဲ့ အတင်း တောင်းပန်နေတယ်။ ကိုချစ်စရာကလေး သူ့ကိုသတ်ဖို့ တုန်တုန်ရီရီ ရင်ကော့ပေးနေတယ်။

ကျုပ် အံကို ကြိတ်လိုက်ပြီး တားကိုင်လက်ကို မြှောက် ပစ် ထည့်လိုက်တယ်။

"ဒုတ် ..."

"ဟယ် ..."

တားမြှောင်က အရက်ဆိုင်ဝက သရက်ပင်ရဲ့ ပင်စည်ထဲ ရှူးရှူး နစ်နစ်စိုက်ဝင်သွားခဲ့တယ်။ သည့်နောက် ကျုပ်ကုလားထိုင် ပြန်ထိုင်ပြီး လက်ကျန်အရက်ကို အကုန်မော့ချလိုက်တယ်။ ကျ ပါးပြင်ပေါ်ကို မျက်ရည်တွေ စီးကျနေတယ်ဗျာ။ ကျုပ် သိပ်ချစ်ရတဲ့မိန်းမ မျက်နှာကို မျက်ရည်ကြားကနေ ရီဝေစွာ စိုက်ကြည့်နေလိုက်တယ်။

♛ ♛ ♛

(၁၁)

"အစ်ကို . . .ကျွန်မလေ အစ်ကိုအချုပ်ထဲ ထောင်ထဲ က်နေစဉ်ကာလမှာ စားဝတ်နေရေး အခက်အခဲပေါင်းစုံနဲ့ ရင်ဆိုင် ရတယ် အစ်ကို၊ ဘယ်သူ့ထံမှလည်း ချေးလို့ငှားလို့ မရဘူး။ ဘယ်သူ မှလည်း အယုံအကြည် မရှိကြဘူး၊ ဘိုးလေး ကိုဘိုးအုန်း ကောင်းလို့ လေးနှစ်ယောက် ထမင်းစားနေရတာ၊ ဘိုးလေးကလည်း ရှိရှာသူ တ်ဘူးလေ အစ်ကို၊ ကျွန်မသားလေးတွေ သူများမုန့်စားလို့ ခမျာများ မစားရဘူး၊ ရေပဲ သောက်နေရတယ်၊ သူများဝတ်သလို ဝတ်စရာ တဲ့ဘဝ၊ နေမျိုးမကောင်းရင် ဆေးခန်းကိုမပြနိုင်ဘူး အစ်ကိုရယ်"

ကျွန်မ ကြိုးစားပြီး သူများအိမ်မှာ ထမင်းချက် အဝတ်လျှော် က်လုပ်တယ်။ ဒါပေမယ့် စားဖို့ မလုံလောက်ခဲ့ဘူး။ ကြာတော့ ကလေး ယောက်လည်း အာဟာရမပြည့်ဝလို့ ပိန်ချုံးလာကြတယ်၊ နောက်ဆုံး းနှစ်ယောက်ရဲ့ ဘဝဆင်းရဲနဲ့ အစ်ကို့ကို ထောင်ဝင်စာလာတွေ့ပြီး စရာများ ပေးချင်လွန်းလို့ နောက်ဆုံး ဖြစ်ချင်ရာဖြစ် ကျွန်မရဲ့ဘဝကို



www.burmeseclassic.com

www.burmeseclassic.com



မမျှော်လင့်ဘဲ သိခဲ့ရတဲ့ ဟောဒီ ကိုချစ်စရာထံမှာ တစ်ညကြေးနဲ့ ပုံအပ်
ခဲ့တယ်။

ဒါပေမယ့် ကိုချစ်စရာက ကျွန်မဘဝကို ကိုယ်ချင်းစာပြီး
ကောင်းစွာ စောင့်ရှောက်ခဲ့တယ်။ လိုအပ်သမျှ ပေးမခဲ့တယ်။ ကလေး
နှစ်ယောက်ရဲ့ စားဝတ်နေရေး ကိစ္စကနေ ကျောင်းနေရေးကိစ္စများအထိ
ကိုချစ်စရာက ကြည့်ရှုခဲ့တယ် အစ်ကို။

နောက်ဆုံးတော့ အစ်ကိုရယ် မရှိသေစကားကြာတော့ သံယော
ဇဉ် ဖြစ်ကုန်ကြပြီး ကျွန်မ . . . .တို့ . . .ကျွန်မတို့ . . .အစ်ကို
အစ်ကို အစ်ကိုသိရင် သတ်မှာပဲလို့ တွက်ပြီးသားပါ အစ်ကို။ ကျွန်
ဘယ်ဘဝပဲရောက်ရောက် သေချင်လည်းသေ။ ကျွန်မကလေးတွေ
ပင်လယ်ကြောမှာ နစ်မွန်းမှာ ကျွန်မ မကြည့်ရက်ဘူး။ သူတို့လေးတွေ
ပညာမဲ့ အသိမဲ့ဘဝနဲ့ အစ်ကို့လို လူဆိုးလူမိုက် ဖြစ်မှာကို ကျွန်
မကြည့်ရက်ဘူး။ မျှော်လင့်ချက် နည်းနေတဲ့ အစ်ကို့ဘဝကိုလည်း သနား
တယ်။ ကျွန်မ ပြည့်တန်ဆာဘဝ မရောက်အောင် သူ ကယ်ခဲ့တယ်
ဒါဟာ ကျွန်မရဲ့အမှား။ ကျွန်မရဲ့ သစ္စာမဲ့မှုလို့ အစ်ကို ယူဆခဲ့ရင်
သတ်ပါအစ်ကိုရယ်။ အမိုက်မကို သေရဲပါတယ်။သတ်ပါ . . .အစ်ကို
သဝင်လေ . . .အစ်ကိုရဲ့။

သိန်းရွှေက ကျုပ် ဒူးနှစ်ဖက်ကို ဖက်လှုပ်ပြီး ရှိုက်ကြီးတငင်
ငိုနေတယ်။ ကြော ကျုပ်ကြောင့် ကျုပ်မိုက်ပြစ်တွေကြောင့် ကျုပ်
မိုနို အားထားနေကြရတဲ့ ဘဝလေးတွေ ယိမ်းယိုင်ကုန်ကြပါကလား
ဒီဇာတ်လမ်းမှာ တရားခံအစစ်က ကျုပ် . . .ကျုပ်။

ကျုပ် မသိန်းရွှေ ပခုံးကို လက်ကြမ်းကြီးနဲ့ ညင်သာစွာ ကိုင်
လိုက်ပြီး ထခိုင်းလိုက်တယ်။ ပြီးတော့ သူမရဲ့ ပါးကိုညင်သာစွာ နမ်းလိုက်
တယ်။ ဒီမှာ မျက်ရည်နှစ်ခု ပေါင်းစည်းသွားခဲ့တယ်။

ကျုပ်ရဲ့ အနမ်းဟာ ဇနီးမယားကို တဏှာရမ္မက်နဲ့ နမ်း





မဟုတ်ဘူး။

ကြေကွဲဖို့ကောင်းတဲ့ ဘဝလောကဓံအကြားက နှမလေးကို
ကိုကြီးတစ်ယောက်က နမ်းလိုက်တဲ့အနမ်း။

ပြီးတော့မှ သူ့ကိုယ်လုံးလေးကို ငေးကြည့်နေတဲ့ ကိုချစ်စရာ
က်ကို တွန်းပို့လိုက်တယ်။ ကိုချစ်စရာက မသိန်းရွှေရဲ့လက်ကို ကြင်နာ
ဆုပ်ကိုင်ပြီး ဒူးထောက်ချလို့ ကျုပ်ကို ထိုင်ကန်တော့ကြတယ်။ မင်း
မိုးမြေကျပေါင်းကြပါတော့လို့ပြောပြီး ကျုပ် သူတို့ကို ကျောခိုင်းခဲ့
က်တယ်။ ကျုပ်ရဲ့ ရင်ခေါင်းထဲမှာ ကိုချစ်စရာရဲ့ ထမင်းလုတ်တွေက
ည့်လို့။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

အဲဒီနောက် ကျုပ် ဒီရွာမှာ ဘုန်းကြီးဝတ်ခဲ့တယ်။ ချစ်စရာ မိသိန်းရွှေကလည်း သားလေးနှစ်ယောက်ရဲ့ဘဝကို မိဘအရင်းနှင့်မခြာ စောင့်ရှောက်ခဲ့တယ်။ သူတို့က အစ်ကိုကြီး မပူပါနဲ့တဲ့။ အိမ်ဦးခန်း လာထိုင်စားပါတဲ့။ ကျုပ် မစားရက်ပါဘူးဗျာ။ အိုဇာတာကျလာတဲ့ ကျု အသိပညာနည်းပါးတဲ့ ကျုပ်။ အတ္တဒေါသကြီးခဲ့တဲ့ ကျုပ်။ နေဝင် ရောက်နေတဲ့ ကျုပ်။

ကျုပ်သားလေးတွေရဲ့ ဘဝအနာဂတ်ကို လုပအောင် မဖန် ပေး နိုင်ခဲ့ပေမဲ့ ချစ်စရာတို့က ကြင်ကြင်နာနာ ပြုစုစောင့်ရှောက်နေတာ မြင်ရတော့ ကျုပ်ရင်ထဲက သောကမီးတောက်များအပေါ်ကို မီးငြိမ်းမိုး ချလိုက်သလိုပါပဲဗျာ။

ခုတော့ (၁၁)မီးလုံးငြိမ်းအောင် ကျုပ် သက်နီးဝတ်ဘဝ အရှိုးထုတ် လိုက်ပါပြီဗျာ။ ကျုပ်ကြောင့် မျက်ရည်ကျခဲ့သူတွေကို ကျ မေတ္တာ ဘာဝနာနဲ့ မျက်ရည်သုတ်ပေး ရဦးမယ်။ မငြိမ်းသေးတဲ့ သော ဒုက္ခ ပရိဒေဝမီးရှိသူများရှိရာ အရပ်ကိုသွားပြီး ကျုပ် ကျင့်ကြံလို့ရခဲ့ မီးငြိမ်း မိုးတွေကို ရွာချပေးရဦး မှာပေါ့ဗျာ။ ရွာချပေးရဦး မှာပေါ့။

မှခင်းရောင်

၂၀၀၁ ခုနှစ်–အောက်တိုဘ



www.burmeseclassic.com

www.burmeseclassic.com

## ဖဲမော်ကျုပ်စေ့

ရဲဇော်တစ်ယောက် ဒီလောက်တက်ကြွနေတာမျိုး မတွေ့ဖူးသ
သို့ဖြစ်၍ အေးကြည်မောင် သူ့သူငယ်ချင်းအဖြစ်ကို ကြည့်က
တအံ့တသြ ဖြစ်နေမိသည်။

ပြီးခဲ့သည့် နှစ်ပတ်က ဒီကောင် ရဲဇော် ကြိတ်ပိုင်းချိန်တို
တစ် ပိုင်းမှာ အကြီးအကျယ် ဖဲနိုင်သွားသည်။ တစ်သက်နှင့် တစ်ကို
တစ်ခါ မှ မနိုင်ဘူးသည်ကို နိုင်ပြီးသည့် အချိန်မှစ၍ သူအနိုင်နှင့်ပိုင်း
ခြေ ငြိမ်နေလိုက်သည်။ ယင်းအချိန်မှစ၍ ရဲဇော်ကို အရှုံးသမားများ
ဖဲရိုက်ရန် မည်သို့ပင် စည်းရုံးသွေးဆောင်ပါသော်လည်း ရဲဇော်
လုံးဝဖဲဝိုင်း ဘက်သို့ ခြေဦးမလှည့်။

အလွန်ချောမောလှပပြီး ပစ္စည်းဥစ္စာအတော်အတန် ရှိ
သူ့ချစ်သူခင်ညေ်တင့်နှင့် ရန်ကုန်မြို့ အနှံ့သွာ။ ပျော်စရာ အစုံသွ





ကောင်း သောက်စရာစားစရာကို ရှိုကျကျ သန့်သန့်လေးနေ၍ အမြဲနေ
သည်။ ရှုံးခဲ့သည့် သူများကလည်း ရဲဇော်ကို ပြန်မွဲအောင် အမျိုးမျိုးကြံ
စည်နေကြ၏။ သို့သော် ရဲဇော်က လှုပ်ပါ။ ဒီလိုကောင်က ဒီနေ့ကျမှ
ဘယ်လို ဖြစ်လာမှန်းမသိ၊ သိပ်ရိုက်ချင်နေသည်။

''မင်း ဘယ်လို ချိုကြွနေတာလဲ ရဲဇော်၊ တော်ကြာ ရထား
တာလေး ပြန်ထွက်သွားရင် ထိုင်ငိုရမယ် သိလား။ ခင်ရည်တင့်ကလဲ
မင်း ဖဲကစားတာကို သိပ်သဘောကျတာ မဟုတ်ဘူး''

''မငိုရပါဘူးကွာ၊ ဒီမှာ မမွဲနိုင်တဲ့အပြင် ချမ်းသာမဲ့ဆေးပါ
လော ခဲ့လို့ကွ''

''ဘာဆေးလဲ''

''ဖဲမော်''

''ဘာ ...ဖဲမော် ဟုတ်လား''

ဖဲမော်ဆို၍ အေးကြည်မောင် အံ့သြသင့်သွားသည်။ ကြားဖော့
ကြားဖူးသည်။ မမြင်ဘူး။ မကြုံဘူး။

''မင်း ...ဖဲမော်က ဘယ်လိုစွမ်းလို့လဲ မောင်ရာ၊ ကြည့်လုပ်
နော်''

''ငါ ဆရာတစ်ယောက်နဲ့ တွေ့ခဲ့ရတယ်ကွ၊ ဒီမှာ ကြည့်စမ်း''

သူက ပြောရင်းဆိုရင်းမှ အကျီအိတ်ထဲမှ ကျုပ်စေ့တစ်စေ့ကို
ထုတ်ပြလိုက်သည်။ သေသေချာချာ ကြည့်လိုက်တော့ ပန်းဘက်ရော
ခေါင်းဘက်မှာပါ ဆောက်သွားရာနှင့် အင်းကွက်ချ၍ ဂဏန်းများရေး
ထားသည်ကို ထူးဆန်းစွာ တွေ့လိုက်ရသည်။

''ဒီပိုက်ဆံကို ဘယ်သူ့ပါးစပ်ထဲက ရတာလို့ မင်းထင်သလဲ
ငမော်''

''ငါ ဘယ်သိမလဲ ရဲဇော်ရာ''

''သင်္ချိုင်းကုန်းကကွ၊ လူသေအလောင်းရဲ့ ပါးစပ်ထဲက ရခဲ့



www.burmeseclassic.com

www.burmeseclassic.com



ပိုက်ဆံ၊ အဲဒါကို ဆရာမြိုင်ဆိုတဲ့ ပုဂ္ဂိုလ်က ဖဲမှော်သွင်းပြီး စီရင်ပေးထား တာ၊ သိပ်အဖိုးတန်တယ်၊ ငါနဲ့ ဆရာမြိုင်နှစ်ဦးတည်း စမ်းသပ်တဲ့အ နဲ့ ဖဲရိုက်ကြည့်ပြီးပြီ၊ ငါချည်းနိုင်တယ်၊ ဆရာမြိုင်ရှုံးတယ် ကိုယ့်လူ၊ မှာငမောင် ဒီတစ်ချီ အပိုင်ရိုက်မယ်ကွာ၊ ၁၀ သိန်းလောက်ရရင် အ အပိုင် နှပ်နေလိုက်မယ်၊ မင်းက ငါ့ရဲ့လူယုံသဘော လိုက်စောင့်ရှောက် ဟုတ်လား၊ မင်းအတွက် ဆယ်ရာခိုင်နှုန်းပေါ့ကွာ''

(၂)

သို့နှင့် အေးကြည်မောင်နှင့် ရဲဇော်တို့ ယခင်လူများနှင့် ချိန်း ာ ကြိတ်ဝိုင်းတစ်ဝိုင်း လုပ်လိုက်ကြသည်။ အားလုံး ပိုက်ဆံချမ်းသာသူ ားမို့ စိတ်ချရသည်။ ဖဲဝိုင်းသို့ရောက်သည်နှင့် ရဲဇော်က

''ကျုပ် ခေါင်းရင်းလက်ထိပ်က ထိုင်မယ်ဗျာ''

''မရဘူးဗျာ၊ ကျုပ် ဦးပြီးပြီ၊ ခင်ဗျားလက်သန်းကပဲ ထိုင်တော့''

ခေါင်းရင်းလက်ထိပ်က မရ၍ ရဲဇော် မကာစားချင်သော်လည်း ဝိုင်းသို့ရောက်၍ ငွေစက္ကူအထပ်များကို မြင်လိုက်ရသောအခါ ဖဲသမား လောဘနှင့် မပြန်ဖြစ်တော့၊ သို့နှင့် လက်သန်းမှထိုင်၍ သူကိုယ်တိုင် ျိုးသည့်အခါ ချိုးသည်၊ ဝိုင်းစသည်နှင့် သူ့ဆရာ ဆရာမြိုင် စီစဉ်ပေး ိုက်သည့် ဖဲမှော်ကျပ်စေ့ကို အခြားသူများ မမြင်အောင် ပါးစောင်မှာ ္ခရင်းကစားလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကိုးမီးဖဲသုံးချပ် မှောက်ထားသည့်ကို ရဲဇော်က ပုံးလှန်မကြ ဘဲ အားလုံးကြည့်အပြီးမှာ ဒိုင်မျက်နှာကိုကြည့်၍ ဖဲသုံးချပ်ကို ကော ကိုင်လိုက်သည်။

"ဒိုင် ...ခင်ဗျားလှန်"

"လပ် ..."

"ကိုင်း ...အဘတန်ခိုးနဲ့ ပထမကိုးကွာ"

သို့ကလိုပြောရင်း ဖြောင်းခနဲ ဖဲသုံးချပ်ကို လှန်၍ ရိုက်ချလို သည်။

"ဟာ ..."

အားလုံးပါးစပ်မှာ အသံများထွက်သွားသည်။ အေးကြည်ဇော ပို၍ အံ့သြသွားသည်။ ရဲဇော် ခင်းပြသည့် ဖဲချပ်များကား ကုလား ကောင်နှင့် ကိုး။ အင်း ...ဖဲမော်စ၍ အစွမ်းပြပြီထင်သည်။ နော တစ်လှည့်လည်း ကိုးပဲကျသည်။ ငွေပုံကြီးက ရဲဇော်ရှေ့မှာ အထပ်လိုက် ပြိုင်ဘက်ထိုးသားများက ဒီနေ့လည်း ရဲဇော်နေ့ပဲနဲ့ တူပါရဲ့ဗျာဟု ငြီး ညည်းကျူးကြ၏။ ဒိုင်ပင် အံ့သြနေသည်။

သို့သော် ...သုံးလှည့်ဆက်တိုက်ရပြီးသောအခါ ဖဲမော် သိပ်မလိုက်ချင်တော့။

ဘူတစ်လှည့်၊ တစ် တစ်လှည့်ချည်းပဲ ဆက်ကျနေသည်။ ကြာခင် ပါသမျှ ပြောင်တော့သည်။ သည့်နောက် အိမ်ပြန်၍ ငွေ သည်။ ဆွဲကြိုး၊ လက်စွပ်၊ ဟန်းချိန်း၊ နာရီ၊ ရွှေကြယ်သီးစသ ပစ္စည်း များ တစ်နာရီခန့်အတွင်း တက်တက်ပြောင်သွားခဲ့သည်။ နော ဆုံး ချွေးရွှဲနစ်နေသည့် အကျီကိုချွတ်၍ ပခုံးပေါ်တင်ကာ လမ်းစ တောင်းပြီး ခေါင်းငိုက်စိုက်ချ၍ ပြန်ထွက်ခဲ့ကြသည်။

"မင်း ...ဖဲမော်က ဘယ်လို ဖဲမော်လဲ ရဲဇော်"

"တောက် ...ငါ့ဆရာတော့ ကြုံပြောသားကွာ၊ ခေါင်းရ





ဘက်ထိပ်ကရမှ ရိုက်တဲ့၊ ခုတော့ ခြေရင်းလက်သန်းက ရိုက်ရတော့ ဆမ် နိမ့်သွားတယ်နဲ့ တူပါရဲ့ကွာ၊ ဟူး ..."

"အကျိုးမှ မပေးတာဥစ္စာ၊ ရပ်လိုက်ပါတော့ကွာ"

"ဘယ်ရပ်လို့ဖြစ်မလဲ ငမောင်၊ လှေမျောရင် လှေနဲ့လိုက်ရမှာ တွေ့ကြသေးတာပေါ့ကွာ"

ထိုနေ့ညက အဝိုင်းခေါက်ဆွဲဆိုင်မှာ အမူးသောက်ကြပြီး သူ့ မော်ကျပ်ဓေ့ကို ညာလက်နှင့် တင်းတင်းဆုပ်ကာ ဆိုက်ကားစီး၍ အိမ် ပြန်သွားခဲ့သည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၃)

တစ်ပတ်ခန့်ကြာပြီး တစ်နေ့ အေးကြည်မောင်အိမ်သို့ ရဲဖော် ရောက်ချလာသည်။

''မောင် ...ငါတို့ မြချစ်ထွန်းတို့အဖွဲ့နဲ့ ပြန်တွေ့ကြမယ် ကွ''

''ဟေ ...မင်းမှာငွေရော ရှိသေးလို့လား ရဲဖော်''

''လူမသေ ငွေမရှားပါကွာ၊ ဒီမှာငွေ''

သူကပြောရင်း ဂျာကင်အင်္ကျီအိတ်ထဲမှ ကျပ်တစ်ထောင်တန် ငွေစက္ကူအုပ်ကြီး (၃)အုပ်ကိုဆွဲထုတ်၍ စားပွဲပေါ်သို့ ပစ်တင်လိုက်သည်။ အေးကြည်မောင် အံ့ဩသွားသည်။ ငွေစက္ကူတွေက အသစ်ကျပ်ချွတ် တွေလိုပင်။

''ဒါ ...ဒါ မင်းဘယ်က ရတာလဲဟင် ...ရဲဖော်''

''ဟား ...အိမ်ရှိ ခြံရှိရင် ငွေဖြစ်တာပဲဥစ္စာ၊ အဆန်းလုပ် လို့ကွာ''





သို့နှင့် သူတို့နှစ်ဦး မကျေပွဲနွှဲရန် မြချစ်ထွန်းတို့အဖွဲ့နှင့် ချိန်းလိုက်သည်။ ပြောသာ ပြောရသည်။ မြချစ်ထွန်းတို့ အုပ်စုကလည်း လှည့်ဖဲရိုက်နေသည့် လူလည်လူနပ်တွေ။ ဖဲဝိဇ္ဇာတွေ။ ဒီတစ်ချီ ခင် ရဲဖော်အဖို့ လမ်းဘေးရောက်မည်မှာ မလွဲ။

♛ ♛ ♛

(၄)

''ဟောဒီမှာ ပိုက်ဆံ''

ရဲဖော်က ခပ်တင်းတင်းပင်။ မယုံသလို ကြည့်နေကြသည့် မြချစ်ထွန်းတို့ အဖွဲ့ရှေ့သို့ ငွေစက္ကူ အထပ်ကြီးကို ပစ်ချလိုက်သည်။ အထင်သေးသလို မယုံကြည်သလို ဝိုင်းကြည့်နေကြသည်။ မြချစ်ထွန်း တို့အုပ်စု ငွေစက္ကူအထပ်ကြီးကို မြူနီးစားကြီး၊ မြင်လိုက်ရသောအခါ သူ့တို့ အချင်းချင်း တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အံ့ဩလေး စားဟန်နှင့် ချက်ချင်း မျက်နှာချိုသွေးကြ လေတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



''ရဲဇော်ကြီး ကလဲကွာ၊ မင်းတို့ချမ်းသာမှန်း တတ်နိုင်မှန်း သိပါတယ်ကွာ၊ ဟဲ ...ဟဲ ...ဟဲ''

''ရဲဇော်က ငွေရှာတော့ မြန်တယ်ဟေ့၊ ကြိုက်သွားပြီကွာ''

''ဒါပေမယ့် ငါလက်ထိပ်နေရာက နေရမှ ကစားမယ် ကိုယ့်လူတို့''

''လက်ထိပ်ကနေတင် မဟုတ်ပါဘူးကွာ၊ တာဝတိံသာ ထိပ်က နေ တက်ရိုက်ချင်လဲ ရိုက်ပါမောင်ရာ၊ အပွင့်ကောင်းမှ ငွေဖြစ်မှာဥ္စာ ဟုတ်လားဟေ့၊ ထွန်းဝကြီး''

''ရက်စ် ...အောရိုက်ထိ''

''ဟား ...ဟား ...ကိုင်း စကြစို့ အချိန်တွေ နှမြောစရာကြီးရယ်''

အားလုံး ဝိုင်းရယ်ကြပြီး အိမ်ရှင်ချပေးသည့် ဘီယာဗူးများကို ဖွင့်၍သောက်ကြသည်။ ဒိုင်က ကုလားဖန်ထိုးပြီး ဖဲထုပ်ကို ပန်းကန် ပေါ်တင်လိုက်သည်။ ရဲဇော်က စ၍ချိုးလိုက်သည်။

ဒီတစ်ခါ ရဲဇော် အတင့်ရဲနေပါကလား။ သူဆောင်နေကျ ဖဲ မော်ကျုပ်စေ့ကိုတောင် ပါးစပ်မှာမငုံဘဲ ကစားနေသည်။ ကော့ဒ္ဓ ... အကျီအိတ်ထဲများ ထည့်ဆောင်ထားလေရော့သလား။

သို့မဟုတ် ...။

သူ့ဖဲမော့် သူမယုံတော့၍လား။

ပထမဦးဆုံး အဖွင့်မှာပင် ရဲဇော် ကုလားသုံးကောင်ကျသည်။ ဒိုင် စိတ်ဓာတ်ကျသွား၏။ ဒုတိယ အလှည့်ကျတော့ ဒိုင်က ကိုးကျ သည်။ သို့သော် ရဲဇော်ကကို သူ့တို့လိုက်မမီ။ ဖဲခင်းပြလိုက်သောအခါ ရဲဇော်က သုံးသုံးလုံး။ တတိယအလှည့်။ ဒိုင်က စိတ်ညစ်သံနှင့် အော် လိုက်သည်။

''သုံးပြန်''





သုံးပြန်လို့ ဒိုင်က အော်လိုက်တော့ ရဲဇော်က လန့်ဒန်စီးကရက် ...င်း ဒူးနှံ၍ ဖဲသုံးချပ်ကိုလှန်လိုက်သည်။

''ဟာ ...''

''နှစ်ပေါက်၊ သေ ...သေ ...''

''တောက် ...တစ်ပွင့်ထဲကွာ''

နှစ်ပွင့်ကျပြီးသည့် အချိန်မှစ၍ ရဲဇော် ဖဲစသေလိုက်သည်မှာ ...ဲ သိမ်းသည်အထိ ဖြစ်ပေသည်။ ရဲဇော်ယူလာသည့် ငွေစက္ကူအထပ်ကြီး သည် ယခုအခါ အပြန်လမ်းစရိတ်အနည်းငယ်မျှသာ ကျန်တော့သည်။ ...ုလည်း ခွေးအိုင်ထဲ နှစ်နေသည်။ ထိုစဉ် အိမ်ရှေ့မှ လူခေါ် ဘဲလ်တီး ...ံပေါ်လာ၍ အိမ်ရှင် ဒေါ်ဘေဘီက အကောက်ကောက် ချည့်ခံရာမှ ...တ်တရက် ထသွားပြီး ဘယ်သူလဲဟု လှမ်းမေးလိုက်သည်။ အပြင်မှာ ...အစောင့်ချထား...သည့် စိန်ကုလားက အသံတုန်တုန်နှင့်။

''ကျွန်တော်ပါ အဂ်မ၊ တံခါးခဏဖွင့် ...ဖွင့်ပေးပါ''

ဒေါ်ဘေဘီက တံခါးဂျက်ကိုဖြုတ်၍ ဖွင့်လိုက်သည်။

''ဟာ ...''

''ရဲ ...ရဲ ...ရဲတွေဟေ့''

''ဟေ့ ...အားလုံးငြိမ်ငြိမ် ထိုင်နေနော်''

သူတို့အားလုံး ပြေးချိန်မရတော့။ ရဲများနှင့် ရပ်ကွက်လူကြီးများ ...တ်ခြည်းဝင်ရောက်လာပြီး ဝင်ပေါက်ထွက်ပေါက်များမှာ ပိတ်ဆို့လိုက်ကြ သည်။ ၎င်းနောက် သက်သေခံပစ္စည်းများကို စနစ်တကျ စာရင်းသွင်း ရေးမှတ်ကာ အားလုံးကို ရဲစခန်းသို့ခေါ်သွားကြသောအခါ လောဘနှင့် ပျော်မြူးနှစ်မွန်းခဲ့ကြသည့် ဝိသမလောဘသားများ ခြေလှမ်းတွေ ယိုင် ဒိုလာလေသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၅)

''ခင်ဗျားနာမည် ရဲဇော်နော်''

''ဟုတ်ပါတယ်''

အမှုစစ် ဒုရဲအုပ်က ရဲဇော်ကို စေ့စေ့ကြည့်၍ မေးလိုက်သည်။

''ခင်ဗျားနဲ့ မခင်ရည်တင့်က သမီးရည်းစား မဟုတ်လား''

''ဟုတ် . . . ကဲ့''

''ခင်ဗျားနဲ့ မခင်ရည်တင့်နဲ့ ဘယ်နေ့က နောက်ဆုံးတွေ့ခဲ့လဲ''

''အခုတလော အလုပ်များနေတာနဲ့ မတွေ့တာကြာပါပြီ ခင်ဗျာ''

''ဟုတ်ရဲ့လား၊ လွန်ခဲ့တဲ့ ၃ရက် ဗုဒ္ဓဟူးနေ့မနက် ၁၀နာရီက ခင်ဗျားနဲ့ မခင်ရည်တင့် တွဲသွားတာကို မြင်တဲ့သက်သေရှိတယ် ကိုရဲဇော်''

ရဲဇော်မျက်နှာတစ်ချက် ပျက်သွား၏။





''အဲဒါ ဘာဖြစ်လို့လဲဗျ။ ကျွန်တော်က အလုပ်များနေတော [illegible] ဘယ်မှတ်မိနိုင်ပါတော့မလဲ''

အမှုစစ် ဒုရဲအုပ်က သူ့ကိုကြည့်၍ ခေါင်းတညိတ်ညိတ်လုပ် [illegible]

''မခင်ရည်တင့် အဲဒီနေ့ကစပြီး သူ့အိမ်ကို ပြန်မလာခဲ့ဘူး ရဲဇော်''

''ဒီပြင် သွားချင်သွားမှာပေါ့ဗျာ''

''သူ့အမျိုးတွေက ခင်ဗျားနဲ့ ခိုးရာလိုက်သွားတယ်လို့ ထင်နေ [illegible]တယ်''

''ဟာဗျာ . . . ကျုပ် သူ့ကိုခိုးဖို့ နေနေသာသာ ကိုယ့်အလုပ် [illegible] ကိုယ်မအားပါဘူး''

''ဟုတ်တာပေါ့ဗျာ၊ စုံစမ်းကြည့်တော့ မခင်ရည်တင့်ဟာ ခင် [illegible]နဲ့ ခိုးရာလိုက်သွားတာ မဟုတ်ဘူး။ သူက သေသွားခဲ့တာပဲဗျ''

''ဗျာ . . . ခင် . . . ရည် . . . တင့် .. ခင်ရည် တင့် .. သေ [illegible]သပြီ ဟုတ်လား''

ရဲဇော်မှာ သူ့ချစ်သူ သေဆုံးသွားပြီဆိုသည့် စကားများကို [illegible]ား လိုက်ရ၍ အသံများတုန်ခါလျက် မျက်ရည်များ စီးကျလာသည်။

''အခု . . . ကျုပ်တို့ လူသတ်သမားကို စုံစမ်းနေတယ်၊ [illegible]နီးပါပြီ''

''သူ . . . သူ ဘယ်လို အသတ်ခံရတာလဲဟင် .. ဟင်''

''ခင်ဗျားချစ်သူ ကံဆိုးရှာပါတယ်ဗျာ၊ လည်ပင်းညှစ်သတ် [illegible] တဲ့အပြင် ပါသမျှ လက်ဝတ်လက်စားအားလုံးကို လူသတ်သမားက [illegible] သွားပြီး ကျွင်းချိုင့်တစ်ခုထဲမှာ ကျောက်ခဲတွေ၊ အမှိုက်တွေနဲ့ ဖုံးဖိပြီး [illegible]မြှုပ်ထားခဲ့တယ်''

''အို . . . ရက်စက်လိုက်တာဗျာ . . . တောက်''



www.burmeseclassic.com

www.burmeseclassic.com



"ဒါနဲ့ ခင်ဗျားမှာ ဖဲမှော်ကျပ်စေ့တစ်စေ့ ရှိတယ်နော်"

"ခင်ဗျာ ...ဘယ်သူပြောလို့လဲဟင်"

"ခင်ဗျားရဲ့သူငယ်ချင်း အေးကြည်မောင် ပြောပြလို့ပါ။ ရှိတ
မဟုတ်လား"

"ဟုတ်ကဲ့ ...ရှိပါတယ်"

"အခု ရှိလား"

"မရှိတော့ပါဘူးဗျာ၊ ဘယ်နားကျပျောက်ခဲ့လဲ မသိပါဘူး"

"အေးပေါ့လေ၊ ခင်ဗျားက အလုပ်များသူကိုး။ အဲဒီ ဖဲမှော်
ပိုက်ဆံကို ဆရာမြိုင်ဆိုတဲ့ လူတစ်ယောက်က ခင်ဗျားကို လုပ်ပေးခဲ့တာ
အဲဒီ ဖဲမှော်ကျပ်စေ့ကို ယုံကြည်ပြီး ခင်ဗျား ဖဲကစားခဲ့လိုက်တ
ပထမအကြိမ် ကြိတ်ဝိုင်းတုန်းက နိုင်ခဲ့တဲ့ ငွေပါးသိန်းကျော် ပြောင်ခဲ့တာ
မှန်ရဲ့လား"

သူ ခေါင်းညိတ်လိုက်သည်။

"ဒါနဲ့ မကျေပွဲ ထပ်နွှဲဖို့ ခင်ဗျားအခက်အခဲတွေကို ကျော်လွှ
ပြီး ငွေရှာခဲ့တယ်၊ အဲဒီငွေလည်း မနေ့က ဖဲဝိုင်းမှာ ရှုံးခဲ့တာပဲ၊ ထူးခြ
တာက အဲဒီပွဲမှာ ခင်ဗျားယုံကြည်ကိုးစားခဲ့တဲ့ ဖဲမှော်ကျပ်စေ့ကို အားမ
တော့ဘူး"

ရဲဇော်မှာ တစ်လုံးချင်း ရှင်းပြနေသည့် အမှုစစ်အရာရှိ
မျက်နှာကို ဝင့်ကြည့်လိုက်သည်။ အမှုစစ်ဒုရဲအုပ်ကလည်း သူ့မျက်နှာ
အကဲခတ်ရင်း ဆက်ပြောသည်။

"တကယ်တော့ ကိုရဲဇော်၊ ခင်ဗျားအလိမ်အညာခံလိုက်ရတာ
ပဲဗျာ"

"ဗျာ ...ကျွန်တော် အလိမ်အညာ ခံလိုက်ရတယ်၊ ဟုတ်
ဟုတ်လား"

"ဟုတ်တယ် ကိုရဲဇော်၊ ခင်ဗျားကို ဖဲမှော်ကျပ်စေ့ စီရင်ပေး





တဲ့ ဆရာမြိုင်ဆိုတာ နာမည်ကျော် လူလိမ်မျက်လှည့်ဆရာ တစ်ယောက်
ပဲ၊ သူဟာ အခု ခင်ဗျားနဲ့အတူ အဖမ်းခံထားရတဲ့ ဖဲသမား မြချစ်ထွန်း
တို့၊ ထွန်းဝတို့အုပ်စုဝင် လူလိမ်ပဲ၊ ခင်ဗျား ပထမဆုံးနိုင်ထားတဲ့ ငွေငါး
သိန်းနဲ့ နပ်နေတော့ ခင်ဗျားကို သူတို့မြူဆွယ်လို့မရဘူး ဖြစ်နေကြတယ်၊
အဲဒီမှာ ဆရာမြိုင်ဆိုတဲ့ လူလိမ်ကို ငွေပေးပြီး ခင်ဗျားကို ဖဲမှော်ကျပ်စေ့နဲ့
အယုံသွင်းခဲ့တယ်၊ ခင်ဗျားနဲ့ဆရာမြိုင် ဖဲမှော်အစွမ်းသိချင်လို့
စမ်းသပ်ကစားတော့ ခင်ဗျားချည်းနိုင်တာလဲ လူလိမ် မျက်လှည့် ဆရာ
ဆရာမြိုင်က ဖဲ ဆင်အရှုံးပေး ကစားပြလိုက်တာပဲ၊ ဒါကို သူကိုယ်တိုင်က
ဝန်ခံခဲ့တာပဲ၊ ဒါကို အဟုတ်မှတ်လို့ အထင်ကြီးပြီး အပွကြီးဖို့ ခင်ဗျားဟာ
ဝိုင်းမှာ ဖဲမှော်ကျပ်စေ့ ငုံပြီး ကစားခဲ့တာကိုး။ ဒီမှာ နှစ်ချီသုံးချီ
လိုနဲ့ ကုလား သုံးကောင်ကျအောင်လို့ ဖဲဝိဇ္ဇာတွေက ဖဲလိမ်ချိုးပြီး
ခင်ဗျားကို မက်လုံး တစ်ခု ပေးလိုက်တာပဲ၊ တကယ်က ခင်ဗျားကို
သူတို့အားလုံး ဖဲလိမ်ရိုက် ပြီး ပြောင်အောင်လုပ်စားကြတာ၊ ငွေကုန်တော့
ခင်ဗျားငွေထပ်ရှာတယ်၊ ခေါင်းရင်းလက်ထိပ်က မထိုင်လို့ ဘာညာ
ဆိုတာကလဲ ဖြီးလုံး လှိမ့်လုံးတွေပဲ၊ ဒုတိယအကြိမ် ငွေရတော့ ခင်ဗျားမှာ
ဖဲမှော်ကျပ်စေ့က ပါမလာခဲ့ဘူး"

အမှုစစ် ဒုရဲအုပ် ရှင်းပြချက်များကို ကြားရသောအခါ ရဲဇော်မှာ
ပြုံးရလွန်း၍ မေးကြောများ တင်းကြွလာတော့သည်။ အံသွားမြည်အောင်
ပင်ကို ကြိတ်လိုက်သည်။

"ဒါပေမယ့် ခင်ဗျားဟာ ရှုံးမည်းမည်းနေတဲ့ လူပဲလေ၊ ဖဲမှော်
ကျပ်စေ့ မပါပေမယ့် ခင်ဗျား မှန်နေပြီဥစ္စာ၊ မိုက်မိုက်ကန်းကန်း
ကစားတယ်၊ ရှုံးတာပဲ၊ ဒီမှာ ..."

အမှုစစ်အရာရှိက သူ့အင်္ကျီအိတ်ထဲမှ ပစ္စည်းတစ်ခုကိုထုတ်၍
ရှေ့သို့ ပစ်ချလပေးလိုက်သည်။

"ချွမ် ..."



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်တော့ ဆရာမြိုင်စီရင်ပေးလိုက်သည့် ဖဲမော်ကျပ်စေ့ သူ့မျက်လုံးများ ကျယ်သွားခဲ့သည်။

"အဲဒီ ဖဲမော်ကျပ်စေ့ ခင်ဗျားဘယ်မှာ ကျပျောက်ခဲ့သလဲ သိလား"

"ဟင့်အင်း ...မ ...မသိဘူး"

ရဲဇော်အသံများ တုန်ရင်နေသည်။ စားပွဲပေါ်တင်ထားသည့် လက် များမှာလည်း တုန်ခါနေသည်။ ချွေးသီးအချို့က နဖူးပေါ်မှ အချိန်အခါ မဟုတ် ရုတ်ချည်းသီးပွင့်လာသည်။ အမှုစစ်အရာရှိက မှုပျက်လာသည့် သူ့မျက်နှာကို ရဲရဲတင်းတင်းစိုက်၍ ကြည့်ရင်း ပြောပြန်သည်။

"ကိုရဲဇော် ...ခင်ဗျားရဲ့ချစ်သူ မခင်ရည်တင့်ကို ဘယ်သူ သတ်သလဲ သိလား"

"မ ...မသိပါဘူး ...ခင်ဗျာ"

"မခင်ရည်တင့်ကို ရက်ရက်စက်စက် သတ်တဲ့တရားခံက သူ့ရဲ့ ချစ်သူ ခင်ဗျားပဲဗျ"

"ဗျာ ...မ ...မဟုတ်တာဗျာ၊ ခင်ဗျား ဘာကြောင့် ကျုပ်ကို ၃ုံစွဲနေတာလဲ၊ ကျုပ် ...ကျုပ်က ကျုပ်ချစ်သူ .. ကျုပ် ယူမယ့်မိန်းမကို ဘယ်လို သတ်ရက်မှာလဲဗျ။ သတ်ရက်မှာလဲ"

"သိပ်ဟုတ်တာပေါ့၊ ခင်ဗျားနဲ့ လက်ထပ်မယ့်သူပဲကို။ ဒီမှာ ခင်ဗျားဖဲရှုံးလို့ ငွေသိပ်လိုနေတယ်၊ အိမ်ပေါင်ရအောင် အိမ်က ခင်ဗျား ပိုင်အိမ်မဟုတ်ဘူး။ ဒီတော့ ငွေလွယ်လွယ်ရဖို့နည်းကို ကြံစည်တယ်၊ ဗုဒ္ဓဟူးနေ့က မခင်ရည်တင့်ကို ရန်ကုန်ခေါ်သွားပြီး သမ္မတရုပ်ရှင်ရုံမှာ ရုပ်ရှင်ကြည့်တယ်၊ ပြီးတော့ ဒီကိုပြန်လာတယ်၊ လေညင်းခံရအောင်ဆိုပြီး မြစ်ဆိပ်ကို ခေါ်သွားခဲ့တယ်၊ ဒီနောက် အကြံသမားပီပီ သူမကို လည်ပင်း ညှစ်သတ်ပြီး ပစ္စည်းတွေ ဖြုတ်ယူတယ်၊ လူကို မြစ်ကမ်းတတ်ဆန်း လက်စ





ချက်ခဲ့တယ်၊ ဒီမှာကြည့်စမ်း ကိုရဲဇော် ဒါ ဘယ်သူ့ဆွဲကြိုးလဲ"

အမှုစစ်က ဆွဲကြိုးတစ်ကုံးကို ထုတ်ပြလိုက်သည်။ ဒေါင်း ငုံးပုံပါ ဆွဲကြိုးတစ်ကုံးမို့ သူ ဣန္ဒြေပျက်သွားသည်။

"ဒီဆွဲကြိုးက သေသူရဲ့ ဆွဲကြိုးပဲ၊ ဒီဆွဲကြိုးကို ခင်ဗျား ကြာ သပတေးနေ့က (- - -) အပေါင်ဆိုင်မှာ ငါးသောင်းနဲ့ ပေါင်ခဲ့တာ၊ ကျုပ်တို့ စုံစမ်းပြီးပြီ၊ ပိုသေချာတာက ဒီဖဲမော်ကျပ်စေ့ပဲ၊ ဒီကျပ်စေ့ ကျုပ်တို့ဘယ် က ရခဲ့သလဲ သိလား"

ရဲဇော် လုံးဝမလှုပ်။

"သေသူရဲ့အလောင်းကို ဖော်လိုက်တော့ သေသူရဲ့ လည်ပင်း အောက်က ရတာပဲ၊ ခင်ရည်တင့်ကိုသတ်ပြီး မြှုပ်တဲ့အချိန်မှာ ခင်ဗျား အိတ်ထဲက လျှောကျကျန်ခဲ့တာပေါ့ဗျာ၊ ဒါကြောင့် ...ခင်ဗျားသူငယ် ချင်း အေးကြည်မောင်ကပြောတော့ ဖဲကစားတဲ့နေ့က- ခင်ဗျား ဖဲမော် ကျပ်စေ့ ပါမလာဘူးတဲ့၊ ကဲ ...ခင်ဗျား ငြင်းချင်သေးလား"

ရဲဇော် ခေါင်းငိုက်စိုက် ကျသွားခဲ့သည်။

"ပိုနိုင်လုံအောင် မျက်မြင်သက်သေပြရရင် ခင်ဗျားသူ့ကို သတ် ပြီး ကျင်းထဲမြှုပ်နေချိန်မှာ တောထဲကို ထင်းခွေလာကြတဲ့ လင်မယားနှစ် ယောက်က မြင်ခဲ့ရတာပဲ၊ ကနဦးက ကြောက်လို့၊ အမှုပတ်မှာစိုးလို့ မပြောပြခဲ့ပေမယ့် ရက်စက်ယုတ်ကမ်းတဲ့ သတင်းကို ကြားလဲကြားရော၊ သူတို့အတွက် စိတ်မကောင်းလွန်းလို့၊ ရဲစခန်းကို ကိုယ်တိုင်လာ ရင်ဖွင့်ကြ တယ်၊ ကျုပ်တို့က ခင်ဗျားရဲ့ ဓာတ်ပုံကို ထုတ်ပြလိုက်တော့ သူပါပဲလို့ ထွက်ဆိုကြတယ်၊ အဲဒီနေ့က ခင်ဗျားဝတ်ခဲ့တာ ဂျင်းအကျီအပြာနုနဲ့ ပုဆိုးဘောင်းဘီရှည် မီးခိုးရောင် ပါတဲ့ခင်ဗျား၊ ကိုင်း ...ခင်ဗျား ဘာ ပြောချင်သေးသလဲ"

"ကျွန် ...ကျွန်တော် ...မှား ...မှားခဲ့ပါပြီဗျာ၊ ကျွန်တော့် ကျွန်တော့်ချစ်သူကို သတ် ...သတ်မိပါတယ်၊ ဖဲရှုံးပြီး မွန်ထူနေတာနေ



www.burmeseclassic.com

www.burmeseclassic.com



မိုက် မိတာပါ၊ ဆရာ ...ကျွန်တော် သိပ် မိုက်ကန်းတယ်၊ ကျွန်တော် လူမဟုတ်တော့ပါဘူးဗျာ၊ ကျွန်တော့်ကို ကြိုး စင်ပို့ ...ပို့ကြပါဗျာ၊ ချ ချက်ချင်း ပို့ကြပါတော့ ...ဟီး .. ဟီး ...ဟီး''

ရဲဇော် စားပွဲပေါ် မျက်နှာမှောက်၍ ရှိုးပွဲချငိုသည်။

''ကြိုးစင်ကို ကျွန်တော်တို့ ပို့လို့မရဘူး ကိုရဲဇော်၊ ခင်ဗျားရဲ့ မိုက်ပြစ်အတွက် ခင်ဗျားကို တရားရုံးက စီရင်ပြီးရင် သင့်လျော်တဲ့ အပြစ် ဒဏ်ချမှတ်ပါလိမ့်မယ်၊ ခင်ဗျား ဖြောင့်ချက်ပေးမယ်ဆိုရင် ကျွန်တော် တရားသူကြီးတစ်ဦးဆီကို ခေါ်သွားပေးပါ့မယ်၊ ခင်ဗျား လက်ခံပါသလား''


သူ ခေါင်းညိတ်လိုက်သည်။ မျက်ရည်ပေါက်များက သူ့ပါးပြင်မှာ တွဲလဲခိုး၊ အချို့သော မျက်ရည်များက စားပွဲပေါ်သို့ လည်းကောင်း၊ သူ့ပေါင် ပေါ်သို့ လည်းကောင်း၊ ပြုတ်ကျသွားခဲ့သည်။ မျက်လုံးထဲမှာ ချစ်သူရဲ့ ထိတ်လန့်ချောက်ချားနေသည့် မျက်နှာ၊ ငွေစက္ကူ၊ ဖဲပွင့်၊ ဆရာမြှိုင်၏ ဖဲမော်ကျပ်စေ့၊ ဖဲဝိုင်းဘလူလိမ် မြချစ်ထွန်းတို့၏ မျက်နှာများ တစ်လှည့်စီ ပေါ်လာခဲ့သည်။ သူအံကိုတင်းတင်းကြိတ်၍ လက်သီးနှစ်ခု ကို ကျစ်နေအောင် ဆုပ်လိုက်သည်။

အံကြိတ်သော်လည်း ..

သွားပုံကြွေရုံမှတစ်ပါး လွန်ခဲ့ပါပြီ ...နှောင်းခဲ့ပါပြီ။

တကာယံ့ဖြစ်ရပ်မှခင်း

၂၀၀၂ခုနှစ်–ဧပြီလ



www.burmeseclassic.com

www.burmeseclassic.com

# ကျိုးဝဲကျွန်းပေါ်က လူသတ်မှု

မိမိစခန်းမှာ တာဝန်ကျနေစဉ်( . . . ) အနောက်ရပ်ကွက်၊ ဥက္ကဋ္ဌ ဦးပေါင်မောင်ကြီးနှင့် အဖွဲ့ဝင်နှစ်ဦး ရေကြီးသုတ်ပျာဖြင့် ရောက်ချလာသည်။

"ဘယ်လို အရေးပေါ်လာလို့လဲ ဥက္ကဋ္ဌကြီး"

"အရေးကြီးတယ် ဆရာညိုရေ . . .ပဲခူးမြစ်၊ ကျိုးဝဲကျွန်းပေါ်မှာ မြေမြှုပ်ထားတဲ့ လူသေအလောင်းတစ်ခု တွေ့လာလို့ လာအကြောင်း ကြားတာ"

"ဗျာ …ကျိုးဝဲကျွန်းပေါ်မှာ ဟုတ်လား။ ယောကျာ်းအလောင်းလား။ မိန်းမအလောင်းလား ဥက္ကဋ္ဌကြီး"

"ဒါတော့ မသိသေးဘူး ဆရာညို။ ဒီကောင် ထွန်းခင်ရယ် ပိုက် တန်းချည်ရင်း သူ့ခွေးနဲ့ ကျိုးဝဲကျွန်းပေါ် တက်နားနေတုန်း ခွေးက





ချက် သွားနေရာက ကျင်းတစ်ကျင်းကို ယက်နေပြီး မသင်္ကာစရာ ကောင်းသံလည်း ကြားနေတာနဲ့ သွားကြည့်လိုက်တော့ မြေကျင်းထဲကနေ ယောင်းနေတဲ့ လက်တစ်ဖက်ပေါ်နေတာတွေ့တာနဲ့ အမြန်ပြန်ချလာပြီး ကျွန်တော်တို့ကို အကြောင်းကြားခဲ့တယ်၊ သွားကြည့်တော့ ဟုတ်တယ်၊ ဒါ ဆရာတို့ စခန်းကို သတင်းလာပို့တာပဲ"

သို့နှင့် ဦးစွာတွေ့ခဲ့သည့် တံငါသည်ရေလုပ်သား ထွန်းခင်ဆို ကို စေ့စေ့စပ်စပ် ကြည့်လိုက်သည်။ ပြီးနောက် တွေ့ရှိချက်အကျဉ်းကို နယ် မှူးထံသို့ အစီရင်ခံလိုက်ပြီး ရပ်ကွက်ဥက္ကဋ္ဌ၏ ပထမသတင်းပေး ကြား ချက်ကို ရေးသွင်းမှတ်ယူလိုက်သည်။

ရင်းနောက် ဒုရဲအုပ်စံကြည်၊ နယ်ထိန်းတပ်ကြပ်မြင့်စိုး အပါအ ရဲတပ်ဖွဲ့ဝင်များနှင့်အတူ မှုခင်းဓာတ်ပုံဆရာ ဦးဇော်ဖေပါခေါ်ပြီး ဋ္ဌ ဦးတင်အောင်ကြီး တို့အဖွဲ့ကို လိုက်ပါစေလျက် အလောင်းတွေ့ရှိရာ ကျိုးဝဲကျွန်းသို့ အမြန်ထွက်လာလိုက်ကြသည်။

✽ ✽ ✽

www.burmeseclassic.com



ကျိုးဝဲကျွန်းသည် သန်လျင်ဘက်ကကြည့်လျှင် သဘော်ဆိပ် မျက်နှာစာရှေ့ ပဲခူးမြစ်ပေါ်မှာရှိသည့် သောင်ထွန်းနေသည့် ရေပေါ် ကျွန်းငယ် ဖြစ်သည်။ သန်လျင်တံတားပေါ်မှကြည့်လျှင် အထင်းသား မြင်နေရသည်။ နှစ်ပေါင်းများစွာ သောင်ထွန်းနေရာမှ ကျွန်းဖြစ် နေခြင်းဖြစ်၏။ ရေကျလျှင် နားနေချင်စဖွယ်ဖြစ်၏။ အနီးအနားမှာ ပိုက်တန်းကြိုးတန်းသူများနှင့် တံငါ လှေသမားတို့ အလျဉ်းသင့်သလို နားခိုရာ ကျွန်းလေးလည်းဖြစ်သည်။

ကျွန်းပေါ်မှာ တံငါသည်များ စားသောက်ခဲ့သည့် အစားအစာ များကို စွန့်ပစ်ကြတိုင်း ကျီးကန်းများက ဝဲပျံရောက်ရှိလာပြီး စားသောက် ကြသဖြင့် အချို့က ခပ်လွယ်လွယ်ဖြင့် ကျိုးဝဲကျွန်းဟု ခေါ်လိုက်ရာမှ ဤနာမည်တွင် သွားခဲ့သည်။ ဒုရဲအုပ်ကိုညိုတို့ ရဲမော်တော်သည် ကျိုးဝဲကျွန်း အခြေသို့ ဆိုက်ကပ်လိုက်သောအခါ ကောင်းကင်မှာ ကျီးကန်း များနှင့် လင်းတအချို့ ဝဲပျံနေကြသည်။ လင်းတများ ဤဝန်းကျင်မှာ မမြင်ရတာကြာခဲ့ပြီ၊ ခုမှပဲ သူတို့ရောက်လာကြခြင်းဖြစ်သည် . . .

လူသေအလောင်းမြုပ်ထားသည့် နေရာကား လမုပင်နှစ်ပင် အကြား ကျင်းဟောင်းမှာ ဖြစ်၏။ ရပ်ကွက်လူကြီးအချို့က အနီးမှာ စောင့်ကြပ်လျက် ရှိ၏။ အလောင်းကိုစတွေ့သည့် ခွေးနက်ကလေးသည် ပြန်ပါလာခဲ့သည်။ ခွေးကလေးက သူ့သခင်နံဘေးမှ ဟောင်နေသဲ။





ညိုတို့ မြင်လိုက်ရသည့် မြင်ကွင်းက တော်ယုံလူဆို လိပ်ပြာလွင့်ချင်စရာ၊ သောင်းစပြုနေသည့် ဘယ်လက်တစ်ချောင်းသည် မှောက်ခုံပေါ် သည်။ အနေအထားက စနစ်တကျမြှုပ်သည့် လက္ခဏာမဟုတ်၊ ဆိုက်ကရိုက် မြှုပ်ထားသည့်သဏ္ဍာန်၊ မြေပုံပေါ်မှာ သဲမြေ၊ နွန်းမြေနှင့် ခဲ့ခွေး မြေဇာများပါ ရောပြွန်းနေသည်။ အနံ့လည်း အနည်းငယ် ထွက်နေသည်။

သို့နှင့် ပါလာသူများ အကူအညီ၊ မှုခင်းကျွမ်းကျင်သူများ ကူအညီနှင့် အလောင်းကို ဖော်လိုက်သောအခါ . . .

"ဟာ . . .ဒါ . . .ဒါ ချစ်လွန်းပါလား"

ရပ်ကွက်ဥက္ကဋ္ဌက မှဲယောင်းစပြုနေသည့် အလောင်း၏ မျက်နှာ ငုံကြည့်၍ပြောလိုက်တော့ ကျန်အဖွဲ့ဝင်များကပါ ဝိုင်း၍ ထောက် ကြသည်။သေသူသည် အကျီအပြာလက်တိုနှင့် ပုဆိုးအညိုကွက်ကို ထ်ထားသည်။ အသက်ခန့်မှန်းမှုအရ (၃၀)ခန့်ရှိသည်။ တုတ်တုတ်ခိုင် င် ဆံပင်ကုပ်ဝဲအရှည်နှင့်။

ဝဲဘက်ရင်အုံဝန်းကျင်နှင့် ဝမ်းဗိုက်တစ်ဝိုက်မှာ သွေးကွက်များ တွေ့ရပြီး အချို့သွေးများက ခဲနေသည်။ အလောင်းမြုပ်သည့် ကျင်း တွင်းမှ သံလွန်စသက်သေခံပစ္စည်း ရလိုရငြား ဂရုတစိုက် ရှာလိုက် သာအခါ မြေကြီးများနှင့် ရောလုံးနေသည့် မျက်နှာသုတ်ပဝါ သေးလေးတစ်ထည်ကို တွေ့ရသည်။ မျက်နှာသုတ်ပဝါ ကလေး၏ လယ်မှာ လက်ညှိုးလုံးခန့် မီးလောင်ပေါက်တစ်ခုရှိ၏။ ဆက်လက်၍ ှာလိုက်သောအခါ သေသူ၏ လက်ထဲမှာ ဆုပ်ထားသည့် ပစ္စည်းတစ်ခု၊ ယူကြည့်လိုက်တော့ အပြာရောင် ကော်ကြယ်သီးတစ်လုံး။

တွေ့ရှိ သက်သေခံပစ္စည်းများအား စနစ်တကျသိမ်းဆည်း၍ ိတ် တစ္စက်မှာ ဖြည့်စွက်သိမ်းဆည်းလိုက်သည်။ ရဲလုပ်ထုံးနှင့်အညီ တ်တမ်း တင်ဓာတ်ပုံများကို ရှုထောင့်အသီးသီးမှ ရိုက်ယူလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်ကို ဆက်လက် ရှုစမ်းလေ့လာလိုက်သောအခါ အလော[illegible] မြှုပ်သည့်နေရာနှင့် ပေ (၂၀)ခန့်အကွာ မြေပြင်မှာ နီရဲသော သွေးကွက်[illegible] များနှင့် သွေးစက်လမ်းကြောင်းအချို့ကို မြင်တွေ့လိုက်ရသည်။ လက္ခဏာ[illegible] ပုံသဏ္ဌာန်အရ ဤနေရာမှာ အချင်းဖြစ်ပွားပြီးနောက် ဒရွတ်တိုက်[illegible] ယူကာ အလျင်အမြန် မြှုပ်ခဲ့သည့် ပုံ။ ကိစ္စဝိစ္စများပြီးစီးသည်နှင့် အလောင်းကို ဆေးရုံသို့ပို့ရန် စီစဉ်လိုက်၏။ စခန်းကိုရောက်တော့ မိမိတွေ့ရှိစစ်ဆေးချက်များအား မြို့နယ်မှူးထံ အစီရင် ခံလိုက်သည်။

သေသူချစ်လွန်းကား ( ...) အနောက်ပိုင်းမှ ရေ လုပ်သား တစ်ဦး ဖြစ်သည်။ မြစ်ဝကျွန်းပေါ်သား တစ်ဦးဖြစ်၏။ ယခုနေရာ၌ အငှားလာနေကာ ပိုက်ချ၊ ကွန်ပစ်၊ ငါးမျှားတန်းချလုပ်ငန်း လုပ်ကိုင်နေ၍ စီးပွားရေးအခြေအနေ မဆိုးလှဟု သိရသည်။ အိမ်ငှားသည့် အိမ်ရှင်၏ အဆိုအရ ချစ်လွန်း ပြန်မလာသည်မှာ နှစ်ရက်ခန့်ရှိပြီဟု ဆိုသည်။ ချစ်လွန်းသည် အရက် အလွန်ကြိုက်သူ၊ စန်းလည်းပွင့်သူဟု သိရသည်။ ပတ်ဝန်းကျင်၏ ဝေဖန် တီးတိုးစကားများအရဆိုလျှင် သူသည် အ နောက်ပိုင်းမှ လင်ရှိမယား တစ်ယောက်နှင့် မရှင်းမရှင်းဖြစ်နေသည်ဟု ဆိုကြသည်။ ဆက်လက်၍ စုံစမ်းကြည့်တော့ ထိုအမျိုးသမီး၏အမည်မှာ မစောနန်းဟု သိရသည်။

အမျိုးသမီးကတော့ အသား မဖြူမညို၊ ကိုယ်လုံးကိုယ်ပေါက်က အလွန်လှသည်။ ပါးပေါ်မှ စလယ်တင်မှဲ့နှင့် ညှို့အားတော့ ကောင်းသည်။ ( ...)ဈေးမှာ ငါးရောင်းသည်။ သူမရဲ့ ယောကျ်ားကလည်း တံငါလေ့သမား တစ်ဦးဖြစ်သည်။ အမည်က ဖိုးဖုံ။ ဖိုးဖုံနှင့် ချစ်လွန်း သည် အရင်းနှီးဆုံး လုပ်ဖော်ကိုင်ဖက် ဖြစ်သည်။ ဖိုးဖုံကား ဖဲလည်း ရိုက်သည်။ အရက်လည်း သောက်သည်။

စောနန်းက ချစ်လွန်းဖမ်းဆီး၍ရသည့် ငါးမှန်သမျှကို ဒိုင်ခံ ဖောက်သည်ယူသည်တဲ့။ ဤကဲ့သို့သော မဖွယ်မလှ်ဘဲ အလွန်စတစ်ခု





[illegible]ခဲ့ပြန်သည်။

ထို့အပြင် ချစ်လွန်းသည် မသေခင် သုံးရက်က ဘသိန်းအောင် [illegible]သူနှင့် အရက်ဆိုင်မှာ စကားများ ရန်ဖြစ်ခဲ့သည်ဟူ၍လည်း သတင်း [illegible]ခဲ့သည်။

♛ ♛ ♛

မြို့နယ်ဆေးရုံကြီးမှ မှုခင်းဆရာဝန်၏ ဆေးစစ်ချက် အစီရင်ခံ [illegible]အရ သေသူသည် လွန်ခဲ့သည့် (၄၈)နာရီခန့်က စူးရှချွန်ပြားသည့် [illegible]က်နက်နှင့် ဝဲဘက်ရင်ညွှန့်သို့ တစ်ချက်၊ ဝမ်းဗိုက်သို့ နှစ်ချက်၊ [illegible]သွင်းခံခဲ့ရပြီး ငုပ်ဒဏ်ရာများနှင့် မိနစ်ပိုင်းအတွင်း ပွဲချင်းပြီး [illegible]သဆုံးခဲ့သည်ဟု ဆိုသည်။ ဒဏ်ရာ၏လက္ခဏာမှာ ပက်လက် အနေ



www.burmeseclassic.com

www.burmeseclassic.com



အထားရှိနေစဉ် သေသူ၏ဝဲဘက်မှ အားစိုက်၍ ထိုးလိုက်သည့်ဒဏ်ရာ နှလုံးကို ထိသွားခဲ့သည့်ပြင် ဝဲဘက် (သို့) သန်ရာဘက်သို့ လက်နက် ဆွဲချလိုက်သဖြင့် ဝဲဘက်သို့ စုတ်ပြဲ စိုက်ခွဲသည့် ဒဏ်ရာလည်းရှိသည် စစ်ဆေးချက်မှတ်တမ်းအရ သိရသည်။ ထို့အပြင် မသေမီ လူးလ သတ်ပုတ်သည့်လက္ခဏာများ တွေ့ရှိခဲ့ရပြီး သေသူ၏ ပါးစပ်အတွင် အမွှေးပါသည့် အသားစတစ်ခုကို တွေ့ရှိခဲ့ရကြောင်း ဆေးစစ်ချက် ဖော်ပြထား၏။

ရင်းအသားစနှင့် အမွှေးကား ...

"မင်းနဲ့ သေသူချစ်လွှန်းနဲ့ အင်္ဂလိပ် ၂၃ရက်၊ ဗုဒ္ဓဟူး ညနေ (၄)နာရီက ဗိတောက်ဝါစားသောက်ဆိုင်မှာ စကားများ ရန်ဖြ ကြတယ်လို့ ကြားသိရတယ် ...အဲဒါ ဟုတ်သလား"

သည့်အမေးစကားကြောင့် ဘသိန်းအောင် မျက်စေ့မျက်နှာမှ ပျက်နေသည်။ ဘသိန်းအောင်ဆိုသည်ကလည်း အရက်သမား၊ ဖဲသမ လူရှုပ်၊ လူပုံက အသားဖြူဖြူ မှုန်တေတေ စကားပြောလျှင်ဘုကျ ဂျစ်ကန်ကန်၊ ခပ်ရိုင်းရိုင်း။

"ပြောလေကွာ ..."

"ဟုတ် ...ဟုတ်ကဲ့ ...ဖြစ်ပါတယ်ဆရာ"

"ဘာကိစ္စနဲ့ ဖြစ်ကြတာလဲ"

"သူက ...ကျွန်တော့်ကို လူကြားသူကြားထဲမှာ သူ့ ဘိန်းစား အချောင်လိုက်စားနေတဲ့ကောင်လို့ ပြောတယ်၊ ဒါနဲ့ ကျွန်တော် ကလည်း မင်းလို ဒုး သာ နး သော၊ မဟုတ်ဘူးလို့ ပြောရာက ယမ်းပုံမီးကျဖြစ်ပြီး စကားများရန်ဖြစ်ပြီး ထိုးကြိတ်ကြတာပါ ခင်ဗျာ"

"အဲဒီနေ့က မင်း ခံလိုက်ရတယ် ...နဖူးပေါက်သွား တယ် အဲဒီအတွက် မင်း ပြောလိုက်တဲ့စကား မင်းမှတ်မိရဲ့လား ဘသိန် အောင်"





ဘသိန်းအောင်က ထိုအမေးကို လုံးဝပြန်မဖြေနိုင်ဘဲ ကြောင် ည်ကာ နှုတ်ခမ်းများတုန်နေသည်။

"ပြောလေကွာ ...မင်း မပြောရင် မျက်မြင်၊ ကြား၊ သိ က်သေ ကို ငါတို့ ဆွဲထုတ်ပြလိုက်ရမလား"

"ပြောပါ့မယ် ဆရာ"

"ပြော ..."

"မင်း ...ထမင်းဝအောင်စားထား ချစ်လွှန်း ...ဆိုတဲ့ ကားလား"

ဒုရဲအုပ်ကိုညိုက ခေါင်းတညိတ်ညိတ်လုပ်ရင်း ချွေးများပြန်နေ ည့် ဘသိန်းအောင်မျက်နှာကို စိုက်ကြည့်နေလိုက်သည်။ ၎င်းနောက် ဲအံဆွဲထဲမှ ပစ္စည်းတစ်ခုကိုထုတ်၍ သူ့ရှေ့မှာ ချပြလိုက်သည်။ ပစ္စည်းက င်လွန်ကော်ကြယ်သီး အပြာရောင်တစ်လုံး။ ကြယ်သီးက သာမန်အကျီ ြယ်သီးထက် ကြီးသည်။ လက်မ လက်သည်းခွံခန့်ရှိသည်။

"ဒီကြယ်သီးတပ်ပြီး ဝတ်ထားတဲ့လူကို မင်း မြင်ဖူးသလား သိန်း အောင်"

ဘသိန်းအောင် ချက်ချင်းလိုလို ခေါင်းညိတ်လိုက်သည်။ တစ်ခါ ကိုညိုက ဒုတိယအကြိမ်မြောက် ပစ္စည်းတစ်ခုဖြစ်သော အလယ်မှာ လောင် ပေါက်ပါသည့် မျက်နှာသုတ်ပဝါ အသေးလေးကို သူ့ရှေ့မှာ င်းပြလိုက်သည်။

"ဒီပစ္စည်းရှင်ကော၊ မင်းတို့က ဖဲသမားဆိုတော့ မြင်ဖူးမိမှာ ပဲ"

"ဟုတ်ကဲ့ ...မကြာခဏ မြင်ဖူးပါတယ်"

"ပိုင်ရှင်က ဘယ်သူလဲကွ"

" ... "

"မင်းရဲ့ ပါတနာမဟုတ်လား"



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ပါဘူး ...ဆ ...ဆရာရယ်၊ ဘုရားပေး
ကျမ်းပေးပေးပါ ခင်ဗျာ"

"ဟား ...ဟား ...ဟား ...ဘုရားပေးပေး ကျမ်းပေးပေး
တွေ့ကြသေးတာပေါ့ကွာ"

ကိုညိုကပြောရင်း ခွက်ထိုးခွက်လန် ရယ်လိုက်သည်။ ဘယ်
အောင် ထပြေးရမလိုလို၊ ငိုရမလိုလို၊ ရောယောင်ရယ်ရမလိုနှင့် ကြ
အကြပ်တွေ့နေခဲ့သည်။

သတင်းအရ ( ...) ဒီအိမ်တစ်အိမ်ကို ဒုရဲအုပ် ကို
အဖွဲ့ဝင်များနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးတင်မောင်ကြီးတို့အဖွဲ့ဝင်များ ဝိုင်းလို
ကြသောအခါ ငါးယောက်ဖဲဝိုင်းအတွင်း ဖိုးဖဲကိုပါ မိလိုက်သည်။ ၎င်း
အားလုံးအား ရဲစခန်းသို့ခေါ်လာခဲ့ပြီးနောက် ကျန်လေးယောက်နှ
အိမ်ရှင်ကို လောင်းကစားမှုဖြင့် အရေးယူကာ ဖိုးဖဲကို စစ်ဆေး
မေးမြန်းရန် ထားလိုက်သည်။

"ဖိုးဖဲ ..."

"ခင်ဗျာ"

"မင်း ချစ်လွန်းကို သတ်တဲ့ဓားရောကွ"

"ဗျာ ...ဘာ ...ဘာ ...ကျုပ် ချစ်လွန်းကို မ မသတ်ဘူ
ဘာ ...ဘာလို့ သတ်ရမှာလဲ .. မသတ်ဘူး"

"အမှန်ကို စောစောစီးစီးဝန်ခံရင် မင်းအဖို့ ဥပဒေကပေး
အခွင့်အရေးရှိတာပေါ့ ဖိုးဖဲရာ"

"ဟင့်အင်း ...ကျုပ် မသတ်ဘူး။ ဒီကိစ္စသိလည်း မသိဘူး"

"အေး ...ဒါဆို တို့ မင်းအိမ်မှာ သွားရှာကြတာပေါ့ကွ
လာလိုက်ခဲ့"

ဖိုးဖဲကလည်း ခပ်ရဲရဲပင် ရှာကြပေါ့ဗျာဟု ဆိုသည်။ သို့နှ
ဥက္ကဋ္ဌ နှင့် တာဝန်ရှိသူများကိုပါခေါ်၍ ရှာဖွေပုံစံနှင့် ဖိုးဖဲအိမ်ကို ရှာဖွေ





ည်။ အိမ်မှာ သူ့မိန်းမ မစောနန်းမရှိ၊ ဈေးသွားရောင်းနေသည်ဟု
သည်။ ကိစ္စမရှိ၊ မစောနန်းနှင့်သူ တွေ့ခဲ့ပြီးပါပြီ။

အိမ်ထဲအနှံ့ လိုက်ရှာသည့်တိုင် ဘာသဲလွန်စမှ မတွေ့ရ၍
ညိုပင် ချွေးစို့လာသည်။ ၎င်းနောက် နောက်ဖေးလှေရုံသို့ ဆင်းခဲ့ကြပြီး
ာက်၍ ရေနံချေးသုတ်ထားသည့် လှေအောက်သို့ပါ ပိုက်စိတ်တိုက်
ကြသည်။ သည်တွင် ရေနံချေးများနှင့် ပေကျံနေသည့် အကျီ
ထည်ကို မမျှော်လင့်ဘဲ သွားတွေ့လိုက်သည်။ ဖြန့်ကြည့် လိုက်သော
ခါ ရေနံချေးများနှင့် ရောယှက်နေသည့် မာစေးစေး နီညိုရောင်
အကွက်များ ရောပြွန်းနေသည်ကို မသက်မသာဖွယ် တွေ့ရှိလိုက်သည်။
တစိုက် ကြည့်လိုက်သောအခါ ၎င်း အကျီ၌ အပြာရောင် ကော်
ကြယ်သီးများကို မမျှော်လင့်ဘဲ တွေ့လိုက်ရသည်။ ၎င်းကြယ်သီး ငါးလုံး
အနက် ဒုတိယမြောက် ကြယ်သီးနေရာသည် ကွက်လပ် ဖြစ်နေသည်။
သို့ဖြစ်၍ အဆိုပါအကျီကို သက်သေများရှေ့တွင် ရှာဖွေပုံစံနှင့် သိမ်း
ဆည်းလိုက်သည်။

ပြီးနောက် ဖိုးဖဲကို စခန်းသို့ပြန်ခေါ်လာခဲ့ပြီး ချော့၍မေးရသည်။

"ဖိုးဖဲ ...ငါတို့က မပိုင်ရင် မဖမ်းဘူး ဖိုးဖဲ၊ မင်းသတ်တယ်
ဆိုတာ ငါတို့ အနိုင်အလုံ သက်သေပြနိုင်တယ် မင်းကိုယ်တိုင် ဝန်ခံ
တော့၊ ခံစားခွင့်ရှိမှာမို့ပါ ငါ့ညီရာ"

"ကျုပ်မှ မသတ်တာဗျာ၊ ဘသိန်းအောင်နဲ့ သူနဲ့ ရန်ဖြစ်ရင်း
ကြိမ်းဝါးကြတာ ဖဲသမား၊ အရက်သမားတိုင်း အသိပဲဥစ္စာ၊ သတ်ချင်း
သတ်ရင် ..."

"ဒီကြယ်သီးက ဘယ်သူ့ကြယ်သီးလည်း ဖိုးဖဲ"

ဒုရဲအုပ်ကိုညိုက အပြာရောင်ကြယ်သီး တစ်လုံးကို သူ့ရှေ့တွင်
ခင်းပြလိုက်သည်။ ဖိုးဖဲ ကြယ်သီးကိုကြည့်၍ အံ့ဩသွားသည်။ သည့်
နောက် ကိုညိုက လှေအောက်မှ သိမ်းဆည်းလာသည့် ရေနံချေး ဒုတ်



www.burmeseclassic.com

www.burmeseclassic.com



ထားသော အင်္ကျီအပေါင်းကို ဖြန့်ခင်းပြလိုက်ပြီး အပြာရောင် ကြယ်
ငါးလုံးအနက်မှ ဒုတိယကွက်လပ်ဖြစ်နေသည့်နေရာသို့ လက်ရှိ ကြယ်
ကို တင်ပြလိုက်ကာ ပြုံးပြလိုက်၏။

"ဘယ်နဲ့လဲ ဖိုးဖဲ ကွက်တိပဲ မဟုတ်လား"

ဖိုးဖဲ ခေါင်းမညိတ် ငိုင်ကြည့်နေသည်။

"ဒါမှ မနိုင်လုံသေးဘူးလို့ထင်ရင် သေသူရဲ့ အလော
ဖော်ရင်း က ကျင်းထဲကရခဲ့တဲ့ ဟောဒီမျက်နှာသုတ်ပဝါလေး
ကြည့်လိုက်ပါဦး ဖိုးဖဲ အလယ်မှာ မီးလောင်ပေါက်ကြီးနဲ့ ...ရှေ့

သူက စက္ကူအိတ်ထဲမှ သက်သေခံ သိမ်းဆည်းထားသည့်
မျက်နှာသုတ်ပဝါကလေးကို သူ့ရှေ့သို့ ထပ်မံချပြလိုက်သောအခါ ဖိုး
လက်တွေတုန်လာသည်။

"ဒီမျက်နှာသုတ်ပဝါလေးက မင်း ငါးရှာထွက်တိုင်း ဖဲ
အရက် ဝိုင်းသွားလေရာ လည်ပင်းပေါ်မှာ ပါလေ့ရှိတဲ့ပစ္စည်းပဲ ဖိုး
အပေါ်ကက ဖဲဝိုင်းမှာ မီးပေါက်ကျပြီး ပေါက်ခဲ့တာ၊ မင်းမိတ်ဆွေတွေ
သက်သေခံ လေရဲ့ ဒီအကြောင်း ဘသိန်းအောင်ရော လေသမားတွေက
ပြောကြတယ်၊ ကုန်ကုန်ပြောရရင် မင်းမိန်းမ မစောနန်းက
မင်းပစ္စည်းပါလို့ ပြောခဲ့ တယ်ကွာ"

"ဒါ ...ဒါပျောက်သွားတာ ကြာပြီဗျ"

"ဟား ...ဟား ...ဟား ဖိုးဖဲ ...ဖိုးဖဲ ရော
လူသတ်မှုကြီးလည်း ကျူးလွန်သေးတယ် ပိရိသေသပ်မှုလည်း မရှိပါလား
ဖိုးဖဲရာ ...ကောင်းပြီကွာ ...ဒါကိုမှ မင်းက လက်မခံနိုင်သေးဘူး
ဆိုရင် ဖိုးဖဲ ...မင်းမျက်နှာကို မော့လိုက်စမ်းပါကွာ ..."

ကိုညိုရဲ့ မာထန်ထန် ပြောစကားကြောင့် ဖိုးဖဲ ငုံ့နေရာ
အလန့်တကြား မျက်နှာကိုမော့လိုက်သည်။

"မင်း ဘယ်ဘက်မျက်ခုံးတစ်ခု ဘယ်ရောက်သွားလဲ"





ထိုမေးခွန်းကြောင့် ဖိုးဖဲမှာ အလန့်တကြားဖြစ်ရင်း သူ့မျက်ခုံး
ဘယ်လက်နှင့် စမ်းကြည့်လိုက်သည်။ ဖိုးဖဲရဲ့ လက်ဝဲဘက် မျက်ခုံး
ဟန်းနီးပလာစတာတစ်ခု ကပ်ထားလျက်။

"အဲဒီမျက်ခုံးကိစ္စ မင်း မပြောနိုင်ဘူး မဟုတ်လား၊ အေး ငါ
ပြမယ် ဖိုးဖဲ၊ မင်း ချစ်လွင်နီးကို လွန်ခဲ့တဲ့ (၃)ရက် အင်္ဂါနေ့ညနေက
ကျွန်းပေါ်မှာ ဓားနဲ့ထိုးသတ်ခဲ့တယ်၊ မင်းက ဘယ်သန်လေ၊
လုံးထွေး သတ်ပုတ်ရင်း မင်းရင်ဘက်က ကြယ်သီးတစ်လုံး
ွန်းရဲ့ လက်ထဲကို ပါသွားတယ်၊ ချစ်လွင်နီးက သေအံ့မူးမူးမှာ
င်းထွေးရင်း ရရာကို ကိုက်လိုက်တာ မင်းရဲ့ ဘယ်ဘက်မျက်ခုံးကို
က်မိသွားခဲ့တယ်၊ အဲဒီမျက်ခုံးက သေသူချစ်လွင်နီးရဲ့ ပါးစပ်ထဲ
သွားတယ်၊ မှုခင်းဆရာဝန်က ဒီပစ္စည်းကို မျက်ခုံးနဲ့မျက်ခုံးမွေးပါလို့
အကျ ရည်ညွှန်းသက်သေခံခဲ့တယ်၊ အဲဒီ တစ်ရှူးနဲ့ မင်းရဲ့
ရာက တစ်ရှူးကို ဓာတုဗေဒဝန်ရုံးမှာ စမ်းသပ်တိုက်ဆိုင် လိုက်ရင်း
...မင်း ကြိုးစင်ကို ရောက်သွားနိုင်တယ် ငါညီ"

သူ့စကားဆုံးသောအခါ ဖိုးဖဲ ဇက်ကျိုးကျသွားခဲ့သည်။ ဝမ်း
ှာ တစ်ချက်ရှိုက်လိုက်တော့ မျက်ရည်ပေါက်အချို့က စားပွဲပေါ်သို့
ကျသွားခဲ့သည်။ ရုတ်ချည်းဆိုသလို အံကိုကြိတ်လိုက်ပြီး ရင်ကိုမတ်
က်သည်။

"ကျွန် ...ကျွန်တော် ဝန်ခံပါတော့မယ် ဆရာ၊ ချစ်လွင်နီးကို
တော် သတ်မိပါတယ်"

"အေး ...ဒီလိုဝန်ခံရဲမှပေါ့ကွာ၊ ယောက်ျားပဲ လုပ်တုန်းက
ခဲ့ပြီးပြီ၊ အေး ...ခံစရာရှိရင် ခံရဲရမှာပေါ့ ...ကဲ ပြောစမ်းပါ ဦး
ညီရာ၊ မင်း ...ဘာကြောင့် လူတစ်ယောက်ကို သွေးအေးအေးနဲ့
ရက်စက်စက် သတ်ခဲ့တာလဲကွာ ...ဟင်"

"ဒီလိုပါဆရာ... ချစ်လွင်နီးဟာ မြစ်ဝကျွန်းပေါ်ကနေ ဒီရောက်



www.burmeseclassic.com

www.burmeseclassic.com



တော့ အခြေအနေမဲ့ပါ၊ တံငါအကြောင်း နားလည်တယ်ဆိုလို့ အရက်
တစ်ခုမှာ ရင်းနှီးရာကနေ အိမ်အလည်ပါတဲ့အထိ ရင်းနှီးခဲ့ကြပါတ
နောက်ပိုင်း ညီလို၊ အစ်ကိုလိုခင်ရာကနေ လှေတစ်စင်းနဲ့ ကွန်တ
ကျွန်တော် တောင်ပေးခဲ့သေးတယ်၊ ငါးရရင် ကျွန်တော့်မိန်းမ မစော
ကို ပေါက်ဈေးနဲ့အပ်''

''အင်း . . . ဆက်ပြောပါဦးကွာ''

''ဒီနေရာမှာ အိမ်ကမိန်းမက အနေအထိုင် မတတ်
လဲပါတာပေါ့ ဆရာရယ်၊ ဟိုကောင်က အပြောကောင်း ဆရာရဲ့၊ အိမ်
မိန်းမများ မြှောက်ပင့် ပေါင်းလားပေါင်းရဲ့ ဒါကို အိမ်ကမိန်းမက သိ
တွင်းတွေ့နေတယ်လေ၊ ဟိုကောင်ကလည်း ငွေများ လက်ထဲရှိင်နေ
ရန်ကုန်က ပြန်လာရင် အထည်ကလေး၊ မိတ်ကပ်၊ နှုတ်ခမ်းနီလေးက
ဝယ်ဝယ်လာပြီး အစ်မဖို့၊ အစ်မဖို့နဲ့ သည်းတော့တာပဲ၊ အိမ်ကမိန်း
ဒီကိစ္စ သတိပေးပေမယ့် သင်းကလည်း တစ်မျိုးပဲ''

''အဲဒီကိစ္စအထိ ဖြစ်ခဲ့ကြသလား''

''ကျွန်တော်က ဖဲရိုက်တာ သိပ်ဝါသနာကြီးတယ်၊ သိ
တိုင်းပဲ၊ တံငါအလုပ်က ငွေဖြစ်မြန်တယ်၊ ဖဲဝိုင်းကောင်းရင် ကျွန်တော်
မိုးလင်းမှ ပြန်ချင်ပြန်လာတာရယ်၊ အဲဒီမှာ ဟိုကောင်နဲ့ အိမ်ကမိန်း
ဖောက်ပြန် ကြတယ်၊ ဒါကို အိမ်နီးနားချင်းတွေက ကျုပ်ကို တို
တိတ်တိတ် ပြောပြ ကြတယ်၊ ကျုပ်မိန်းမကို ကျုပ်ကယုံတော့ ဒီ
နေကြတာပေါ့၊ တစ်ခါ တစ်လေ စောနန်းကို သတိပေးရင် သင်
ပတ်ဝန်းကျင်ကို ဖေရော၊ မောင်ရော၊ ကုန်အောင်တုတ်ရောဗျ၊ ဟိုကေ
ကလည်း ဒီလိုသမုတ်ခံရလို့ ရှက်လှချည်ရဲ့လို့ ဆိုလေရဲ့ခင်ဗျ
တစ်ည ပေါ့ဗျာ၊ ထန်းပင်ချောင် အသုဘဖဲဝိုင်းမှာ ဖဲရှုံးလို့ အိမ်ပြန်ရွေ
အလာမှာ သူတို့နှစ်ယောက်ကို အခန်းထဲမှာ အတူတကွ တွေ့လို
ရတယ်၊ ကျွန်တော့်ရင်မှာ ကျွဲဆယ်ကောင် ဝင်ခတ်သလိုပါပဲ၊ ချက်ချ





ပြတ် ရှင်းလိုက်ရင် ကောင်းမလားလို့ စဉ်းစားခဲ့ပေမယ့် ကျုပ် ချစ်ရတဲ့
ရှိနေသေးတော့၊ ဒီကောင့် ကို အေးအေးဆေးဆေး ရှင်းပစ်မယ်လို့
ပြတ်ပြီး ဝမ်းနည်းကြေကွဲ နာကျည်းစွာနဲ့ မသိချင် ယောင်ဆောင်
လိုက် ရတယ်။

''အငြိုးအတေးထားခဲ့ဟယ်လို့ ပြောရမှာပေါ့နော်''

''ဟုတ်ပါတယ်၊ တစ်ညနေတော့ ကျီးဝဲကျွန်းမှာ ငါးများဖမ်းချ
ကြဖို့ ချစ်လွှန်းကို မရမကခေါ်ခဲ့လိုက်တယ်၊ ကြိုးတန်းချပြီး ကျွန်းပေါ်
က်တယ်၊ ပါလာတဲ့အရက်တစ်လုံးကို နှစ်ယောက်သောက်ကြတယ်၊
ျွန်တော်က အကြံသမားဆိုတော့ လျော့သောက်လိုက်တယ်၊ ညနေစာ
သလိုစားသောက်ပြီး မူးမူးနဲ့အိပ်ပျော်ချိန်မှာ ကျွန်တော်က ဘယ်သန်
ိတော့ သူ့ဘယ်ဘက်ကဝင်ပြီး ပက်လက်အိပ်နေတဲ့ ဒီကောင့်ရင်ဝကို
ကြားမှာ ဝှက်လာတဲ့ဓားမြှောင်နဲ့ ထိုးစိုက်လိုက်တယ်''

''အဲဒီနောက် ဘယ်လိုဆက်လုပ်သေးလဲ''

''ချစ်လွှန်း ရူးရူးဝါးဝါး ထအော်ရင်း ကျွန်တော့်လက်ထဲက
ကို လုတယ်၊ ရင်ဘတ်အကျီကိုဆွဲတယ်၊ အဲဒီမှာ လုံးကြထွေးကြဖြစ်ပြီး
ိုက်မိ ကိုက်ရာကို ကိုက်လိုက်တာ ကျွန်တော့် ဘယ်ဘက်မျက်ခုံနဲ့
ျက်ခုံးကို မိပြီး မျက်ခုံးပြတ်ထွက်သွားတယ်၊ နောက်ဆုံး သူ့ဝမ်းဗိုက်ကို
ားမြှောင်နဲ့ ထပ်ထိုးလိုက်တော့မှ သူများမယား ကြာခိုတဲ့အကောင်
ုံကျသွားတယ်၊ ချက်ချင်းပဲ မြှုပ်ရမယ့်နေရာ လိုက်ကြည့်လိုက်တော့
ာမုနှစ်ပင်ကြားမှာ ကျင်းချိုင့်တစ်ခုတွေ့တာနဲ့ ဒရွတ်တိုက်ဆွဲပြီး
ပစ်ချခဲ့တယ်၊ နီးရာသဲမြေဆွေး သစ်ရွက်တွေနဲ့ အခြားလှေသမားတွေ
ောခင် မမြင်ရအောင် မြှုပ်လိုက်တယ်၊ အင်း ကံဆိုးချင်တော့
ျွန်တော်သွားလေရာပါတဲ့ လည်ပင်းပေါ်က မာဖလာလို ပဝါလေးလဲ
ကျင်းထဲကျကျန်ခဲ့တာ မသိလိုက်ဖူး၊ ဒင်းကိုမြှုပ်လည်းပြီးရော
ကြိုးတန်းတွေသိမ်း အိမ်ပြန်ခဲ့လိုက်တယ်၊ မိန်းမက ချစ်လွှန်း ဈေးဘဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အစောင့်ထားခဲ့တယ်လို့ ပြောလိုက်တယ်''

''သက်သေခံဓားမြှောင်ကို ဘယ်မှာ ဝှက်ထားသလဲ''

''ဘေးမြှောင်ကို လှေထားတဲ့နေရာမှာ ဝှက်ခဲ့ပါတယ်၊ သွေး နေတဲ့ အင်္ကျီကို ရေနံချေးနဲ့နှစ်ပြီး လှေနံရံသုတ်တဲ့အဝတ် လုပ် လိုက်တယ်၊ ပြောရရင် သစ္စာမရှိ၊ ကျေးဇူးမသိ၊ သရေပေါ် သရေနားစားပြီး ကျုပ်ချစ်တဲ့မယားကို ကြာခိုလို့ ဒင်းကို ကျွန်ေ နာကြည်းစွာ သတ်မိလိုက်တာပါ ဆရာရယ်၊ အူနုကို ကျွဲခတ်လို့ သ တာပါ ဆရာ''

၎င်းနောက် တရားခံဖိုးဖဲက ပြစ်မှုကျူးလွန်ရာမှ အသုံးပြုခဲ့သ သက်သေခံဓားမြှောင်ဝှက်သည့်နေရာသို့ ကိုယ်တိုင်လိုက်ပြပေးသ စနစ်တကျသိမ်းဆည်းခဲ့သည်။ တရားခံက ဝန်ခံချက်ပေးချင်သည် မြို့နယ် တရားသူကြီးတစ်ဦးထံ ပို့ဆောင်ခဲ့ရာ တရားသူကြီးရှေ့မှောက် ထွက်ဆိုချက်ပေးခဲ့သည်။

♛ ♛ ♛




များမကြာမီ ရဲလုပ်ထုံးလုပ်နည်းနှင့်အညီ သက်သေခံ စည်းများ၊ သက်သေကိုယ်တိုင် ထွက်ဆိုချက်များ၊ မှုခင်းဆရာဝန်၏ ေးစာအစီရင်ခံ ချက်များ၊ ဓာတုဗေဒဝန်ရုံးမှ စစ်ဆေး တွေ့ရှိချက် င်းအမှုကို စနစ်တကျ တည်ဆောက်ကာ ရုံးတော်သို့ တရားစွဲ တင်ပို့ ်ခဲ့သည်။ ရုံးထုတ်သည့်နေ့က တရားခံဖိုးဖဲကို အချစ်အတွက် ရက်စက် သော အချစ်လူဆိုးအဖြစ် မြင်လိုက်ရသော်လည်း သူ့မိန်းမ ပစောနန်း ာမှ မျက်နှာမှာ မိတ်ကပ်အဖွေးသား၊ နှုတ်ခမ်းမှာ နှုတ်ခမ်းနီ အပြာနု ောင် ခပ်ပါးပါးနှင့် ခပ်သွက်သွက် လမ်းလျှောက်နေပုံများမှာ ကြေကွဲ ကင်းမဲ့သောမျက်နှာဟု မှတ်ယူလိုက်၏။

ဪ . . .အိမ်ထောင်ဖက်၏ ဆိုးမွေကြောင့် ခင်ပွန်းဖြစ် ာမှာ လူဆိုးဘဝသို့ ရုတ်တရက်ပြောင်းလဲသွားရသည်မှာ အိမ်ထောင် ည်တို့အတွက် သင်ခန်းစာယူစရာ ဖြစ်ရပေတော့သည်။

တာကယ့်ဖြစ်ရပ်မှုခင်း
၂၀၀၂ခုနှစ်- ဩဂုတ်လ

www.burmeseclassic.com

www.burmeseclassic.com




# ငရဲမီးနှင့်ဖျော်စပ်ထားသောဖျော်ရည်စက်များ

သူ့နာမည်က – အောင်နိုင်ဘွား

သို့သော် သူ့အပေါင်းအသင်းအများစုက သူ့ကို 'ဒဿဂီရိ'ဟု ခေါ်ကြသည်၊ သူကလည်း သမိုင်းရာဇဝင်ဟောင်းထဲက အချစ်လူမိုက်ကြီး ဒဿဂီရိလိုအချစ်ရူးရယ်၊ အချစ်ရူးသမား ဒဿဂီရိသီချင်းကို နားထောင်ရင်း၊ ဒဿဂီရိအမွန်းဖွဲ့ ဝတ္ထုရုပ်ပြများကိုဖတ်ရင်း အချစ်ကြောင့် ကြောင်နေ သူရယ်။

အောင်နိုင်ဘွားမှာ သူတစ်ဖက်သတ်ချစ်နေသည့် မိန်းကလေး တစ်ဦးရှိသည်။ သူမရဲ့အမည်က . . .သန့်စင်ငြိမ်းတဲ့။

သန့်စင်ငြိမ်းကလည်း ရွယ်တော်ရွာမှာ ကွမ်းတောင်ကိုင်၊ ပန်းတောင်ကိုင်ရယ်၊ အသားလေးဖြူဖြူ ကိုယ်လုံးကိုယ်ပေါက်က ဖွံ့ဖွံ့ထွားထွား၊ နှင်းဆီဖူးကလေးလို မျက်တောင်ကော့ကြီးများဝင့်၍ ငြိမ်ငြိမ်

www.burmeseclassic.com

www.burmeseclassic.com



လိုက်လျှင် အကြည့်ခံရသည့် ယောက်ျားအဖို့ အူအသည်းတွေ ပြော
ပြန်လန် သွားမလား ခံစားရသည်။

မိတများကို တောသူဌေးဟုခေါ်လျှင် ဖြစ်နိုင်သည်။ ယာနှင့်လ
ကေ အတော်များများကို ပိုင်ဆိုင်ကြသည်။ စာရင်းငှား (သူရင်းငှာ)
(၅)ယောက်နှင့် လုပ်ကိုင်နေရသည်။

အဲဒီယာခင်းမှာ အောင်နိုင်ဘွားက တစ်ဦးသောစာရင်းငှ
ပညာကတော့ သေစာ၊ ရှင်စာပဲတတ်သည်။ အောင်နိုင်ဘွားက ရုပ်ခေ
ဆိုးသည်။ သို့သော် ကျန်းမာသန်စွမ်းသည်။ လူပုံက ဒေါင်ကောင်းကော
ရင်အုပ်ကားကား၊ ကျားကျားလျားလျားရယ် . . .

အနေနီး၍ အမြင်နီးကြတော့ သူနှင့် သန့်စင်ငြိမ်းတို့ အတေ
လည်း ခင်မင်ခဲ့ကြ၏။ သန့်စင်ငြိမ်းကလည်း တစ်ဦးတည်းသောသမီး
ပြီး အစ်ကိုမောင်ဘွားများမရှိ၍ အောင်နိုင်ဘွားကို အစ်ကိုကဲ့သို့ ခင်
သည်။ ဘာကိစ္စနိုင်းစရာရှိရှိ သူရင်းငှားထဲမှာ အောင်နိုင်ဘွားကိုပဲ အ
ကိုကြီး၊ အစ်ကိုကြီးနှင့် နွဲ့ရင်း နိုင်းလေ့ရှိသည်။ အောင်နိုင်ဘွားကလည်
ကြွေရုပ်လေးလိုလှပပြီး ငှက်ကလေးပျံသကဲ့သို့ ကြွနေသည့် သန့်စင်ငြိ
ကသာ ခိုင်းမည်ဆိုလျှင် ရေကြီးရှစ်ထပ်အနက် အောက်ဆုံး မဟာအ
ဂရဲမှ မီးကျီးခဲကို ချိုင်းကြားညှပ်၍ ယူခဲ့ပါအစ်ကိုရယ်ဆိုခဲ့သော် မီးကျွမ်းပြီး
သေချင်သေပါစေ၊ ယူပေးရဲသည်အထိ အလိုလိုက် အကြိုက်ဆောင်
နိုင်သည်။

ဘာကြောင့်မှု သူမကို မြတ်နိုး၍၊ စွဲလန်း၍၊ ချစ်လွန်းလွန်း၍
အပေါင်းအသင်းများကလည်း သူ့ကိုဝိုင်း၍ မြှောက်ပေးလေ့ရှိကြသည်
တော်ရုံတန်ရုံ ယောက်ျား အနားကပ်လို့မရသည့် သန့်စင်ငြိမ်းကို
အရုပ်ဆိုး အကျည်းတန် အောင်နိုင်ဘွားလိုလူက ချဉ်းကပ်၍ ရရှိခြင်းသည်
ရခဲလှသည်။ မဟာကုသိုလ်ကံဖြစ်ကြောင်း မြှောက်ပင့်ပြောကြပြီး အရက်
ကို တိုက်နိုင်းလေ့ရှိသည်။





ဒီလိုနှင့် သူနှင့်သန့်စင်ငြိမ်းတို့ ရင်းနှီးနေမှုအကြောင်းများသည်
နီးချုပ်စပ်ကာလသားများအထိ ချီးမွမ်းပျံ့နှံ့နေသောအခါ လူကြောင်
း ဒသဃိရှိရင်ထဲမှာ ပိတိပန်းပွင့်များ၊ ပွင့်ဖူးဝေနေတော့သည်။ ၎င်း
ပွင့် များကို ချွေ၍စုထားရလျှင် ပန်းတောင်၊ ပန်းပင် ဖြစ်နိုင်
သာက်ပါ၏။

ထိုသို့ရှိနေစဉ် တစ်နေ့၌ သန့်စင်ငြိမ်းတစ်ယောက် ရှယ်တူ
ငယ် တစ်ယောက်နှင့် တွဲလာသည်ကို အောင်နိုင်ဘွား မမျှော်လင့်ဘဲ
မြင်လိုက် ရသောအခါ ဖြုန်းခနဲ ရင်ထဲမှာမီးတောင်ပေါက်ကွဲခါနီးလှုပ်
ခါသလို ရင်အသည်းနှလုံးများ လှုပ်ခါသွားခဲ့ရသည်။

လူရွယ်က ပြုံးချိုသောအကြည့်၊ အပြုံးများနှင့် သူမ၏
ကနှာကို ကြည့်နေပြီးနောက် လက်ကလေးမြှောက်ပြလို့ နှုတ်ဆက်
ခွာသွားသည်။ ဒီမြင်ကွင်းများကို မြင်လိုက်ရတော့ အောင်နိုင်ဘွား
ထဲမှာ နေဆယ်စင်း သိုင်းကွက်နှင်း၍ ဝင်လာသလို ခံစားလိုက်ရသည်။

''ငြိမ်း''

''ရှင် . . . အစ်ကိုကြီး''

''ငြိမ်းနဲ့တွဲလာတဲ့လူက ဘယ်ကအကောင်လဲ''

'ကောင်'ဆိုသည့် စကားလုံးကို အောင်နိုင်ဘွားက သုံးလိုက်
သည့်အတွက် သန့်စင်ငြိမ်းရဲ့ရင်ထဲမှာ ကျင်ခနဲ ဖြစ်သွားခဲ့သော်လည်း
အစ်ကိုကြီးသဘောမျိုးနှင့်ပြောသည့် စေတနာစကားအမှတ်နှင့် သူမ
ခွင့်လွှတ်ခဲ့၏။

''ငြိမ်းတို့ ဖေဖေမိတ်ဆွေရဲ့သားလေ . . . အစ်ကိုကြီးရဲ့
လိုပ်စာ နောက်ဆုံးနှစ်မှာ တက်နေတာတဲ့၊ နာမည်က စည်သူချစ်ဝေ
တဲ့''

''စည်သူ . . . ချစ် . . . ဝေ''

''တောက်''



www.burmeseclassic.com

www.burmeseclassic.com



တက်ခေါက်သံကား ငြိမ်းရဲ့ရှေ့မှာဖြစ်သော်လည်း ငြိမ်း မကြား နိုင်ခဲ့။ ဘာကြောင့်မှု ရင်ထဲမှကြိတ်၍ ပေါက်ကွဲလိုက်သည့် ကျည်ထ ထောင့် ဖြစ်သောကြောင့် ...

အကယ်၍သာ ဤတက်ခေါက်သံကို ငြိမ်းသာ နားနှင့်ဆတ် ဆတ်ကြားလိုက်ရလျှင် မိုးကြိုးနှင့်အခွင်းခံလိုက်ရသကဲ့သို့ လန့်ဖျန့်ကျ ခါ ပြာပါကျသွားနိုင်လောက်ပါပေသည်။

♛ ♛ ♛

တစ်နေ့ ...

အိမ်ပေါ်မှာ လူရှင်းနေသည့်အချိန်ရယ်၊ ငြိမ်းရဲ့အမေ ဒေါ် မယ်လည်း မြို့ဈေးတက်၍ ဈေးသွားဝယ်သည်။ ငြိမ်းအဖေ ဦးမော မောင်ဘုန်းတင်လည်း ဘုန်းကြီးကျောင်းသို့ သွားနေသည်။ သန့်စင်ငြိမ်း တစ်ယောက်တည်း။

အောင်နိုင်ဘွားက ကျန်ရစ်ခဲ့သည့် ချဉ်ပေါင်စေ့များကို လာ





ခင်း ရေချိုးပြီးစ သနပ်ခါးအဖွေးသားနှင့် လှချင်တိုင်းလှနေသော သန့်စင်ငြိမ်းကို နှစ်ယောက်တည်း ပက်ပင်းဆုံတွေ့လိုက်ရသောအခါ မြို့သိပ်ထားရသည့် ...အချစ်များမှာ ရင်ထဲအသည်းထဲမှ ရုန်းထွက် လာခဲ့ရသည်။

"ငြိမ်း ..."

ခေါ်ရင်းနှင့် အသံများတုန်နေသေးသည်။

"ဘာလဲ အစ်ကိုကြီး ...ဘာလိုချင်လို့လဲ"

"ငြိမ်း ...ငြိမ်းကို ...ပြော ...ပြောစရာရှိလို့"

"ပြောလေ ...အစ်ကိုကြီး။ ဘာကိစ္စလဲ... ပြောပါ"

"ဟို.. ဟို.. အစ်ကိုကြီး ငြိမ်းကို ...ချစ်တယ်"

"ရှင် ..."

ရုတ်တရက် ကြားလိုက်ရသည့်စကားကြောင့် ငြိမ်းမှာ ပါးစပ် ဟောင်းလောင်း ပွင့်သွားခဲ့သည်။ လတစ်ပွင့် ပွင့်ခြင်းကြောင့်မဟုတ်၊ သေး ကွာလွန်းလှသည့် အရုပ်ဆိုးက ဥက္ကာပျံတစ်ခု အရှိန်နှင့် ဝင်လာသော ကြောင့်ပါ။

"ငြိမ်းကို ...အစ်ကိုကြီး ချစ်တယ်ငြိမ်းရယ် ...ငြိမ်း အစ်ကို့အပေါ် ဘယ်လိုသဘောထားသလဲ ...ဟင် ...ဟင်လို့"

"ကျွန် ...ကျွန်မ ...အစ်ကိုကြီး ...အစ်ကိုအရင်း လိုပဲ သဘောထားပါတယ်"

"အို ...ငြိမ်းရယ် ...အစ်ကိုကြီးကတော့ ငြိမ်းကို"

ပြောရင်း၊ သူက ငြိမ်းရဲ့ ဖော့ဖယောင်းလက်တစ်ဖက်ကို လှမ်း ဆွဲလိုက်သည်။ မာတ်လိုက်ခံလိုက်ရသည့်အလား ငြိမ်းက ရိုတ်ခနဲ ဆုတ် လိုက်ပြီးနောက် နဂိုမူလ ကြည်ပြာရောင်အပြုံးနေရာမှာ ရှက်ရွံ့ အံ့ဩ ခြင်းများ ခြံရံသည့် လငပုပ်တစ်ခု ချက်ချင်းမွေးဖွားလိုက်သည်။ အရွတ္တမာနကလည်း လျှပ်စီးလက်သလို ခေါင်းထောင်၍ ထလာခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မဖြစ်နိုင်ပါဘူး အစ်ကိုကြီး၊ အစ်ကိုကြီး ...ကျွန်မ မကြိုက် ဒီလိုအပြုအမူမျိုးကို လုံးဝမလုပ်ပါနဲ့၊ ဒါ ...ဒါ နောက်ဆုံးအကြိမ် ဖြစ်ပါစေ၊ နောက်တစ်ကြိမ်ဆိုရင်တော့ ..."

ငြိမ်းက မျက်နှာကြောကို တင်းပစ်လိုက်ရင်း နှုတ်ခမ်းကိုရွဲ့ အခန်းထဲသို့ လှည့်ဝင်လိုက်စဉ် ဒေါသနှင့် တံခါးကိုဆွဲပိတ်၍ ဂျက်ထိုးလိုက် သည်။

"ဩော် ...ဒါ ...ဒါ ငါ့အပေါ်မှာထားရှိတဲ့ ခင်မင်မှုတဲ့ လာ သံယောဇဉ်တဲ့လား၊ ...သူငယ်ချင်းတွေကပြောတော့ ကောင်မ လေး ခင်းကိုကျနေတာတဲ့၊ လက်နေးရင်၊ ကျန်ရစ်မင်းသားဖြစ်နေမယ် တဲ့ . ခု သူလက်မနှေးခဲ့ပါ၊ သို့သော် နောက်ကျသွားခဲ့တာကတော့"

"အင်းလေ ...ကောင်းကင်ပေါ်ကကြယ်တစ်ပွင့်နှင့် မြေပြင် ပယ်ကြားအက်ကြားက ကျစ်တာခဲ အကျိုးအကြေရဲ့ ဘဝမျိုးလိုဥစ္စာ . အို ...အဆင့်အတန်းမတူတာနဲ့ အချစ်က ပေါင်းစပ်လို့မရဘူးတဲ့ လား။

"ဟော့ ... ဒီမှာ ငါ့နာမည် ဒဿဂီရိ"

"ငြိမ်း...နှင့်အချစ်ကို ငါ ရအောင်ယူပြမယ် ... အလှဆုံး ပန်းလဲ အကြမ်းဆုံးမြေပြင် ရင်ခွင်အချစ်ဆိုတဲ့ရေတွင်တွင်လောင်းရင် ရှင်သန်ရမယ်၊ ဖူးပွင့် ဝေဆာစေရမယ်ဟေ့"

ကျင်စိန်တို့ အရက်ဆိုင်ထဲမှာ သူခေါင်းစိုက်နေသည်။ မူးမူးနှင့် 'ငြိမ်း'အမည်ကို ကြွေကွဲဆို့နင့်စွာ ရွတ်ဆိုနေမိသည်။ သူငယ်ချင်းတွေက အချစ်ဆိုတာ ရယူပိုင်ဆိုင်ခြင်းဖြစ်တယ် ...ခွင့်လွှတ်ခြင်းမဟုတ်တဲ့ ပြီးတော့ သူတို့ဖတ်ဖူးသည့် ဝတ္ထုစာအုပ်များထဲမှ စာသားအချို့ကိုလည်း မူးမူးနှင့်အော်၍ ရွတ်ပြကြသည်။

ဒီအတောအတွင်းမှာပင် ငြိမ်းက စည်သူချစ်ဝေနှင့် ပိုပြီး တွဲပြနေသည်။ ဒီငနဲက သူဌေးသားတဲ့ သူ့အဖေက ကုမ္ပဏီပိုင်ရှင်ဟု





ဂီရိ သိလိုက်ရသည်။ မျက်လုံးထဲမှာ သူ့ရဲ့ပြိုင်ဘက်ကို ရန်သူဟု င်လာခဲ့ သည်။ သို့နှင့် လက်မောင်းကြောများထောင်၍ ထလာခဲ့သည်။

နောက်ထပ် ဒုတိယအကြိမ် လူလစ်တုန်း ငြိမ်းရဲ့အချစ်ကို ထပ်မံခွင့်ပန်ကြည့်သောအခါ ငြိမ်းရဲ့ နှင်းဆီရောင်နှုတ်ခမ်းမှ ခါးစက် င် စကားလုံးများက မြားအစင်းပေါင်းများစွာနှင့် ခွင်းလိုက်ဘိသကဲ့သို့ ဲကို စူးနစ်ဝင်လာခဲ့သည်။ သူ့အိမ်သို့ ဒေါသတကြီးပြန်လာခဲ့ပြီး ၍ တည့်တည့် မှာရပ်၍ သူ့မျက်နှာကို သူပြန်ကြည့်လိုက်သည်။

"တစ် ...သူ အလွန်အရုပ်ဆိုး၊ အကျည်းတန်သည်"

"နှစ် ...ပညာအရည်အချင်းမရှိ"

"သုံး ...ယာသူရင်းငှား၊ လယ်သူရင်းငှား၊ ကိုယ်လုံးနေ ာင်၊ ဖဝါးပတ်ကြားအက်"

"လေး ...အိမ်ပိုင်မရှိ၊ သူများအိမ်ကပ်နေရသည့် ကပ်ပါး ..."

သူ့ပြိုင်ဘက်က ဒါတွေနှင့် ဆန့်ကျင်ဘက်၊ ကိုယ့်ချစ်သူက သမင်းရုပ်၊ ဂဝံကျောက်ခဲနှင့် စိန်ပွင့်တစ်ပွင့်တို့ရဲ့ ခြားနားချက်က နိုးတွေ ကွာလွန်းလှသည်။

သို့သော် ...သူ့အချစ်က မြှုသိပ်တားဆီး၍မရသည့်အချစ်။

ဒီအချစ်ကို ဒုတိယအကြိမ် ရင်ဖွင့်ပြီးသည့်နောက် ငြိမ်းရဲ့ဖေဖေ မောင်မောင်ဘုန်းတင့်က သူ့ကို ယာသူရင်းငှားအဖြစ်မှ အပြီးအပိုင် တ်ပယ်ပစ်လိုက်သည်။ ဂုဏ်ပြုရက်လိုက်လေ ...

ဒါအချစ်ကြောင့် ပွဲဦးထွက် စွန့်လွှတ်ရသည့် ဘဝတစ်စိတ် င်ဒေသ။

မယ်သီတာရေ ...မင်းအတွက်ဆိုရင် သိဂုတ်ပြည် မီး ာင်ပြာကျ ပါစေဦးတော့ ...

စိတ်နှာနာနှင့် အရက်ကို နေ့ရော ညရော ဖိသောက်သည်။



www.burmeseclassic.com

www.burmeseclassic.com



အခေါ် ကတော့ တူဆိုးကလေးမို့ ဆုံးမသည်။ ဘဝချင်းမတူသည့်
မမုန်းဖို့၊အဲဒီအတွက် ရင်ကွဲနာမကျဖို့ ကိုယ့်ဘဝနှင့်နီးစပ်သည့်
ထောင်ဖက်ချစ်သူကိုရှာဖို့ နားချဆုံးမသည်။ သူက လက်မခံ။ အခေါ်
ခွန်းတုန့်ပြန်ခဲ့သည်။ နောက်ဆုံး စိတ်နာကြည်းစွာဖြင့် မြို့ပေါ်တက်
ရရာအလုပ်ကို လုပ်ခဲ့သည်။ ငွေမက်၊ ဂုဏ်မက်သူများအတွက် ငွေ
စုဆောင်းခဲ့သည်။ သူ့မှာ ဘွဲ့မရှိ သော်လည်း စိန်တွေ၊ ငွေတွေ ရွှေ
ရှိရင် အိမ်ပိုင်ခြံပိုင်ရှိရင် အကျည်းတန်သည့် ညာဘက်ပါးကို ငြိမ်း
တစ်နေ့ကြင်နာမှုတွေ ပြလာနိုင်သည်။ သို့နှင့် သူကြိုးစားကြည့်သည်

သို့သော် . . .အချစ်၏ အလွမ်းငွေများက သူ့ကို နှိပ်
နှိပ်စက်နေ၏။

နောက်ဆုံး . . .အရက်သမားဘဝကို ရောက်ခဲ့ရသည်
နေ့စဉ်ညစဉ် ငြိမ်းရဲ့အလှကို မျက်လုံးထဲမှာ မြင်နေရသည်။ ဖျောက်
ပစ်လို့မရဘူး။ ရူးရတော့မှာလား။

တစ်နေ့ညနေ . . .ရွာက သူငယ်ချင်းဖော်ဖေနှင့် တွေ့ပြ
ရင်တုန်စရာစကား ကြားရပြီ။

"ဟေ့ကောင် . . .ဒသ"

"ဘာလဲ . . .ငဖော်"

"မင်း . . .ကြားပြီးပြီလား"

"ဘာကြားရမှာလဲကွ . . .မင်းကလည်း . . ရှင်းရှင်းပြောစမ်း

"မင်းရဲ့ငြိမ်းနဲ့ . . .ဟိုကောင် . . .ဘာတဲ့ စည်သူ ချစ်ပေ
စေ့စပ်လိုက်ကြပြီ ကိုယ့်လူ"

"ဘာ . . .သူ . . .သူတို့ စေ့စပ်လိုက်ကြပြီ . .
မဖြစ်နိုင်ဘူး။ ငါ . . .လုံးဝ . . .လက်မခံဘူး"

"မင်း လက်မခံပေမယ့် ဟိုဘက်က လက်ခံလိုက်ပြီ .
ငနွားရ"





သူ ဖော်ဖေ့ကို နှုတ်မဆက်ဘဲ အရက်ဆိုင်ထဲသို့ ဒုန်းဆိုင်း၍ ပြေးခဲ့သည်။ အရက်ကို မူးအောင်သောက်သည်။ အရက်ခွက်ထဲတွင် ငြိမ်းရဲ့မျက်နှာနှင့် မာနရိပ်တို့ ပေါ်လာသည်။ သူ့ကို လှောင်နေသလိုလို။ သူ အရက်ခွက်ကို ခွမ်းခနဲမြည်အောင် ပေါက်ခွဲပစ်လိုက်သည်။ နံဘေးမှ လူများ က အလန့်တကြား ငိုင်းကြည့်ကြလို့။

သူ . . .ဒီအခွင့်အရေးကို စောင့်နေသည်မှာ သုံးရက်ကြာခဲ့ပြီ။ ဒီနေ့ သူ့ဆန္ဒပြည့်ဝခဲ့ပြီ။ ငြိမ်းရဲ့အမေလည်း ဟိုဘက်ရွာ အကြွေးသွားတောင်းသည်တဲ့။ အဘိုးကြီးလည်း လယ်ထဲဆင်းသွားသည်ဟု သိရသည်။ အိမ်မှာ ငြိမ်းတစ်ယောက်တည်း။

ငြိမ်းတို့အိမ်က ရွာထိပ်က ခြံကျယ်ကြီးထဲမှာ ဝန်းကျင်အိမ်များနှင့်လည်း ဝေးသည်။ သူ . . .ခါးနောက်ကြားမှာ ဝှက်ယူလာသည့် ပစ္စည်းကို ပြန်စမ်းလိုက်ရင်း အိမ်ဝင်းထဲသို့ တိတ်တဆိတ် ဝင်လာလိုက်သည်။ အိမ်ရှေ့တံခါးက စေ့ရုံလေးစေ့ထားသည်။ ကံက ကောင်းလှချိန် အသာတွန်း၍ ခြေဖော့ကာ အိမ်ပေါ်အထိ တက်လိုက်သည်။ အထဲမှာ ငြိမ်းက ထဘီရင်ရှားနှင့် သနပ်ခါးသွေး၍ စိတ်ကူးတွေယဉ်ကောင်းနေဆဲ၊ လိုက်ကာကို အသာအယာ လှစ်လိုက်သည်။

"ငြိမ်း . . ."

"အောင် . . .မ . . .လေး"

"ငြိမ်း . . .လန့်သွားသလားဟင် . . .အစ်ကိုကြီးပါ ငြိမ်းရဲ့ အဟဲ ဟဲ ဟဲ"

"ဟင် . . .အစ်ကို . . .အို . . .ရှင် . . .ရှင် ဘာလာလုပ်တာလဲ ထွက် . . .ထွက်ပါ"

"ဟင်း . . .ဟင်း . . .ဟင်း ငြိမ်းလေးကို ချစ်ကွန်လွန်း လို့ ဒီနေ့ အုပါခေါ်ရအောင် လာခဲ့တာလေ . . .ငြိမ်းပါမှ . . .ကိုယ် ပြန်မှာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အို ... မဖြစ်နိုင်ဘူး၊ ရှင်အခုထွက် ... ထွက်နော်၊ ကျွန်မ အော်လိုက်မယ်"

ငြိမ်းက လန့်ဖျပ်သော မျက်လုံးအစုံနှင့် ထလိုက်ပြီး သနပ်ခါး တုံးကို ညာဘက်နှင့် ခုခံရန် အသင့်ကိုင်လိုက်သည်။

"အော်လေ ... ငြိမ်းရဲ့၊ အော်လိုက်စမ်းပါ၊ ဒီအိမ်မှာ ဘယ် သူမှ မရှိဘူး။ ပတ်ဝန်းကျင်ကလဲ တိတ်လို့၊ ကဲပါငြိမ်းရယ် ... အစ်ကို့ကို ချစ်တယ်လို့ပြော ... ဒါဆို အစ်ကိုကြီး ... အေးအေးဆေးဆေး ပြန်သွားမယ် ... မချစ်ဘူးဆိုရင်တော့ ဒီနေ့ အပါခေါ်ရမှာပဲ ... ကဲ ညီမက ..."

"မချစ်ဘူး ... မုန်းတယ်၊ မုန်းတယ် ... ရှင့်လို တစ္ဆေ သူ့ရဲ့ ဘီးလူးကို ရွံတယ် ... လာ ... ကြပါဦးရှင် ... လာကြပါဦး .. ကျွန်မကို အောင် ... နိုင် ... ဘွား"

သူမက အသံကုန်ဟစ်၍ အော်သည်။ အောင်နိုင်ဘွားက ပါးစပ် ကို လှမ်းပိတ်ပြီး ပခုံးကိုသိုင်း၍ ကြမ်းပြင်ပေါ်သို့ အဓမ္မလှဲချလိုက်သည်။ ထိုအချိန်မှာပင် ဒဿဂီရိရဲ့ အချစ်ဆိပ်တက်နေသည့် မျက်လုံးများကို မီးပြင်းတိုက်လိုက်သကဲ့သို့။

သူက အချစ်ကို အဓမ္မလုယူရန် ကြိုးစားသည်။ ငြိမ်းက ရုန်း၊ ကန်တွန်းဖယ်ရင်း အသံကုန်အော်ဟစ်၍ အကူအညီတောင်းကာ အိမ်ရှေ့သို့ပြေးထွက်ရန် ကြိုးစားသည်။ ဒီအချိန်မှာ မောင်ဝမ်းကွဲ ကလေး တစ်ဦးက အမ်ပျော့သူပန်ဖို့ နှင်းဆီပန်းစည်းကလေးကိုင်ရင်း အိမ်ဝိုင်း ထဲသို့ ပြေး ဝင်လာသည်။

"မောင်လေး ... မောင် ... ဆိုင် ... မောင်ဆိုင် မမကို ကယ်ပါဦး အား ... အား"

ဒဿဂီရိက သူမရဲ့လက်ကို လိမ်၍ ချုံးလိုက်သည်။

"မောင်လေးရေ ... မမ ... မမ ကို ... ကယ် ကယ်"



ကလေးငယ်မှာ ထိတ်လန့်ကြောက်ရွံ့ဖွယ်မြင်ကွင်းကို မြင်၍ မိုက် အခါ အိမ်ပေါ်သို့ ဆက်မတက်ရဲတော့ဘဲ ပန်းစည်းကိုပစ်ချ၍ ခြင်းအတိုင်း အော်ဟစ်ကာ ခြေကုန်သုတ်၍ ပြေးထွက်သွားတော့ ၏။

ခုတော့ ... သုံးတောင်ပြည့် ခန်းသာလယ်မှာ ...

အဆိုက်ကိုစား၍ အသားကိုမြိုလိုသည့် ကျားစည်းလဲ ရယ်သံနှင့် ကောင်းတစ်ပွင့် ပင်မြင့်မှာစံဖို့ ထိန်းသိမ်းစောင့်ရှောက်ခဲ့ရသည့် တောင်ကိုင် အလှမလေးတို့နှစ်ယောက်ရဲ့ ...

ဘီလူးဆိုင်းအကနှင့် မျက်ရည်ဇာတ်သိမ်းသည်ကား ...

မောင်ဆိုင်ကလေးရဲ့ ထိတ်လန့်တကြား အော်ဟစ်ပြောဆိုမှု တင့် အခြေအနေဆိုးကို သိသွားကြသော ငြိမ်းရဲ့မိတာများမှာ ရင်ဘတ် ထီး၍ ရွာလယ်ရှိကျေးရွာရုံးသို့ အပြေးအလွှား သွားရောက် အ ကြောင်းကြားကြသည်။ ကျေးရွာဥက္ကဋ္ဌကလည်း ရဲကင်းသို့ ချက်ချင်း ကြောင်း ကြားလိုက်သည်။ ထိုအချိန်၌ အပိုင်ရဲစခန်းမှ ဒုရဲအုပ် သာအောင်လည်း ရောက်နေသည့်အခိုက်မို့ ရဲကင်းမှ ရဲဘော်များ ကာ ကျေးရွာ လူကြီးများနှင့် အခင်းဖြစ်ပွားရာသို့ အမြန်ဆုံး နင်ခဲ့ကြ၏။

အိမ်ဝိုင်းထဲမှာ အသံတွေက တိတ်ဆိတ်နေကြသည်၊ ဦးစွာတွေ့ ရသည်ကား ... ခြစည်းရိုးအဝမှ နင်းခြေကြေမွနေသည့် နှင်းဆီ တစ်စည်း။ ပြီးတော့ လှေကားထစ်ပေါ်မှ နီရဲသောသွေးကွက်များ။ ပင်ပေါ်မှ သွေးစက်များ။ အမေလုပ်သူရဲ့ အလန့်တကြားအော်သံ ပေါ်လာသည်။ အိမ်ပေါ်သို့ တက်ကြည့်လိုက်သောအခါ နီရဲသော စက်များသည် သနပ်ခါးခုံဝန်းကျင်မှာ မလှမပနှင့်။ သို့သော် လူတွေ ကော့ တစ်ယောက်မှ မရှိတော့။

ရဲတပ်ဖွဲ့ဝင်များသည် သွေးစက်များဦးတည်ရာလမ်းကြောင်းကို



www.burmeseclassic.com

www.burmeseclassic.com



ခြေရာခံ၍ လိုက်ခဲ့ကြရာ မကြာခင် . . .ကွင်းပြင်တောလယ် လူတစ်ယောက်က တစ်စုံတစ်ခုကို ပခုံးပေါ်ထမ်း၍ သုတ် ပြေးသွားနေသည်ကို မသဲကွဲဖွယ်တွေ့လိုက်ရသည်။ အရှိန်မြှင့်၍ ကြသောအခါ ရုပ်လုံးပေါ်လာသည်။

"သမီး . . .သမီးလေး"

"သမီးရေ . . ."

အဖေလုပ်သူက တားနေသည့်ကြားမှ အပြေးလိုက်သည် မေလုပ်သူကား ရင်ကွဲမတတ်အော်ရင်း မြေပြင်မှာ ပုံရက်လဲ ခဲ့သည်။

"ဆရာကြည်သာအောင် ရှေ့ကကောင်ဟာ အောင်ခိုင် ဗျို့"

ကျေးရွာဥက္ကဋ္ဌက ရှေ့မှ မြင်ကွင်းကိုကြည့်၍ သတိပေ သည်။

"အောင်ခိုင်ဘွား . . .ရပ် . . .ရပ်လိုက်နော်"

တရားခံက မိန်းမပျို၏ ခန္ဓာကိုယ်ကို ပခုံးပေါ်မှာထမ်း ညာလက်နှင့် ဓားကြီးတောင်ဓားကိုဝင့်ကာ ဝေ့ရမ်းကာ ပြန်၍ကြိုးပါ သည်။

"လိုက်ရဲတဲ့လူ လိုက်ခဲ့ကွ . . .လိုက်တဲ့လူ မသာအ ဒဿဂီရိတဲ့"

ကြုံးဝါးပြီး အားထည့်၍ပြေးသည်။ တစ်ခါ ပစ်ခါ ထမ်း လာသည့် လူသေအလောင်းကို မနိုင်တော့သည့်အဆုံး ကြမ်းကြုတ် အကြင်နာမဲ့စွာနှင့် မြေပြင်မှာ တရွတ်တိုက်ဆွဲ၍ သည်။ မြင်ကွင်းကား ကြောက်ရွံ့ဖွယ်ကောင်းလိုက်ပါဘိ။

ဒုရဲအုပ်ကြည်သာအောင်က ခါးကြားမှ ခြောက်လုံးပြူး ထုတ်၍ ရဲတပ်ဖွဲ့ဝင်များနှင့် ဝန်းကျင်အနေအထားကိုကြည့်ကာ ပိုင်





"အောင်ခိုင်ဘွား . . .လက်နက်ချပြီး အဖမ်းခံပါ ငါ့ညီ"

"ကျုပ်က သေမထူး . . .မနေမထူးပဲဗျ . . .လက်နက်မချ ဘူး။ ထွက်ပေါက်ကို မဟန့်တားနဲ့နော်၊ တားရင် ပိတ်ရင်အကုန်လုံး ပြီးမှ ထွက်မယ်၊ ငါ့ချစ်သူကို သေမင်းနိုင်ငံရောက်တဲ့အထိ ငါ သွားမယ်ဟေ့"

ရဲတပ်ဖွဲ့ဝင်များက ဓားသိုင်းကနေသည့် အောင်ခိုင်ဘွားကို ဝိုင်းပုံသဏ္ဌာန် ဝိုင်းဝန်းပိတ်ဆို့လိုက်သည်။ လက်နက်ချရန် မျိုး ဖျောင်းဖျကြသည်။ သို့သော် သူက လုံးဝလက်မခံဘဲ နီးရာ တစ်ဦးကို လက်ထဲရှိဓားနှင့် ပြေးခုတ်လိုက်သည်။

"ဒိုင်း . . ."

ပြောင်းဝမှ ပေါက်ကွဲသံကြားလိုက်ရပြီး အောင်ခိုင်ဘွား ဒူး သွားသည်။ သို့သော် လက်ထဲကဓားကို လုံးဝမလွှတ်။ မီးဝင်း ကသော မျက်လုံးအစုံနှင့် အံကြိတ်ပြီး ဓားကို အသင့်ပြင်ထား ဘက်ပေါင်မှ သွေးများအလိပ်လိပ်စီးကျလို့ . . .။

"လက်နက်ချပါ . . .အဖမ်းခံပါ အောင်ခိုင်ဘွား . . ."

လူမိုက်တို့၏ မိုက်ဟွင်းကား တိမ်သည်လို့မရှိ၊ နက်မြဲသာတည်။ မီးရှင်ရှင်ထွက်နေသည့်တိုင် ဒူးတစ်ချောင်းထောင်ရက်မှ ဓားနှင့် ရမ်း၍ လိုက်ခုတ်နေသေးသည်။ မည်သူမျှ အနားသို့ကပ်၍မရ။ တွင် ရဲတပ်ဖွဲ့ဝင်တစ်ဦးက ဝါးဆစ်ပိုင်းတစ်ခုနှင့် ဓားကိုင်လက်ကို က် ရင်း အရှင်ဖမ်းရန် ကြိုးစားခဲ့သည်။

ဝင်လာသည့် ဝါးဆစ်ပိုင်းကို သူက ဓားနှင့်ဝှေ့ရမ်းလိုက်ရာ ပြတ်ထွက်သွားပြီး ရဲသားလည်း ဟန်ချက်ပျက်၍ ရှေ့သို့ငိုက်အကျ ခဏ ရဲသား၏ဇက်ကို စလွယ်ပိုင်းရန် ဓားကိုအားကုန်အမြှောက်



www.burmeseclassic.com

www.burmeseclassic.com



"ဒိုင်း ..."

မရက်စက်ချင်ပါ ...သို့သော် ရန်သူတရားခံသည် မိုက်

ရိုင်းပြရက်စက်လွန်းလှသောအခါမှာတော့ ဒုတိယအကြိမ်မြောက် 

တစ်တောင့်ကို မသုံးချင်ပဲ သုံးလိုက်ရတော့သည်။ ဒီလိုမှမလုပ်

ဥပဒေတာဝန် ထမ်းဆောင်နေသည့် ရဲသားတစ်ဦး၏ အသက်

သွားနိုင်သည်။

လက်ထဲမှဓား လွင့်စင်လွတ်ကျသွားခဲ့သည်။ ၎င်းနောက် 

မှ ဒဏ်ရာကိုဖိရင်း ဒဿဂီရိမျက်ရည်များ စီးကျလာသည်။ သူ 

တင်းတင်းကြိတ်ရင်း အားလုံးကို စားတော့ ငါးတော့မတတ်ကြည့်

တောက်တစ်ချက် ခတ်လိုက်သည်။

ရဲအမှုထမ်းတစ်ဦးက လက်ထိပ်ခတ်ရန် အနီးသို့ တိုးကပ်

သော အခါ ဒဿဂီရိ မှောက်လျက်လဲကျသွားသည်။

တော်သေးသည် ...

သွေးအလူးလူးနှင့် အသက်ကင်းမဲ့နေသော ကြွေရုပ်မ

ရဲ့ ပါးပြင်ပေါ်သို့ သူ့မျက်နှာ ကျမသွားပေလို့ ...

နို့မို့ ငရဲမီးနှင့် ဖျော်စပ်ထားသည့် ဒဿဂီရိရဲ့ မျက်ရည်စက်

ရိုင်းများ ကွမ်းတောင်ကိုင်လေးရဲ့ ပါးပြင်ပေါ်သို့ ကျဆင်းသွားခဲ့ပါလ

မောင်ညိုမှိုင်း-သန်လျင် (တကယ့်ဖြစ်ရပ်တစ်ခုကိုတွေ့အ

တန်ဆာဆင်၍ တင်ပြအပ်ပါသည်။ အနေနီးမှုကြောင့် အယူအဆလွဲ

သည့်အန္တရာယ်ကို မိန်းကလေးတိုင်း သတိထားမိစေရန် တင်ပြ

ဖြစ်ပါသည်။)

တကယ့်ဖြစ်ရပ်မှ

၂၀၀၂ခုနှစ်-နိုဝင်



www.burmeseclassic.com

www.burmeseclassic.com

# ပြောစမှတ်ဖြစ်သည့် ဓားပြမှုတစ်မှု

(၁)

မိုးလင်းခါနီးပြီ . . .

တိုင်ကပ်နာရီကို လှမ်းကြည့်လိုက်တော့ (၄)နာရီတိတိ၊ ခါးကို တစ်ချက်ကော့၍ အညောင်းဆန့်လိုက်ပြီး တာဝန်ကျစားပွဲရှေ့မှ ထလိုက်သည်။ မျက်နှာသစ်ရန် ရေချိုးခန်းဘက်သို့ အဝင်မှာပင်–

"ရဲ် ဘယ်သူလဲ"

စခန်းရှေ့ လုံခြုံရေးကင်းက ကင်းသမားရဲဘော်၏ အော်မေးသံအဆုံး–

"ကျုပ်ပါ ဆေးလုံးကြီးကျေးရွာက ဥက္ကဋ္ဌ ဦးလှအောင်ပါ အမှု ဖွင့်ချင်လို့"

[illegible]



မကြာခင် ကျွန်တော် စားပွဲရှေ့မှောက်သို့ ဆေးလုံးကြီးကျေးရွာ ဦးလှအောင်နှင့်အတူ အသက် (၄၅) (၅၀)ခန့်ရှိ ပိန်ပိန်ပါးပါး ားညိုညို လူတစ်ဦးရောက်လာ၏။

"ဒီလို ဆရာညိုရေ၊ ဒါက ကျုပ်တို့ရွာက ကိုဖော်ဖေတဲ့ ညက ် ဓားပြတိုက်ခံရလို့ ဆရာရေ အဲဒါ အမှုလာဖွင့်တာပဲ"

ကျွန်တော်က ဓားပြတိုက်ခံရသည့် ဦးဖော်ဖေဆိုသူကို လှမ်း၍ ခတ်လိုက်သည်။ သူ့ပုံစံက ဓားပြတိုက်ခံရသော်လည်း စိတ်ထိခိုက် ည်းပုံ မပေါ်၊ သူ့အကျီ၊ လုံချည်များထဲမှလည်း ဒီဇယ်နံ့ရနေသည်။ ထူးခြားချက်တစ်ခု ဖြစ်နေသည်။

"ကဲ ဖြစ်ပုံ ပျက်ပုံကို အရင်ပြောပြပါဦး ဦးဖော်ဖေ"

"ဟုတ်ကဲ့ ဒီ...ဒီ...လို ဆရာ"

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၂)

ဆေးလုံးကြီးကျေးရွာသည် သန်လျင်မြို့အပိုင်ထဲမှာရှိ၏။ သ
လျင်–ကျောက်တန်းသွား ကားလမ်းမကြီး၏ လက်ဝဲဘက် အရှေ့မြော
ရူးရူးမှာရှိ သည်။ ကုန်းတန်းမှ ခြေကျင်သွားလျှင် (၃)နာရီခန့် လျှော
သည်။ မိုးရာသီ ဆိုလျှင် ရွာပတ်ချောင်းမှ လှေများနှင့်သွားက (၁)နာရီ
ကြာသည်။ နွေဆို လျှင် လှည်းလမ်း၊ ကားလမ်းပေါက်သည်။

ဒီနှစ် ဆေးလုံးကြီးကျေးရွာ၏ စပါးအထွက်ကောင်းသူမျ
စာရင်းမှာ ဦးဇော်ဖေလည်း ထိပ်ဆုံးမှပါသည်။ သို့ဖြစ်၍ သားသ
သုံးယောက် အပါအဝင် ဇနီးသည် 'မမြကြည်ကိုပါ ရွှေငွေ လက်ဝ
လက်စားများ လုပ်ပေးပြီး သားနှစ်ယောက်ကို ရှင်ပြုပေးခဲ့သည်။ အလှ
ဒို့စိန်ကုလား ဆိုင်းလည်းပါသည်မို့၊ ရွာနီးချုပ်စပ်များဖြစ်သော စစ်
ကုန်း၊ ချောင်းအောက် တာ၀၊ ဘုရားကုန်း၊ သူဌေးကွင်း၊ ထားမလုံစသ
ကျေးရွာများက ဧည့်ခွေမျိုး သားချင်း များသာမက ဆိုင်းဝါသနာပါသူမျာ





လာရောက်ကြည့်ရှု နားထောင်ကြ သည်။ တစ်နည်းပြောရလျှင် ဒြိမ့်ခြိမ့်သည်းသည်းကို စည်ကားကျော်ကြား သည့် အလှူဖြစ်သည်ဟု ဆိုရပေမည်။

အလှူကြီးပေး၍ တစ်လခန့်ကြာသောအခါ . . .

ညတစ်ည . . .

အတိအကျဆိုရလျှင် နတ်တော်လကွယ်နေ့ည(၁၁)နာရီခန့်၊ ရွာ သည် ယမိုက်ညရဲ့ ရင်ခွင်မှာ အိပ်မောကျနေသည်။

ထိုစဉ် ရွာအဖျားရှိ ဦးဇော်ဖေ အိမ်ခြံဝင်းထဲသို့ လူ(၅)ဦး ဝင်လာ ကြသည်။

"ဗျို့ ကိုဇော်ဖေ ထပါဦးဗျ"

အချိန်မတော် အိမ်ရှေ့မှ သူ့နာမည်ခေါ်သံကြောင့် ဦးဇော်ဖေ နိုးလာသည်။ သူ့မိန်းမ မမြကြည်လည်း လူးလဲ၍ ထလိုက်ပြီး အဝတ် အစားများကို မှောင်ထဲမှာ ပြုပြင်လိုက်သည်။

"ဘယ်သူလဲကွ အချိန်မတော်ကြီး"

"ကျုပ်တို့ပါဗျ ထားမလုံက ကိုအောင်ဝင်း လွှတ်လိုက်လို့ပါ၊ ခင်ဗျား နှမ မသောင်းခင် ည(၈)နာရီလောက်က ဆုံးသွားလို့ လာအ ကြောင်းကြားတာပါ"

"ဟေ သောင်းခင် ငါ့ ငါ့ညီမလေးဆုံးသွားပြီတဲ့"

"ဟုတ်တယ် ထပါဗျ တံခါးဖွင့်ပါဦး"

သောင်းခင် သောင်းခင် သူသိပ်ချစ်ရသည့် အငယ်ဆုံး ညီမ လေး အရွယ်ရောက်လာတော့ ထားမလုံရွာသား အောင်ဝင်းနှင့် အိမ် ထောင်ကျသွားပြီး ခင်ပွန်းအလုပ်ရှိရာမှာ လိုက်နေရရှာသည်။ တလော ကတော့ နှလုံးသွေးကြောကျဉ်း၍ ဆေးရုံတက်ရသည်။ ဆေးရုံမှာ တစ်ပတ်ခန့် ကြာပြီးနောက် သူမ ပြန်ဆင်းလာကာ မြန်မာဆေးဆရာ တစ်ဦးနှင့် ဆက်ကု နေသည်ဟု သိရသည်။ အခု သူ့နှမလေးဆုံးသွားပြီ၊



www.burmeseclassic.com

www.burmeseclassic.com



သူက ဘတ္တရီမီးကြိုး ကို လှမ်းချိတ်မီးထွန်းပြီး တံခါးကို ကပျာကယာ ဖွင့်လိုက်သည်။

ထိုကဲ့သို့ တံခါးကိုဖွင့်လိုက်သည့်ကပင် ကိုဇော်ဖေ အမှားဖြစ်တော့သည်။ လူငါးဦး ရှေ့ဆင့်နောက်ဆင့် ဝင်ရောက်လာပြီး သန်မာသူတစ်ဦးက သူ့ပါးစပ်ကို နောက်ပြန်သိုင်း၍ပိတ်ကာ နံကြားကို ဓားမြှောင်နှင့် တေ့လိုက်သည်။ သူ့မိန်းမ မမြကြည်ကိုလည်း ထိုနည်းအတိုင်း။ ကလေးသုံးဦးကား၊ ခေါင်းမှူမဖော်ရဲရှာ၊ ခေါင်းဆောင်ဖြစ်ဟန်တူသူက သေနတ်အတိုတစ်လက်နှင့် သူ့ရင်ဝကို တေ့ဟန်လုပ်ရင်း၊ အသံမထွက်ရန် လက်ဟန်ခြေဟန်နှင့် ပြလိုက်သည်။

ဒီတော့မှ ဓားပြမှန်း သူသိလိုက်ရပြီ။

"ကဲ ကိုယ့်လူ လုံးဝအသံမထွက်နဲ့၊ မင်းတို့မိသားစု အလုပ်တွင်းက ချွဲခဲ့ကြတဲ့ ရွှေငွေပစ္စည်းတွေအားလုံးကို တစ်ခုမကျန်ထုတ်ပေး"

"ဗျာ မ, မရှိပါဘူးခင်ဗျာ ရေစုတ်စက်ဝယ်လိုက်ရလို့ ပေါင်အား"

နောက်ကလူက ဓားဦးနှင့်ဖိ၍ထောက်လိုက်သည်။ သူလန့်ပြီး အော်လိုက်သော်လည်း အသံက ထွက်သည်ဆိုရုံမျှသာ။

"မင်းတို့ မိသားစုအားလုံး အသက်မသေချင်ရင် အလွယ်တကူ ထုတ်ပေးနော် ဇော်ဖေ ငါတို့ သိပ်သည်းမခံဘူး ဘယ်မှာလဲပြော"

"ပေါင့် . . ပေါင်"

"ကဲကွာ"

"ဂေါက်"

ခေါင်းဆောင်ပုံသူက ဒေါသထွက်လာကာ လက်ထဲမှ သေနတ်ဒင်နှင့် သူ့နဖူးပြောင်ပြောင်ကို ထုမှုလိုက်သည်။ သူလန့်၍ အော်လိုက်သေးသည်။ သို့သော် အသံက သိပ်မထွက်၊ ဒါပေမယ့် သည်သေနတ်ကိုင်လူဆိုးကိုကြည့်ပြီး သူအနည်းငယ် အံ့သြသွားသည်။





ကြည့်သာကြည့်လိုက်ရသော်လည်း သူတို့အားလုံး မျက်နှာများမှာ အိတ်အနက်များ စွပ်ထားကြသည်မို့ ဘယ်သူ ဘယ်ဝါရယ်လို့ မသိရ။

သူအံ့သြသွားစဉ်မှာပင် ဓားဦးက အရည်ပြားထဲသို့ အနည်းငယ် ဝင်သွားပြီး သွေးစို့သွားသည်ကို သူသတိပြုမိလိုက်သည်။ သူ့မိန်းမရဲ့ လန့်၍ ငိုရှိုက်သံကြောင့် သူဘယ်လိုမှ ဆက်မညာနိုင်တော့ပဲ ပစ္စည်းသေတ္တာ ဗူးရှိရာသို့ ညွှန်ပြလိုက်ရတော့သည်။

ဓားပြတစ်ယောက်က ဘုရားစင်နောက်ဘက်မှ ယွန်းသေတ္တာ ဗူးလေးကို လှမ်းယူပြီး ဖွင့်ကြည့်လိုက်သည်။ ဆွဲကြိုးသုံးကုံး၊ လက်ကောက်ငါးရံ၊ လက်စွပ်(၆)ကွင်း၊ ကလေးနားကပ် တစ်ရံ။

ထို့နောက် သူတို့အားလုံးကို နောက်ပြန်ကြိုးတုပ်၍ မှောက်ခိုင်းသည်။ မမှောက်ခင် ပါးစပ်ထဲသို့ အသင့်ယူလာသည့် လက်ကိုင်ပုဝါများကို လုံးထိုးထည့်လိုက်သည်။ ယင်းနောက် မှောက်စေပြီး စောင်များ ခြင်ထောင်များအုပ်၍ အသင့်ယူလာသည့်ဒီဇယ်ဆီများနှင့် လောင်းချလိုက်သည်။ သူက မသတ်ရန်ငိုယို၍ တောင်းပန်သည်။

"အေး မသေချင်ရင် အသံမထွက်နဲ့ မအော်နဲ့ ဟော့ကောင် ဂျပ် အော်ရင်မီးရှို့လိုက်ကြားလား မင်းစောင့်ကြည့်နေ လာ,သွားကြမယ်"

အစောင့်တစ်ယောက်ထားခဲ့ပြီး ပစ္စည်းသေတ္တာဗူးကိုယူကာ ခပ်သုတ်သုတ် ဆင်းသွားကြသည်။

သူတို့မိသားစု တုတ်တုတ်မှုမလှုပ်ရဲ အသံလည်း လုံးဝမထွက်ရဲ ဘယ်အချိန်မှာ မီးခြစ်ခြစ်သံကြားရပါ့မလဲနှင့် ရင်တွေတုန်နေကြသည်။ မီးရှို့လိုက်လျှင် သူတို့မိသားစုဘဝအားလုံး မီးသဂြိုဟ်ပြီးသား ဖြစ်သွားလိမ့်မည်။ သူ ဘုရားကိုတရင်း စိတ်ထဲမှ ဓာရဏပရိတ်ကို အဆက်မပြတ် ရွတ်နေလိုက်သည်။ သူ့မိန်းမ မမြကြည်ကလည်း သံဗုဒ္ဓေဂါထာကိုရွတ်၍ ဘုရားကယ်မပါရန် ဆုတောင်းနေရသည်။ ရွတ်နေသည့် အကြိမ်ပေါင်းသည် မည်မျှကြာသွားသည်မသိ။ ပတ်ဝန်းကျင်တစ်ခုလုံး



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေ သဖြင့် နောက်ဆုံး ဖြစ်ချင်ရာဖြစ် သားသမီးများ… ဇနီးသည့်ရဲ့ ခေါင်းကို ရမ်းကြည့်သည်။ အစောင့်လုပ်သူရဲ့ အသံလုံး… မကြားရတော့ ဦးခေါင်းပေါ် က စောင်များကို ခါထုတ်ပြီး ဝန်းကျင်ကို ကြည့်လိုက်သည်။ ဘက်ထ္ထရီ မီးခလုတ်ကို ဖြုတ်ထားခဲ့သည်။ အမှောင် ထဲမှာ အားလုံးကို ခြေနှင့် လှုပ်ခတ်၍ နှိုးလိုက်သည်။ သည့် တော့မှ ရွာထဲကအိမ်များ နိုးလာကြပြီး ရွာမှာ ဓားပြတိုက်ကြောင်းကို သိသွား…

♛ ♛ ♛

(၃)

"ကျုပ်တို့လည်း သိသိချင်း ကြိုးတွေဖြေ ပါးစပ်ထဲက အဝတ် …ထုတ်၊ အကြောင်းအရာကိုမေးမြန်းပြီး လူစိုးကိုလိုက်ကြသေးတာပဲဗျ။ …နီ က ကြာသွားတော့ ဘယ်သူ့ကိုမှ မတွေ့ရတောပါဘူး ဆရာညို့ … နောက်ဆုံး လှည်းတပ်ပြီး ညတွင်းချင်း ဒီကိုလာအကြောင်းကြား …ပါပဲ ခင်ဗျာ"

"အတိုက်ခံရတဲ့အချိန်က ဘယ်အချိန်လဲ ဦးဇော်ဖေ"

"ည(၁၁)နာရီလောက် ခင်ဗျ"

"ဥက္ကဋ္ဌတို့လိုက်တဲ့အချိန်က"

"မနက်(၁)နာရီ နီးပါးရှိနေပြီး ဆရာညို့"

အင်း(၂)နာရီဆိုသည့်အချိန်သည် ဓားပြချက်အဖို့ လွယ်ကူရွေ့ …င်းလွတ်မြောက်နိုင်သည့်အချိန် ရရှိသွားခြင်းဖြစ်သည်။

"ဓားပြတွေရဲ့ ပုံစံကို မှတ်မိသလောက် ပြောပြစမ်းပါ"

"ခေါင်းဆောင်က ထောင်ထောင်မောင်းမောင်းဗျ။ ကျုန်…



www.burmeseclassic.com

www.burmeseclassic.com



တွေကတော့ သူလိုကိုယ်လိုပါပဲ စားကိုင်ထားတာက (၄)ယော
သေနတ်နဲ့က တစ်ယောက်ပဲ''

လိုအပ်သည်များကို မှတ်စုစာအုပ်မှာရေးသွင်းပြီး ဂတ်
ကြီးကိုခေါ်၍ ဥပဒေအတိုင်း အမှုစာရင်းသွင်းခိုင်းလိုက်သည်။
ကြည့်လိုက်တော့ မနက်(၆)နာရီထိုးပြီး လူသံ၊ ကားသံ၊ ဈေး
များရဲ့အသံကို ကြားနေရပြီ သည့်နောက် သူတို့ကို တစ်ပါတည်း
ကျောက်တန်းကားနှင့် လိုက်လာကြသည်။ ထားမလုံမှာ အသင့်
နေကြသည့် လှည်းနှင့်ဆက်၍ ရဲတပ်ဖွဲ့ဝင်များ ဆေးလုံးကြီး
ခရီးဆက် ခဲ့တော့သည်။

♛ ♛ ♛

(၄)

သဲလွန်စကို လိုက်ရှာတော့ လက်ကိုင်ပုဝါအကြီး(၅)ထည် ရခဲ့
ည်။ (၃)ထည်က အသစ်စက်စက်ဖြစ်ပြီး (၂)ထည်က အဟောင်း
ဖြစ်သည်။ လက်ကိုင်ပုဝါအဟောင်းတစ်ထည်ကို သေသေချာချာ
ည့်လိုက်တော့ ဒေါင့်စွန်းမှာ (မောင့်အတွက်)ဆိုသည့် စားလုံးသုံးလုံး
မမှေ့်လင့်ဘဲ တွေ့လိုက်ရသည်။

ပြီးနောက် စားပြမှုအသုံးပြုသည့် ဒီဇယ်ပုံးကို သိမ်းဆည်း၍
က်သေခံစာရင်းသွင်းလိုက်သည်။ သူတို့သွားနိုင်သည့် လမ်းကြောင်း
ကို လိုက်ကြည့်လိုက်တော့ သူတို့အားလုံး ရွာအရှေ့ဘက် ချောင်း
တိုင်း နောက်ဆုံး လေ့နှင့်ထွက်သွားနိုင်သည့် သဲလွန်စများကို တွေ့ခဲ့
သည်။

''ရွာမှာ ခင်ဗျားနဲ့ မတည့်တဲ့လူများရှိသလား ဦးဇော်ဖေ''
''လုံးဝမရှိပါဘူး ဆရာရယ်''
''ရွေကရော အားလုံးဘယ်နှစ်ကျပ်သားလောက် ပါသွားသလဲ''
ဒီလိုမေးလိုက်တော့ သူက အနားမှာရှိသည့် ရွာခံလူများရဲ့မျက်



www.burmeseclassic.com

www.burmeseclassic.com



နှာကို လှမ်းကြည့်ပြီး

"တစ် တစ်ဆယ်သားပါ ခင် ခင်ဗျာ"

လိုအပ်သည်များကို မေးမြန်းပြီး စခန်းသို့ အားလုံးပြန်လာလို ကြသည်။ ပြီးနောက် ခြေ၏ လက်စရှိသူများ၊ ရာဇဝင်လူဆိုးစာရင်း ပြန်လှန် ကြည့်ရသည်။ နယ်ထိန်းများကိုခေါ်၍ လက်၏ လက်နရှိသူ နောက်သို့ ခြေရာခံလိုက်နိုင်းရသည်။ အချို့ကို ချော့တန်ချော့၊ ခြော တန်ခြောက် မေးရသည်။

နောက်နေ့ မနက်ကျတော့ တရားလို ဦးဇော်ဖေ စခန်း ရောက် ချလာသည်။

"ဟိုနေ့က လူများလို့ ထူးခြားတာလေးတွေ ဆရာ့ကို မ လိုက်ရဘူး ဆရာရဲ့"

"ဘာများတုန်းဗျာ လုပ်စမ်းပါဦး"

"ဒီလိုဆရာရဲ့ . . .ဓားပြခေါင်းဆောင်ကိုင်တဲ့ သေနတ် အတုကြီး ဆရာ"

"ဘာ. . .အတုကြီးဟုတ်လား၊ ခင်ဗျား ဘယ်လိုလုပ်သိ

"အဲဒီ သေနတ်ဒင်နဲ့ ကျွန်တော့်နဖူးကို ထုချလိုက်တာ ခနဲ မမြည်ဘဲ၊ ဂေါက်ခနဲမြည်သွားတယ် ဆရာရဲ့၊ နဖူးလဲ ဖူးေ မဖူးခဲ့ပါဘူး၊ အစစ်ဆိုရင် ကွဲပြီပေါ့ဗျာ၊ ဒါကိုသိပေမယ့် ဓားသမား ရန်ကိုကြောက်လို့ ပစ္စည်းတွေပါသွားရတာမံ၊ ဆရာရယ်၊ နောက်

သူ ဆက်ပြောရန် စကားကို ချင့်ချိန်နေသည်။

"ဆက်ပြောလေဗျာ. . .နောက်ပြီး ဘာဖြစ်သေးလို့လဲ"

သည်တွင် သူက ရှက်ကိုးရှက်ကန်းဟန်ဖြင့် သူများကြားသွ မှာ စိုးရိမ်ပုံရသည်။ ကျွန်တော်မျက်နှာအနီးသို့ငုံ့ရင်း တစ်စုံတစ် ပြော ချလိုက်သည်။

"အဲ. . .၊ ဟင်. . ."





ကျွန်တော် အံ့သြသွားသည်နှင့်အမျှ ရယ်ရွှင်သွားသည်နှင့် ရယ်ရွှင်စိတ်ပါ ပေါ်သွားခဲ့ရသည်။

♛ ♛ ♛

(၅)

နှစ်ရက်ခန့် ကြာသွားသည်။ ဓားပြများရဲ့ သဲလွန်စကို ခြေရာခံ မရသေး။ ဒါပေမယ့် ဖဲဝိုင်းများလုပ်လေ့ရှိရာသို့ လူလွှတ်၍ အခြေ နေကို စောင့်ကြည့်နိုင်းထားရသည်။

သုံးရက်မြောက်သည့်နေ့မှာ တယ်လီဖုန်းဝင်လာသည်။

"ဟုတ်ကဲ့(. . .)ရဲစခန်းကပါ၊ ဒုရဲအုပ် ကိုညိုပါ"

"ကျွန်မ လမင်းတစ်ရာရွှေဆိုင်က ဒေါ်ချမ်းမြေ့ပါ ဆရာ၊ ဒီမှာ တစ်ယောက် ရွှေဆွဲကြိုးအတုကြီးလာရောင်းနေလို့ ဆရာတို့ကို လှမ်း ကြောင်းကြားတာပါ. . .အဲဒါ"

"ဒေါ်ချမ်းမြေ့ သူ့ကို လက်မလွှတ်လိုက်ပါနဲ့ ခင်ဗျာ၊ အချိန် ပြီးထားပါ၊ ကျွန်တော်တို့ လာခဲ့ပါ့မယ်"

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



"ဘာဗျ ဘာဖြစ်လို့မရနိုင်ရမလဲ ဒါရွှေဗျာ ရွှေ ရွှေ"

"ရွှေပေမယ့် ရှင့်ရွှေက အစစ်မဟုတ်ဘူး ရွှေအတုကြီး"

"ဘာ"

သူ ဆက်လက်၍ ပေါက်ကွဲချိန် မရနိုင်တော့ပါ ရဲတပ်ဖွဲ့ဝင်များ [illegible] သူ့ကို စစ်ဆေးရန်ရှိသည်ဟုဆိုပြီး ရဲစခန်းသို့ ခေါ်လာလိုက်သည်။ [illegible]န်း ရောက်တော့။

"မင်း အမည်ဘယ်လို ခေါ်လဲကွ"

"လှကျော်ဆွေပါ ဆ ဆရာ"

"နေတော့ရော"

"လက်ယက်စမ်းကျေးရွာမှာပါ"

"အရင်ကတည်းကနေတာလား အခုမှပြောင်းလာတာလား"

"သာကေတက ပြောင်းလာတာပါ (၆)လလောက်ရှိပါပြီ"

"လှကျော်ဆွေ ဒီဆွဲကြိုးကို မင်း ဘယ်ကရတာလဲ"

"ဒါ ဒါ ဟို ဟို အမေ့ပစ္စည်းပါဆရာ ယုံ ယုံပါ"

"မင်းအမေ ပစ္စည်းအတုကြီးကို ဘာလို့အစစ်ဆိုပြီး လာလိမ်[illegible]ရောင်းရသလဲပြော"

သူ နှုတ်ဆွံ့သွားသည် လက်တွေလည်းတုန်လာသည် ဘာ[illegible]ပြောရမှန်းမသိ

"အမေ့ပစ္စည်းဆိုတော့ အစစ်လို့ပဲ ယုံကြည်လို့ပါ ဆ ဆရာ[illegible]ရယ်"

သူက ဒီလိုပြောရင်း အကျီအိတ်ထဲမှ လက်ကိုင်ပုဝါတစ်ခုကို ထုတ်၍ မျက်နှာပေါ်မှ ချွေးသီးများကို သုတ်လိုက်သည်။ ကျွန်တော်က [illegible]ရင်း လက်ကိုင်ပုဝါကို ခဏတောင်း၍ ဖြန့်ကြည့်လိုက်သည်။ ဘုရားရေ [illegible]ဒီမှာ အံ့ဩစရာတစ်ခုကို မမျှော်လင့်ဘဲသွားတွေ့လိုက်ရသည်။ ယုံတောင်[illegible]ရင်း ကြောင်ပါမိတော့မည်။



(၆)

ကျွန်တော်တို့ လမင်းတစ်ရာ ရွှေဆိုင်သို့ ရောက်သောအ[illegible] အသားဖြူဖြူနှင့် လူရွယ်တစ်ဦးက ဖြုန်းခနဲ ထရပ်လိုက်သည်။ သူ[illegible] နောက် မှင်မပျက်၊ ဟန်မပျက်ပြန်ထိုင်ရင်း စီးကရက်တစ်လိပ်ကို မီးညှိ[illegible] ဖွာလိုက်နေသည်။ မသိမသာအကဲခတ်လိုက်တော့ မီးညှိရင်း သူ့လက်[illegible] တုန်နေသည်ကို သတိထားမိလိုက်သည်။ ကျွန်တော်တို့ ဝင်လာသည်[illegible] ခေါ်ချမ်းမြေ့မြင့်လိုက်သောအခါ

"ဒီမှာ ကိုအဂ္ဂာ"

ရွှေလာရောင်းသူက ထိုင်ရာမှထရင်း ရွှေဆိုင်ပိုင်ရှင်ကို မျက်[illegible] ချင်းဆိုင်လိုက်သည်။

"ရှင်ဘယ်ဈေးရရင် ရောင်းနိုင်မလဲ"

"နှစ်ကျပ်သားတောင်ပဲဗျာ ခင်ဗျားကို လက်ရှိဝယ်ဈေး အတို[illegible] ပဲပေါ့"

"တစ်ပြားမှ မရနိုင်တော့ဘူး ကိုအဂ္ဂာရဲ့"



www.burmeseclassic.com

www.burmeseclassic.com



“လုကျော်ဆွေ မင်းငါ့ကို ဆက်ညာဖို့ မကြိုးစားနဲ့တော့ ပြောပေရော့”

မင်း အမေပစ္စည်းလဲ မဟုတ်ဘူး ဒီပစ္စည်းဟာ မင်းတို့ နတ်တော် ... ကွယ်နေညက ဆေးလုံးကြီးကျေးရွာက ကိုဖော်ဖေ့အိမ်က တိုက် ... သည့်ပစ္စည်း။ ကိုင်း မင်းနဲ့ပါတဲ့လူတွေကို ဖော်ပေရော့ ကိုယ့်လူ”

ကျွန်တော်က တစ်ချက်ဟောက်လိုက်ရာ သူက ငြင်းဆ ... ကြိုးစားသေးသည်။ သို့သော် သူကြာကြာ မငြင်းဆန်နိုင်ပါ။ ကျွန်တေ ... က သက်သေခံပစ္စည်းအဖြစ် သိမ်းဆည်းထားသည့် လက်ကိုင်ပဝ ... ထည်အနက်မှ နှစ်ထည်ကို ဗီရိုထဲမှထုတ်၍ သူ့ရှေ့သို့ ဖြန့်ခင် ... လိုက်သောအခါ သူ ဖက်ကျိုးကျသွားခဲ့သည်။ သူမြင်လိုက်ရသည့် ... လက်ကိုင်ပဝါဒေါင့် စွန်းမှာ ရွှေဝါရောင်ပိုးကြိုးနှင့် ပိုးစက်စွာထိုးထား ... (မောင့်အတွက်)ဆို သည့် စာတမ်းကို တွေ့လိုက်ရသောကြောင့်-

“ဒီလက်ကိုင်ပဝါနှစ်ထည်နဲ့ မင်း အခုသုံးလိုက်တဲ့ လက် ... ပဝါကို ယှဉ်ကြည့်လိုက်စမ်း လုကျော်ဆွေ”

သူ ငြင်း၍ မရတော့ပါ။ သူ့လက်ကိုင်ပဝါ ဒေါင့်စွန်းမှာလ ... (မောင့်အတွက်)ဆိုသည့် စာတမ်းလေးက ရွှေဝါရောင် ပိုးကြ ... နှင့်ထိုးထားသည် မဟုတ်ပါလား။

“ကျွန်တော် ဝန်ခံပါတော့မယ် ဆရာ”

“ဒီလက်ကိုင်ပဝါ မင်းကို ဘယ်သူပေးခဲ့တာလဲ”

“ကျွန်တော့်ချစ်သူက ပန်းထိုးပြီး လက်ဆောင်ပေးခဲ့တာပါ”

“မင်းတို့ ပစ္စတိုသေနတ်တစ်လက်နဲ့ ဒီလက်ကိုင်ပဝါ အပါ ... ဝင် အသစ်သုံးထည်နဲ့ အိမ်ရှင်မိသားစုအားလုံး ပါးစပ်ထဲအဝတ်သို ... ကြိုး တုတ်တယ်၊ ဒီဇယ်လောင်းပြီး ပစ္စည်းယူခဲ့တယ်၊ ဟုတ်တယ်နော် ...”

“ဟုတ် ဟုတ်တယ်ပါတယ် ဆရာရယ်၊ ကျွန်တော့် လက်ထဲ ... ငွေလိုနေတာနဲ့ အခုလို ဓားပြမှုထဲကို ပါခဲ့ရပါတယ် ခင်ဗျာ”

“ကောင်းပြီ ဒါဆိုရင် မင်းနဲ့အတူပါခဲ့တဲ့ လူစာရင်းလိပ်စာ ...”





“ပြောပါ့မယ် ဆရာ . . လက်ယက်စမ်းက စိန်မောင်၊ သူက ... ခေါင်းဆောင်ပါ။ သာကေတက အောင်နိုင်၊ နေအောင်နဲ့ ကျိုက်အင်းကျေး ... ာက ထွန်းလှိုင်တို့ပါပဲ ခင်ဗျာ”

♛ ♛ ♛

(၇)

ချက်ချင်း လူစုခွဲ၍ သူတို့ရှိရာသို့ နယ်မြေခံရဲများ အကူအညီ ... နှင့် ဖမ်းဆီးလိုက်ကြသည်။ လက်ယက်စမ်းက ခေါင်းဆောင်စိန်မောင်က ... ရဲတပ်ဖွဲ့ဝင်များကိုမြင်တော့ သူ့ပစ္စတိုအတုကြီးကိုကိုင်၍ ဟန်ရေးပြ ... နေသေးသည်။ အမှုစစ်အရာရှိက အတုကြီးနဲ့ အသက်မပျောက်ချင်ပါနဲ့ ... စိန်မောင်လို့ပြောလိုက်မှ သူအံ့ဩသွားသည်။ လက်နက်ချ၍ အဖမ်းခံ ... သည်။



www.burmeseclassic.com

www.burmeseclassic.com



အမှုကိုတည်ဆောက်၍ အမှုတွဲအား ရုံးတော်သို့တင်ပြ

စွဲဆိုလိုက်သောအခါ တရားလို ကိုဇော်ဖေက တားပြအဖွဲ့၏

ကိုကြည့်ပြီး ပြုံးနေသကဲ့သို့

သူတို့အားလုံးကလည်း ဝက်ခြံထဲမှာနေ၍ ကိုဇော်ဖေမျက်

ကိုကြည့်ပြီး အံတကြိတ်ကြိတ်နှင့် ဖြစ်နေကြသည်။

ဩော် အတုခြင်းပြိုင်ရာမှာ လူလည်တွေ လောဘသား

လည်စင်းခံသွားရသည့်သာဓကမှာ သန်လျင်တစ်ခွင်မှာ ပြောစရာ

တစ်ခွန်းအဖြစ် ကျန်ခဲ့သည်မှာ မည်သူမျှ မေ့လိမ့်မည် မဟုတ်ပါ

တကယ့်ဖြစ်ရပ်မှ

၂၀၀၁-ဇန်နဝါ



www.burmeseclassic.com

# သတိ ခါးပိုက်နှိုက်

(၁)

ကံအကြောင်းမလှ၍ နရသိန်ထဲ ခဏရောက်စဉ် ခါးပိုက်နှိုက် အပြစ်ကျ၊ အချုပ်ကျများနှင့် ဆုံခဲ့ရသည်။ သူတို့ (ခါး)ဘဝကို သိခဲ့ သော်လည်း ဘယ်လိုနှိုက်ခွဲဆွဲထားသည်ကိုအား မေး၍မရ၊ အတန်ကြာ ချော့မော့စည်းရုံး၍ မေးသောအခါ(ခါး)တို့၏ လက်ရာအချို့ကို အတ ငယ် သိခဲ့ရသည်။

♛ ♛ ♛

(၂)

ခါးပိုက်နှိုက်များ မည်မျှလျင်လျင် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဘာဝန်သိလုပ်သားပြည်သူများ၏ အချိန်မီရဲတား ကြိုးစား ကာကွယ်မှု အကြား အတောင်ကျိုးသည်က များသည်ချည်း။ မည်သို့ရှိစေ ခရီးသွား များအနေနှင့် သွားလျှင် သတိရှိဖို့လိုသည်။ ပတ်ဝန်းကျင်ကို အနည်းနှင့် အများ အကဲခတ်တတ်ဖို့တော့ လိုပေလိမ့်မည်။

ကျွန်တော့်ဦးလေးတော်သူသည် သန်လျင်မှာ သံသေတ္တာ ထုပ်ငန်းရှင်မို့ ချမ်းသာသည်။ တစ်နေ့ သွပ်ပြားဝယ်ရန် ရန်ကုန်သို့ ထာရင်း (၁၂) လိုင်းကားကိုစီးရင်း စဉ်းစားခန်းဝင်၍ လိုက်ပါလာသည်။ ဆင်းလို သည့်ဂိတ်မှာဆင်း၍ သွပ်ပြားဝယ်ပြီး ငွေချေရန် လွယ်အိတ်ထဲမှ ဒိုက်ဆံ အိတ်ကို နှိုက်လိုက်ရာ ဘာမှရှိတော့။ လွန်ခဲ့သည့် ၁၅နှစ်က ငွေတစ်သိန်းသည် နည်းနည်းနောနောမဟုတ်။

ဦးလေးဆိုင်ထဲမှာ ချုံးပွဲချ၍ ငိုသည်။ သည့်နောက် သူနှင့်ရင်း နှီးသည့် ပုစွန်တောင်ရဲစခန်းမှာ ထိုစဉ်က စခန်းမှူးထံ ဖြစ်စဉ်ကိုပြော၍ အကူအညီတောင်းခံခဲ့ရာ စခန်းမှူးမှ နောက်နှစ်ရက်ခန့်ကြာလျှင် ပြန်လာ



www.burmeseclassic.com

www.burmeseclassic.com



ရန် မှာလိုက်သည်။

စခန်းမှူး ချိန်းသည့်အတိုင်း နှစ်ရက်စေ့သောအခါ ဦးဆေ… ရဲစခန်း သို့ ရောက်သွားသည်။

"အခြေအနေ ကောင်းရဲ့လား ဆရာ"

"ကောင်းပါတယ် ဦးလေးရဲ့၊ ငွေအားလုံး ပြန်ရပါပြီ"

"ခင်ဗျာ..."

"ခင်ဗျားရဲ့ ခါးပိုက်နှိုက် ကျေးဇူးရှင်ကို ကြည့်ချင်ရင်… အချုပ်ထဲမှာရှိလေရဲ့ ဦးသာညွှာ"

ကိုယ့်ငွေတစ်သိန်း ပြန်ရမည်ဆို၍ ဦးလေး အရမ်းဝမ်းသာ… စခန်းမှူးကို ကျေးဇူးတင်ကာ ထိုင်ကန်တော့သည်။ ရပုံက သည့်… (၁၂)လိုင်း ကားစီးရင်း ဖြစ်သွားရသည်ဆိုတော့ ထိုလိုင်းမှာ ကျက်… လေ့ရှိသည့် (ခါး) အရင်က ရဲမှတ်တမ်းမှာ ရှိနေသည်။ ရဲဦးနှောက်ပဲ… ဘယ်သူ့လက်ချက်ဆိုတာ ရိပ်မိသည်။ နေမဝင်ပါဘူး။ သင်းတို့ လော… သားများအကြား စနည်းနာလိုက်တော့ သင်းကောင်ကို ရှာတွေ့တ… နှစ်ခါ မစစ်ရ။ တန်းပြီး ဝန်ခံသည်။ (ခါး)ဆိုတာ ခွေးရူးကောင်… တစ်မွန်း တည့်လေ။

♛ ♛ ♛

(၃)

ခါးပိုက်နှိုက်တို့သည် တန်းလန်းမှ အခြေအနေမကောင်းလျှင် …ာလူကို သေကြောင်းကြံလေ့ရှိသည်။

(ခါး)မှာ အမျိုးမျိုးရှိသည်။ လက်(ခါး)၊ ဓား(ခါး)၊ ကတ်ကြေး(ခါး) …သည် အမျိုးမျိုးရယ်။ လက်(ခါး)က လက်ညှိုး၊ လက်မ၊ လက်ခလယ် …ချောင်းကို အသုံးပြု၍ မိုက်ဆံအိတ်ငွေစက္ကူ စသည်တို့ကို နှိုက်သည်။

ဓား(ခါး)က ဘလိတ်ဓား၊ ဆယ်ပြားစေ့ကို မြနေအောင် သွေး …ားသည့်ဓားနှင့် အိတ်ခွဲ၍ နှိုက်သည်။ ဓားခွဲမှာနှစ်နည်းမှ သုံးနည်း …ထိရှိသည်ဟု သိရသည်။ ပထမဓားခွဲနည်းက အလျားလိုက်ခွဲနည်း၊ …တိယနည်းက ဒေါင်လိုက်ခွဲနည်း၊ တတိယခွဲနည်းကား အင်္ဂလိပ်စာလုံး (L) အယ်လ်ပုံသဏ္ဍာန် ခွဲနည်းဖြစ်သည်။

(ခါး)အချို့၏ ဝန်ခံချက်အရဆိုလျှင်(L) အယ်ပုံ သဏ္ဍာန်နည်း …က အဆင့်မြင့်နည်းဟု သိရ၏။ အယ်လ်ပုံသဏ္ဍာန်ခွဲနည်းက ထော… …နည်းဖြစ်သည်။ အချို့က ဒေါင်လိုက်မျဉ်းမတ်ပုံအရင်ခွဲပြီး နောက်တစ်



www.burmeseclassic.com

www.burmeseclassic.com



ချက် အလျားလိုက်ခွဲနည်းနှင့် ဆက်နိုက်သည်။

သူ့တက် ကျွမ်းကျင်သူက နှစ်ချက်မခွဲ။ တစ်ချက်တည်း ခေါ်
လိုက်ရော အလျားလိုက်ပါ ဆွဲချခွဲလိုက်သည်။ ဒီခွဲနည်းက လိုချင်သည့်
ပစ္စည်းကို သက်သက်သာသာ ဆွဲထုတ်၍ရသည်ဟု သိရ၏။ ကတ်ကြေး
ကိုက်ကား ဆွဲကြိုးဖြတ်သူများတည်း။

တစ်နေ့...

သန်လျင် ရန်ကုန် သီတာနှစ်ထပ်သင်္ဘောအသစ်များ နိုင်ငံခြား
မှရောက်ခါစ ပြေးဆွဲကာစ ဖြစ်သည်။

သင်္ဘောအသစ်များမို့ ခရီးသည်များက ဂုဏ်ယူဝင့်ကြွား အပ
အယက် စီးနေကြချိန်ဖြစ်သည်။ ရန်ကုန်မှ သန်လျင်သို့ ကျွန်တော်နှင့်
လေ့ကျောင်းဌာနမှ စာရေးကြီး ကိုသိန်း (အချို့က ဟင်နရီခေါင်းကြီး
ကို သိန်း ဟုခေါ်သည်) ယနေ့တော့ ကွယ်လွန်သွားခဲ့ပြီ။ ကျွန်တော်တို့နှစ်ဦး
လည်း သင်္ဘောစီးလက်မှတ်ယူပြီး သင်္ဘောပေါ်တက်ရန် ပွန်တော်
သင်္ဘောဆိပ်ဗောမှာ တန်းစီကြသည်။ အမျိုးသားရော အမျိုးသမီးရော
ရောနှောနေသည်။ အတန်းက နှစ်တန်းဖြစ်နေ၏။ ကိုသိန်းကား ခေါ်ပြ
လိပ်ကြီးကိုခဲ၊ ဟိုတုန်းက အစည်းအဝေးပွဲများမှာ လက်ဆောင်ပေး
လေ့ရှိသည့် ပတ္တူအိတ်ကြီးကိုဆွဲ၍ မတ်တတ်ရပ်ရင်း အမြဲစဉ်းစားနေ
ဝင်လေ့ရှိ၏။

ထိုစဉ် "ဆွဲကြိုးဖြတ်လို့"ဆိုသည့် အော်သံကြားလိုက်ရပြီး
ကျွန်တော်တို့အနားမှာ ရုတ်ရုတ်သဲသဲ ဖြစ်သွားသည်။ လူတွေကလည်း
ထိုအမျိုးသမီးထံ အာရုံရောက်ပြီး ဝိုင်းသွားကြသည်။ အမျိုးသမီးက
ငိုယို၍ သူ့နောက်မှာ စောစောက ရပ်နေသည့်လူကို ကျီးကန်းတောင်
မှောက်ခေါင်း လှည့်၍ ရှာသည်။

ခါးပိုက်နိုက်ဟု သိလိုက်သည်နှင့်တာဝန်ကျရဲများက ဂိတ်ပေါက်
ကို ပိတ်လိုက်ပြီး မသင်္ကာသူများကို ရှာတော့သည်။ မကြာခင် အဖြတ်ခံရ





သည့်အမျိုးသမီးက တန်းစီနေစဉ် သူ့နောက်မှာ ရှိနေခဲ့သူကိုတွေ့၍
အဖွဲ့ဝင်များ ပြောလိုက်သည်။

သည့်နောက် ရုံးခန်းမှာခေါ်၍ရှာသည်။ သည့်နောက် သင်္ဘော
ပေါ်ကို ခရီးသည်များ မတက်စေဘဲ အရေးပေါ်စောင့်ပေးကြပါရန် မေတ္တာ
ရပ်ခံသည်။

(ခါး)ဟု မသင်္ကာခံရသည့်သူကို ပိုက်စိပ်တိုက်၍ ရှာသော်လည်း
ခဲလွန်စမတွေ့။

သည့်နောက် ခရီးသည်များ အိတ်များကို မေတ္တာရပ်ခံပြီး
ရှာက်လှန်ရှာကြလေရာ ကံဆိုးချင်တော့ ကျွန်တော့်မိတ်ဆွေကြီး ဟင်နရီ
ကိုသိန်း၏ ပတ္တူအိတ်ထဲမှာ ငါးမူးသားခန့်ရှိသော ဆွဲကြိုးအပြတ်။

ခရီးသွားအချို့က ရိုက်မည့်နှက်မည်တကဲကဲလုပ်ကြသလို
အတ် သိသူများကလည်း ကိုသိန်းဘက်မှ ဝိုင်းကာသက်သေခံကြသည်။
သက် သေခံပစ္စည်းကို တွေ့နေပြီမို့ ကျွန်တော်တို့ ရုံးခန်းရောက်သွားပြီး
စစ် ဆေးခံရတော့သည့် တာဝန်ရှိသူများက ကိုသိန်းကို ရဲစခန်းပို့မည်
ဆုပ်ကြ သည်။

ကျွန်တော်တို့ သန်လျင်မြို့မှ ရာထူးကြီးကြီးပုဂ္ဂိုလ်တစ်ဦးက
ကိုသိန်းနှင့် အလွန်ရင်းနှီးသဖြင့် ကိုသိန်း၏ အကျင့်စာရိတ္တ ကောင်းမွန်
သားမှုကို ရဲရဲရင့်ရင့်အာမခံလိုက်သည်။ အခြား ဂုဏ်သရေရှိဝန်ထမ်း
များ (အသိများ)ကလည်း ဝိုင်းအာမခံကြလေရာ တာဝန်ရှိသူများကသူ၏
ဂုဏ်သိက္ခာအခြေအနေကို ပြန်စဉ်းစားကြတော့သည်။

ဒါနှင့်အတူ စောစောက ထိန်းသိမ်းထားသည့်လူရဲ့ လိပ်စာကို
ယူပြီး ဆိုင်ရာနယ်မြေရဲစခန်းသို့ ချက်ချင်း အကူအညီတောင်းလိုက်
သောအခါ။

မကြာခင် တယ်လီဖုန်း ဝင်လာသည်။

ခုမှပဲ အားလုံး သက်ပြင်းချနိုင်ကြတော့သည်။ စောစောက



www.burmeseclassic.com

www.burmeseclassic.com



ထိန်းသိမ်းထားခံရသည့် (အမျိုးသမီး ညွှန်ပြခဲ့သော) ပုဂ္ဂိုလ်ကား ရဲမှ
တမ်း အကြောင်းကြားချက်အရ ထောင်နှစ်ကြိမ်ကျဖူးထားသည်။ နာမည်
ကျော် (ခါး-ဖြတ်)တစ်ဦး ဖြစ်နေသောကြောင့်တည်း။ မကြာခင် ထို(ခါး
က ဝန်ခံမှုပြုတော့သည်။

ကိုယ်ကောင်းသော် ခေါင်မရွှေခိုပေမင့် အခု သူများမကောင်း
၍ ကိုသိန်း ဒုက္ခရောက်တော့မလို့။ သိက္ခာတော့အနည်းငယ် ထိခိုက်
သွားခဲ့ရသည်။ သို့ဖြစ်၍ သွားသတိ လာသတိရှိဖို့လိုသည်။ ယခု(ခါး)ကား
အခြေ အနေမကောင်းမှန်းသိသောအခါ သက်သေခံပစ္စည်းကို
ဖျောက်သည့် အနေနှင့် နီးရာလူ အိတ်ထဲသို့ ပစ္စည်းချထည့်ခဲ့ခြင်းဖြစ်
စာဖတ်သူများ သတိရှိကြကုန်။

❀ ❀ ❀

(၄)

ခါးပိုက်နှိုက်ရန် ကာကွယ်ရန်အတွက် အကောင်းဆုံးသောနည်း
များ ရှိပါသည်။

(တစ်) လူစည်ကားသည့် စျေးထဲမှာကိုယ်ပါ ဝင်မတိုးဝှေ့ရန်။

(နှစ်) လူကြပ်သည့်ကားများကိုစီးလျှင် ကိုယ့်ဝန်းကျင်မှ
သွား ကို မသိမသာ အကဲခတ်ရန်။

(သုံး) ဆွဲခြင်းနှင့် ကားပေါ်အလုအယက်တက်လျှင် ပိုက်ဆံ
တ်ကို ဆွဲခြင်းထဲမှာ မထည့်ထားရန်။

(လေး) ရုပ်ရှင်ဇာတ်ပွဲများ ကြည့်ကြလျှင် သူစိမ်းများ အသိဖွဲ့
ကျွေးမွေးသည့် အစားအစာများ အရည်များကို မသောက်ရန်။

(ငါး) လက်ဝတ်လက်စား ငွေကြေးနှင့် ပွဲခင်းထဲမှာ အိပ်မပျော်
အောင်နေကြပါရန်၊ ခရီးသွားလျှင် မိန်းမောတွေဝေခြင်း မဖြစ်ရန်၊
ဝန်းကျင်ကို ရောက်လာမည့် ကျားကျားမမ ခရီးသွားများကို
ပြုရန်၊ ကိုယ်တိုင်၌ကလည်း ကြွားဝါလို၍ ပစ္စည်းပြသည့် အနေ



www.burmeseclassic.com

www.burmeseclassic.com

အထားမျိုး မဖြစ်မိကြစေရန် အစဉ်သတိပြုကြရပေလိမ့်မည်။

အချို့ ခါးပိုက်နှိုက်နေမှန်းသိသည်၊ ကြောက်၍ ရှက်၍ မဖြေ

ကြ။ လူများလျှင် မကြောက်ပါနှင့်။ နီးရာလူကို အကူအညီတောင်

လူကောင်းသူကောင်းများသည် အပြစ်မဲ့သူကို ကူညီရိုင်းပင်း တတ်

ပါသည်။

နောက်ဆုံး အရေးကြုံလျှင် နီးရာမြန်မာနိုင်ငံ ရဲစခန်း

ရဲဝံ့စွာ ဖွင့်ပြော၍ အကူအညီ ရယူပါ။

ကြောက်၍ ရှက်၍ ငြိမ်ခံနေကြပါလျှင် ဒုစရိုက်သမားမျာ

ပို၍ အတင့်ရဲလာပါလိမ့်မည်။

မှုခင်းရောင်

၂၀၀၁ခုနှစ်–နှင်



www.burmeseclassic.com

www.burmeseclassic.com

# လက်ငင်းပေးဆပ်လိုက်ရသည့်အကြွေး

(၁)

မြို့နယ်ဆေးရုံကြီးမှ တာဝန်ရှိသူတစ်ဦးက ကျွန်တော်
ရဲစခန်းသို့ ဖုန်းလှမ်းဆက်သည်။ --- ဆေးရုံမှာ ပြင်းထန်သေ
မားဒဏ်ရာနှင့် အမျိုးသမီးလူနာတစ်ဦး အရေးပေါ်ရောက်ရှိလာကြော
ရဲစခန်းမှ လိုအပ်သလို အရေးယူဆောင်ရွက်နိုင်ရန်အတွက် အကြော
ကြားရပါကြောင်း ဆိုလာသဖြင့် ကျွန်တော်က မြို့နယ်ရဲတပ်ဖွဲ့မှ
အရေးပေါ်အစီရင်ခံကာ နယ်ထိန်း အဖွဲ့ခေါင်းဆောင် ဒုရဲအုပ်မြမော
နှင့် မှုခင်း တတ်ပုံ သတင်းထောက် ကိုချစ်ဖေကိုခေါ်၍ ဆေးရုံသို့
အမြန် လိုက်သွားလိုက်သည်။

ဆေးရုံရောက်တော့ မြင်လိုက်ရသည့်မြင်ကွင်းက စိတ်မချ
သာစရာပင်။ အသက် ၁၆နှစ်ခန့် အသားညိုညို လုံးကြီးပေါက်
မိန်းကလေးတစ်ဦး ရင်ဝမှာ ကြီးမားသောထိုးသွင်းဒဏ်ရာကြီးနှင့် သ





တစ်ချက် ရတစ်ချက်။ သတိရသည်နှင့် ထွန်းဝအောင်၊ ထွန်းဝအောင်
သော အမည်ကို အံကြိတ်၍ ညည်းနေရှာသည်။

ဆရာဝန်ကြီး၏ အရေးပေါ်စမ်းသပ်ဆုံးဖြတ်ချက်အရ လူနာ
ညဲအသည်းအသန် ကုသသည့်တိုင် ဆုံးရှုံးဖို့ ရာခိုင်နှုန်း(၈၀)မှာ ရှိနေပါ
ာဆိုသည်။

သို့နှင့် ကျွန်တော်က ရဲလုပ်ထုံးလုပ်နည်းအတိုင်း လူနာထံမှ
သတင်းစစ်ချက်ကို ရနိုင်သမျှ ယူရတော့သည်။

လူနာက နောက်ဆုံးအားယူ၍ ပြောသွားသောစကားအရ၊

သူမ . . . မျှစ်ချိုး။ ထွန်းဝအောင် . . . ရောက်လာ။ ရည်း
စကားပြော၊ အနိုင်အထက်ပြု၊ အော်ဟစ်၊ အချွန်နှင့်ထိုးသတ်။ ဤ
ကားအချို့ကိုသာ ပြောသွားနိုင်ခဲ့သည်။ ဆက်လက်၍ ဆရာဝန်ကြီးများ
အရေးပေါ်ခွဲစိတ်ခန်းမှာ လိုအပ်သလို ခွဲစိပ်ကုသခဲ့သည့်တိုင် ၂၄နာရီ
ပြည့်မီ သူမ ကွယ်လွန်သွားခဲ့သည်။

သူမရဲ့ အမည်က . . . အေးချမ်းဝေ၊ အသက် ၁၈နှစ်၊ အိမ်
ထောင်မရှိ . . . အပျို။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၂)

အေးချမ်းဝေ (ဘ)ဦးချစ်မောင်သည် . . . ရွာမှာနေသည်။ ဖခင်ဖြစ်သူ မျက်မမြင် ဒုက္ခိတ။ အေးချမ်းဝေက မိုးရာသီရောက်ရင် မျှစ် ချိုး၊ တောထဲမှ ဟင်းရွက်ဟင်းသီးလေးရှာ၊ ရွာထဲနှင့် မြို့ဈေးသို့လည်း ရောင်း၊ နွေရောက်ရင် ပန်းရံဆိုင်းမှာဝင်လုပ်၊ ပျိုးနှုတ်ကောက်စိုက်လည်း တော်သည်။ လူချစ်လူခင်လည်း ပေါသည်။ ဆင်းရဲပေမယ့် လူရာဝင်သည်။

သူမကို တစ်ဖက်သတ် ကြိုက်နေသူမှာ ထွန်းဝအောင်။ သူက အရက်သမား၊ ဖဲသမား၊ လူပေလူတေ၊ အေးချမ်းဝေကို မကြာခဏ ရည်းစားစကားလိုက်ပြောသည်။ အေးချမ်းဝေက သူ့အကြောင်းသိ၍ ပထမ လိမ္မာစွာ ငြင်းဆန်လေ့ရှိသည်။ ထွန်းဝအောင်က လူရှေ့သူရှေ့ အလှူမင်္ဂလာမှအစ ရဲတင်းစွာ အနှောင့်အယှက်ပေးလာတော့အေးချမ်းဝေ က ပက်ပက်စက်စက် မဟုတ်သည့်တိုင် နာလောက်အောင်တော့ ပြောခဲ့ သည်။

သို့နှင့် ဝါဆိုလဆန်း ၄ရက်၊ နံနက်မှာ အေးချမ်းဝေက အဖော် များနှင့် တောထဲမှာ မျှစ်သွားချိုးကြသည်။ မကြာခင် လူစုကွဲသွားသည်။ သည်မှာတင် နောက်ယောင်ခံအလစ်ချောင်းနေသည့် ထွန်းဝအောင်နှင့် ကြုံကာ ၎င်း၏ လိုအင်ဆန္ဒမပြည့်ဝသဖြင့် ရက်ရက်စက်စက် အသတ်ခံ





ရခြင်း ဖြစ်သည်။ ဒါတောင် မျှစ်ချိုးဖော်များက အချိန်မီတွေ့လိုက် ပြီး နို့မို့သဲလွန်စတောင် ရဖို့ခက်မည်။

သို့နှင့် ထွန်းဝအောင်ကိုဖမ်းဖို့ နယ်ထိန်းအဖွဲ့ကိုခေါ်ကာ . . သို့ ချက်ချင်းလိုက်လာခဲ့လိုက်သည်။

သို့သော် ကြားရသည့်သတင်းအရ ထွန်းဝအောင်မှာ ၎င်း ထိုင် နေသည့်အိမ်သို့ ပြန်လာပြီး လွယ်အိတ်တစ်လုံးထဲသို့ အဝတ် အစားအချို့ ထည့်ကာ ခရီးသွားစရာရှိသည်ဆိုပြီး လွှင့်ခဲ့သည့် ၃နာရီ ကျော်ကျော်ခန့် က ထွက်သွားပြီဖြစ်ကြောင်း - သူ့အဒေါ် ဒေါ်ချစ်မြက ပြောပြသည်။

ထွန်းဝအောင်၏ အပေါင်းအသင်းများဖြစ်သော ချက်ကြီး၊ အောင်မြင့်နှင့် စိန်ကုလားတို့ကို ခေါ်မေးတော့ သူ့အမျိုးများရှိရာသို့ သွားမလိုလို၊ ဒဂုံမှာ ကန်ထရိုက်အလုပ် သွားလုပ်မလိုလို ပြောသွား ကြောင်း သိရသည်။

၃နာရီကျော်ကျော်ဆိုသည့်အချိန်သည် နေ့မကူးသေးပေ။ထွန်း ဝအောင်တစ်ယောက် ဝေးဝေးသို့ မပြေးနိုင်သေး။ သို့နှင့် ထွက်ပေါက် ထွက်ပြေးလမ်း မှန်သမျှကို အရေးပေါ်ပိတ်ဆို့ရှာဖွေရန် တာဝန်များခွဲဝေပေး လိုက်သည်။

အချို့ကို သန်လျင်-ရန်ကုန်ကားဂိတ်။

အချို့ကို သီတာသင်္ဘောဆိပ်။

• အချို့ကို ကျောက်တန်း-ပန်းတောသွားသည့်ရေဆိပ်။

အချို့ကို သုံးခွနှင့်ခရမ်းသွားသည့် ဂိတ်ပေါင်းများရှိရာသို့ စေ စပ်စပ်ကြည့်၍ စစ်ဆေးရှာဖွေရန် တာဝန်ပေးအပ်လိုက်သည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၃)

အခင်းဖြစ်ပွားရာသို့ သွားရောက်ကြည့်ရှုတော့ သေွးများ
ထွန်း၍ လူးလွန့်ထားသည့် အခြေအနေကို မြင်တွေ့ရသည်။ မှ
အကျီကြယ်သီးတံ ပြုတ်ကျနေသည်ကို သက်သေခံအဖြစ် တွေ့ရှိခဲ့ရ
လို ဆေးတံတစ်ချောင်းကိုလည်း တွေ့ရသည်။ ဆေးတံအိုး၏ အောက်
မှာ ငွေပြားကပ်ထားသည်။ ဖိနပ်မပါသော ယောကျ်ားခြေရာနှင့် မိ
ခြေရာများလည်း တွေ့ရသည်။ သက်သေခံပစ္စည်းများကို အရပ်လူ
များ ရှေ့မှောက်၌ပင် ရှာဖွေပုံစံနှင့် စနစ်တကျ ရေးသွင်းသိမ်းဆည်
လိုအပ်သလို မှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ယူခဲ့ကြသည်။ (နောက်ပို
သုံးသပ်စမ်းကြည့်တော့ ၎င်းဆေးတံသည် လူသတ်သမားထွန်းဝအော
စတိုင်လ်လုပ်သည့် ဆေးတံဟုသိရသည်)

ရဲတပ်ဖွဲ့ဝင်များ၏ လုံ့လကြောင့် လူသတ်တရားခံရှိရာ အရ
ကို ကျွန်တော်တို့ စုံစမ်းသိရှိခဲ့ရသည်။ ထွန်းဝအောင် လဟာမွေ
ကျေးရွာမှာ ရောက်နေသည်တဲ့။ ကျွန်တော် လဟာမွေးကျေးရွာသို
အားချင်းချီတက် ခဲ့ကြသည်။ လဟာမွေးရွာမှာ ရေဆိပ်ရှိသည်
သူ၏အမျိုးတွေလည်း အဲ ဒီရွာမှာ ရှိသည်ဟုသိရသည်။ မဟုတ်မှလွဲ





ဆွေမျိုးများထံမှ အကူ အညီရယူပြီး မော်တော်နှင့် လှေကိုအသုံးပြု၍ တိမ်းရှောင်ရန် ကြံစည်ခြင်း လည်း ဖြစ်နိုင်သည်။

မြို့တွင်းလမ်းကြောင်းကို အသုံးပြု၍ ထွန်းဝအောင် သွားရဲလိမ့်မည်မဟုတ်။ သို့နှင့် လဟာယက်၊ ဒေးဇတ်၊ ကုလားဝဲစသည့် ရေလမ်းဆိပ် မှထွက်သည့် မော်တော်ပဲ့ထောင်နှင့် ငါးဖမ်းလှေများကို ရေလမ်းမှဖြတ်၍ စစ်ဆေးနိုင်းနိုင်ရန် ပဲခူးမြစ်ရောင်းမှ ပိတ်ဆို့ရှာဖွေဖို့ မှိုင်တူစီမံခန့်ခွဲ လိုက်သည်။

ကျေးရွာဥက္ကဋ္ဌနှင့် တွေ့ဆုံ၍ အကူအညီတောင်းခံပြီး ထွန်းဝအောင်၏ အမျိုးများအမည်ကို ပြောပြလိုက်တော့ ရွာအစွန် ဘုန်းကြီးကျောင်း တောင်ဘက်ကွင်းထဲမှာနေသည့် သူ့အစ်မ မသိန်းရှင် နေထိုင်ရာအိမ်သို့ ကျေးရွာ ဥက္ကဋ္ဌနှင့်အဖွဲ့က လိုက်ပို့ပေးခဲ့သည်။

ကျေးရွာဥက္ကဋ္ဌနှင့် ရဲဝန်ထမ်းများကို ရုတ်တရက် မြင်မတွေ့လိုက်သောအခါ အသက် ၃၀ကျော်ခန့်ရှိသော လယ်သူမကြီး ဒေါ်သိန်းရှင်လည်း လန့်ဖြန့်တုန်လှုပ်သွားခဲ့၏။

"သိန်းရှင်...ရဲစခန်းက ဆရာတွေလာတယ်၊ နင့်ကို မေးစရာရှိလို့တဲ့၊ အဲဒါ နင်အမှန်အတိုင်းပြောလိုက်တော့"

"ဟုတ်...ဟုတ်...ကဲ....ရှင့်"

ထွန်းဝအောင်၏အစ်မကို ကျွန်တော်ကပဲ စတင်၍ မေးလိုက်၏။

"အစ်မကြီးနဲ့ ထွန်းဝအောင် ဘာတော်ပါသလဲ"

"မောင်...မောင်...နှမပါရှင်"

"သူ ဒီကို ဘယ်အချိန်ရောက်လာသလဲ"

"နေ့လည် ၁နာရီလောက်မှာ ရောက်လာပါတယ်"

"ခု...သူဘယ်သွားလဲ"

"ကျွန်မဆီက ငွေနှစ်ထောင်တောင်းပြီး ထွက်သွားတာ ၁နာရီတက်လောက်ရှိ...ရှိပါပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဘက်ကို ထွက်သွားသလဲ အစ်မကြီး"

"ဒါ...ဒါတော့ မသိပါ ရှင့်"

နာရီဝက်...ဒါဆို ထွန်းဝအောင် ဒီရွာဝန်းကျင်မှာပဲ ရှိ
သေးသည်။ ဘယ်လိုနေရာမျိုးမှာ ရှိနိုင်မလဲ...စဉ်းစားလိုက်သည်
အရက်ဆိုင်၊ ကြက်ဝိုင်း၊ ဒီလိုနေရာမျိုးမှာ ရှာနိုင်သည်။ ဟုတ်ပြီ။

"ဥက္ကဋ္ဌ ရွာမှာ အရက်ဆိုင်ရှိသလား"

"ရှိပါတယ် ဆရာ၊ ရွာမြောက်ဖျားမှာပါ၊ လိုင်စင်စီ ဆိုင်ပါ"

"လာဗျာ...ကျွန်တော်တို့ အဲဒီကိုသွားရအောင်"

♛ ♛ ♛

(၅)

ကျွန်တော်တို့...ရွာထဲသို့ ရောက်သည့်သတင်းသည် အိမ်
ခြေတစ်ရာကျော်ခန့်ရှိသည့် ရွာထဲမှာ ချက်ချင်းပျံ့သွားမှန်းသိသာသည်။
ဟိုက ဒီက စူးစမ်းသလို ထွက်၍ ကြည့်ကြသည်။ လိုင်စင်စီအရက်ဆိုင်
သို့ ရောက်ခါနီးမှာပင် ဆိုင်ဘေးပေါက်မှ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်း
ထားသည့် တုတ်တုတ်ခိုင်ခိုင် လူတစ်ဦး ခပ်သုတ်သုတ်ထွက်သွားသည်
ကို တွေ့လိုက်ရ၏။ ခက်သည်ကား ထွန်းဝအောင်ဆိုသည့် တရားခံကို
ကျွန်တော်က တစ်ခါမှ မမြင်ဖူး။ သို့နှင့်...။

"ဟေ့ကောင်...ထွန်းဝအောင်"

ရှေ့ကိုက် ၅၀ခန့်မှ မပြေးရုံတမယ်သွားနေသည့် ဦးထုပ်ငိုက်
နှင့် လူကို ခပ်တည်တည်ဖြင့် လှမ်းခေါ်လိုက်သောအခါ ထိုလူက ဖြုန်း
ခနဲလှည့်ကြည့်လိုက်ပြီး လွယ်အိတ်ကို စလွယ်သိုင်းကာ လေ့ဆိပ်
ကောင်ဘက် ကမ်းပါးစွန်းရှိရာသို့ ထွက်ပြေးတော့သည်။

ထိုစဉ် အကင်းပါးသည့် နယ်ထိန်းအရာရှိ ဒုရဲအုပ်မြမောင်က
အရက်ဆိုင်ထဲသို့ ရုတ်ချည်းဝင်၍ စုံစမ်းလိုက်ရာ ထွက်ပြေးသွားသူမှာ
ထွန်းဝအောင် ဖြစ်မှန်းသိရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ထွန်းဝအောင် . . . ရုပ်လိုက်"

ထွန်းဝအောင်က မရပ်။ ပြေးနှုန်းကို မြှင့်လိုက်သည်။ ရွာလယ် [illegible] မှသည် ရေဝပ်နေသော လယ်ကွက်များကို ဖြတ်၍ပြေးသည်။ ကျွန်တော် [illegible] အားလုံးမှာ တောစီးဖိနပ်များနှင့်ဖြစ်၍ အပြေးနှုန်းမြှင့်တင်နိုင်ရာ အ [illegible] ပြိုင်သလိုဖြစ်နေ၏။ သို့နှင့်ရေထဲမှပင် စွတ်နင်းရင်း အပြေးလိုက်ရသည် [illegible] ရှေ့မှာ မြစ်ခံနေသည်။ ထွန်းဝအောင်အဖို့ ပြေးပေါက်မရှိနိုင်။

"ထွန်းဝအောင် . . . မပြေးနဲ့နော် . . . ပစ်လိုက်မယ် . . ရပ် [illegible]

ရဲဘော်များက အော်ရင်းလိုက်ရင်း ရိုင်ဖယ်ကိုမြှောက်၍ သ [illegible] ပေးကြသည်။ မိမိတို့အဖွဲ့နှင့် တရားခံသည် ကိုက် ၅၀ခန့်သာ ကွာ [illegible] သည်။ ထိုစဉ် ထွန်းဝအောင်က မမျှော်လင့်သော စွန့်စားမှုတစ်ခု [illegible] ပြုလုပ်လိုက်သည်။

သူသည် မြစ်ကမ်းပါးစွန်းသို့ ရောက်သောအခါ ပုဆိုးကို တို [illegible] ပြင်ဝတ်လိုက်ပြီး ရုတ်တရက် မြစ်ထဲသို့ ခုန်ချလိုက်သည်။

"အား . . ."

ကျွန်တော်တို့ မျက်စိအောက်မှာပင် သူမြင်ကွင်းက ရုတ်ချည်း [illegible] ပျောက်သွားခဲ့သော်လည်း ဟိုးအကွယ်အောက်ဆီမှ ကြယ်သီးထွ [illegible]



မြင်လိုက်ရသည့် မြင်ကွင်းကား အမှုသမား လူသတ်ကောင် [illegible] န်းဝအောင်မှာ မြစ်ကမ်းပါးမှ ရေထဲသို့ခုန်ချလိုက်စဉ် ရေစပ်၌ လှေချည် [illegible] တ်တိုင်များ အစီအရီရှိနေသည်ကို သတိမထားမိ၍ အဖြစ်ဆိုးနှင့် [illegible] ဆုံရ တော့၏။

တစ်ခုသော လှေချည်ငုတ်တိုင်ပေါ်သို့ အရှိန်ဖြင့် ထိုင်ရက်ကျ [illegible] သွားခဲ့ရာ သစ်သားငုတ်တိုင်အချွန်က ထွန်းဝအောင်၏ ကိုယ်ကို တံစို့ထိုး [illegible] သလို ဖြစ်သွားခဲ့၏။


မကောင်းမှုပြုသူအတွက် မကောင်းမှုအကျိုးပေးခြင်းက သူ့ [illegible] များကို သူကိုယ်တိုင်စီရင်သွားခြင်းဖြစ်သည်။ ရာဇဝတ်ဘေး ပြေးမ [illegible] ွတ် ဆိုသည်မှာ ဥပဒေအရသာမဟုတ်ဘဲ မကောင်းမှု၏ ဒဏ်ခတ်မှု [illegible] လည်း အပါအဝင်ဖြစ်သည်ကို သတိထားမိလိုက်ရတော့သည်။

**တကယ့်ဖြစ်ရပ်မှန်**

**၂၀၀၂ခုနှစ်– အောက်တိုဘာ**

www.burmeseclassic.com

www.burmeseclassic.com



# မြေကြီးပေါ်ကျမှာစိုးရသည့်မျက်ရည်

ဘုရားကုန်းလမ်းဆုံရှိ မောင်သန်လျင် ထမင်းဆိုင်မှ ထမင်းဟင်း လက်ဖက်ရည်တစ်ခွက်ကို စိတ်လိုလက်ရ အောင်ငြိမ်းချမ်း သောက်နေ က်သည်။ သူသည် ကကအငှားတွားမောင်းသူတစ်ဦး ဖြစ်သည်။ ရရင်တော့ ဒီနေ့တစ်မနက်လုံး ကားဆွဲလို့မကောင်း။ ခါတိုင်းနေ့များ မွန်းတည့်ချိန် ရောက်လျှင် အိတ်ထဲငွေငါးထောင် ကျပ်ခန့်ဝင်ပြီးပြီ။ က်တော့ ကျောက်တန်းပါဒကြီးခရီးစဉ်တစ်ခု လိုက်ပို့လို့ ငွေ ထောင့်သုံးရာပဲ ရသေးသည်။

အုံနာခပေးရမည့် ထောင်ငါးရာတောင် မပေါ်သေး။ ဓာတ်ဆီဖိုး အိတ်စိုက်၊ ပါဒကြီးက ပြန်လာတော့လည်း ခါလီ။

"အင်း . . . ဘုရားကုန်းမှာ လူရရင် သိပ်ကောင်းမှာပဲ"

သို့ကာလိုတွေးရင်း လက်ကျန်လက်ဖက်ရည်ကိုမော့သောက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



နောက် ထမင်းဖိုးကိုပါ သုံးရာ့ရှစ်ဆယ်ကျပ် ထွက်သွားသည်။ မလွယ်
ကလား။

ခရီးသည် ရလိုရငြားစောင့်နေရသော်လည်း ခရီးသွားများ
လိုင်း ကားများကိုပဲ စီးကြသည်။ မထူးပြီမို့ ထုံးစံအတိုင်း သန်လျ
မြေဂိတ်မှာ ပဲ ဂိတ်ထိုးတော့မည်ဟု ဆုံးဖြတ်ကာ သူ့ကားကို မောင်း
လိုက်သည်။

ကျိုက်ခေါက်ဘုရားရှေ့ကိုဖြတ်၍ မင်းလှကန်ကိုကျော်ပြီးသော
အခါ အရှေ့ဘက်လမ်းကြားထဲမှာ လူတစ်ယောက်အမောတကော ထွ
လာပြီး ဇနီးကြီးသုတ်ပြာနှင့်လက်ပြ၍ ကားကိုတားလိုက်သည်။ သူဝမ်း
သွားသည်။ ခရီးသည်က ဟမ်းဘက်အိတ်အညိုကို စလွယ်သိုင်းလွယ်
ကားနားသို့ကပ်လာသည်။

"ဘယ်သွားမှာလဲဆရာ"

"ရန်ကုန် သာကေတ၊ ရွှခင်းသာတင်ပဲ ဘယ်လောက်
မလဲ"

"တစ်ထောင့်ငါးရာပါပဲ ဆရာ"

"များလှချည်လားဗျာ"

"ဒါပုံမှန်ဈေးပါ ဆရာရယ်"

"ကဲဗျာ၊ ငိုပြမနေပါနဲ့တော့ သွားမယ်"

သူက ကားရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက်တော့ ခရီးသည်
ခေါင်းငုံ့၍ ကားကူရှင်ပေါ်သို့တက်ထိုင်လိုက်သည်။ ခရီးသည် လွယ်
သည့်လွယ်အိတ်က နောက်ကျောဘက်မှလျှော၍ ရှေ့သို့ကျလာသ
ရုတ်တရက် လှမ်းကြည့်လိုက်တော့ ကွမ်းတံတွေးကဲ့သို့ နီရဲသောအ
အချို့ကခရီးသည်ရဲ့ကျောဘက် ဝန်းကျင်မှာ စွန်းထင်ပေကျံသွားခဲ့သ
ဒါကို ခရီးသည်က မသိ။

"မြန်မြန်မောင်းပါဗျာ၊ (၁)နာရီအရောက် ချိန်းထားလို့ပါ





အောင်ငြိမ်းချမ်း ဘာမှ ပြန်မပြောဘဲ ကားလီဗာကို ဖြည်းဖြည်း
း နင်းလိုက်၏။ ကားက အရှိန်ရလာသောအခါ ခွာကောင်းသည့်မြင်း
ကောင်လို အသားကျပြေးတော့သည်။ မောင်းနေရင်း နာမည်ကျော်
ရက်ပင်မောင်နှမ နတ်ကွန်းအနီးသို့ရောက်သောအခါ နှာခေါင်းထဲမှာ
စို့အနံ့တစ်မျိုးကို ရရှိလာသည်။ အောင်ငြိမ်းချမ်း ကျောနည်းနည်း
း သွားခဲ့၏။ သည်နေရာကား အလွန်ကြမ်းသည့် နတ်မောင်နှမရှိသည်
လူတွေပြောနေကြသည်။ သိုက်နန်းဟု လူပြောများ၍ ကားသမား
ဆက်ဆက် ယုံကြည်ကိုးစားကြသည့် နေရာရယ်။ အညီအဟောက်
းစိမ်းငါးစိမ်း အနံ့ဆိုလျှင် မကြိုက်ကြ။

ကားမောင်းပေမယ့် သူက မိစ္ဆာမကောင်းဆိုးဝါး စသည်တို့ကို
ော့ကြောက်သည်။ ဒါကြောင့် ညဉ့်နက်လျှင် ခရီးဝေးဆိုသိပ်မလိုက်။
ဆွဲ ယင်ကောင်အချို့က သူ့နှာခေါင်းပေါ်သို့ လာနားသဖြင့် ကားမောင်း
င်းမှ စိတ်တိုစွာဖြင့် ဦးခေါင်းကို ဝှေ့ယမ်းပစ်လိုက်သည်။ ဘာမျှ
ကြာလိုက်။ ယင်ကောင်လေးငါးကောင်မှသည် ဆယ်ကောင်ခန့်အထိ
းခေါင်းခန်းသို့ ရောက်ရှိလာနားကြတော့သည်။

ဘာကြောင့်ပါလိမ့်။ အရင်ဒီလိုမဟုတ်။ ဧကန္တ ခရီးသည်ရဲ့
တ် ထဲမှာ သားစိမ်းငါးစိမ်း(သို့) ပုပ်လွယ်သည့်ပစ္စည်းများ ပါနေလေ
သလား။ သို့သော် အပုပ်နံ့ကတော့မရ။

သူက စဉ်းစားရင်းမှ ခရီးသည်ကို စောင်းငဲ့၍ကြည့်လိုက်သည်။
သည်၏အသက်က အသက်(၄၀)ဝန်းကျင်ခန့်ရှိမည်။ အသားညိုညို
တ်တုတ်ခိုင်ခိုင် ရုပ်ဖြောင့်ဖြောင့်။ ဂျင်းဘောင်းဘီရှည်နှင့်ရှပ်ပန်းနုရောင်
က်တိုတို့ကို ဝတ်ထားသည်။ မျက်နှာပေါ်မှာတော့ ခပ်ပါးပါးကန့်လန့်
တ်အမာရွတ်တစ်ခုက နှာခေါင်းနှင့် ဘယ်ဘက်ပါးကို ၄လက်မခန့်ဆက်
ွယ်လို့။

ခရီးသည်က စီးကရက်ကို ခပ်ကြမ်းကြမ်းဖွာရင်းမှ မကြ ခဏ



www.burmeseclassic.com

www.burmeseclassic.com



နောက်သို့ လှည့်လှည့်ကြည့်သလို လုပ်နေသည်။ ကားခေါင်းခန်း လုံးသည် သူ့စီးကရက်မီးခိုးနှင့် မှိုင်းရိပ်ထင်နေသည်။

သည့်တင် လွယ်ထားသည့် သူ့အိတ်မှ စိုရွှဲနေ အရည်အစက် အချို့သည် အိတ်ကိုဖောက်၍ ကားခြေနင်းခုံ တစ်စက်ချင်း ကျနေသည်။ "ဘာတွေလဲ ဆရာ...ကျုပ် ကား ခန်းတော့ ပေကုန်ပါပြီဗျာ"

"အမဲသားပါဗျ၊ လက်ဆောင်ပေးလိုက်လို့ပါ၊ အိတ်ပေါ ထင်ပါရဲ့"

"ဒါဆိုလဲ ရော့ဗျာ၊ ဒီမှာ အိတ်တစ်လုံးရှိနေတယ်၊ ပြော လိုက်ပါ ဗျာ၊ နို့မို့ ကျုပ်ကား ညစ်ပတ်ကုန်ပါ့မယ်"

သို့ကလိုပြောလိုက်တော့ ခရီးသည်က သူ့အား လှ ကော ဆိုသည့်အကြည့်နှင့် ဘုကြည့်ကြည့်လိုက်ပြီး လှမ်းပေးလိုက် ကျွတ် ကျွတ်အိတ်အိတ်ကို ဖတ်ခနဲလှမ်းယူကာ အထဲမှပစ္စည်း မထုတ်ဘဲ အပြင်မှနေ၍ အိတ်ကိုစွပ်လိုက်သည်။ သည့်နောက် ကျွန် မမြင်စေချင်လို့ပင် သူ့ ဘယ်ဘက်အခြမ်းမှာ ကပ်ချထားလိုက်သ

ယင်ကောင်များက အစက်များပေါ်သို့လည်းကောင်း၊ အိတ် သို့ လည်းကောင်း၊ မကြာခဏနားသည်ကို သတိပြုမိလာသော အောင်ငြိမ်းချမ်း ကားမောင်းရင်းမှ ခရီးသည်ကို အကဲခတ်လိုက်သ သူ့ပုံစံ က အလွန်စိတ်စောနေသည့်ပုံရ၏။ နောက်ကိုချည်း လှည့်ကြ ကြည့်နေသည်။ တစ်ခါ တစ်ရံ ကားရှေ့မှန်မှလည်း စူးစမ်းသ ကြည့်နေသည်။ ပြီးနောက် နာရီကို ငုံ့ကြည့်ရင်း

"မြန်မြန်မောင်းလို့ မရဘူးလားဗျာ၊ ချိန်းထားတဲ့အချိန်မမီ စိုးလို့ပါ"

"ဒါ ပုံမှန်နှုန်းပဲဆရာရေ့..မိုးကလဲရွာထားပြီးခါစမို့ပါ၊ ဒီအ မှာ အမြန်မောင်းရင် ကားစလစ်ဖြစ်ပြီး ဒုက္ခပေးမှာစိုးလို့ပါဗျာ"





"ပိုက်ဆံ ပိုပေးပါ့မယ်ဗျာ၊ မြန်မြန်သာမောင်းပေးပါ"

သူ သိပ်ဆန္ဒစောနေသည်။ ဘာတွေများ အရေးကြီးနေပါလိမ့်၊ လိုပြောရင်းမှလည်း၊ လက်ကိုင်ပုဝါကိုထုတ်၍ သူ့ကုပ်ပိုးနှင့် မျက်နှာ ပ်ကြမ်းကြမ်းသုတ်နေ၏။ ကားခေါင်းထဲသို့ မကြုံစဖူးယင်ကောင်များ င်များလာသောအခါ သူ့ဘယ်ဘက်ခြမ်းမှ မှန်ကို အလုံပိတ်ပစ် သည်၊ ကြာတော့ ကားသာမောင်းနေရသည်။ ဒီလူရဲ့ အပြောအဆို အမူများကို မသင်္ကာချင်သလိုဖြစ်၍ ကျောထဲမှာစိမ့်လာခဲ့သည်။

အောင်ချမ်းသာဂိတ်သို့ ရောက်သောအခါ အောင်ငြိမ်းချမ်းက ကို လမ်းဘေးချ၍ ရပ်လိုက်သည်၊ သည်အပြုအမူကြောင့် ခရီးသည် သူက မျက်လုံးပြူး မျက်ဆံပြူးနှင့်-

"ဘာ...ဘာဖြစ်လို့...ခင်ဗျား ကားကို ရပ်လိုက်ရတာ လဲ"

"ကွမ်းစားချင်လို့ပါဗျ ခဏလေးပါ"

"ဟာဗျာ၊ ခင်ဗျားကလဲ၊ အချိန်မီရောက်ချင်လို့ပါဆိုမှ သွားပါ တောက်"

ခရီးသည်က ခြူသံပါအောင်ငြီးရင်း သူ့ပေါင်ကို သူထုနေတော့ ည်။ အောင်ငြိမ်းချမ်း ကားတံခါးကိုဖွင့်ဆင်းပြီး သူစားနေကျဖောက်သည် သောင်းညွှန့်ဦး ကွမ်းယာဆိုင်မှ ကွမ်းယာ၅၀ကျပ်ဖိုး မှာယူရင်း ယာ နေသည့် ကိုသောင်းညွှန့်ဦးကို စကားနည်းနည်း ပြောလိုက် ည်။ ကွမ်းယာရောင်းသူက သူ့စကားကို ဂရုတစိုက်နားစွင့်ရင်း င်းကိုညိတ်လိုက်သည်။

သည့်နောက် ကွမ်းယာထုပ်ကိုယူကာ သူ့ကားရှိရာသို့ ပြန်လာခဲ့ ကားကိုမိုင်နှုန်းမြှင့်၍ မောင်းလိုက်သည်။

"စားပါဦးလားဆရာ"

"မစားဘူးဗျာ၊ မြန်မြန်သာမောင်းပါ"

"စိတ်ချပါ ဆရာရယ်၊ ကိုင်း"



www.burmeseclassic.com

www.burmeseclassic.com



အောင်ငြိမ်းချမ်း ကားလီဗာကို နှင်းလိုက်သည်။ တစ် (၃၀) နှုန်းမှ (၄၀)နှုန်းသို့ ထိုးတက်သွားသည့်ကားသည် လေထုကို ၍ ရှေ့မှကားများကို ဟွန်းသံပေးရင်း တဝီဝီနှင့် ကျော်တက်လိုက်

ခရီးသည်က လက်ဖျောက်တီးပြီး အရမ်းသဘောကျသွား

(၁၀)မိနစ်ခန့် ကြာသောအခါ မိမိကားရှေ့မှပိတ်၍ ဖောင်းဝတ်အချို့က ကားကိုလက်ပြ၍ ရပ်ခိုင်းနေ၏။ အောင်ငြိမ် ဘရိတ်ကို လျှော့ချလိုက်သည်။

"မလျှော့နဲ့...မရပ်နဲ့ဗျ၊ ဆက်မောင်း...ဆက်မောင်းပါ ကျုပ်တို့နဲ့ ဘာဆိုင်လို့လဲ"

ခရီးသည်က အလောတကြီးအော်သည်ကို ဂရုမစိုက်ဘဲ ကားကို လမ်းနဘေးသို့ ဆွဲချ၍ ရပ်လိုက်သည်။ ဒုရဲအုပ်တစ်ဦး အဝင် ရဲသားငါးယောက်နှင့် လွယ်အိတ်လွယ်ထားသော အရပ်ဝတ် အသက်ခပ်ကြီးကြီး လူအချို့က သူတို့ကားကို ပတ်ဝိုင်းထား လိုက် သည်။

"ဘာကိစ္စကြောင့်ပါလဲ ခင်ဗျာ"

"ကျွန်တော်တို့ သတင်းပေးတိုင်ချက်အရ ခင်ဗျားကား ရှာဖွေ စစ်ဆေးချင်လို့ပါ"

"ခင်ဗျာ...ရှာချင်သလို...ရှာပါခင်ဗျာ...ရှာပါ. ရှာပါ

အောင်ငြိမ်းချမ်းက ကားတံခါးကိုဖွင့်၍ ဆင်းပေးလိုက်သည် ထိုအချိန်မှာပင် ကားထဲမှ ယင်ကောင်များက ရုတ်ခနဲ ထပျံကြ အဖွဲ့ ခေါင်းဆောင် ဒုရဲအုပ်က အထဲမှခရီးသည်ကို စေ့စေ့စပ်စပ်အကဲခတ် စိုက်ကြည့်လိုက်ပြီး–

"ခင်ဗျား ဘယ်သွားမှာလဲ"

"ရန်ကုန်သာကေတ၊ ရွှင်းသာကိုပါ"

"ဒါ ခင်ဗျားအိတ်လား"





"အဲ...အဲ...ဒါ...ဒါ...ဟို...ဟို"

ခရီးသည်က ဝေ့လည်ကြောင်ပတ်လုပ်နေသဖြင့် အောင်ငြိမ်း က ဝင်၍ပြောလိုက်သည်။

"ဆရာ...ဒီခရီးသည်ရဲ့ အိတ်အစစ်အမှန်ပါခင်ဗျာ"

"ကျုပ်တို့ အဲဒီအိတ်ကို ကြည့်ချင်တယ်၊ ကျေးဇူးပြုပြီး ခင်ဗျား င်ကိုခဏထွက်လိုက်ပါ မိတ်ဆွေ"

"ဗျာ...ဒါ...ဒါ...ဟို...ဟို အမဲသားတွေပါ ခင်ဗျာ"

"ဟုတ်ပြီလေ အမဲသားဆိုရင်လဲ ဟုတ်မဟုတ် ကြည့်ချင်ပါ း ကျွန်တော်တို့က သတင်းအရ မသင်္ကာလို့ ရှာရတာပါ၊ မှန်ရင် ဘာပြောစရာရှိလို့လဲဗျာ၊ ကဲ...ပြ"

ဒုရဲအုပ်က မျက်နှာထားတင်းတင်းနှင့် ပြောလိုက်သောအခါ သည်မှာ ချွေးသီးချွေးပေါက်များ မျက်နှာ၌ စို့တက်လာရင်း တုန်ယင် လက်အစုံနှင့် သူ့ဟမ်းဘက်အိတ်ဇစ်ကို ဖွင့်ပြလိုက်ရာ–

"ဟာ"

ဝိုင်းကြည့်နေသည့် အောင်ငြိမ်းချမ်းနှင့် ဒုရဲအုပ်အပါအဝင် ကြီးအချို့နှင့် ရဲသားများပါ မြင်လိုက်ရသည့်မြင်ကွင်းကား ရွှေလက် ကက်နှင့် လက်စွပ်များပါသည့် အဝတ်စတစ်ခုဖြစ်သည်။ အဝတ်စတွင် များ က ရွှဲရွှဲစိုနေသည်။ သည်တင့် ခရီးသည်က ထွက်ပြေးရန် ပြင်လိုက်စဉ် မှာပင် ဒုရဲအုပ်က ခြောက်လုံးပြူးသေနတ်ကို ဖျတ်ခနဲ ထုတ်ရင်း သူ့ နဘေးကို လှမ်းထောက်သည်။

တစ်ဆက်တည်းပင် ရဲတပ်ကြပ်ကြီးတစ်ဦးက စတီးလ်လက်ထိပ် ခရီးသည်ရဲ့ လက်တစ်ဖက်ကို ဖျောက်ခနဲခတ်လိုက်ရာ ခရီးသည်မှာ လိုးတန်းလန်းနှင့် ပြေးမရတော့ဘဲ ခေါင်းငိုက်စိုက်ကျသွားတော့သည်။ ာင်ငြိမ်းချမ်းက မမျှော်လင့်ဘဲ တွေ့လိုက်ရသည့်မြင်ကွင်းကြောင့် တွေတုန်ကာ စကားမျှပင် မဟနိုင်တော့။



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးထဲမှာ ရွှေရောင်တဝင်းဝင်းနှင့် သွေးများပေနစ်ေ အဲ့ဝတ်စုံတစ်ခု။

"ဒီက မိတ်ဆွေကြီးရဲ့ အမည်က ဘယ်လိုခေါ်ပါသလဲ ခင်

ကျွန်တော့်နာမည် အောင်ငြိမ်းချမ်းပါဆရာ၊ ဒီမှာ အမျိုး မှတ်ပုံတင်ကဒ်ပါ"

"အလုပ်အကိုင်က အငှားယာဉ်မောင်းပဲပေါ့နော်"

"ဟုတ်ကဲ့...ခင်ဗျ"

"ဒီလူ ဘယ်နားကနေ ခင်ဗျားကားကို စီးလာတာပါလဲ"

မမင်းလှရေကန် အရှေ့ဘက်လမ်းကြားထိပ်ကနေ ကားငှ တာပါ ဆရာ"

"အောင်ချမ်းသာ ကွမ်းယာဆိုင်က ကိုသောင်းညွန့်ဦးဆိုတ ကို တိုးတိုးပြောပြီး အကူအညီတောင်းခဲ့တာ ကိုအောင်ငြိမ်းချမ်း ဟုတ်လား"

"ဟုတ်ပါတယ် ဆရာ၊ ဒီလူကို ကားပေါ်မှာ မသက်သ မသက်ာရတာလဲ သူ့အိတ်ထဲက သွေးစက်တွေလို အရည်တွေကျနေ ရယ်၊ ယင်ကောင်တွေ ထူးထူးခြားခြားအုံလွှန်းတာရယ်၊ သွေးညှီ လွန်းတာရယ်ကြောင့် လိုရမယ်ရ အောင်ချမ်းသာက အသိ ကိုသော ညွှန့်ဦးကို ကျွန်တော့်ကားနံပါတ်မှတ်ပြီး နီးရာရဲခန်းနှင့် တာဝန်ရှိအဖွဲ့ ကို အကြောင်းကြားပေးပါလို့ ပြောလိုက်တာပါ ဆရာ"

"ကျေးဇူးတင်ပါတယ် ကိုအောင်ငြိမ်းချမ်းရယ်၊ ခင်ဗျာ အ ကင်းပါးပြီး တာဝန်သိတတ်တဲ့ ပြည်သူပြည်သားတစ်ဦးကြော ရက်စက် ကြမ်းကြုတ်တဲ့ သူသတ်တရားခံကို မမျှော်လင့်ဘဲ ချက်ချ မိရတာပါပဲ ကိုအောင်ငြိမ်းချမ်း။ တရားခံကသူဘယ်လိုပြစ်မှု ကျူးလွန် လဲဆိုတာ ပြောပြလို့ အပိုင်ရဲစခန်းဖြစ်တဲ့ ကျွန်တော်တို့ရဲစခန်း ရောက်လာခဲ့ပြီး သူ့ကို ထပ်ပြီးစစ်ဆေးရဦးမယ်၊ ဒီမှာ ခင်ဗျာ





ကာသတ်သေ ဖြစ်နေတော့ ဒီတရားခံကို စစ်ဆေးတဲ့အချိန်မှာ းရှိသင့်ပါတယ်ဗျာ၊ ခင်ဗျားဆက်ကူညီလိုက်ဦး ကိုင်း ဆရာ င်ကြည့်လေး တရားခံကို ခေါ်ခဲ့ပါဗျာ"

"မင်းနာမည်"

"အောင်ကြီးမြိုင်ပါ ဆရာ"

"အဘနာမည်"

"ဦးအောင်ကြီးပါ"

"နေရပ်လိပ်စာ"

"အမှတ်( )၊ သာကေတ( ) ရပ်ကွက်၊ ရွှေခင်းသာလမ်း၊ းကြီးဒေါင့်ပါ"

"အသက်"

"၃၅ နှစ်ပါ"

"ခင်ဗျားဟာ အမျိုးသမီးတစ်ယောက်ကိုသတ်ပြီး လက်ဝတ် က်စားတွေကိုယူခဲ့တာ မဟုတ်လား"

တရားခံ အောင်ကြီးမြိုင်က ဘာမှ ဝန်မခံဘဲ ခေါင်းကိုငုံ့ထား ည်။ ထိုစဉ် အခန်းဝသို့ တပ်ကြပ်ကြီးလာရပ်ပြီး။

"ဆရာ . . အပြင်မှာ ညောင်ငါးပင်ကျေးရွာက ရွာလူကြီးနဲ့ ွဲ့က လူသတ်မှုတစ်ခုအမှုဖွင့်ချင်လို့ ဆရာနဲ့တွေ့ပါရစေတဲ့ခင်ဗျ"

"ဟေ"

တရားခံအား စစ်ဆေးနေသော စခန်းမှူးရဲအုပ်မောင်ညိုမှာ က်လုံးပြူးသွားပြန်သည်။ သူက တရားခံအောင်ကြီးမြိုင်ကို စူးစူးရဲရဲ က်ကြည့်နေရင်းမှ

"ဝင်ခွင့်ပေးလိုက်ပါ ဆရာလှိုင်"

ဥက္ကဋ္ဌဆိုသူနှင့်အတူ အရပ်လူကြီးများရော အမျိုးသမီးတစ်ဦး ကိုတွဲ၍ ရောက်လာသည်။ တရှုံ့ရှုံ့ငိုနေသည့် အမျိုးသမီးကြီးတစ်ဦးပါ



www.burmeseclassic.com

www.burmeseclassic.com



ရုံး ခန်းထဲသို့ ဝင်လာကြသည်။

"ထိုင်ကြပါ ဥက္ကဋ္ဌကြီး ကဲ...ဆိုကြပါဦးဗျာ ဘယ် ကြတာတုန်းဗျ"

"အမှုကတော့ လူသတ်မှုပဲ ဆရာညို၊ သေသူအမျိုးသမီး မည်က မစန်းသီတာချိုတဲ့ ဒါက သေသူရဲ့အမေ ဒေါ်ခင်ချိုပါခ ဒေါ် ခင်ချို မြို့ထဲဈေးကို လာမလို့လုပ်တုန်း ရန်ကုန်က ညွှန့်သည်တ ရောက်လာတယ်တဲ့၊ သမီးနဲ့စကားပြောကျန်ခဲ့တယ်၊ အဒေါ်ကြီးမြို့ဈေ ပြန်ရောက်လို့ သမီးကို ခေါ်ကြည့်တော့ အသံမကြားရဘူးတဲ့၊ အ အခန်း ထဲ အိပ်နေသလားဆိုပြီး ဝင်လဲကြည့်လိုက်ရော သူ့သမီး သေ တာကိုတွေ့လိုက်ရတယ်၊ လက်ကောက် (၁၀)ကွင်း၊ လက်စွပ်ငါးကွ အဖြတ်ခံလိုက်ရလို့သေနေတာ တွေ့ရတယ်၊ ဒါကိုမြင်ပြီး အမေကြီး လန့်အော်ရာကနေ အိမ်နီးချင်းများ သိသွားကြပြီး ကျုပ်တို့ကို အကြော ကြားလို့ လူစောင့်ထားခဲ့ပြီး ကိုယ်တိုင်လာအကြောင်းကြား အမှုဖွင့်တာ ဆရာညိုရေ..."

ရဲအုပ်မောင်ညိုသည် အံတစ်ချက်ကြိတ်လိုက်ပြီး ငိုနေသည့် အဒေါ်ကြီးဘက်လှည့်၍

"အမေကြီး...အမေကြီး သမီးဆီကိုလာတဲ့ ညွှန့်သည်ရဲ့ ပုံပန်းကို မှတ်မိပါသလား"

"မှတ်...မှတ်မိပါတယ် သား...သားတို့ရယ်၊ သူက လာနေကြပါကွယ်၊ အရပ်ကမြင့်မြင့် သားကခပ်ညိုညို၊ အသက်(၃၀) ကျော်လောက် ရှိတယ်၊ နောက်ပြီး သူ့မျက်နှာပေါ်မှာ ကန့်လန့်ဖြတ် အမာရွတ်...အဟင့် ဟင့် တစ်ခုရှိပါတယ် သား...သားရယ် အမေကြီး သမီးနဲ့ ပွဲစားလုပ်ဖော်ကိုဖက်ပါ သားရယ်"

"ဒါဖြင့်ရင် အမေကြီး ဟောဒီ လူကိုကြည့်ပါဦး ခင်ဗျာ"

အမေကြီးက တုန်တုန်ယင်ယင်ဖြင့် ကျောပေး၍ ထိုင်နေသော





ားခံအောင်ကြီးမြိုင်ကို စူးစူးစိုက်စိုက် ကြည့်လိုက်သည်။ တရားခံက တက်သို့ မသိမသာလှည့်လိုက်သည်။ အမေကြီးကလည်း ရဲရဲတင်း င်းပင် သူ့ရှေ့မှာရပ်၍ အသေအချာပြန်ကြည့်လိုက်သည်။

"ဟင်...မင်း...မင်း...သူ...သူပါပဲ ဗိုလ်ကြီးတို့ရယ်၊ ပါပဲ ရှင်၊ အမလေး သမီးရေ...သမီးရဲ့"

"အောင်ကြီးမြိုင်"

"ခင်...ခင်ဗျာ"

"မင်း ဘာပြောင်းချင်သေးလဲ"

"မ မပြောင်းချင်တော့ပါဘူး ဆရာ"

"အမလေး...ဖြစ်မှဖြစ်ရလေ သမီးရဲ့၊ ဟီးဟီး...အစ် စ်"

"ဟ...ဟ...လုပ်ကြပါဦးဟ၊ တက်သွားပြီ"

အမေကြီးသည် အဖြစ်မှန်ကို သိလိုက်ရသောအခါ ရင်ဝကို င်း တက်သွားသည်။ စခန်းမှူးက အမျိုးသမီးရဲအမှုထမ်းများကို ်းခေါ်လိုက်ပြီး အရေးပေါ်ပြုစုပေးလိုက်တော့မှ အမေကြီးမှာ ပြန်လည် တိရလာပြီး ပြောလိုက် ငိုလိုက်၊ လူးလိုက်လှိမ့်လိုက်ဖြစ်နေရာ မြင်သူ င်း စိတ်မကောင်း ကြတော့။ သည့်နောက် တရားခံကို ဆက်လက် ်ဆေးပြီး ၎င်းတို့တိုင်ချက်ကို ချက်ချင်း အရေးယူ ဆောင်ရွက် ိုက်သည်။

ပြီးနောက်...အောင်ကြီးမြိုင်ကို လက်ထိပ်ခတ်၍ သက် သလူကြီးများနှင့်အတူ အချင်းဖြစ်ပွားရာသို့ တရားခံကိုယ်တိုင်ကိုပြသ ပြီး သွားရောက်စစ်ဆေးကြသည်။ သေသူ၏အိမ်သို့ ရောက်သောအခါ ချင်းဖြစ်ပွားရာအခန်းအတွင်း အခြေအနေကိုမြင်လိုက်ရသည်။ ကွင်း ကတော့ အတော့်ကို စိတ်တုန်လှုပ်ချောက်ချားဖို့ကောင်းပေ သေသူအမျိုး သမီးသည် အသက်(၃၀)ခန့် ရှိ၏။ အသားဖြူဖြူ



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာသွယ်သွယ်၊ နက်မှောင်ရှည်လျားသည့်ဆံပင်နှင့်။ ကိုယ်[illegible] ကိုယ်ပေါက်ကလည်း အချိုးအဆစ် ပြေပြစ်လွန်းလှသည်။ ယခု[illegible] သူမသည် အခန်းတွင်း ကုတင်ပေါ်ဝယ် အသက်မျှောက် နေရုံသာ[illegible] ရွှေလက်ကောက် ၁၀ကွင်း နှင့် လက်စွပ်၅ကွင်းပါ သူမ ဘယ်ဘ[illegible] တံတောင်ဆစ်မှ အဖြတ်ခံလိုက်ရ၍ ပြတ်နေ၏။ လည်ပင်းမှလည်[illegible] အညိုအမည်းစွဲဒဏ်ရာများတွေ့ရပြီး မျက်လုံး က ပြူးနေသည်။

တစ်ချိန်က အလွန်လှပယုံရသော သူမ၏မျက်နှာသည် မသေ[illegible] ပြင်းထန်သော ဝေဒနာကို ခံစားလိုက်ရလို့ထင်။ ဆံပင်များ ဖိုးယိုး[illegible] ယားအကြား ရုပ်ပျက်လွန်းနေသည်။

♛ ♛ ♛

''ကျွန်တော်နဲ့ မစန်းသီတာချိုနဲ့က ရန်ကုန်ပန်းဆိုးတန်းက [illegible]--)လက်ဖက်ရည်ဆိုင်မှာ စသိကြတာပါ၊ သူကလဲ အိမ်ခြံမြေပွဲစား။ [illegible]န်တော်ကလည်း အိမ်ခြံမြေတိုက်ပွဲစားပါ၊ (...)ဆိုတာကလဲ အိမ်ခြံ [illegible]ပွဲစားတွေ စုဝေးစားကျက်ကျတဲ့ နေရာလေ၊ သူမနဲ့ရင်းနှီးသွားတော့ [illegible]မက သန်လျင်မှာနေတာသိရတယ်၊ အဲဒီအချိန်က သန်လျင်မှာ [illegible]ဈေးသိပ်ကောင်းနေတဲ့ အချိန်ကိုး''

''သူမနဲ့ကျွန်တော် နှစ်ယောက်ပေါင်းပြီး ပွဲစားလုပ်ကိုင်တာ [illegible]ကွက် အတော်များများအောင်မြင်သွားခဲ့တယ်၊ ပွဲညွှန့်ရော ရာနိုင်နှုန်း [illegible]ရော အများကြီးရလိုက်တယ်''

သီတာချိုက စုဆောင်းတတ်တော့ လက်ဝတ်လက်စားတွေ [illegible]ဝက်တင်တာပေါ့။ သူမရဲ့ခံယူချက်က ပွဲစားဆိုတာ ကိုယ်ကိုယ်တိုင်က [illegible]ည်း အပြည့်အစုံရှိမှ ဝတ်စားပြမှ အခြားလူကအထင်ကြီးပြီး ရောင်း [illegible]ဝယ်ရေးမှာ ပြောရေးဆိုခွင့်သာမတဲ့လေ။

စိတ်ကူးသစ်တလေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်ကတော့ ရသမ္ဘဖဲရိုက်၊ အရက်သောက်၊ အ
လိုက်နဲ့ ကုန်တာများတယ်ဗျာ၊ များမကြာခင်မှာပဲ သူမနဲ့ကျွန်
သမီးရည်းစား ဘဝရောက်ခဲ့ကြတယ်"

သန်လျင်ဥဩင်ပေါ်ပင်က သူမရဲ့အိမ်မှာ မကြာခဏချိန်းတွေ
သလို ရန်ကုန်မှာလဲ အလုပ်ကိစ္စအောင်မြင်တိုင်း ချိန်းတွေ့ကြတာ
ကျွန်တော်က သူ့ကိုလက်ထပ်ဖို့မကြာခဏ ပြောခဲ့ပေမယ့် သူ
ကျွန်တော့် အချိုးကို သိပ်မယုံကြည်လို့ အဲဒီကိစ္စကို အချိန်ဆွဲနေတယ်

"တစ်နေ့ ကျွန်တော် လောင်းကစားဝိုင်းမှာ ငွေ၅သိန်း အ
ကြွေး တင်ခံရတယ်၊ ဒီအကြွေးကို သတ်မှတ်ရက်မှာ မဆပ်နိုင်
ကျွန်တော် ဒုက္ခရောက်ရတော့မှာပါ၊ သူမကို ကျွန်တော် အမြန်
လက်ထပ်နိုင်ရင် သူမရဲ့ ပစ္စည်းဆပ်နိုင်မယ်လို့ တွက်ကိန်းထားခဲ့ပေမ
တကယ်က မလွယ်ဘူး"

"ဒါနဲ့ ဒီနေ့တော့ အကျိုးအကြောင်းပြောလို့ ချော့မော့
ငွေငါး သိန်းလောက်လှည့်ဖို့ သူမရဲ့အိမ်ကို ရောက်သွားခဲ့တယ်၊ သူ
အမေနဲ့ တွေ့နေလို့ မပြောဖြစ်သေးပေမယ့် အဘွားကြီးမြို့ထဲလဲသွား
ဒီကိစ္စကို ပြောလိုက်တယ်၊ ဒါပေမယ့် စန်းသီတာချိုက သိပ်မယုံဘူ
ဒါနဲ့ လမ်းကြောင်း လွှဲပြီး အချစ်ရေးကိစ္စဘက်ရောက်သွားတယ်
နောက်ဆုံးငွေနဲ့ ပစ္စည်းတောင်းတော့ စကားများရာကနေ ကျွန်တော်
သူ့လည်ပင်းကို ညှစ်လိုက်မိတယ်၊ သေတဲ့အထိအဆင့်ကို ရောက်သွာ
ရော"

"ဒီမှာ လက်ကောက်တွေကို အမြန်ချွတ်လိုက်တယ်၊ လက်
ကောက်က လက်မှုံနဲ့ကျပ်နေလို့ ပထူးဘူးဆိုပြီး ဓားမနဲ့လက်ကို ဖြတ်ပ
လိုက်ပြီး ပစ္စည်းကိုယူခဲ့တာပါ"

"ကြုံရာကားတစ်စီးကို မပင်းလှကန်ဘက်ကနေ တားစီး လို
တဲ့ အချိန်ကစပြီး ဟောဒီကားဆရာရဲ့ မသက်မှု အကင်းပါမှုကြော

စိတ်ကူးသစ်စာပေ



န်တော် ဒီ. . .ဒီရာဇဝတ်ဘေးက ပြေးမလွတ်တော့ဘဲ အခုလို
ာ်တရက် အဖမ်း ခံလိုက်ရတာပါပဲ ဆရာ. . .ကျွန်တော် မှား
ပါပြီ ဆရာ၊ ကျွန်တော့်ကို ကယ်. . .ကယ်ကြပါဦး ခင်ဗျာ"

သူက ပြောရင်း ချုံးပွဲချ၍ ငိုသည်။ စခန်းမှူးနှင့်ဘေးရှိသူများက
ကို စက်ဆုပ်ရွံရှာစွာ မျက်စောင်းထိုး၍ကြည့်ကြသည်။

"ခင်ဗျား ဒီအကြောင်းအရင်းအမှန်ကို တရားသူကြီးတစ်ဦး
ှ မှာ ဖြောင့်ချက်ပေးဖို့ ဆန္ဒရှိသလား"

"ပေး. . .ပေးပါ့မယ် ဆရာ"

ရဲအုပ်မောင်ညိုက တယ်လီဖုန်းဂဏန်းအချို့ကို လှည့်လိုက်
ည်။ သည့်နောက်တစ်ဘက်မှ မြို့နယ်တရားသူကြီးကို အတန်ကြာ
ကျိုး အကြောင်းအား ရှင်းပြလိုက်ပြီ၊ ဖုန်းကို ပုခက်ပေါ်သို့ ပြန်တင်
ိက်သည်။

အောင်ကြီးမြိုင်က စခန်းမှူးရဲအုပ်မောင်ညိုကို အားကိုးသော
က်လုံးများနှင့်ကြည့်ရင်း ပါးပြင်ပေါ်မှာ မျက်ရည်များစီးလိမ့်၍ ကျလာ
ည်။ အောင်မြင်ချမ်းမှာ ထိုမျက်ရည်များကိုကြည့်ရင်း ပို၍ ဒေါသများ
ပါက်ကွဲချင်လာသည်။ ရက်စက်ကြမ်းကြုတ်သည့် လူ မသမားကောင်။

မင်း. . .အကြင်နာတရားကင်းမဲ့၊ လူစိတ်ကင်းမဲ့သည့် လူ
တ်မာတစ်ယောက်ရဲ့ မျက်ရည်များမို့ မြေကြီးပေါ်သို့ မကျပါစေနှင့်
ကျပါစေနှင့်။

မြေကြီးပေါ်သို့ ဒီမျက်ရည်မျိုးကျသွားခဲ့လျှင် နောက်ထပ်အမိုက်
ဆပ်ပင်တစ်ပင် ထပ်ပေါက်လာမှာ စိုးလွန်းလို့ပါ. . .စိုးရိမ်လွန်းလို့ပါ။

တကယ့်ဖြစ်ရပ်မှန်း
၂၀၀၂–ဇန်နဝါရီ

www.burmeseclassic.com

www.burmeseclassic.com



# နားရွက်ပြတ် လူသတ်သမား

(၁)

စခန်းတွင် ကျွန်တော် တာဝန်မှူးကျသည့်နေ့မှာမှ ငယ်ပေါင်း ပေါင်းနေဘက် သူငယ်ချင်းဖြစ်သူ ချစ်ကောင်းရောက်လာသည်။ ပေါင်းနေစဉ်ဘဝက ပုံစံအတိုင်း ရယ်စရာ မောစရာ အရွှင်အပျက် တွေကို ပွဲကျ အောင်ပြောသည်။ လက်ကလည်း အငြိမ်မနေ။ ဖြန်းဆို ကာ ပြောရင်း တန်းလန်းမှ တာဝန်မှူးစားပွဲကို လက်ခေါက်နှင့်ခေါက်ကာ ဆိုတော် လွှမ်းမိုးရဲ့ သီချင်းတစ်ပုဒ်ကို ကောက်ဟဲလိုက်သည်။ ကျွန်တော် လုံး ပြုံးသွားသည်။

ကျွန်တော်တို့ ရဲစခန်းမှာ အစဉ်အလာတစ်ခုရှိသည်။ တာဝန် မှူးစားပွဲကို လက်နှင့်မခေါက်ရပါ။ ခေါက်လျှင် အမှုကြီးများ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တတ်သည်ဟု ယုံကြည်မှုရှိကြသည်။ ဆေးရုံမှာဆိုလျှင် လူနာခုတင် စားပွဲတို့အား ပုတ်သည်ကို လုံးဝမကြိုက်ကြ။ ထိုသို့လုပ်လျှင် အသ အသန်လူနာ ရောက်လာတတ်သည်ဟု ယုံကြည်ကြသည်။

ချစ်ကောင်းပြန်၍ နှစ်နာရီခန့်ကြာသောအခါ မျှော်လင့်သ အတိုင်းပါပဲ အမှုကြီးတစ်ခုရောက်လာတော့သည်။

"တာဝန်မှူးနဲ့တွေ့ချင်လို့ပါ"

လူကြီးသုံးယောက် အသက်(၅၀)ခန့်ရှိမည်။ လူငယ် တစ်ယောက်လည်းပါသည်။ ပုံစံက ရေးကြီးသုတ်ပြာဟန်။

"ဝင်ခဲ့ပါ ခင်ဗျာ၊ ကျွန်တော်တာဝန်မှူး၊ စခန်းမှူးရဲ ကိုညိုဝိုင်း ပါ"

သူတို့လေးဦးအနက် ခေါင်းဆောင်ဖြစ်ဟန်ရှိသည့် နှုတ်ခမ်း ကားကားနှင့် လူဝကြီးက–

"ကျွန်တော့်နာမည် ဦးကျော်ခင်ပါ ဗိုလ်ကြီး၊ ဘုရားကုန်းအု ရ.ယ.က ဥက္ကဋ္ဌပါ။ ကျိုက်ခေါက်ဘုရားအရှေ့ဘက်က တိုက်အိမ်ကြီ လူသတ်မှုတစ်ခု ဖြစ်လို့ပါ"

"ဗျာ. . . လူသတ်မှု ဟုတ်လား"

အမှုကြီးများ ကင်းဝေးနေ၍ မြို့နယ်မှူးအပါအဝင် ကျွန်တေ တို့အားလုံး စိတ်ရောကိုယ်ပါ ချမ်းသာနေစဉ် လူသတ်မှုဆိုသည့်ရာဇဝတ် ကြီးတစ်ခု ပေါ်လာသောအခါ. . .

ကိုယ့်တာဝန်ချိန်မှာ ပေါ်ပေါက်လာသည်မို့ ရင်သည် ခုန် လိုက်ရသည်။ ကန်ချေပြင့်ကို လှိုင်းထသွားခဲ့သည်။

"ထိုင်ပါ ဥက္ကဋ္ဌကြီး၊ ဖြစ်ပုံပျက်ပုံကိုသိသမျှ ရှင်းပြပါဦးခင်ဗ

"သေသူရဲ့နာမည်က ဦးကျော်ဗလတဲ့ ဗိုလ်ကြီး၊ အသက်(၅ ခန့် ရှိပါတယ်၊ အလုပ်အကိုင်က ပွဲစားလိုလို အိတ်စ်ပို့လိုလို လုပ်ကိုင် သူပါ၊ ဒီနေ့ညနေမှာတော့ နွားနို့ပို့နေတဲ့ ဟောဒီ မောင်သံချောင်း





လိုပဲ နွားနို့သွားပို့ပါတယ်၊ ခေါ်ကြည့်တယ်၊ ဘယ်သူမှ ထွက် ကြဘူး။ ဒါနဲ့ အထဲကိုဝင်ပြီး အော်ခေါ်မလို့လုပ်တုံးမှာဘဲ အထဲမှာ ဦးကျော်ဗလ သွေးသံရဲရဲနဲ့လဲနေတာတွေ့လို့ အော်ပြေးလာပြီး တော်တို့ကို အကြောင်း ကြားပါတယ်၊ ဒါနဲ့ ရပ်ကွက်လူကြီးတွေနဲ့ တော်ကိုယ်တိုင် သွားကြည့်လိုက်တော့ ဦးကျော်ဗလ အသက် မရှိ ပါဘူး"

"သွားကိုင်ကြည့်မိသေးလား ဥက္ကဋ္ဌကြီး"

"ဘယ်သူမှ မထိမကိုင်ကြည့်ကြပါဘူး ဗိုလ်ကြီး၊ လူစောင့်ထား ဗိုလ်ကြီးတို့ဆီကို လာအကြောင်းကြားတာပါခင်ဗျ"

မှတ်စုစာအုပ်မှာ အဓိကကျသည်များကို ရေးမှတ်လိုက်သည်။ င်စာရေးကြီးကိုခေါ်ပြီး ရဲလုပ်ငန်းစဉ်များကို ရေးသွင်းစေသည်။ နောက် မြို့နယ်မှူးထံ အစီရင်ခံလိုက်ပြီး နယ်ထိန်းတပ်ကြပ်ကြီး မောင်ကြိုင် နှင့် မှုခင်းဓာတ်ပုံဆရာတို့ကိုခေါ်ကာ ယင်းမျက်မြင် တ်သေများနှင့် အတူ ဘုရားကုန်း ကျေးရွာသို့ ကားတစ်စီးနှင့် အပြင် က်လာလိုက်ကြသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၂)

မြင်ရသည့်မြင်ကွင်းကား စိတ်မသက်သာစရာပါလေ။ ဆေ
ဦးကျော်ဗလသည် အပေါ်တက်သည့်လှေကား၏ ပထမအထ
ခေါင်းတင်ရင်း တစောင်းလဲကျသေဆုံးနေသည်။ ငိုင်းကြည့်နေသ
လူအချို့ကို အပြင်သို့ ထွက်ခိုင်းလိုက်ပြီး မှူခင်းဓာတ်ပုံဆရာ ကိုအုန်
က သေသူ၏ အနေအထားကို ရှုထောင့်အမျိုးမျိုးမှ မှတ်တမ်း
ဓာတ်ပုံရိုက်ယူလိုက်သည်။ သည့်နောက် မြေပုံကြမ်းမှတ်သည်။ ရဲလုပ်
စဉ်အရ ရာဇဝတ်မှုဆိုင်ရာ လုပ်ထုံးလုပ်နည်းကိုစွများပြီးစီးသောအ
သေသူ၏အလောင်းကို လိုအပ်သလို စစ်ဆေးလိုက်သည်။

ညာဘက်အခြမ်း လည်ပင်းမှာ ထိုးသွင်းဒဏ်ရာတစ်ချ
ရင်ဝမှာ ထိုးသွင်းဒဏ်ရာတစ်ချက်၊ ပေါင်းဒဏ်ရာ နှစ်ချက်နှင့် အသ
ပျောက်နေသည်။ သွေးစေးအချို့ ခဲချင်နေပုံကိုထောက်၍ လွန်ခဲ့သ
နှစ်နာရီဝန်းကျင်ခန့်က ဖြစ်ပုံရသည်ဟု ကောက်ချက်ချမိသည်။

သဲလွန်စ ရလိုရငြား စူးစမ်းလိုက်သောအခါ သေသူသ
ညာလက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားသည်ကို တွေ့ရသ





တစိုက်ကြည့်လိုက်တော့ လက်ထဲမှာ ပစ္စည်းတစ်ခု အနည်းငယ်
စိုက်၍ လက်သီးဆုပ်ကို ဖြေလိုက်သောအခါ လက်ပွဲကြိုးတစ်ခုကို
မျှော်လင့်ဘဲ တွေ့လိုက်ရသည်။

"ဆရာ ဒီမှာ ဆေးလိပ်တိုတစ်ခုဗျ"

နယ်ထိန်းတပ်ကြပ်ကြီးမောင်ကြိုင် လက်ညှိုးထိုးပြသည့်အရာကို
ငုံ့ကြည့်လိုက်တော့ သေသူနှင့် မလှမ်းမကမ်းမှာ ဆေးပြင်းလိပ်အတို
တစ်ခုကိုတွေ့ရသည်။ ၎င်းဆေးပြင်းလိပ်ကို လက်အိတ်စွပ်၍ ကောက်ယူ
လိုက်ပြီး ပလတ်စတစ်အိတ်ထဲသို့ထည့်ကာ သိမ်းလိုက်သည်။ ဟောဟိုမှာ
တစ်လိပ်၊ ၎င်း တစ်လိပ်ကား ငါးသုံးလုံး စီးကရက် သောက်ပြီးသား
ဖြစ်သည်။ ၎င်းပစ္စည်းများကို စနစ်တကျ ထုပ်ပိုးသိမ်းဆည်းပြီးနောက်
တံခါးကျင်ကို လှေ့လာလိုက်သည်။ ပြူတင်းပေါက်များအားလုံးပွင့်လျက်
သော်ချောင်းရဲ့အဆို အရဆိုလျှင် အိမ်မကြီးတံခါးပါ ပွင့်နေသည်။

"ဗိုလ်ကြီး။ အပေါ်ထပ်မှာ သူ့ဇနီးရှိသေးတယ် ခင်ဗျ"

"ခေါ်လိုက်လေဗျာ"

"ခေါ်လို့မရဘူး ဗိုလ်ကြီး။ မိန်းမကြီးက လေဖြတ်ပြီး ခုတင်ပေါ်
မှာ လဲနေတာရယ်"

"အို . . . ဖြစ်မှဖြစ်ရလေဗျာ"

သို့နှင့် ဥက္ကဋ္ဌနှင့် သက်သေများခေါ်ကာ အပေါ်ထပ်သို့တက်
လာလိုက်ကြသည်။ အခန်းတစ်ခုမှ ညည်းသံထွက်လာသည်။ အသံကြား
ရာသို့ ဝင်လိုက်သောအခါ ပိန်ချုံးနေသောအသက်(၅၀)ခန့်ရှိ လူမမာ
အဒေါ်ကြီးတစ်ဦးကို ခုတင်ပေါ်မှာ တွေ့လိုက်ရသည်။ သူမသည်
ကျွန်တော်တို့ အားလုံးကို မမျှော်လင့်ဘဲ တွေ့လိုက်ရသောအခါ မျက်လုံး
ပြူးသွားသည်။ သည့်နောက် အားဖျော့သောလေသံနှင့် . . .

"ကို . . . ကျော် . . . ဗ . . . လ ရော"

"ရှိပါတယ် ဒေါ်ဒေါ်"



www.burmeseclassic.com

www.burmeseclassic.com



"ခေါ်...ခေါ်...ပေးကြပါ"

ဆံပင် ဖို့ရိုဖားရားနှင့် အပေါ်ပိုင်းမျှသာ လှုပ်လို့ရရှာသ
အောက်ပိုင်းသေနေသော လူမမာအဒေါ်ကြီးကိုကြည့်၍ ကျွန်ေ
ရင်မော သွားခဲ့ရသည်။ မတတ်နိုင်သည့်အဆုံး ကြည့်၍ ပြောရတော့သ

"ဦးကျော်ဗလက ဒေါ်ဒေါ့ခင်ပွန်းပါလား ခင်ဗျာ"

"ဟုတ်...တယ်"

"ကျွန်တော်တို့ သူ့ကိုမေးစရာရှိလို့ ခဏခေါ်ထားပါတယ် ဒ
ဒေါ်၊ ဒေါ်ဒေါ့မှာ လူအစောင့်မရှိဘူးလား"

"ရှိတယ် ရွာပြန်သွားတယ်"

"သူ့နာမည် ဘယ်လိုခေါ်သလဲ ဒေါ်ဒေါ်"

"အင်း...သူ့နာမည် ဘယ်သူ...အဲ...အဲ.. မြကြ
မှတ်ဘူး။ မှတ်ဘူး။ မြကြည်ပြီးတော့မှ...ရောက်... လာတာ...ဘာ
မ...ဝင်း...မေတဲ့ ဘာဖြစ်လို့လဲကွယ်"

"ကိစ္စလေးနည်းနည်းရှိလို့ပါ ဒေါ်ဒေါ်၊ ဒေါ်ဒေါ်စိတ်မပူပါ
ခင် ဗျာ၊ ဒါနဲ့ ဒေါ်ဒေါ်မနက်ပိုင်း (သို့) နေ့ခင်းပိုင်းလောက်က အော
ထပ်ကနေ ဘာသံများကြားပါသလဲ ခင်ဗျာ"

အဒေါ်ကြီး မောနေသဖြင့် တစ်ယောက်က ရေနည်းနည်းတို
ပေးလိုက်သည်။ သူမက အတန်ကြာစဉ်းစားပြီးနောက်

"မနက်ပိုင်းက ကျော်ဝင်းစိန်လာတယ်၊ သူနဲ့ စကားများ
ထိုး ကြ၊ ကြိတ်ကြတယ်လို့ သူပြောတယ်၊ နေ့လယ်လောက်ကလည်
အောက် ထပ်ကနေ ဆူညံဆူညံ ကြားသေးတာပဲ၊ အဲဒီအချိန်ကတည်
ကျွန်မ အော်ခေါ်ပေမယ့် ကိုကျော်ဗလ တက်မလာခဲ့ဘာ၊ ခု...ချိန်ထိပ"

၎င်းနောက် လိုအပ်သည်များကို မေးမြန်းပြီး မှတ်စုစာအုပ်ထဲ
ကျော်ဝင်းစိန်၊ မြကြည်နှင့် မဝင်းမေတို့ သုံးဦး၏အမည်ကို ရေးလိုက်ပြ
အောက်ထပ်သို့ ပြန်ဆင်းလာလိုက်ကြသည်။





"ဆရာ သေသူရဲ့ရင်ဘတ် အင်္ကျီပေါ်ကို သေသေချာချာ
ကြည့်စမ်းပါ ဆရာ"

ဆရာအောင်ကြိုင်က မှုခင်းသုံးမှန်ဘီလူးကို ကမ်းပေးနေ
ည်မို့ ကျွန်တော်က သေသူ၏ အင်္ကျီရင်ဘတ်ပတ်ဝန်းကျင်ကို မှန်ဘီလူး
ဖြင့် ပိုက်စိပ်တိုက်၍ ကြည့်လိုက်သည်။ သည်မှာ အနီရောင်ရှိသည့်
မွှေးအချို့ကို တွေ့လိုက်ရသည်။ ဇာဂနာနှင့်ယူ၍ အလင်းရောင်မှာ
ကြည့်လိုက်သောအခါ တိရစ္ဆာန်တစ်ကောင်ကောင်ရဲ့ အမွှေးမျိုးကို
တွေ့လိုက်ရသည်။

"ဥက္ကဋ္ဌ၊ ကိုကျော်ဝင်းစိန်ဆိုတဲ့ လူက တိရစ္ဆာန်မွေး ဘာတွေ
မွေးသလား"

"ခင်ဗျာ၊ ဟုတ်...ကဲ့၊ ဝိုလ်ကြီး သူက မွေးမြူရေးသမားပါ
ခင်ဗျ"

"သူ ဘယ်မှာနေသလဲ"

"လက်ယက်စမ်း ကျေးရွာမှာပါ"

ဥက္ကဋ္ဌအဖြေကို ကြားလိုက်ရတော့ ကျွန်တော် ပြုံးလိုက်သည်။
ထို့သေချာရန် အခင်းဖြစ်သည့်ဝန်းကျင်ကို ဂရုစိုက်၍ ပြန်လေ့လာလိုက်
သည်။ အနေအထားက ရုန်းရင်းဆန်ခတ်ဖြစ်ပြီးမှ သတ်သွားပုံရသည်။
အချို့ပစ္စည်းများ ဖရိုဖရဲလဲနေသည်။ သေသူရဲ့ အင်္ကျီရင်ဘတ် အနည်း
ငယ်ပြဲနေသည်။ မျက်နှာမှာ ကုတ်ခြစ်ရာများနှင့် အညိုအမည်းများ
တွေ့ရသည်။ ဒါ့အပြင် သေသူ၏နှုတ်ခမ်းမှာ သွေးစအချို့ပေကျံနေသည်။
ထို့သော် သူ့သွားများက စေ့စေ့တင်း၍ အံကြိတ်ထားသည့်ဟန်။

သည့်နောက် အလောင်းကိုဆေးရုံသို့ သယ်ယူသွားကြရန် ညွှန်
ကြားလိုက်ပြီးနောက် လိုအပ်သည့်သက်သေများကို စစ်ဆေးကာ ပစ္စည်း
ရှိရာအခန်းအတွင်းသို့ ထပ်စစ်လိုက်ကြသည်။ သေတ္တာနှင့်အံဆွဲမှာ
ငွေ စက္ကူများကို တွေ့ရသည်။ ရှာဖွေမွှေနှောက်ခြင်း အလျဉ်းရှိပုံမရ



www.burmeseclassic.com

ကိစ္စများ ပြီးသောအခါ လူမမာအခေါ်ကြီးအတွက် အိမ်ဖော်ကောင်မ
ပြန်မရောက် မချင်း ဥက္ကဋ္ဌတို့မှ တာဝန်ယူစောင့်ရှောက်ပေးရန် မှာကြ
စခန်းသို့ ပြန်လာလိုက်ကြသည်။

♛ ♛ ♛

(၃)

နယ်ထိန်းတပ်ကြပ်ကြီး အောင်ကြိုင်က ဦးကျော်ဝင်းစိန်ဆို
အကြောင်း လေ့လာစုံစမ်း၍ အစီရင်ခံစာတင်သည်။ ၎င်းအစီရင်ခံစာ
ဦးကျော်ဝင်းစိန်သည် အသက်(၄၅)နှစ် သာယာဝတီမြို့နယ်ဖြစ်ပြီး သ
လျင်၊ လက်ယက်စမ်းမှာ (၁၀)နှစ်ခန့် အခြေချ၍ နို့စားနွားမျာ
အသားတိုးဆိတ် များကိုမွေး၍ နို့ဆီချက်စက်ရုံများသို့ ကုန်ကြ
သွင်းနေသူဖြစ်သည်ဟု သိရသည်။ ဒါ့အပြင် သူသည် နာမည်ကျေ
ဆိုင်းဆရာတစ်ဦးလည်း ဖြစ်သည်ဟု ဆိုသည်။ စိတ်လည်းအလွန်ထ
သည်တဲ့။



သို့နှင့် တပ်ကြပ်ကြီးမောင်ကြိုင်ကိုခေါ်ကာ လက်ယက်စမ်း
ရွာရှိ ဦးကျော်ဝင်းစိန်ခြံရှိရာသို့ ကားနှင့်ထွက်လာလိုက်ကြသည်။
သည်ရွာက ရွာသစ်ဖြစ်သည်။ လူပေါင်းစုံ၊ နယ်ပေါင်းစုံက
ရောက်နေထိုင်ကြသည်မို့ နာမည်တော့ကြီးသည်။ ရွာလယ်သို့ရောက်
အခါ သူ့အမည်မေးလိုက်သည်နှင့် လူတိုင်းက သိနေကြ၏။ သူ့ရဲ့
မြေရေးခြံထဲသို့ ကားဝင်လိုက်တော့ . . .။
ရှမ်းဘောင်းဘီရှည်ဝတ်ထားသည့် ခေါင်းကောင်းကောင်း
သား ဖြူဖြူ နှုတ်ခမ်းမွှေးဆန့်ဆန့်နှင့် လူတစ်ဦးက လူရွယ်(၁၀)ဦးကို
ကိုယ်ပညာ ရပ်များ သင်ပေးနေသည်။ ကျွန်တော်တို့နှစ်ဦး ကားပေါ်မှ
ရင်း ပတ်ဝန်းကျင်ကို လျှပ်တစ်ပြက်အကဲခတ်လိုက်သောအခါ နို့စား
များမွေးထားသည့် ခြံဝန်းများနှင့်အတူ အလုပ်သမား အတော်များ
က ထူးဆန်းသလို ဝိုင်းကြည့်နေကြ၏။
ကျွန်တော်တို့ လျှောက်လာသည်ကို မြင်သည်နှင့် လူကြီးက
သင်လက်စကိုရပ်၍ ခါးထောက်ပြီး အကဲခတ်ကြည့်နေသည်။
"ဦးကျော်ဝင်းစိန်ဆိုတာလားများ ခင်ဗျား"
"ဟုတ်တယ်၊ ကျုပ်ပဲ ဘာကိစ္စရှိလို့လဲ"
အင်း . . .လေသံကတော့ ကြားရသည့်အတိုင်း အတော့်ကို
သည်။ ယူနီဖောင်းနှင့် ခါးသေနတ်ချိတ်လျက်ပါပေလို့ရယ်
ကျွန်တော်တို့ကို တစ်စစီဆွဲဆုပ်ပစ်မလားမသိ။
"ကျွန်တော်က ရဲအုပ်ကိုညိုဝိုင်းပါ၊ ကိစ္စကတော့ အနည်းငယ်ကို
ညှိနှိုင်းမေးစရာရှိလို့ပါ"
"မေးလေ"
အဟင်း . . .ပုဂ္ဂိုလ်ကြီးက ဖော်ရွေလွန်းလှသည်။ အိမ်ပေါ်
က်ပါဦး တစ်ခွန်းမပြောသေး။
"ဦးကျော်ဝလ ကွယ်လွန်တာကို သိပြီးပါပြီလား ခင်ဗျား"

www.burmeseclassic.com



"ဘာ...ကျော်ဗလသေပြီ ဟုတ်လား"

ကျွန်တော်အကဲခတ်နေစဉ်မှာပင် သူ့မျက်နှာတစ်ချက်မျက် သည်။ သည့်နောက် သူ့သင်တန်းသားများကို အဝေးသွားကြရန် ဖြုတ်လိုက်ပြီး သရက်ပင်အောက်ရှိ စားပွဲဝိုင်းမှာ ထိုင်လိုက်ကြ

"သူဆုံးသွားတာ ဝမ်းမနည်းဘူးလား အန်ကယ်"

"သူ...သေသင့်တာကြာပြီ"

"ဗျာ"

သူ့စကားကြောင့် ကျွန်တော်တို့ အံ့အားသင့်၍ ကြောင်သွ သည်။ သူ့ပုံစံက စောစောကလို မတုန်လှုပ်တော့၊ တည်ငြိမ်လာသ သူက ရေနွေးကြမ်းအိုးမှ ရေနွေးတစ်ခွက်ငှဲ့သောက်လိုက်သည်။ တစိုက်ကြည့်လျှင် သူ့လက်တုန်နေသည်ကို သိနိုင်ပါသည်။

"ခင်ဗျား အခုဘာသိချင်လို့ လာတာလဲ"

"အမှုမှန်ပေါ်ပေါက်ရေးမှာ အန်ကယ်တို့ရဲ့ အကူအညီကို ရယူခြင်လို့ပါ။ အန်ကယ်၊ ကျွန်တော် သိချင်တာက ဦးကျော်ဗလသေ တဲ့ ၃-၃-၂၀၀၀ ရက်နေ့ မနက် ၁၀နာရီလောက်မှာ ဦးကျော်ဗ အိမ် ကို အန်ကယ်ရောက်လာတယ်၊ ဒီမှာ သူနဲ့အန်ကယ်အချင်းမျာ ထိုး ကြိတ်ကြတယ်လို့ သိရပါတယ်"

ဒီလိုလည်း ပြောလိုက်ရော ဦးကျော်ဝင်းစိန် မျက်လုံးကျယ်သွ ပြီး လက်မောင်းကြောများ ထောင်ထလာသည်။

"ဒါ...ဒါ...ဘယ်သူပြောတာလဲ"

ကျွန်တော်က ဗူးထဲမှ စီးကရက်တစ်လိပ်ကို ထုတ်၍ ပါးစပ် မီးညှိခဲလိုက်သည်။ သူ့ကိုလည်း စီးကရက်ဗူးကို ပေးလိုက်သည်။ သူ လက်ကာလိုက်ပြီး စားပွဲပုပေါ်ရှိ ယွန်းဗူးကလေးကိုဖွင့်ကာ အထဲ ဆေးလိပ်တစ်လိပ်ကိုယူ၍ လက်ဝါးနှစ်ဖက်ထဲမှာ ပွတ်လိမ့်လိုက်ပြီး စောင်မှာခဲ၍ ဂက်စ်မီးခြစ်နှင့် မီးညှိလိုက်သည်။





သူသောက်သည့် ဆေးလိပ်ကိုမြင်လိုက်ရသောအခါ ကျွန်တော့် င်ထဲမှာ နွေးခနဲ ဖြစ်သွားသည်။ ဆေးလိပ်က ဆေးပြင်းလိပ်တံဆိပ်က ွှေပုဇွန်။

"ဒီအကြောင်းကို သေသူ ဦးကျော်ဗလက မသေခင် မနက်ပိုင်း ာပဲ အိမ်ရာထဲလဲနေတဲ့ သူ့ဇနီး ဒေါ်အေးမြစည်ကို ပြောခဲ့လို့ သိရတာပါ။ န်ကယ်တို့ ဘာကိစ္စနဲ့ အချင်းများရန်ဖြစ်တယ်ဆိုတာ ပြောပြပါလား"

နဖူးမှာ စို့လာသည့်ချွေးဥများကို လက်ညှိုးတုတ်တုတ်နှင့် သပ်ချလိုက်ပြီး ဆေးပြင်းလိပ်ကို ရှိုက်မှုတ်လိုက်သည်။

"အဲဒါက ဒီလိုပါ ကျော်ဗလဆီမှာ ကျုပ် အကြွေး ငါးသိန်း လောက် ရစရာရှိတယ်၊ နေ့ပေးမယ် ညပေးမယ်နဲ့ ကျုပ်ကို ပတ်နေတယ်၊ သူမပေးနိုင်တဲ့ လူမဟုတ်ဘူး။ ကျုပ် ရင်းနှီးပေးလိုက်တဲ့ အရင်းအနှီးနဲ့ ဒီတ်စ်ပို့ လုပ်ရင်း ကြီးပွားနေတာ ကျုပ်တို့သိတယ်၊ ကျုပ် အကြွေး သွားတောင်းတိုင်း အဆင်မပြေဘူးချည်း ပြောတယ်၊ သူကျတော့ နိုက်ကုန်တက် ဟော်တယ်၊ မိုတယ်နဲ့ နိုက်ကလပ်တွေမှာ သုံးဖြုန်းလို့၊ ဒါကို ကျုပ်သိတာပေါ့ဗျာ၊ အဲဒီ သုံးရက်နေ့က ကျုပ်က သူ့အိမ် ရောက်သွားပြီး အကြွေး သွားတောင်းတယ်၊ တစ်လုံးတစ်ခဲတည်း မပေးနိုင်သည့်တိုင် ဖဲ့ပေးဖို့ ပြောတယ်၊ ဒီလူက ဘာပြော မှတ်လို့လဲ တချုပ်နဲ့ချုပ်တာ မဟုတ်ဘူးတဲ့၊ အဆင်ပြေတဲ့နေ့ ဆပ်မယ်လို့ မထီမဲ့မြင်ပြောတယ်၊ ကျုပ် စိတ်မထိန်းတာနဲ့ စကားများရာကနေ ထိုးကြ ကြိတ်ကြပါတယ်၊ အဲဒီအချိန်က ကြီး ကြီးကျယ်ကျယ် ဒဏ်ရာမရှိနိုင်ပါဘူး။ ခုသေသွားပြီဆိုတော့ ခုနပြော သလိုပေါ့ဗျာ၊ သူသေသင့်တာ ကြာပြီဗျ ဘာလို့လဲသိလား"

"ပြောပါ အန်ကယ်"

"သူလိမ်ခဲ့တဲ့ လူပေါင်းက အများကြီးပဲကိုး"

"ဒါနဲ့ အန်ကယ်က အဲဒီနေ့ညနေ (၂)နာရီဝန်းကျင်ခန့်က



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာရှိနေပါသလဲ''

''အဲဒီနေ့က ကျူပ်တပည့်တွေကို သိုင်းပြနေပါတယ်၊ မေကြ
ပါ''

သူ့မျက်လုံးများကို ကျွန်တော် စိုက်ကြည့်လိုက်သည်။ သူ
လည်း ကျွန်တော့်အကြည့်ကို တုန်ပြန်၍ကြည့်သည်။ နှစ်ဦးသား အ
အတန်ကြာ အားပြိုင်ကြည့်ရာမှ သူက ကျွန်တော့်ကို လွှမ်းမိုး အ
ရရှိသွားသည်။ နိုင်မပေါ့ သူကနာမည်ကျော် သိုင်းဆရာကြီးဆိုတေ
ပထမကျင့်စဉ်စွမ်းအားတွေက အားကောင်းနေပုံရသည်။ ကျွန်တော်
ထိုင်ရာမှ ထလိုက်ပြီး။

''အန်ကယ့်မွေးမြူရေးခြံတွေကို ခဏလောက် လိုက်ကြည့်ချ
ပါတယ်၊ ခွင့်ပြုနိုင်ပါမလား''

''ဝါသနာကြောင့်လား၊ အမှုနဲ့ပတ်သက်နေလို့လား''

သူကလည်း မခေဘူ။ ပညာတတ်တစ်ဦးပီပီ ရှေ့နေလေမျိုးန
ပြန်ထောက်လိုက်သည်။

''ဝါသနာကြောင့်ပါ ကျွန်တော့်မိဘများကလည်း မွေးမြူရေ
သမားတွေမို့ပါ''

သည်တော့ သူက သုံ့ရော်ပြုံးတစ်ချက်ပြုံးလိုက်ရင်း အိုက်သည
ဆိုကာ ကိုယ်ပေါ်မှ နိုင်လွန်ဆွယ်တာလက်ရှည်ကို ချွတ်လိုက်သည်
သည်တွင် တိုက်တိုက်ဆိုင်ဆိုင် မြင်ကွင်းတစ်ခုကြောင့် ကျွန်တော် အ
အားသင့်သွားခဲ့ရသည်။ တွေ့လိုက်ရသည့် မြင်ကွင်းကား အခြားမဟုတ်
သူ့ရဲ့ညာဘက် လက်မောင်းရင်းပေါ်မှာ ခပ်တင်းတင်းချည်ထာ
သည့်အနီရောင် လက်ဖွဲ့ကြိုးတစ်ခုကြောင့်ဖြစ်သည်။

♛ ♛ ♛

(၄)

ကျွန်တော် စားပွဲပေါ်ရှိ သက်သေခံပစ္စည်းများကို တစ်ခုချင်း
ည့်ပြီး စဉ်းစားခန်းဝင်နေမိသည်။ ပထမပစ္စည်းက သေသူရဲ့လက်ထဲမှ
သည့် ငွေပြားအင်းသုံးချပ်ပါ လက်ဖွဲ့ကြိုး၊ ကြိုးက ချေးညှော်ကြောင့်ထင့်
ည်းရောင်ပေါက်နေသည်။ နောက်တစ်ခုက ဆေးပြင်းလိပ်၊ ဆေးပြင်း
ပ်အတို၏ အရင်းမှာသွားကိုက်ရာပါရှိနေခြင်းက ထူးခြားမှုဖြစ်သည်။
ာက်ဆုံးပစ္စည်းတစ်ခုကား သေသူဦးကျော်ဗလရဲ့ အင်္ကျီပေါ်မှာကျန်ခဲ့
သည့် အမွေးများ၊ အချို့ကို အင်းစိန်မှုခင်းတပ်ဖွဲ့သို့ပေးပို့၍ သုတေသန
ပြုရန် ပေးပို့ထားသည်။ အကြောင်းပြန်ချက်တော့ မရသေး။

တစ်ခါ ဆရာဝန်ရဲ့ စစ်ဆေးတွေ့ရှိချက်ဆေးစာကိုလည်း
ာ်လိုက်သည်။ ဆေးစာရဲ့ ဆိုလိုချက်အရ သေသူသည် လွန်ခဲ့သည့်
နာရီခန့် ကတည်းက ချွန်ထက်သည့်ဓားကဲ့သို့သော လက်နက် ဒဏ်
မျိုးနှင့် ထိုးသွင်းခံရခြင်းကြောင့် ဖြစ်သည်ဟုသိရ၏။ လည်ပင်းက ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



နှင့်ရင်ဝမှ ဒဏ်ရာကြောင့် ချက်ချင်းသေဆုံးသွားနိုင်သည့် ဒဏ်ရာ ဖြစ်သည်ဟု ဆိုသည်။ မျက်နှာမှ ဒဏ်ရာများကား လုံးထွေးသတ်ပုတ် ရထားသည့် ဒဏ်ရာများဟု မှတ်ချက်ပြုထားသည်။

"ဘယ်လို သဘောရသလဲ ဆရာမောင်ကြိုင်"

နယ်ထိန်းဆိုသည့် လူဆိုးထိန်းတို့မှာ အတွေ့အကြုံ ကြွယ် သည်။ သို့ဖြစ်၍ ကိုယ့်လက်အောက်က လူပေမယ့် အထင်မသေး တစ်ခါတစ်ရံ သူတို့၏ အကြံဉာဏ်များသည် အမှန်အကန်နှင့် နီး ရှိသည်ကို မကြာခဏ ကျွန်တော် ကြုံဖူးသည်။

"ဦးကျော်ဝင်းစိန်ကတော့ ခုချိန်ထိ အနီးစပ်ဆုံး တရားခံစာ သွင်းနိုင်လိမ့်မယ်လို့ပဲ ယူဆချင်တယ်၊ ဆရာ ဟိုတစ်နေ့က ကျွန်တေ လူတွေဖန်တီးပေးလိုက်တဲ့ ဦးကျော်ဝင်းစိန်ခြံက တိရစ္ဆာန်မွေးတွေ အခြေအနေကရော ဆရာ"

ဆရာမောင်ကြိုင့်လူများ ကြံဖန်ရယူပေးထားသည့် ဦးကျော်ဝ စိန် နွားခြံမှ နွားမွေးနှင့် ဆိတ်မွေးများကိုလည်း အင်းစိန် မှုခင်းတပ်ဖွဲ့ ပေးပို့ စစ်ဆေးထားဆဲဖြစ်သည်။

"အင်းစိန် မှုခင်းတပ်ဖွဲ့က အကြောင်း ပြန်ကြားချက် မလာ သေးဘူး ဆရာမောင်ကြိုင်၊ ဒါနဲ့ ခင်ဗျားက သူ့ကိုဘာကြောင့် သံသယ ဝင်ရသလဲ၊ ခင်ဗျား အမြင်ကိုပြောပါဦး"

"ဆေးပြင်းလိပ် ဆရာ၊ ပြီးတော့ သူ့လက်မောင်းပေါ်က လက်သ ကြိုး၊ ဒီနှစ်ချက်က သူနဲ့ အံကိုက်နေတယ်၊ ပြီးတော့ သေသူ့ကိုယ်ပေါ်က ရတဲ့ အမွေးများကလည်း မဟုတ်မှလွဲရော နွားနဲ့ဖက်လှဲတကင်းရှိနေတဲ့ ဦးကျော်ဝင်းစိန်ပဲ ဖြစ်နိုင်စရာရှိတယ်၊ တစ်ခါ သူတို့ချင်းက ငွေကြေးကိစ္စ အဆင်မပြေကြဘူးမို့လား၊ ဒါကို မကျေနပ်လို့ နောက်တစ်ခေါက် ပြန်လာပြီး ဒေါ်သအလျောက် အပြတ်ရှင်းလိုက်တာ မဖြစ်နိုင်ဘူးလား ဆရာ"





"အလေးအနက် စဉ်းစားစရာပါပဲ ဆရာမောင်ကြိုင်၊ ဒါပေမယ့် ကျွန်တော်သိချင်တာ နှစ်ခုရှိသေးတယ်ဗျ"

"ဘာလဲ ဆရာ"

"အိမ်ဖော်ကောင်မလေး မြကြည်နဲ့ မဝင်းမေအကြောင်းပဲ"

♛ ♛ ♛

(၅)

ကျောက်ကန်း ရဲစခန်းအကူအညီကို ရယူပြီးနောက် ကျောက် ကန်း ရေဆိပ်မှ စက်တပ်လှေနှင့် ရွှေပန်းတောသို့ ကျွန်တော်တို့ ကူးလာ လိုက်သည်။ ရဲယူနီဖောင်းမဝတ်ပဲ အရပ်သားဝတ်စုံပဲ ဝတ်လာလိုက်သည်။ ရွှေပန်းတောရွာ၏ တောင်ဘက်ထိပ်သို့ ရောက်သောအခါ ကျေးရွာ ထူ၏ အကူအညီကိုရယူပြီး မဝင်းမေတို့အိမ်သို့ ရောက်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



သပ်သပ်ရပ်ရပ် ခံနိုမိုးအိမ်ကလေးထဲမှ အသက်(၁၈)နှစ် မြူမြူချောချော မိန်းကလေးတစ်ဦး ထွက်လာသည်။

"ဟဲ့ ဝင်းမေ ညည်းကို မြို့ကဆရာများက စကားနည်းနည်း ပြောချင်လို့တဲ့ဟ"

မဝင်းမေဆိုသူ ကလေးမက မျာမျာသလဲ နေရာထိုင်ခင်း ရေနွေးအိုးချပေးသည်။ မကြာခင် သူ့မိခင်ဆိုသူလည်း အပြင်မှရောက် သည်။ ဧည့်သည်များကိုမြင်၍ အလွန်အံ့သြနေ၏။

"ညီမလေးက သန်လျင်က ဦးကျော်ဗလအိမ်မှာ အလုပ် လုပ်နေတဲ့ မဝင်းမေဆိုတာများလားကွယ်"

"ဟုတ်ကဲ့ရှင့်"

"ညီမ ဘယ်နေ့လောက်ကများ အလုပ်ဝင်ပါသလဲကွယ့်၊ တွေများ လုပ်ရပါသလဲ"

"ကျွန်မ အဲဒီမှာ အလုပ်ဝင်တာ တစ်လကျော်လောက်ရှိ ဆရာ၊ အဲဒီမှာတော့ အိမ်ရဲ့ဝေယျာဝစ္စအားလုံး လုပ်ပေးရပါတယ်၊ အ သဖြင့် အိပ်ရာက မထနိုင်တဲ့ ကြီးကြီးမေရဲ့ချေးသေး ကိစ္စအဝ လုပ်ပေးရပါတယ်"

"အဲဒီအိမ်မှာ အားလုံး ဘယ်နှစ်ယောက်ရှိသလဲ ညီမ"

"ကျွန်မရယ်၊ ကြီးကြီးမေရယ်၊ သူဌေးရယ်၊ သုံးယောက် ရှိပါတယ်ရှင်"

"ညီမပြန်တဲ့နေ့က ဘယ်နေ့လဲ"

"အင်္ဂလိပ်လို (၂)ရက်နေ့ကပါ ဆရာ"

"ညီမ အဲဒီမှာရှိနေစဉ်က သူ့အိမ်ကို ဘယ်လိုဧည့်သည် လာကြတယ်ဆိုတာ ညီမ မှတ်မိသလောက် ပြောပြစမ်းပါကွယ်"

မဝင်းမေက အတန်ကြာစဉ်းစားပြီး။

"လာတာတော့ လူအရွယ်မျိုးစုံပါပဲဆရာ၊ အများအားဖြင့် စီး





သမားတွေလို့ ထင်ပါတယ်"

"ဘာလို့ ထင်ရတာလဲ"

"သူတို့စကားပြောရင် ငွေကြေးကိစ္စ၊ အရောင်းအဝယ်ကိစ္စ ပြောနေကြလို့ပါ"

"သူတို့ အငြင်းအခုံ စကားများတာရှိကြသေးသလား"

"ရှိတယ်၊ တစ်ခါတလေ ဒေါသတကြီး ဖြစ်ကြတာတွေရှိ ပါတယ်"

"ဘယ်က လူတွေလည်း"

"ဒါတော့ မသိဘူးဆရာ၊ သူတို့အလုပ်ကိစ္စစကားပြောရင် သမီးကို အနားမှာ မရှိစေရပါဘူးရှင်၊ အသံကျယ်လာမှ ကြားရတာမျိုးပါ"

"ညီမလေး ဘယ်နေ့ အလုပ်ပြန်ဝင်မလဲ"

ကျွန်တော်ရဲ့ ရုတ်တရက် အမေးကြောင့် မဝင်းမေ မျက်လုံးများ ဝိုင်းစက်တုန်ခါသွားသည်။ သည့်နောက် မျာကိုလက်သည်းနှင့် ခြစ်နေ သည်။ နောက်တစ်ကြိမ် ထပ်မေးလိုက်မှ လေးတွဲသော်အသံနှင့်–

"သမီး အဲဒီကို မသွားတော့ဘူးဆရာ၊ ကျောက်တန်းဈေးမှာပဲ အဲဥကောက်ရောင်းစားပါတော့မယ်"

"လခ ဒီလောက်ကောင်းနေတာ၊ ညီမ ဘာလို့ ပြန်မသွားချင်ရ တာလဲ"

မဝင်းမေက မဖြေ၊ သူမရဲ့အမေက သူ့သမီးလက်ကို ဆုပ်ညှစ်၍ အားပေးသလိုပြုသည်။ ဒုတိယမ္ဘိထပ်မေးလိုက်မှ တစ်ခွန်းတည်းသော စကားကို ပြောချလိုက်သည်။

"ကျွန်မ...ကျွန်မ သူဌေးဦးကျော်ဗလရဲ့ အကျင့်စာရိတ္တကို မကြိုက်ဘူးဆရာ"

"စိတ်မရှိပါနဲ့ ညီမရယ်၊ ဖြစ်နိုင်ရင် သူ့အကျင့်စရိုက်အကြောင်း ကို ပြောပြပေးနိုင်မလား ဟင်"



www.burmeseclassic.com

www.burmeseclassic.com



မဝင်းမေက မျက်နှာကို အောက်ငုံ့ထားသည်။ ထိုစဉ် လူ တစ်ဦး အိမ်ပေါ်သို့ တက်လာသည်။ လူရွယ်က ကျွန်တော့်မျက်နှာ စေ့စေ့ ကြည့်ပြီး . . .

"ဒီလူယုတ်မာကြီးရဲ့ အိမ်ကို ကျွန်တော့်ညီမ နောင်ဘယ်တော မလွှတ်တော့ဘူးဗျ။ အိမ်ဖော်ပွဲစား ဒေါ်ခင်သီကို အားနာလို့ ထည့်လို ရတာ၊ ဒီလူက အမြီးကျွတ် အမြီးစား၊ ခေါင်းကျက် ခေါင်းစားဗျ ကြောင့်လည်း ပထမအိမ်ဖော်ပြေးရတာ ဖြစ်မှာဗျာ၊ ကျုပ်ညီမတော က်ကောင်းလို့၊ တောက် ကျုပ် သူ့ကို သိပ်သတ်ချင်တာပဲ"

ကျွန်တော် သူ့အစ်ကိုဆိုသူရဲ့ မျက်နှာကိုအကဲခတ်လိုက်သည် လူက တောသား မဟုတ်မခံရုပ်မျိုး။ ပေါက်ကွဲလွယ်ပုံရသည်။ သူ့နာမည် ကို မေးကြည့်တော့ ကိုသိန်းတန်ဟုဆိုသည်။ နောက်ပိုင်းစုံစမ်းကြည့်တော သူ ကလည်း ဇ,မသေး။ ထောင်ကျဖူးသည်။ ဒီအကြောင်းအရာများက သဲလွန်စ ရလိုက်သောအခါ . . .။

♛ ♛ ♛

(၆)

ကျွန်တော့်ဦးခေါင်းထဲမှာ စဉ်းစားစရာတွေက ဗိုတိုး၍ လာခဲ့ ည်။ ဦးကျော်ဗလ အသုဘချသည့်နေ့က အမှုထမ်းများကို ရုပ်ဖျက်၍ သုဘ စနည်းနာစေသည်။ ကျွန်တော်ကိုယ်တိုင်လည်း လိုက်၍ အကဲ တ်ခဲ့သည်။ လူအတော်များများ လိုက်ပို့ကြသည်။ အများအားဖြင့် ုဏ်တန် အသိုင်း အဝိုင်းနှင့် ခေတ်ပညာတတ် များသည်။

သူတို့ ပြောဆို ဝေဖန်ချက်များအရ ဦးကျော်ဗလတစ်နေ့ ို ဒုက္ခရောက်မည်ဆိုတာကို ကြိုသိနေကြသည်။ ဒီမှာ ဦးကျော်ဗလရဲ့ စရိုက် အကြောင်း အတော်သိခဲ့ရသည်။ သူတို့စကားများအရ ကျော်ဗလသည် ငွေကြေးကိစ္စ အရှုပ်အရှင်းများသူ။ မိန်းမပွေသူအဖြစ် ိခဲ့ရသည်။

သို့သော် ဘယ်သူ့ လက်ချက်ဖြစ်နိုင်ဖွယ်ရှိသည်ဆိုသည့်အချက် ို သူတို့စကားဝိုင်းများမှ မရရှိခဲ့။

♛ ♛ ♛



www.burmeseclassic.com

www.burmeseclassic.com



ငါးရက်မြောက်သောနေ့၌ အင်းစိန်စီအိုင်ဒီမှ တတ်ခွဲ
ပြန်ကြားချက်ရောက်လာသလို မှုခင်းဆရာဝန်ရဲ့ ဆေးစစ်ချက်
ရောက်လာခဲ့သည်။ ကျွန်တော် ခရီးဆက်ရဦးမည်။ မကြာခင် ဦးကျေ
ဇနီးထံမှ ပထမအိမ်ဖော် မမြကြည်ရဲ့ နေရပ်လိပ်စာကို သိခဲ့ပြီး သုံး
သို့ ခရီးရောက်ခဲ့ရပြန်သည်။

သုံးခွမြို့က (...)ဆိုသည့်ရွာမှာ မမြကြည်နေသည်။ ရွ
ရောက်ခဲ့ပြီး မကျဉ်းမကျယ်လွန်းသည့် ခြံတစ်ခု၏ အဝင်ဝသို့ရောက်
အခါ ကျေးရွာဥက္ကဋ္ဌက လှမ်းအသံပြုလိုက်သည်။ ဦးစွာ ထွက်လာသူ
ခေါင်းမြင့်မြင့်နှင့် အင်းခွေးကြီးနှစ်ကောင် ဖြစ်သည်။ ကြောက်မက်
ဟိန်းဟောင်၍ ဘားတော့ဝါးတော့ မတတ်၊ ထိုးဟောင်နေသ
ခုဖတောင် ကျေးရွာဥက္ကဋ္ဌက...

"ဟေ့ ငဆောင်၊ ငဆောင်ရေ လုပ်ပါဦးဟ မင်း ခွေးတွေ

"ဘယ်သူလဲဟေ့"

"ငါပါ ကိုသောင်းပါ၊ လာပါဦး"

ဥက္ကဋ္ဌက သူ့နာမည်ပြောလိုက်သည်။ အတန်ငယ် ကြာ
အခါ ခြေတံရှည်အိမ်ပေါ်မှ လူကြီးတစ်ယောက် ဆင်းလာသည်။ ပုဆိုး
အင်္ကျီ လက်ပွကြီးနှင့် ဗလကလည်း တုတ်တုတ်ခိုင်ခိုင်၊ ခံပင်ရှည်မျ
နားရွက် နှစ်ဖက်သို့ ဖုံးအုပ်ကျနေသည်။ ကွင်းသားလားမသိ၊ အသာ
မည်းမည်း၊ မျက်နှာပေါ်မှာ ကန့်လန့်ဖြတ် အမာရွတ်ကြီးနှင့်...

"ချိုင်းကြီးနှင့် ချိုင်းကလေး လာစမ်း"

အင်းခွေးကြီးနှစ်ကောင်က သခင့်အမိန့်ပေးသံဆုံးသော
တံ့ခနဲ ရပ်၍ သူတို့သခင်ရှိရာသို့ ပြေးသွားလိုက်ကြသည်။ သူက
အင်းခွေးနှစ် ကောင်ကို ချော့ထိန်းနေစဉ် ကျွန်တော်ရယ် သုံးခွရဲစခ
ဒုရဲအုပ်ကိုရွှေတင်နှင့် ကျေးရွာဥက္ကဋ္ဌတို့က ခြေတံရှည်အိမ်ပေါ်
အမြန်လှမ်းတက်လိုက်ကြသည်။





"ဘာကိစ္စရှိလို့လဲ ဦးသောင်း"

"ဒီက ဆရာတွေက မင်းနဲ့ စကားပြောချင်လို့တဲ့၊ ဆရာတို့
ဒါ မြကြည်ရဲ့အဖေ ဦးလှဆောင်ပါ ခင်ဗျာ"

"ဘယ်ကလဲဗျ"

"သန်လျင်ရဲစခန်းနှင့် သုံးခွရဲစခန်းကပါကွဲ့"

သူ့မျက်နှာကို ကျွန်တော်မလွှတ်တမ်း အကဲခတ်နေသည်။
ပံက ဘာမှမဆန်းပြားသလို

"ဆရာတို့က ဘာကိစ္စရှိလို့လဲ ခင်ဗျ"

"ကျွန်တော် မမြကြည်နဲ့ တွေ့ချင်လို့ပါ"

"သမီးလား၊ သမီးဆုံးသွားတာ တစ်လကျော်လောက် ရှိပါပြီဗျာ၊
ဥ္စမေးကြည့်ပါ"

"ဩော်...သမီးဆုံးသွားပြီးလား၊ ဘာရောဂါနဲ့များပါလိမ့်
ဗျာ"

"ဖျားလို့ပါ"

ဦးလှဆောင်က တုံးတိတိပဲ ဖြေသည်။ ထိုစဉ် မီးဖိုဆောင်ဘက်
ထဲမှ တယ်ရီယာ အမွေးရှည်ခွေးပုလေး တစ်ကောင်က မြုန်းကနဲ
လာပြီး ဦးလှဆောင်ပေါင်ပေါ်သို့ ညည်သည့်ညှော်သည်ကိုမှု မကြောက်
သန့်ပဲ ပြေးတက် ပတတ်ရပ်ကာ ဦးလှဆောင်ရဲ့ပါးကို လျှာဖြင့်
က်နမ်း လုပ်နေသည်။

ဦးလှဆောင်က "သမီးစားလို့ဝပြီလား"ဆိုကာ ကိုယ့်ရင်သွေး
ို ထွေးပိုက်သကဲ့သို့ ရင်ခွင်ထဲပိုက်ကာ တယုတယလုပ်နေ၏။

"ဒါနဲ့ မမြကြည် သန်လျင်က သူဌေးဦးကျော်ဗလအိမ်မှာ
ယ်နှစ် လလောက် အလုပ်လုပ်ခဲ့ပါသလဲ ခင်ဗျာ"

"ကျုပ်သိသလောက်တော့ လေးလလောက်ရှိလိမ့်မယ်ဗျ"

"သူ့ အလုပ်ကထွက်တာရော ခင်ဗျ"



www.burmeseclassic.com

www.burmeseclassic.com



"တစ်လခွဲလောက်ရှိပြီပေါ့ ဗျာ"

"သူ ဘာကြောင့် အလုပ်ကထွက်လိုက်ရပါသလဲ ဦးလှဆော

သည့်မေးခွန်းကြောင့် ဦးလှဆောင်က မျက်နှာကွက်
ပျက်သွားသကဲ့သို့ ဒေါသရိပ်များကလည်း မျက်နှာပေါ်မှာ ဖောင်းကြ
သည်။ သည့်နောက် အသံကိုထိန်းချုပ်ပြီး . . .။

"ကျန်းမာရေးမကောင်းလို့ လို့ပြောတာပဲ၊ အဲဒီက ပြန်လ
မကြာဘူး အပြင်းဖျားပြီး ဆုံးသွားတာပဲ"

"ဖြစ်ရလေဗျာ၊ ဒါနဲ့ မမြကြည်ရဲ့ ဓာတ်ပုံဟောင်းလေး
မရှိဘူးလား"

"နေပါဦး၊ ဆရာတို့ရဲ့၊ အခု ဆရာတို့က ဘာကိစ္စကြော
ကျုပ် သမီးအကြောင်းကို ဒီလောက် လာမေးနေရတာလဲ"

"သူမရဲ့ မူလအလုပ်ရှင်သူဌေး ဦးကျော်ဇလ အသ
လိုက်ရလို့ပါ"

"အဲဒါ ကျုပ်သမီးနဲ့ ဘာဆိုင်လို့လဲ"

"ကွင်းဆက်ကလေးတွေ ရှိနေလို့ပါ၊ ဒီလိုကွင်းဆက်ကလေ
နဲ့လိုက်မှ လူသတ်တရားခံကို ဖော်ထုတ်လို့ ရမှာမို့လို့ပါ၊ ကျေးဇူ
ဓာတ်ပုံရှိရင် ခဏပြပြီး ကူညီပါ ဦးလှဆောင်"

နောက်ဆုံး ဦးလှဆောင်က သူ့ခွေးကလေးကို ပွေ့ပိုက်
ထရုံမှာချိတ်ထားသည် ဓာတ်ပုံကို ညာလက်ဖြင့်လှမ်း၍ ဖြုတ်လိုက်သ
သည်မှာ ကျွန်တော့်မျက်စေ့က သူလှမ်းလိုက်တုံး အကျီလက်တွန့်သွာ
ဖျတ်ခနဲပေါ်လာသည့် သူ့ညာလက်မောင်းရင်းမှ လက်ဖွဲ့ကြိုးတစ်
လှစ်ခနဲ လှမ်းမြင်လိုက်သည်။

"ဒါ ကျုပ်သမီးရဲ့ ဓာတ်ပုံပဲ"

ကျွန်တော်က ဓာတ်ပုံထဲမှ မမြကြည်ရဲ့ အင်္ဂါရုပ်ကို ‌
စပ်စပ် ကြည့်လိုက်သည်။ သူမသည် တောသူဖြစ်ပေမယ့် အ





သည်။ ဓာတ်ပုံထဲမှာ အသားဖြူပုံရပြီး၊ သွားစွယ်လေးဖော်၍
သည်။ ကိုယ်လုံး ကိုယ်ပေါက်ကလည်း မြို့ကြီးသူဟန်ပေါက်ပြီး
ကျွားတိုင်း နှစ်လိုဖွယ် ဖြစ်သည်။ သည့်နောက် ဓာတ်ပုံကို ပြန်ပေး
်သည်။

ဒီအချိန်မှာမှ ဦးလှဆောင်က သူ့အကျီအိတ်ထဲမှ ပစ္စည်း
ခုကို ထုတ်၍ တစ်ကိုက် ကိုက်လိုက်သည်ကို တွေ့လိုက်ရသည်။
ားမဟုတ် ဆေးပြင်းလိပ် . . .။

"ဦးလှဆောင်က ဆေးပြင်းလိပ် သောက်တတ်လား"

"ဟင့်အင်း မသောက်ပါဘူး။ ဆေးကပ်ငုံရတာ လက်ဝင်လို့
ပြင်းလိပ်ပဲ ကိုက်ပြီး ငုံတော့တယ်၊ ဘာဖြစ်လို့လဲ"

"ဆေးပြင်းလိပ်ဆိုတော့ မပြင်းဖူးလားဗျာ"

"အကျင့်ဖြစ်နေလို့၊ ဒါပဲသုံးနေတာ ကြာပေါ့ဗျာ"

"ဒါနဲ့ ဆေးပြင်းလိပ်ထဲမှာ ဘယ်ဆေးပြင်းလိပ်က ပိုကောင်းပါ
သဲ ခင်ဗျာ"

"ကျုပ်ကတော့ ခရုတံဆိပ်ကို ပိုကြိုက်တယ်၊ ချိုပြင်းရှ
းကိုဗျ"

"ကဲ . . . ဦးလှဆောင် ကျွန်တော်တို့ကို ခွင့်ပြုပါဦးဗျာ၊ ခုလို
ညီတာ အထူးပဲ ကျေးဇူးတင်ပါတယ်။ ကျွန်တော်တို့ ခရီးဆက်စရာ
နသေးလို့ပါ၊ အကယ်၍များ လိုအပ်လို့ သက်သေခံဖို့ချိန်းရင် လာပြီး
ညီပါဦး၊ ဦးလှဆောင်"

သူက ဘာမှပြန်မပြော၊ သူ့ရဲ့ ဦးဆောင်မှုနှင့် သူ့အင်းခွေး
ော် ရန်ကိုရှောင်ရင်း ခြံပြင်သို့ ထွက်လိုက်သည်။ ရွာလယ်လမ်းမပေါ်သို့
က်သောအခါ–

"ဒါနဲ့ ဥက္ကဋ္ဌကြီးရေ ဥက္ကဋ္ဌကြီးတို့ ရွာဘက်မှာ အင်းအိုင်ခလုံ
က်ဖွဲ့များ လုပ်ပေးနိုင်တဲ့ ဆရာ မရှိဘူးလားခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလဲ ဆရာပိုင်းက ထားပီး တုတ်ပီး၊ သေနတ်ပီး အ
လိုလို့လား"

"ဟား...ဟား...ဟား။ ဟုတ်ပါ့ဗျာ၊ သိတဲ့အတိုင်း ဝ
ဉက္ကဋ္ဌကြီးရယ်၊ ကျွန်တော်တို့မှာက နေ့နေ့ညည အန္တရာယ်များ တဲ့
သွားနေရတာ ဥစ္စာ၊ အဆောင်လက်ဖွဲ့လေး ဘာလေးတော့ လိုသေ
ရှိလား"

"ရှိတာပေါ့ဗျာ...ရွာမှာ နှစ်ဆောင်မြိုင် ဆရာငြိမ်းဆို
နာမည်ကြီးပဲလေ၊ မြွေကိုက်တော့ ထယ်နိုင်ပဲဗျ၊ ပယောဂလ
စွမ်းတာပါ ပဲ၊ ဒီနယ်မှာ ဆရာငြိမ်းနာမည်ကျော်တာ လက်ဖွဲ့ပဲ"

"ဘယ်လိုကောင်းတာလဲ ဉက္ကဋ္ဌ၊ တန်းလန်းကြီးမလုပ်ပါနဲ့

သုံးခွရဲစခန်းမှ ဒုရဲအုပ်ကိုရွှေတင်က ဝင်ပင့်ပေးလိုက်သ

"သူ့လက်ဖွဲ့က တုတ်ပီးတယ် ဆရာရဲ၊ ရိုက်ရင်မကွဲဘူ

"ဟုတ်လား။ ဉက္ကဋ္ဌကြီးရော မဆောင်ဘူးလား"

"ကျုပ်ကတော့ မဆောင်ပါဘူးဗျာ၊ ရွာကာလသားအချို့က
ယုံယုံကြည်ကြည် ဆောင်ကြလေရဲ့ဗျို့၊ ဟောဟိုဟာ ဆရာငြိမ်းအိမ်
လာ ဝင်လိုက်ကြရအောင်"

♛ ♛ ♛

(၇)

မြို့နယ်မှူး ဖုန်းဆက်သည်ဆို၍ စခန်းသို့ ပြန်ရောက်,ရောက်
ခြင်း မြို့နယ်မှူးရုံးခန်းသို့ အလျှင်သွားလိုက်သည်။ အရိုအသေပြုရင်း
ရှေ့ ကုလားထိုင်မှာ ဝင်ထိုင်လိုက်သည်။

"ဦးကျော်ဗလ သေဆုံးမှုအခြေအနေ ဘယ်လိုရှိသလဲ၊ ဆရာ
ပိုင်း တရားခံကို ခြေရာခံနိုင်ပြီလား"

"ရက်ပိုင်းအတွင်း တရားခံကို မိပါတော့မယ် မြို့နယ်မှူး"

"မြန်မြန်လုပ်ဗျာ အထက်ကလည်း ကျုပ်ကိုမေးနေပြီ ဟုတ်
လား"

"စိတ်ချပါဆရာ၊ ကျွန်တော် စုံစမ်းစရာနည်းနည်း ရှိသေးလို့ပါ"

"ကောင်းပြီး တိုးတက်မှု အစီရင်ခံစာတော့ အရင်တင်ဗျာ"

မြို့နယ်မှူးရုံးမှ ပြန်လာပြီး စားပွဲမှာပြန်ထိုင်ကာ အင်းစိန်
အိုင်ဒီ၏ ပြန်ကြားစာနှင့် မှုခင်းဆရာဝန်၏ စစ်ဆေးတွေ့ရှိချက် အစီ



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကို ပြန်ဖတ်လိုက်သည်။

ငှင်းနောက် ဌာနတွင်းမှ လက်နှိပ်စက်စာရေးကြီးကို စာ... စောင် အမြန်ရိုက်ခိုင်းပြီး တစ်စောင်ကို ဦးကျော်ဝင်းစိန်လိပ်... တစ်စောင်ကိုတော့ (...) မှ ဦးလှဆောင်ထံလိပ်မူပြီး . . . ရုံးအ... ရဲသားတစ်ဦးနှင့် ပို့ခိုင်းလိုက်သည်။ မကြာခင် ကျွန်တော့်ရင်ထဲ... ဖိစီးနေသည့် အပူလုံးကြီးတစ်ခု လျော့ကျပြီးပျောက်ပါတော့မည်။

♛ ♛ ♛

(၈)

ညှိနှိုင်းခန်းအတွင်း အထူးဖိတ်ကြားထားသူများ အားလုံးစုံရောက်နေကြသည်။ မြို့နယ်ရဲတပ်ဖွဲ့မှူး နယ်ထိန်းခေါင်းဆောင်နှင့် နယ်ထိန်းတပ်ကြပ်ကြီး ဦးမောင်ကြိုင်၊ ဦးကျော်ဝင်းစိန်၊ ဦးလှဆောင်၊ အခြားသက်သေများ၊ ဥက္ကဋ္ဌများ

"ဒီနေ့ ကျွန်တော် လူကြီးမင်းများကို ချိန်းဆိုရခြင်းရဲ့ အကြောင်းရင်းကတော့ သူဌေးဦးကျော်ဗလကို သတ်တဲ့တရားခံကို ဖော်ထုတ်ဖို့အတွက် ပါပဲ၊ ဒီကိစ္စမှာ ဘက်စုံ၊ ထောင့်စုံ လေ့လာ စုံစမ်းလိုက်တော့ ဦးကျော်ဝင်းစိန် နှင့် ဦးလှဆောင်တို့ နှစ်ဦးကိုပဲ အနီးကပ်ဆုံး တွေ့လိုက်ရပါတော့တယ် ခင်ဗျာ"

"ဘာ. . .ဘာပြောတယ်"

ဦးကျော်ဝင်းစိန်က ဆိုဖာမှာ မှီနေရာကနေ ဒေါသတကြီး အော်၍ ကုန်းထလိုက်သည်။

"ထိုင်ပါ ဦးကျော်ဝင်းစိန်"



www.burmeseclassic.com

www.burmeseclassic.com



"ခင်...ခင်ဗျာ...ကျုပ်သတ်ကြောင်းကို သက်သေ ပြနိုင်ရင် မပြနိုင်ရင် ခင်ဗျားကို ကျုပ် တရားပြန်စွဲမယ် သိလား"

"ဟုတ်ကဲ့ တစ်ဦးကိုတော့ ကျွန်တော် ခွဲထုတ်ပြနိုင်ပါလိမ့်မယ်"

"ပထမအချက် ဦးကျော်ဝင်းစိန်နဲ့သေသူ မနက်ပိုင်းမှာ ငွေ ကြေးရေးကိစ္စနဲ့အချင်းများပြီး သေသူ ဦးကျော်ဗလရဲ့အိမ်မှာ ထိုးကြိတ် သတ်ပုတ်ကြတယ်ဆိုတာကို ဦးကျော်ဂလမသေခင် သူ့ဇနီးကို ပြောပြသွား ခဲ့တယ်၊ ပတ်ဝန်းကျင်ကို စုံစမ်းကြည့်လိုက်တော့လည်း ဆဲသံ၊ ဆို တွန်းထိုးသံများ ကြားရတယ်လို့သိရပြီး (၁၀)မိနစ်လောက်ကြာတော့ ဦးကျော်ဝင်းစိန် ရေးကြီးသုတ်ပြာနဲ့ ထွက်သွားတာကို ပတ်ဝန်းကျင် တွေ့လိုက်ရကြောင်း ကျွန်တော်တို့ဆီမှာ သက်သေခံထွက်ဆိုချက် ပေးထားပါတယ်၊ တစ်ခု သေသူရဲ့ ညာဘက်လက်ထဲမှာ ငွေပြား အင်္ကျီ လိပ်ပါ လက်ဖွဲ့ကြိုးတစ်ခုကို တွေ့လိုက်ရသလို အန်ကယ်ဦးကျော်ဝင်းစိန် ထံမှာလည်း ဒီလိုလက်ဖွဲ့မျိုးရှိနေတာ တိုက်ဆိုင်မှုတစ်ခုပါ၊ ဒါ့အပြင် သေသူရဲ့ ကိုယ်ပေါ်က အင်္ကျီပေါ်မှာ တိရစ္ဆာန်အမွေးအချို့ကို တွေ့ရှိခဲ့ တယ်၊ ဒီမှာလည်း အန်ကယ်က နို့စားနွားမများ၊ ဆိတ်များကို မွေးမြူ ဆိုတော့ ဒီအမွေးဟာ အန်ကယ်ဆီကပါလာတဲ့ အမွေးများရော မဖြစ်နိုင် ဘူးလား"

အားလုံးက သိုင်းဆရာကြီး ဦးကျော်ဝင်းစိန်ကို လှမ်းကြည့်လိုက် ကြသည်။ သူသည် လက်သီးနှစ်ဖက်ကို ကျစ်ကျစ်ဆုပ်ရင်း အံကြိတ်ကာ ကျွန်တော့်ကို စားတော့ဝါးတော့မတတ် ကြည့်နေသည်။

"တစ်ခါ သေသူရဲ့အနီးက ရခဲ့တဲ့ဆေးပြင်းလိပ်တိုပါပဲ"

သည်စကားရောက်သည်နှင့် ဦးကျော်ဝင်းစိန်က သောက်လက် ဆေးပြင်းလိပ်ကို ဆေးလိပ်ခွက်ထဲသို့ ထိုးချေပြီး ကုန်းထလိုက်သည်။

"ကျုပ်...ကျုပ်၊ လုံးဝ မ...မသတ်ဘူး"

"ထိုင်ပါ အန်ကယ်၊ ကျွန်တော်ကလည်း အန်ကယ် သတ်ပါ ယ်လို့ မစွပ်စွဲရသေးပါဘူး။ အန်ကယ် ဘာလို့ဒီလောက် တုန်လှုပ် ချောက်ချားနေ ပါသလဲ"

"ကျုပ်...ကျုပ်ကို...ခင်ဗျား...ကြိုးစင်ပို့ဖို့ ကြံဆင်နေတာ ငြိမ်ခံနေရမလား"

"ခဏလေး သည်းခံပေးပါ အန်ကယ်၊ ဆက်ပြောပါရစေဦး ခင်ဗျာ၊ အဲဒီလို အန်ကယ့်ကို ကျွန်တော်တို့ စိတ်ဝင်စားနေစဉ်မှာပဲ မျှော်လင့်ဘဲ အိမ်ဖော်မဝင်းမေရဲ့ နောက်ကြောင်းကို လိုက်ရာကနေ ဦးကျော်ဗလရဲ့ အကျင့်စရိုက်အကြောင်းကို သဲလွန်စရခဲ့ပြီး ပထမအိမ်ဖော် မမြကြည်ရဲ့ ခြေရာကို လိုက်ကောက်နိုင်ခဲ့ပါတယ်၊ ဒီမှာ ကျွန်တော် မမြကြည်ရဲ့ ဖခင် ဦးလှဆောင်ကို စိတ်ဝင်စားခဲ့ရပြန်ပါတယ် ခင်ဗျာ"

"ကျုပ်ကို"

တစ်ချိန်လုံး ငြိမ်သက်နေသည့် ဦးလှဆောင်က အသံပြတ် ကြီးနှင့် လှမ်းပြောလိုက်သည်။

"ဟုတ်ပါတယ် ဦးလှဆောင်ကို စိတ်ဝင်စားရတာကလည်း ဦးလှဆောင်ကလည်း ဆေးပြင်းလိပ်သမားမို့ပါပဲ၊ ဒါ့အပြင် ဦးလှဆောင် မှာလည်း လက်ဖွဲ့ကြိုးတစ်ခု ရှိနေလို့ပါ"

"လက်ဖွဲ့ကြိုးရှိတိုင်း ကျုပ်တို့က လူသတ်တရားခံဖြစ်ရရော လားဗျ"

"နားထောင်ကြပါဦး ခင်ဗျာ၊ ဦးလှဆောင်မှာ တယ်ရီယာခွေး အမွေးရှည်တစ်ကောင်ရှိတယ်နော်"

"အဲ့ဒါ...ဘာဖြစ်လဲ"

"ဦးလှဆောင်ဟာ သူ့ရဲ့ခွေးတွေကို အလွန်ချစ်ပုံရပါတယ်၊ ပွေ့ပွေ့ပိုက်ပိုက် အမြဲရှိနေတယ်၊ ရွာထဲမှာ စုံစမ်းကြည့်တော့လည်း ဘယ်ကို သွားသွား ဒီခွေးကလေးကို ရင်သွေးကဲ့သို့ ပွေ့ပွေ့ ပိုက်ပိုက် ပါပဲတဲ့၊ ဒီမှာ ဦးလှဆောင်ရဲ့သမီး အိမ်ဖော်သွားလုပ်ခဲ့တဲ့ မမြကြည်







www.burmeseclassic.com

www.burmeseclassic.com



ဘာရောဂါနဲ့ သေဆုံး သလဲလို့မေးတော့ ဖျားပြီးဆုံးတာလို့ ပြောပါတယ်"

"ဖျားလို့ ဖျားတယ် ပြောတာပဲဗျ"

"အမှန်က ဖျားလို့ဆုံးတာ မဟုတ်ဘူး၊ ဦးလှဆောင် နားနဲ့မ... ဖဝါးနဲ့နာပါ၊ ဦးရဲ့သမီးဟာ ကိုယ်ဝန်ဖျက်ချရာက ဆုံးခဲ့တာပါ"

"ဘာ...ဘာပြောတယ်၊ ခင်...ခင်ဗျား... ကျုပ်သမီး... အရှက်ကို ခွဲ...ခွဲ"

"မခွဲပါဘူး ဦးလှဆောင်၊ ဒီကိစ္စ ရွာထဲမှာစုံစမ်းလိုက်တော့ နောက်ဆုံး ခင်ဗျားတို့ရွာရဲ့လက်သည် ဒေါ်ခင်စိန်နဲ့ ကြိတ်ပြီး ကုခဲ့ရာ ကနေ နောက်ဆုံး အပုတ်ဆန်ပြီး ကွယ်လွန်ခဲ့တယ်ဆိုတာ ကျွန်တော် သက်သေပြနိုင်ပါတယ်၊ အားနာစွာနဲ့မေးရရင် ဒီကလေးမလေး ဘယ်သူ့ ကိုယ်ဝန်ရခဲ့သလဲဆိုတာ ဦးလှဆောင်နဲ့ မပြကြည်ရယ်ကလွဲလို့ ဘယ်သူ မှ မသိနိုင်ပါဘူး၊ ကဲ...ရှင်းရှင်းပဲမေးပါရစေ၊ ဦးကျော်ဇလကို ဦးတို့ နှစ်ဦးအနက် ဘယ်သူသတ်တယ်ဆိုတာ ဝန်ခံပါ၊ ဝန်ခံရင် ဝန်ခံတဲ့ အကျိုးကို ဥပဒေအရ ခံစားခွင့်ရပါလိမ့်မယ်"

"ကျုပ်...လုံးဝမသတ်ဘူး"

ဦးကျော်ဝင်းစိန်က ကြုံး၍အော်လိုက်သည်။

"ကျုပ်လဲ မသတ်ဘူး"

ဦးလှဆောင်ကလဲ ဘူးခံသည်။ အားလုံးသော မျက်စေ့များက သူတို့နှစ်ဦးကို တစ်လှည့်စီ အကဲခတ်နေကြသဲ။

"ဦးတို့နှစ်ဦးအနက် တစ်ဦးသည် လူသတ်တရားခံ အစစ်ဖြစ်ပါ တယ်၊ ဦးတို့ကိုယ်၌က မဖော်ရင် ကျွန်တော် ဆွဲထုတ်ပြရတော့မှာပေါ့၊ ပထမ သေသူရဲ့အနီးကရခဲ့တဲ့ ဆေးပြင်းလိပ်ပါပဲ၊ ဒီဆေးပြင်းလိပ်က ခရုတံဆိပ်၊ အဲဒီတံဆိပ်ကိုသောက်တာ ဦးကျော်ဝင်းစိန်မဟုတ်ဘူး၊ သူက ရွှေပုဇွန်ဆေးပြင်းလိပ်သမား၊ ခရုကိုသုံးတာ ဦးလှဆောင်ပဲ"

"ဗျာ"





"ပိုထူးခြားတာက ဦးလှဆောင်ဟာ ဆေးလိပ်သောက်တာ မ ဟုတ်ဘူး၊ ဆေးပြင်းလိပ်ကို ကိုက်ပြီးငုံတာ၊ ဒီမှာ သေသူရဲ့ အနီးက ရခဲ့တဲ့ ခရုတံဆိပ် ဆေးလိပ်တို"

ကျွန်တော်က ဆေးပြင်းလိပ်တိုကို သူတို့စားပွဲရှေ့မှာ ချပြလိုက် သည်။ သက်သေခံ ခရုတံဆိပ် ဆေးပြင်းလိပ်တိုရဲ့ ဖင်ပိုင်းသည် သွား ကိုက်ရာနှင့်တိုနေသည်။ ကျွန်တော်က ဦးလှဆောင်အား သူ့အိတ်ထဲမှ အမြဲဆောင်လေ့ရှိသည့် ဆေးပြင်းလိပ်အား ထုတ်ပြစေသောအခါ အားလုံး က မျက်လုံးပြူးကုန်ကြသည်။ တူနေပါပြီ၊ ဦးလှဆောင် အံကိုကြိတ်ကာ ခေါင်းကောင်းကောင်းဖြင့် နေပြသည်။

"တစ်ခု သေသူရဲ့ ကိုယ်ပေါ်က ရခဲ့တဲ့ တိရစ္ဆာန်အမွှေးအချို့ကို ကြည့်ပြီး နွားနဲ့ ဆိတ်မွေးတဲ့ ဦးကျော်ဝင်းစိန်ပဲလို့ သံသယဝင်ခဲ့ပါတယ်၊ အင်းစိန် စီအိုင်ဒီကိုပေးပို့ပြီး ဆုံးဖြတ်ချက်ရယူကြည့်လိုက်တော့ ကျွဲ၊ နွား၊ ဆိတ်ရဲ့အမွှေးမဟုတ်ဘဲ အလှမွေးသည့် နိုင်ငံခြားအမွှေးရှည်ခွေးမျိုးရဲ့ အမွှေးပါတဲ့ခင်ဗျာ၊ ဒီခွေးမျိုးက ဦးလှဆောင်ရဲ့အိမ်မှာပဲ ရှိပါတယ်၊ မွေ့မွေ့ပိုက် ပိုက်လုပ်နေသမို့ ခွေးမွေးတွေက ဦးလှဆောင်ရဲ့ကိုယ်မှာ အမြဲကပ်မိနေပါတယ်၊ ဦးလှဆောင်ရဲ့အိမ်က အပြန်မှာ ကျွန်တော် နမူနာ ယူလာကြည့်တဲ့ ဦးလှဆောင်ရဲ့ ခွေးမွေးဟာ ဟောဒီဒုတိယ သက်သေခံ ပလတ်စတစ် အိတ်ထဲက အမွေးနဲ့တစ်ထေရာတည်းပဲလို့ သက်ဆိုင်ရာက အဖြေထုတ်ခဲ့ပါတယ်၊ ကျေးဇူးပြုပြီး ဦးတို့နှစ်ဦးစလုံးခင်ဗျာ ကျေးဇူးပြု၍ ဦးတို့နှစ်ဦးရဲ့ လက်မောင်းပေါ်က လက်ဖွဲ့ကြိုးများကို စစ်ဆေးချင်လို့ ခေါတဖြုတ်ပေးပါ ခင်ဗျာ"

သည့်တင် ဦးလှဆောင်က "ဘာအရေးလဲဆိုသည့်ဟန်နှင့် သူ့ လက်မောင်းပေါ်မှ လက်ဖွဲ့ကြိုးကို သွက်လက်စွာဖြုတ်၍ ကျွန်တော့်ထံ ကမ်းပေးလိုက်သည်။ ဦးကျော်ဝင်းစိန်ကတော့ နှေးကွေး တုန်ရီသော လက်နှင့် နှောင့်နှေးစွာဖြုတ်၍ ပေးသည်။ ကျွန်တော်က ပထမဦးစွာ



www.burmeseclassic.com

www.burmeseclassic.com



ဦးလှဆောင်ရဲ့ လက်ဖွဲ့ကြိုးပေါ်မှ ငွေပြားအင်းသုံးချပ်ကို မျက်မြင်သ
သေများရှေ့မှာ ဓာဂနာ အသေးနှင့် ခွာ၍ဖြန့်ပြီး မှန်ဘီလူးနှင့် ကြည့်လို
သည်။ ပထမအင်းပြား ပေါ်မှာ 'အ'ဟူသောအက္ခရာ ရေးထားသည်
တွေ့ရသည်။ ဒုတိယ အင်းပြားပေါ်မှာ 'ရ'ဟူသော အက္ခရာရေးထား
တတိယ အင်းပြားပေါ်မှာ တော့ (ဟံ)ဟူသော အက္ခရာကို တွေ့ရသ
သုံးလုံးပေါင်းလိုက်သော အခါ ''အရဟံ''ဟု အဓိပ္ပာယ်ရသည်။ ဒါ
ကျွန်တော်က သက်သေများ ရှေ့မှာ ရွတ်ဆိုပြလိုက်သည်။

ပြီးနောက် ဦးကျော်ဝင်းစိန်၏ လက်ဖွဲ့ကြိုးပေါ်မှ ငွေပြားအ
သုံးချပ်ကိုဖြန့်၍ ခွာလိုက်သည်။ ပထမ အင်းပြားပေါ်မှာ လေးထောင့်ကွ
ပေါ်၌ 'စဓဗဝ'ဟုရေးထားသည်။ နောက် အင်းနှစ်ချပ်မှာလည်း 'စဓ
ပဲတွေ့ရသည်။

''လူကြီးမင်း မြင်တဲ့အတိုင်းပါပဲ၊ ဦးလှဆောင်ရဲ့အင်း
'အရဟံ' အင်း၊ ဦးကျော်ဝင်းစိန်ရဲ့ အင်းက 'စဓဗဝ'အင်းပါ၊ အ
ကျွန်တော့် လက်မောင်းပါက လက်ဖွဲ့ကြိုးကိုဖြုတ်ပြီး လူကြီးမင်းမျ
ရှေ့မှာ ဖြေပြပါ့မယ်၊ ဒီလက်ဖွဲ့ဟာ ဦးလှဆောင်နေတဲ့ . . .ရွာ
ဂမ္ဘီရဆရာကြီး နှစ်ဆောင်ပြိုင် ဆရာငြိမ်းရဲ့ဆီက ရတာဖြစ်ပါတယ်
ဒီလက်ဖွဲ့ကို အဲဒီတစ်ရွာလုံးက ကာလ သားအတော်များများ
ယုံကြည်စွာ သုံးကြပါတယ်၊ မားပီး၊ တုတ်ပီး၊ အဆောင်အနေနဲ့ပါ
ကြည့်ကြရအောင်''

ပြောပြောဆိုဆို ကျွန်တော်က ညာလက်မောင်းက လက်ဖွဲ့ကြိ
ကိုဖြုတ်၍ အားလုံးရှေ့မှာ ဖြေပြလိုက်သည်။ အဖြေကား . . .။

''အ ရ ဟံ''

အားလုံးစိတ်ဝင်စားစွာ စူးစိုက်ကြည့်နေကြသည်။

''ကဲ . . .သေသူရဲ့လက်ထဲက လူသတ်သမား ကျကျန်ရစ်
တဲ့ လက်ဖွဲ့ကို အခုဖြေပြပါ့မယ် ကြည့်ကြပါ''





ကျွန်တော်က သက်သေခံအမှတ်(၃)အဖြစ် သိမ်းထားသည့်
သေသူ လက်ထဲမှရသော လက်ဖွဲ့မှ ငွေပြားအင်းလိပ်သုံးခုကို မှန်ဘီလူးနှင့်
ကြည့်ပြီး ရွတ်ရန်ပြင်လိုက်သည်။ အားလုံးသော မျက်လုံးများက
ကျွန်တော့် အပေါ်ကျရောက်နေကြသည်။

''အ ရ ဟံ''

ကြည့်လိုက်တော့ ဦးလှဆောင် ဖက်ကျိုးကျနေပြီ။

''ဦးလှဆောင် ဝန်ခံချင်ပါပြီလားခင်ဗျာ''

ဦးလှဆောင်က ရီဝေသော မျက်လုံးအစုံနှင့် ကျွန်တော့်ကို
ငေး၍ ကြည့်နေသည်။

''အခု.. ဦးလှဆောင် ဆောင်ထားသည့် လက်ဖွဲ့က လွန်ခဲ့သည့်
နက်ပိုင်းအတွင်းကမှ ဆရာငြိမ်းဆီက အသစ်လုပ်ပြီး ယူထားသည့်
လက်ဖွဲ့ဆိုတာ ဦးလှဆောင်ရဲ့ လျှို့ဝှက်ချက်ကိုမသိရှာတဲ့ ဆရာငြိမ်းက
ကျွန်တော့်ကို ရိုးသားစွာပြောလိုက်ပါတယ် ဦးလှဆောင်''

''ဒီလောက်နဲ့မှ မခိုင်လုံသေးဘူးဆိုရင် နောက်ဆုံးအချက်အနေ
နဲ့ မှခင်းဆရာဝန်ရဲ့ တွေ့ရှိချက်ကို ပြောပြပါ့မယ်ခင်ဗျာ၊ သေသူရဲ့ပါးစပ်
နှုတ်ခမ်းမှာ သွေးစများပေကျံနေလို့ စစ်ဆေးလိုက်တဲ့အခါ သေသူပါးစပ်
အတွင်းက အသားစတစ်ခုကို ရခဲ့တယ်၊ အဲဒီအသားစမှာ နားရွက်
ထောင်မှ ညာဘက်နားရွက်သီးပါတဲ့ ခင်ဗျာ''

''ကဲ . . .ဦးလှဆောင် ခင်ဗျားရဲ့ ညာဘက်နားရွက်ပေါ်မှာ
ဖုံးအုပ် နေတဲ့ဆံပင်တွေကို ကျေးဇူးပြုပြီး လက်နဲ့လှန်တင်ပေးပါခင်ဗျာ''

ဦးလှဆောင်က ကျောက်ရုပ်လို ငြိမ်သက်နေသည်။ ဒုတိယမ္ဗိထပ်
ပြောလိုက်မှ ညာနားရွက်ပေါ်မှ ဆံပင်များကို ဆွဲလှန်ပြလိုက်သည်။

''ဖြောက်''

နယ်ထိန်းတပ်ကြပ်ကြီး ဆရာမောင်ကြိုင်က သူ့လက်ကို
လက်ထိပ် ခတ်လိုက်သည်။ ဦးလှဆောင်ရဲ့ ညာဘက်နားရွက်မှာ



www.burmeseclassic.com

www.burmeseclassic.com



နားရွက်သီးလုံး၀ မရှိသည့်အပြင် ဒဏ်ရာက လုံးဝမကျက်သေး၍ဖြစ်

"ကျွန် . . . ကျွန် . . . တော် ဝန် . . . ဝန်ခံ ဖြောင့်ချက်

ပါတော့မယ် ခင်ဗျာ"

♛ ♛ ♛

(၉)

တစ်နေ့တော့ ရွာက ဒေါ်လွန်းမေနဲ့ပတ်သက်ပြီး မြို့ကအိမ်

ပွဲစားအမျိုးသမီးတစ်ဦးရောက်လာခဲ့တယ်။ သူ အဆွယ်ကောင်း

သန်လျင် က သူဌေးအိမ်မှာ ကောင်းကောင်းစား၊ ကောင်းကောင်းနေ

အိမ်မှုကိစ္စ ဝိုင်းကူလုပ်ပေးရမယ်၊ လခကောင်းကောင်းရမယ်

ဆိုပါတယ်။

ဒါနဲ့ သမီးက ပျိုးနှုတ်ကောက်စိုက်လုပ်တာနဲ့စာရင် ဒါက

ကောင်းမယ်ဆိုပြီး သန်လျင်မှာ သွားလုပ်ခဲ့ပါတယ်။ ဒီလိုနဲ့ သူဌေး

ဦးကျော်ဗလ အိမ်မှာ အလုပ်ဝင်ရတယ်၊ ကျွန်တော်လည်း ကိုယ့်သမီး

ကို စောင့်ရှောက်ဖို့ ဆုံးမဖို့ သူဌေးဆီမှာ အပ်နှံခဲ့ပါသေးတယ်။ လေး

ပြည့်ခါနီးကျတော့ သမီးပြန်လာတယ်၊ မျက်နှာမကောင်းဘူး၊ မြို့ပေါ်လည်း





သွားတော့ဘူးတဲ့၊ အဲဒီနေ့ကစပြီး အိမ်ထဲကအိမ်ပြင်ကို မထွက်တော့ဘူး။

သူငယ်ချင်းတွေနဲ့လည်း အတွေ့မခံတော့ဘူး။ အော့အန်နေတယ်၊ ကြာ

တော့ ကျုပ်လည်း ငယ်ရာက ကြီးလာတဲ့လူပဲဗျာ သိတာပေါ့"

နောက်ဆုံးသမီးကို ချော့တစ်ခါ၊ ခြောက်တစ်လှည့် မေးလိုက်

တော့ သူဌေး ဦးကျော်ဗလရဲ့ ယုတ်မာရက်စက်မှုကြောင့် ကျုပ်သမီးလေး

သပျက်ရတယ်ဆိုတာ သိလိုက်ရတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး သူဌေး

ကျော်ဗလနဲ့တွေ့ပြီး လူသိရှင်ကြားလက်ထပ်ယူဖို့ မေတ္တာရပ်ခံပါတယ်၊

သူက ငွေပုံပေးပြီး ဖျက်ချလိုက်ပါတဲ့ဗျာ။ ရက်စက်လိုက်တာ ကျွန်တော်

သူပေးတဲ့ ငွေကိုလုံးဝမယူဘဲ ရွာကို ပြန်လာခဲ့လိုက်တယ်။

အိမ်လည်းရောက်ရော သမီးက ရွာကလက်သည်တစ်ဦးနဲ့ ကိုယ်

ကိုမိုက်မဲစွာ ဖျက်ချလိုက်ပါလေရော၊ ကသိုလ်ကံဆိုးချင်တော့ အဲဒီမှာ

သွေးတွေသွန်ပြီး ဆေးရုံလည်းမပြရဲ ရက်အတန်ကြာ ကနေရာကနေ

ပယ်ဆန်ပြီး ကျုပ် . . . ကျုပ် . . . သမီးလေး ဆုံးသွားခဲ့ရတယ်။

တာက် ဒါနဲ့ ရက်လည်လို့ နှစ်ပတ်အကြာမှာ ကျုပ် ဦးကျော်ဗလကို

သတ်ဖို့ချောင်းခဲ့ တယ်၊ အိမ်ဖော်အသစ်ရောက်နေလို့ လူမလစ်တာက

တစ်ပိုင်း။ ကျော်ဗလ ညည်သည်တွေ ရှိနေတာကတစ်ကြောင်း၊ ရက်

အနည်းငယ် ကုန်သွားခဲ့သည်။

တစ်နေ့ အိမ်ဖော်ကောင်မလေး ရွာပြန်တဲ့သတင်းရတာနဲ့

ကိုင်းအလာမှာ ဟောဒီလူနဲ့ကျော်ဗလ ရန်ဖြစ်ရှုပ်ထွေးများနေတာကို

ကြားရတယ်။ ဒီလူပြန်ပြီး နေ့ခင်းလောက်မှာ ကျုပ်နဲ့ကျော်ဗလ ရင်ဆိုင်

တွေ့ကြပါလေရော၊ ကျုပ် . . . ကျုပ်အချစ်ဆုံးသမီး ခင်ဗျားကြောင့်

သေခဲ့ရပြီလို့ ပြောတော့ သူက ဘာမှ မဖြစ်သလိုနဲ့ လျော်ကြေးငွေ

ယူချင်လို့လားတဲ့၊ ဒီတင် ဒေါသနဲ့သူ့ကိုထိုးကြိတ်မိတယ်။ သူကလည်း

ကျုပ်ကိုပြန်ချတယ်။ ပြန်လုံးတယ်။ တစ်ချက်မှာ ကျုပ်ရဲ့ညာဘက်

နားရွက်ကို သူက ကိုက်ဖြတ် လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



ဒီတင် ဒေါ်သက ပိုပေါက်ကွဲသွားပြီး အသင့်ပါလာတဲ့ တ
သူ့လည်ပင်းနဲ့ ဝမ်းဗိုက်ကို ထိုးချလိုက်တယ်။ မကြာဘူး သေသွားတ
သူ့သွေးတွေပေကျံနေလို့ အကျီနဲ့ပုဆိုးကိုချွတ်ပြီး သူ့အဝတ်အ
တစ်စုံနဲ့ လဲဝတ်လို့ ပြန်ထွက်လာလိုက်တယ်။

လမ်းကျမှ ကျုပ် လက်ဖွဲ့မရှိမှန်းသိလိုက်လို့ ဆရာငြိမ်းဆီ
အသစ်ပြန်လုပ်ခဲ့ရပါတယ်။ ဆရာပြောသလိုပါပဲ အဲဒီမှာ ကျန်ခဲ့သည့်
ပြင်းလိပ်တိုကလည်း ကျုပ် ဆေးလိပ်ပါပဲ။ သူနဲ့သတ်ရင်းပုတ်
ကျန်ခဲ့တာပါ။ ကျုပ် ကျုပ် သမီးဖောနဲ့ ကလေးတားချေမိတာပါ ဆရာ
ဒါ.. ကျုပ်ရဲ့ ဝန်ခံချက်ပါ။ ကျုပ်...ကျုပ် ဖြောင့်ချက်ပေးချင်ပါတယ်

ပြောပြီးနောက် ဦးလှဆောင် ချုံးပွဲချငိုသည်။ ကြားရသူ
ထဲမှ အချို့ စိတ်မကောင်းကြ၊ ဖြောင့်ချက်ပေးချင်သည်ဆို၍ ဥပဒေ
ကြောင်းအရ တရားသူကြီးတစ်ဦး၏ ရှေ့မှောက်မှာ ဝန်ခံမှုပြုစေသ

နောက်နေ့ရောက်တော့ သူကိုယ်တိုင်လိုက်ပြ၍ လူသတ်စဉ်
အသုံးပြုခဲ့သည့် ဓားမြှောင်နှင့် သွေးစွန်းပေနေသည့် အဝတ်အစားမျ
သိမ်းဆည်းရရှိလိုက်သည်။ မကြာမီ အမှုကို စနစ်တကျတည်ဆောက်
တရားစွဲဆိုနိုင်ရန် ကျွန်တော် ပြုလုပ်ခဲ့ရသည်။

ဩော်...သမီးဖောနှင့် ဒေါ်သမီး၊ သောကမီး လောင်မြိုက်
ခဲ့ရသည့် ဖခင်တစ်ဦး၏ဘဝနှင့် ရာဇဝတ်ဘက်ကို အတောမသတ်နိုင်ခဲ့သည်
တဏှာကျေးကျွန်တစ်ဦးရဲ့ဘဝကား ရှိုးမလိုလိုနှင့် သိမ်မွေ့နက်ရှိုင်းလှို
လွှန်းပေစွ။

တကယ့်ဖြစ်ရပ်မှန်
၂၀၀၁ ခုနှစ်–စက်တင်ဘာ



www.burmeseclassic.com

# ရေသည်လင်မယားသတ်မှု

(၁)

(   )မြို့ရဲ့စခန်း၌ ကျွန်တော် တာဝန်ကျနေစဉ်က ဖြစ်သ

အချိန်ကား . . .နံနက် (၈)နာရီ အမှုတစ်ခုဏ်မှတ်တမ် ပြန်လည် ဖတ်ရှုနေစဉ် ရုံးခန်းထဲသို့ ကင်းတာဝန်ကျ ရဲဘော်ချစ်ကော သတင်း လာပို့သည်။

"ဆရာ . . .သရက်စုရပ်ကွက် ဥက္ကဋ္ဌက ဆရာနဲ့တွေ့ချ တဲ့"

"အေး လွှတ်လိုက်"

မကြာခင် ဥက္ကဋ္ဌ ဦးအေးကြူနှင့် လူသုံးဦး ရုံးခန်းထဲ ရေးကြီး သုတ်ပြာရောက်လာကြသည်။

"ရေးကြီးသုတ်ပြာနဲ့ ဘာအကြောင်းထူးလာလို့လဲ ဥက္ကဋ္ဌ





"အကြောင်းထူးဆို အရပ်ထဲမှာ လူသတ်မှုဖြစ်နေလို့ ဆရာညို

"ဟောဗျာ မနက်စောစောစီးစီး အမှုကြီးဗျာ . . .ကဲ ဆိုကြ ဦး ဘယ်လိုဖြစ်ကြတာလဲ"

"ကျွန်တော်တို့ရပ်ကွက်ထဲက ရေထမ်းရောင်း၊ ရေစည်လှည်း ရောင်းတဲ့ ကိုလှအောင်နဲ့ သူ့မိန်းမ မသန်းခင်တို့ နှစ်ဦးစလုံး တ်ခံရ လို့ပဲဆရာ၊ ခါတိုင်း မနက်မိုးလင်းရင် လင်မယားနှစ်ယောက် ည် လှည်းလေးနဲ့ထွက် ဖောက်သည်အိမ်တွေ ရေလိုက်ပို့နေကျပါ၊ ထွက်တာ မတွေ့တာနဲ့၊ ရေလိုနေတာနဲ့ ဟောဒီလူ ကိုအုန်းကြိုင်က ခါတာရယ်၊ အသံမကြားလို့ အထဲလည်းလှမ်းကြည့်လိုက်ရော ပ်န်းပျက် သွေးသံ ရဲရဲလဲကျနေတာတွေ့တာနဲ့ ကျွန်တော်တို့ က်လူကြီးတွေကို လာအကြောင်းကြားတယ်၊ ကျွန်တော်တို့လည်း ဝင်တွေ၊ အရပ်သက်သေတွေနဲ့ သွားလည်းကြည့်လိုက်ရော ကြိုင် ပြောသလိုပဲ ဆရာညို၊ နှစ်ဦးစလုံး အသက်မရှိကြတော့ဘူး။ . . ဆရာတို့ကို လာအကြောင်း ကြားတာပါ"

မနက်စောစောစီးစီး ကြားလိုက်ရသည့် သတင်းဆိုးကြောင့် ပိုးတစ်လျှောက် ချွေးများသီးစို့လာသည်။ သည့်နောက် အမှုဖြစ်စဉ် ဦးမှတ်စာအုပ်မှာ သေသူ၏အမည်၊ နေရပ်လိပ်စာ၊ အချိန်နာရီ ပ်တွေ့ရှိသူ စသည်တို့ကို မှတ်စုအကျဉ်း ရေးမှတ်လိုက်ပြီး ဂိတ်စာ ကြီး ဦးမြင့်စိုးကို ရဲလုပ်ငန်းစဉ်အတိုင်း ရေးသွင်းတိုင်ချက်သွင်းစေပြီး တ် မြို့နယ်မှူးထံ ဦးစွာ အစီရင်ခံလိုက်သည်။

ပြီးနောက် နယ်ထိန်းတပ်ကြပ်စံအောင်နှင့် အဖွဲ့ဝင်များ၊ မှုခင်း ပ်ဆရာကိုဖော်ဖေနှင့် တာဝန်ရှိသူများကိုခေါ်ကာ ဥက္ကဋ္ဌ ဦးအေးကြူ င့်အတူ အမှုဖြစ်ရာအရပ်သို့ ကားနှင့် ထွက်လာလိုက်ကြသည်။

သရက်စုရပ်ကွက် ရေကန်အနီး။ ကွင်းထဲသို့ထွက်သည့် လမ်း



www.burmeseclassic.com

www.burmeseclassic.com



အခွန်သို့ရောက်သောအခါ လူတွေလမ်းမှာ ဖွေးနေသည်ကို မြင်
သည်။ လူအုပ်သည် ကျွန်တော်တို့လာသည်ကို မြင်သည်နှင့် ရှဲ
ကြသည်။ သည့်နောက် ဥက္ကဋ္ဌကဦးဆောင်၍ ခန့်မှိုးအိမ်ခြံတစ်
ဝင်လာလိုက်ကြသည်။ အိမ်ရှေ့မှ ရေစည်လှည်းတစ်စီးနှင့် ရေ
အချို့ကို တွေ့ရသည်။ အိမ်ထဲဝန်းကျင်မှာတော့ ရပ်ကွက်လူကြီးအ
စောင့် ကြည့်နေကြသည်ကို တွေ့ရသည်။

အချို့ကို အပြင်သို့ ခဏထွက်ခိုင်းလိုက်ပြီး စတင်စစ်ဆေး
သောအခါ အဆင်း၊ အတက် ဝါးကြမ်းခင်းပေါ်မှာ နီရဲသော သွေး
အချို့ကို တွေ့ရသည်။ ခန်းဆီးမရှိသည့် အတွင်းခန်း ကြမ်းခင်း မှာ
တော့ အသက် (၄၀)ကျော်ခန့် အမျိုးသားကြီးတစ်ဦးနှင့် အမျိုးသမီး
တစ်ဦး ပက်လက်သေဆုံးနေကြသည်။ အမျိုးသားကြီး၏
အထက်နား၌ ထိုးသွင်းဒဏ်ရာ နှစ်ချက်၊ အမျိုးသမီးကြီးကတော့
ထိုးသွင်းဒဏ်ရာ တစ်ချက်၊ ဝမ်းဗိုက်မှာတစ်ချက် တွေ့ရပြီး သွေး
များနှစ်ချပ်ပေါ်မှာ ချင်းချင်းရဲရဲမှုမကာပဲ အောက်မြေပြင်သို့ပါ အိုင်
နေအောင် စီးကျနေသည်။

အိမ်တွင်းအိမ်ပြင်ကို ရှာဖွေစစ်ဆေးလိုက်သောအခါ ဖွေ
ဖွရှာထားသည့် လက္ခဏာများကို လုံးဝမတွေ့ရ။ အပြန်အလှန် သတ်
သည့် လက္ခဏာများမတွေ့ရ။ သေတ္တာဟောင်းလေးအထဲမှ ငွေ
အနည်းငယ် တွေ့ရသည်။ စုစုပေါင်းငွေကျပ် နှစ်ထောင်ခြောက်ရာ
ဖြစ်သည်။

သို့ဖြစ်၍ မှုခင်းဓာတ်ပုံဆရာအား အလောင်းအနေအ
များကို ရှုဒေါင့်အမျိုးမျိုးမှ ဓာတ်ပုံရိုက် ပုတ်တမ်းတင်နေသည်။ ပြီး
လိုအပ် သည်များကို ရဲလုပ်ထုံးနှင့်အညီ တိုင်းတာမှတ်သားလိုက်ကြ
သဲလွန်စရလိုရငြား အိမ်ပေါ်၊ အိမ်ဘေးဝန်းကျင်အနှံ့
ဂိုက် ရှာဖွေလေ့လာကြရာ အိမ်ခြေရင်းပိုင်း ခပ်ဆိုဆိုမြေပြင်ပေါ်၌ အ





ဆက်သို့ ဦးတည်ထွက်သွားသည့် ဖိနပ်ရာတစ်စုံကို သဲလွန်စ ရလိုက်သည်။ ၎င်း ခြေရာများသည် နောက်ဖေးခြံစည်းရိုးကိုချိုးဖျက်၍ ထွက်သွားရသဖြင့် ဆက်လက်စူးစမ်းလိုက်သောအခါ ၎င်းဖိနပ်ခြေရာ နှစ်ခုကို ဆက်၍တွေ့ရှိရပြန်သည်။ ဖိနပ်ခြေရာနှစ်ခုအနက် တစ်ခုမှာ အကောင်းစားဆိုးလ်ခံထားသည့် ဖိနပ်ခြေရာဖြစ်ပြီး နောက်တစ်ခုကတော့ ကင်းဘတ်ဖိနပ်ကဲ့သို့သော ခြေရာမျိုးဖြစ်သည်။ မကြာခင် ပစ္စည်းတစ်ခု ကို တပ်ကြပ်စံအောင်က ခြံစည်း ရိုးပျက်အနားမှ တွေ့ရှိခဲ့ပြန်သည်။ ကြည့်လိုက်တော့ သစ်သားလက်ကိုင်ရိုး ထည့်ထားသည့် တံစည်း အသေး လေးတစ်ခု ဖြစ်သည်။

တွေ့ရှိသည့် သက်သေခံပစ္စည်းများကို သက်သေလူကြီးများ ရှေ့မှောက်၌ သိမ်းဆည်း၍ ရှာဖွေပုံစံသွင်းလိုက်ပြီး တွေ့ရှိသည့်ဖိနပ်ခြေ များကို ဓာတ်ပုံရိုက်ယူလိုက်သည်။ ပုံစံဖော်ယူလိုက်ကြသည်။

ကိစ္စဝိစ္စများပြီးသောအခါ အလောင်းများကို ဆေးရုံသို့ပို့ရန် စီစဉ်ပြီး၊ လိုအပ်သည့်သက်သေအချို့ကို ခေါ်ယူတွေ့ဆုံ မေးမြန်း ရတော့သည်။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

(၂)

ပြောလျှင် ဤပတ်ဝန်းကျင်ကအိမ်များသည် တစ်အိမ်နှင့် တစ်အိမ် အနည်းငယ်လှမ်းကြ၏။ ဒါအပြင် ချောင်ကလည်းကျပြီး ထို နေရာမှထွက် လိုက်လျှင် လယ်ကွင်းများသို့ ရောက်သွားနိုင်၏။

"ဒီကိစ္စ စတင်တွေ့တာ ဦးအုန်းကြိုင်နော်. . ."

"ဟုတ်ကဲ့ ခင်ဗျ"

"သေသူများနဲ့ ဦးအုန်းကြိုင် ရင်းနှီးပါသလား"

"ဟုတ်ကဲ့ . . .တစ်ရပ်တည်းနေကြသူများလည်းဖြစ်ပြန် ရေလည်း အိမ်မှာလာထည့်နေကြပါ"

"သေသူနဲ့ အချင်းများ၊ စကားများတဲ့သူများရှိတာ သိသ လား"

"မရှိသလောက်ပါ ခင်ဗျ၊ သူတို့လင်မယားက လူချစ် လူခင် ပေါများ ကြပါတယ် ဆရာ"

"ခင်ဗျား မနက်ပိုင်း သွားခေါ်ကြည့်တော့ အိမ်အနီးဝန်းကျင်မှာ





ယ်သူ့ကို သွားတွေ့လိုက်သေးသလဲ ဦးထွန်းကြိုင်"

"ကျွန်တော် ရောက်သွားချိန်မှာ ဘယ်သူမှ မရှိကြပါဘူး ခင်ဗျာ"

"ကျေးဇူးပဲဗျာ"

အဝိကမျက်မြင်ကို မေးမြန်းပြီးသောအခါ သေသူ၏ အိမ်နီး ချင်း ဖြစ်သည့် ဦးလှမောင်ဆိုသူကို မေးမြန်းလိုက်သည်။

"ဦးလှမောင်ခင်ဗျာ၊ သေသူများရဲ့အိမ်ကို ယခုရက်ပိုင်းအတွင်း ယ်သူများ အဝင်အထွက်လုပ်တာ မြင်ခဲ့ဖူးပါသလဲခင်ဗျာ"

"အဲ. . .လွန်ခဲ့တဲ့အပတ် ဗုဒ္ဓဟူးနေ့လောက်ကတော့ ရွှေပန်း ိမ်ဖိုက ရွှေပန်းတိမ်ဆရာ ဦးကျော်မောင်တင့်တော့ လာတာ တွေ့လိုက် ယ် ခင်ဗျ"

"ဘာကိစ္စနဲ့လာသတဲ့လဲ"

"ဒါတော့ မသိဘူးခင်ဗျ"

"မေးမကြည့်မိဘူးလား"

"ဟင့်အင်း. . .ပန်းတိမ်ဆရာကလည်း လူကောင်းပါဆရာ၊ သေသူရေသည်လင်မယားရဲ့ ရေသုံးဖောက်သည်များပါ"

သည့်နောက် ထိုသူများကို ပြန်လွှတ်လိုက်ပြီးနောက် ဥက္ကဋ္ဌနှင့် ကွက်ထဲမှ နာမည်ရှိသော ဆိုးသွမ်း၊ အခြေမဲ့လူများအကြောင်း မြန်း ပြီး ရုံးခန်းသို့ ပြန်လာခဲ့ကြသည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၃)

အမှုသွား၊ အမှုလာရဲ့ အခြေအနေကို စဉ်းစားကြည့်သည်
ရေသည်လင်မယားသည် ပစ္စည်းယူ လူသတ်ရလောက်အောင် ချမ်းသ
သူများလည်းမဟုတ်။ အိမ်မှာ ရှာဖွေလေ့လာကြည့်လိုက်တော့လည်
ငွေစက္ကူ ထောင်ကျော်လေးပဲတွေ့ရသည်။ ဒါလည်း မပျောက်မ
အဖိုးတန်ပစ္စည်း ဆိုလို့လည်း ဓာတ်မှုတစ်လုံးတောင်မရှိ။ နောက်ကြော
ကို စုံစမ်းကြည့် ပြန်တော့လည်း ရန်ငြိုးရန်စရှိဖူးသူ လုံးဝမရှိ။

ဒါဖြင့် ဘာကြောင့် ရက်ရက်စက်စက် သတ်သွားခဲ့ကြသလဲ

စဉ်းစားလေ၊ အဖြေကပျောက်လေ ဖြစ်နေသည်။

ငင်းနောက် နောက်ဖေးလမ်းကြားမှရသည့် လက်ကိုင်အနီးတ
တံစည်းကလေးကို မှန်ဘီလူးနှင့် ဂရုတစိုက် အသေးစိတ်ကြည့်လိုက်သည်
ပြီးနောက် တံစည်းကို ရေအပြည့်ရှိသည့် ရေခွက်ထဲသို့ထည့်၍ လှုပ်ခါသေ
ကြည့်လိုက်သည်။ သည်မှာတင် အနှောင့်မှ စာလုံးအချို့ ပေါ်လာသည်
အင်္ဂလိပ်လို အတိုကောက်စာလုံးလေးများ ဖြစ်သည်။





ငင်းသဲလွန်စများကို အမိအရဆုပ်ကိုင်ကာ ရေသည် လင်မယားနှင့်အတူ ရေစည်လှည်းတွန်းလေ့ရှိသည့် ကိုသံချောင်း ဆိုသူကို သိခဲ့ရသည်။ လုပ်ဖော်ကိုင်ဖက်များရှိရာသို့ စုံစမ်းရန် ထွက်လာလိုက်သည်။

သည်မှာ သေသူများနှင့် အလွန်ရင်းနှီးပြီး အတွင်းရေး၊ အပြင်ရေး တိုင်ပင်ဆွေးနွေးလေ့ရှိသည့် ကိုသံချောင်းဆိုသူကို သိခဲ့ရသည်။ ကိုသံချောင်း ကား အသက် (၄၅)ခန့်ရှိသည်။ ရေစည် လှည်းတွန်း ရောင်းသည့် လုပ်ငန်း လုပ်ကိုင်နေသည်မှာ ကြာပြီဟု သိရ၏။

ကျွန်တော်က သူ့ကို လက်ဖက်ရည်ဆိုင်သို့ခေါ်သွားပြီး မုန့်များ လက်ဖက်ရည်များနှင့် အကျုံအန ညှော်ခံလိုက်သည်။ သူက အငမ်းမရဖြင့် အားရပါးရစားရှာသည်။ ကျွန်တော်ကလည်း ကြိုက်သလောက် အဝစား ပြောလိုက်သည်။

''ကိုသံချောင်းနဲ့ ဦးလှအောင်တို့ လင်မယား ရင်းနှီးတာ ကြာပြီ လားဗျ''

''ကြာလှပေါ့ ဆရာ၊ လွန်ခဲ့တဲ့ (၁၀)နှစ်လောက်ကတည်းက သူတို့ ကျုပ်တို့က ရေထမ်းရောင်း၊ နောက်ပိုင်း ရေစည်လှည်းတွန်းရောင်း လုပ်ခဲ့ကြတဲ့ ဥစ္စာ''

''သူတို့ လင်မယားမှာ သားထောက်သမီးခံ မရှိဘူးလား''

''မရှိဘူးခင်ဗျ''

''ဆွေမျိုးများရော''

''ကျွန်တော် သိသလောက် မရှိပါဘူး''

''သူတို့ရဲ့ မူလဇာတိကရော''

''ဟို အညာကလို့ပြောတာပဲ''

''သူတို့မှာ သူတပါးဆီက ချေးငှားထားတဲ့ အကြွေးငွေ ဘာတွေ ရော ရှိလား''

''အဲ...အဲ...နည်းနည်းပါးပါးတော့ ရှိတယ်၊ ရေစည် လှည်း



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ဖို့အတွက်ပါ''

''ဘယ်လောက်ရှိမလဲ''

''သောင်းဂဏန်းဝန်းကျင်လို့ ပြောတာပဲ ဆရာရဲ့''

''ဘယ်သူ့ဆီက ချေးတာလဲ ကိုသံချောင်း''

''ဦးဖိုးငိုဆီက တစ်ရာကို နှစ်ဆယ့်တိုးနဲ့တဲ့ဆရာ''

''ကျေသွားပြီလား''

''ကျွန်တော့်ကို ပြောတော့ သုံးထောင်လောက် ကျန်သေးတယ်လို့ ပြောတယ်''

''အဲဒီ ငွေတိုးချေးထားတဲ့ ဦးဖိုးငိုကရော ဘယ်လိုလူစားလဲ ကိုသံချောင်း''

''အာ . . .ဒီလူကြီးက ပက်စက်တယ်ဗျ . . .ဒေါသလည်းကြီးတယ်၊ ရစရာရှိရင် ညီအစ်ကို မောင်နှမအရင်းတောင် လည်ပင်းညှစ်တောင်းတဲ့ လူစားမျိုးပဲ''

သူ့အပြောကြောင့် ကျွန်တော့်ဦးနှောက်ရဲ့ အကန့်တစ်ခုထဲမှာ ဦးဖိုးငိုကို နေရာပေးထားလိုက်သည်။

''ကိုသံချောင်း တစ်ခု စဉ်းစားကြည့်ပေးပါ၊ သူတို့လင်မယား မသေမီမှာ ထူးခြားတဲ့ စကားပြောခဲ့ဖူးတာများရှိသလား''

ကိုသံချောင်းက အတော်စဉ်းစားပြီးသောအခါ . . .

''တစ်ခုတော့ရှိတယ် ဆရာ''

''ဘာများလဲ ကိုသံချောင်းရာ၊ ပြောစရာရှိ ပွင့်ပွင့် လင်းလင်းပြောစမ်းပါ၊ ကြောက်စရာ မလိုပါဘူး''

''သူတို့လင်မယား တစ်လောက လက်စွပ်တစ်ကွင်း ကောက်ရတယ်လို့ ပြောတယ်''

''ဟုတ်လား . . .ဘာလက်စွပ်လဲ၊ အလေးချိန် ဘယ်လောက်သား ရှိသလဲ''





''ကျောက်နီလက်စွပ်ကလေးပဲဗျ၊ ရွှေနဲ့ကွပ်ထားတာ မဟုတ်ဘူး၊ ငွေနဲ့ကွပ်ထားတာ''

''ကျောက်ကရော''

''ချက်ကျောက်နဲ့ တူပါတယ် ဆရာရယ်၊ ဘုရားပျက်အနီး မြေကြီးထဲက ရတာတဲ့၊ အဲဒါလေး ကိုလူအောင်ဟိန်း၊ မသိန်းခင်လက်မှာ ရှုပ်ထားတာတွေ့တယ်၊ ဘယ်သူကမှလည်း အဲဒီလက်စွပ်ဝတ်ထားတာကို အထင်လည်းမကြီးဘူး၊ ဂရုလည်းမစိုက်ကြပါဘူး၊ ကျွန်တော်ကတောင် နောက်နေသေးတယ်၊ ငါ့ရောင်းမလားလို့ . . .သူတို့က မရောင်းပါဘူးတဲ့ ပန်းတိမ်ဆရာ ဦးကျော်မောင်တင့်ကတောင် ဝယ်သေးသတဲ့ . . . အဲဒါ လေးဝင်လာတဲ့နေ့ကစပြီး လာဘ်ကောင်းလို့တဲ့ ခင်ဗျ''

''အေးဗျာ . . .ဒီလောက်သိရတာ ကျေးဇူးတင်ပါတယ်ဗျာ၊ ရော့ ကိုသံချောင်း အိမ်ပြန်ရင် မိသားစုအတွက် စားစရာလေး ဘာလေး ဝယ်သွား''

ကျွန်တော်က ငါးရာတန်တစ်ရွက်ကို ထုတ်ပေးလိုက်သောအခါ ကိုသံချောင်းက ငြင်းသည်။ အိတ်ထဲ အတင်းထိုးထည့်ပေးလိုက်တော့မှ အားနာလွန်းသော မျက်နှာနှင့် လက်အုပ်ကလေးချီ၍ အရိုအသေပြုကာ သူ့ရေစည်လှည်းရှိရာသို့ ဝမ်းသာအားရပြန်သွားခဲ့သည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၄)

နှစ်ရက်ခန့် စုံစမ်းထောက်လှမ်း၍ ကျေနပ်မှုရရှိလာသောအခါ ဆုံးဖြတ်ချက်တစ်ခုကို ချလိုက်တော့သည်။

"ဆရာစံအောင်"

"ဗျာ...ဆရာ"

"ကျုပ်တို့ ရေသည်လင်မယားသတ်တဲ့တရားခံ သွားဖမ်းကြမယ်၊ အသင့်ပြင်ကြ"

"ခင်ဗျာ...တရားခံသိပြီလား ဆရာ"

"အေး"

နယ်ထိန်းတပ်ကြပ် စံအောင်က အံ့ဩနေသည်။ နယ်ထိန်းအရာရှိနှင့် အဖွဲ့လည်းပါလာသည်။ သည့်နောက် ကျွန်တော်တို့ရဲတပ်ဖွဲ့ဝင် များသည် (  )ရပ်ကွက်၊ (၃)လမ်းထိပ်ရှိ ရွှေပန်းတိမ်ဆရာ ဦးကျော်မောင်တင့် အိမ်သို့ ရပ်ကွက်ဥက္ကဋ္ဌနှင့် ဝင်လိုက်သည်။ ကျွန်တော်တို့ ဝင်လာသည်ကို မြင်သောအခါ ဦးဇွာ မျက်နှာပျက်သွားသူမှာ အသက် (၂၅)နှစ်ခန့်ရှိ ဟွန်ဒါ ဆိုင်ကယ်အသစ်စက်စက်ကို သနေသည့် ပန်းတိမ် ဆရာ၏သား ကျော်ဇေယျ ဖြစ်သည်။





"မင်းအဖေ ရှိသလားဟေ့"

ရပ်ကွက်ဥက္ကဋ္ဌရဲ့ အမေးကြောင့် လူရွယ်က အထစ်ထစ်ငေါ့ငေါ့ ပြန်ဖြေသည်။

"ဟုတ်...ဟုတ်ကဲ့...ရှိ...ရှိ...ပါတယ် ခင်ဗျ"

ကျွန်တော်က မျက်ရိပ် မျက်ကဲပြလိုက်သောအခါ နယ်ထိန်းအရာရှိနှင့် အဖွဲ့က ဝင်ပေါက်ထွက်ပေါက်များကို အသာပိတ်ဆို့ထားလိုက်သည်။ မကြာခင် ရွှေပန်းတိမ်ဆရာဆိုသူ ဗလကောင်းကောင်း ထိပ်ပြောင်ပြောင်လူကြီး ဦးကျော်မောင်တင့်သည် ပန်းထိမ်ခန်းထဲမှ ထွက်လာသည်။ သူသည် ကျွန်တော်တို့ ရဲတပ်ဖွဲ့ဝင်များကို မြင်လိုက်သောအခါ ခဏစီ မျက်နှာ ပျက်သွားသည်။ ဒါကြောင့် ကူမြွေပြန်ဆည့်ရင်း–

"ဘာကိစ္စ ရှိလို့ပါလဲ ခင်ဗျ"

"ကိစ္စကတော့ ရေသည်လင်မယား အသတ်ခံရမှုနဲ့ပတ်သက် ဦးရဲ့အိမ်ကို ရှာဖွေစစ်ဆေးမေးမြန်းချင်လို့ပါ"

"ဘာဗျ...သူတို့အသတ်ခံရတာနဲ့ ကျုပ်တို့နဲ့ ဘာ.. ဘာ ...င်လို့လဲဗျ"

"ဆိုင်တာရှိပါတယ်..ဦးကျော်မောင်တင့်၊ ဒါဘယ်သူ့ ပစ္စည်းလဲ ...ဗျ"

ကျွန်တော်က လက်ဆွဲအိတ်ထဲမှ စက္ကူနှင့်ပတ်ထားသည့် ပ ...ည်းတစ်ခုကို ဖြေ၍ချပြလိုက်သောအခါ ဦးကျော်မောင်တင့်၏ မျက်လုံး ... ကျယ်သွားသည်။ ပစ္စည်းကား...တံစည်းကလေး..."

"အရိုးလက်ကိုင် အောက်မှာ အင်္ဂလိပ်စာလုံး 'ကေ... ...မ်(မ်) တီ'လို့ ထွင်းထားတယ်၊ အသေအချာ မှန်ဘီလူးနဲ့ အန ...ကြည့်လိုက်တော့ ရွှေပွတ်တဲ့ ရွှေစားတဲ့ တံစည်းဖြစ်နေတယ်၊ အဲဒါ ...ဗျား ဘယ်နေရာမှာ ကျခဲ့တာလဲ သိလား..."

သူက ပျောက်နေသည့် ပစ္စည်းဖြစ်ကြောင်း ငြင်းသည်။ ...



www.burmeseclassic.com

www.burmeseclassic.com



သော်လည်း သားအဖနှစ်ဦးစလုံး ဇောချွေးများပြန်၍ ဂနာမငြိမ် ဖြစ်နေ
သည်။ ကျွန်တော် ရှာဖွေဝရမ်းကိုပြ၍ အိမ်တွင်း အိမ်ပြင် ရှာဖွေမည်
ပြောလိုက်ပြီး သူတို့ကို ရဲအစောင့်နှင့်ထားခဲ့ကာ အရပ်သက်သေ လူ
များနှင့် အိမ်အနှံ့ ပိုက်စိပ်တိုက်၍ ရှာလိုက်သည်။ ဘာမှမတွေ့..မကြာ
မီးဖိုဆောင်ဘက်ရှိ ပစ္စည်းဟောင်းများ ထည့်ပုံထားသည့် စတိုခန်း
ပစ္စည်းတစ်ခုချင်းထုတ်၍ ရှာလိုက်ရာ ဖိနပ်နှစ်ရံကို သွားတွေ့လိုက်သည
တစ်ရံက ဆိုးလ်အကောင်းစားနှင့် ထိုင်းနိုင်ငံလုပ်ရှူးဖိနပ်ဖြစ်ပြီး
တစ်ရံမှာ ကင်းဘတ်ရှူးဖိနပ်ဖြစ်သည်။ ၎င်း ဖိနပ်နှစ်ရံအနက် ကင်းဘ
ရှူးဖိနပ်အပေါ်၌ အနီရောင် သွေးကွက်များ စွန်းထင်းနေသည်။ ဆိုး
အကောင်းစားဖိနပ်၏ အောက်ခြေ ဆိုးလ် အကွက်များအကြားမှာ
သို့သော ပစ္စည်းများခဲ၍ ခြောက်လုလု.. ထိုဖိနပ်နှစ်ရံကို သူတို့ရှေ့
ချပေးလိုက်သောအခါ ဦးကျော်မောင်တင့် လန့်၍ ထခုန်လိုက်ပြီး သူ့
ကို ဒေါသတကြီး လှမ်းကြည့်လိုက်သည်။

"ဦးကျော်မောင်တင့် ခင်ဗျား ငြင်းချင်သေးသလား"

ဘာမျှပြန်မဖြေ...ဇက်ကျိုး၍ ကျသွားသည်။

"ခင်ဗျားက အပြင်ထွက်ရင် ကင်းဘတ်ရှူးကို အမြဲစီးလေ့
တယ်၊ ဘာလို့လဲဆိုတော့ ခင်ဗျား ညာခြေထောက် ခြေဖျားသုံးချောင်း
တိုပြီး အနာဖြစ်နေလို့ပဲ ကျုပ်တို့ဝင်လာကတည်းက ခင်ဗျားရဲ့ဖိနပ်စင်
အကဲ ခတ်ပြီးပြီ...ဟိုမှာတွေ့လား။ ကင်းဘတ်အသစ်တစ်ရံ ခင်
ဝယ်တဲ့ ဆိုင်ကိုရော ပြောရဦးမလား။ ကျော်ဖေယျ..."

"ခင်...ခင်ဗျား"

"ဒါ...မင်းစီးတဲ့ ရှူးဖိနပ်မဟုတ်လား"

သူက ဘာမှပြန်မပြော...။

"မင်း ဒီဆိုင်ကယ်အသစ် ဘယ်လောက်ပေးရလဲ မှန်မှန်ပြော
စမ်း"





"ဟို...ဟို...သုံး...သိန်းပါ ခင်ဗျ"

"မင်းတို့က တယ်ချမ်းသာပါလားကွ ဟေ...ကဲ ဒီဆိုင်
ယ်ဖို့ ဘယ်က ပိုက်ဆံရသလဲပြော"

ကျော်ဖေယျက သူ့အဖေကို အားကိုးတကြီးဖြင့် လှမ်းကြည့်
က်သည်။ ဦးကျော်မောင်တင့်က မျက်နှာမှ ချွေးစီးများကို လက်ညှိုးနှင့်
၍ လိုက်ရင်း...

"ကျုပ်...တို့...ဝန်ခံပါတယ်ဗျာ၊ ကျုပ်တို့ ကိုလှ အောင်တို့
မယားကို သတ်ခဲ့မိပါတယ်..."

ယင်းဝန်ခံစကားကို ကြားလိုက်ရသောအခါ ရပ်ကွက်ဥက္ကဋ္ဌ
ပါအဝင် အရပ်လူကြီးများလွန်စွာမှ အံ့သြသွားကြသည်။ အကြောင်း
ား ရွှေပန်းထိမ်ဆရာကြီးကို လူကောင်းသူကောင်းအဖြစ် သူတို့က
သိအမှတ်ပြုထားသောကြောင့် ဖြစ်သည်။

"ခင်ဗျား...ဘာကြောင့် သတ်ခဲ့ရတာလဲ ဦးကျော်မောင်
င့်"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

(၅)

''လောဘအဆိပ်တက်လို့ပေါ့ ဆရာတို့ရယ် . . .လော
ဟောဒီ ရပ်ထဲမြို့ထဲမှာ ရွှေပန်းထိမ်ဆရာ ဦးကျော်မောင်တင့်
အားလုံးက ရှိသေလေးစားကြပြီးသားပါ. . .ကျုပ် ရွှေပန်းတိမ်လုပ်
အနှစ် (၃၀)ကျော်ပြီ လိမ်လည်လှည့်ဖြားမှု မရိုးမသားမှု လုံးဝမလုပ်ခဲ့

ဟောဒီသား အရွယ်ရောက်လာတော့လည်း ပညာအမွေ
ဒီပညာကို သင်ပေးခဲ့တယ်။ အမေမရှိတဲ့ မိတဆိုးသားလေးမို့ ရသမျှ
လည်း သားလိုချင်ရာမှာ သုံးခဲ့တယ်။ အခုတလော သားက ဆိုင်
တစ်စီးလိုချင်သတဲ့။ သူ့သူငယ်ချင်းတွေ ဆိုင်ကယ်စီးနေတာကိုကြ
ပူစာတယ်။ ရွှေပန်းထိမ်ဆရာဆိုတာ လက်ခစားပါဗျာ။ ကျုပ်အဖို့
သားသားပဲ လုပ်ခဲ့ပါတယ်။ ဆိုင်ကယ်တစ်စီးရဲ့ ဒီနေ့ပေါက်ဈေးက
ဂဏန်းကနေ သန်းဂဏန်းအထိ ရှိသည့်ဥစ္စာ ကျုပ်ဘယ်လိုလုပ် ဝယ်
နိုင်မလဲ ဒီလို အခြေအနေမျိုးရှိလာတော့ သားက အလုပ်ထဲမှာ တမ





နေတယ်။ ဒါကို ကျုပ် စိတ်မကောင်းဘူး။

တစ်နေ့ ကျုပ်အိမ်ကို ရေလာထည့်ပေးနေတဲ့ ရေသည် လင်မ
အနက် မိန်းမလုပ်သူရဲ့ လက်သူကြွယ်မှာ ငွေနဲ့လုပ်ထားတဲ့ ကျောက်
လက်စွပ်တစ်ကွင်းကို မမျှော်လင့်ဘဲ တွေ့လိုက်ရတယ်။ မေးကြည့်တော့
ကောက်ရလို့ ဝတ်ထားတာပါတဲ့ ဘယ်နေရာက ရလဲလို့မေးတော့ ဘုရား
အနီး မြေကြီးထဲကတဲ့။ ဒါနဲ့ပြစမ်းဆိုပြီး ကြည့်လိုက်တော့ ကျောက်
ယ်ကျောက်မဟုတ်ဘူးဗျာ။ ပတ္တမြားမှ အင်မတန်မှ အရည်ကောင်း
ပတ္တမြား။ သူတို့ကတော့ ကျောက်အကြောင်းနားမလည်တော့ မသိဘူး
ရှေးဟောင်းပစ္စည်း ဖြစ်ပုံရပါတယ်။ ကွပ်ထားတဲ့ငွေမှာ ခြူးပန်း
က် ဖော်ကွက်တွေနဲ့။ ဒါနဲ့ ကျုပ်က ကော်ပြီဆိုပြီး ငါ့ပြန်ရောင်း
ားလို့ ခပ်ငေါ့ငေါ့ ပြောလိုက်တယ်။ ''ဘယ်လောက် ဆရာက
ှာလဲတဲ့'' ကျုပ်က ငွေမျှားရင် ရိုပ်မိမှာစိုးလို့ မုန့်ဖိုးတစ်ထောင်
ယ်လို့ပြောတော့။ မရောင်းပါဘူးဆရာရယ်တဲ့ ဒီပစ္စည်း ရတဲ့နေ့
ပြီး လာဘ်ကောင်းလို့ ဆောင်ထားတာပါတဲ့ ဒီအကြောင်း ကျုပ်သား
ည်း သိတယ်။ ဒါနဲ့ သူတို့လင်မယား ရေထည့်ပေးပြီး ပြန်သွား
တယ်။

အဲဒီအချိန်ကစပြီး ကျုပ်မျက်စိထဲမှာ ပတ္တမြား ကျောက်နီ
က်စွပ်ကိုပဲ နေ့နေ့ညည မြင်နေရတယ်။ သိန်းပေါင်းများစွာတန်တဲ့
ည်းဗျာ၊ ဒါသာ အချောင်ရရင် ကျုပ်သားလိုချင်တဲ့ ဆိုင်ကယ်လည်း
သလို ကျုပ်လည်း အကြီးအကျယ်ချမ်းသာနိုင်ပြီပေါ့ဗျာ။

ဒါနဲ့ ဗုဒ္ဓဟူးနေ့က သူတို့ အိမ်ကိုသွားပြီး လက်စွပ်ကို ဈေးပိုပေး
်ကွာ။ ငါ့သားလေးက လိုချင်လို့ပါ။ ဘယ်လောက် တိုးပေးရမလဲ
ာဆို တော့လည်း သူတို့က မရောင်းပါဘူးလို့ပဲ ငြင်းခဲ့တယ်။ ဒါနဲ့
းအပေနှစ်ယောက် ဒီပစ္စည်း သူများလက်ထဲပါသွားမှာစိုးတာနဲ့ သူတို့
ဲမယားအိမ်ကို အနုကြမ်းစီးဖို့ တိုင်ပင်ပြီး စနေနေ့ မနက်(၃)နာရီ



www.burmeseclassic.com

www.burmeseclassic.com



လောက်မှာ မျက်နှာကို လက်ကိုင်ပဝါစည်းပြီး စကောဘာတစ်[illegible]
တစ်ချောင်းစီနဲ့ လူချေအတိတ် ထွက်ခဲ့ကြတယ်။

မှုအစီအစဉ်က သတ်ဖို့ မဟုတ်ပါဘူး။ ခြောက်ရုံလု[illegible]
သူတို့အိမ်က တံခါးမရှိတော့ တက်ရလွယ်တယ်။ ကျုပ်တို့ အိမ်ပေါ်[illegible]
အိပ်မော ကျနေတဲ့ သူ့မိန်းမကို လက်ကလက်စွပ်ကို အချွတ်မှာနိုး[illegible]
ဘယ်သူလဲလို့အမေး ကျုပ်က တိတ်တိတ်နေ မနေရင် သတ်လိုက်[illegible]
ခြောက်လည်းခြောက်ရော ကိုလူအောင်က အသံကျက်မိသွားပြီး [illegible]
လားတဲ့ ဒီတင် မထူးတော့ဘူးဆိုပြီး။ ကျုပ်ကစလို့ လူအောင့်ကို [illegible]
ဘာနဲ့ စထိုး လိုက်တယ်။ သူ့မိန်းမ အော်မလိုလုပ်တော့ ကျုပ် [illegible]
စကောဘာနဲ့ ထိုးချလိုက်တယ်။ သူတို့ လုံးဝငြိမ်ကျသွားတော့မှ နော[illegible]
စည်းရိုးကို ကျော်ဖြတ်ပြီး လမ်းကြားကနေ ထွက်ပြေးခဲ့တယ်။

"ကံဆိုးချင်တော့ ကျုပ်အလုပ်လုပ်ရင် အပေါ်က ဝတ်[illegible]
ကုတ်အကျီကြားကနေ ရွှေပန်းထိမ်လုပ်တဲ့ တံစည်းလေးမမျှော်[illegible]
ပါ လာပြီး လျောကျသွားခဲ့တယ်၊ အိမ်ရောက်တော့ ဖိနပ်တွေ၊ အင်္ကျီ[illegible]
ပေကျံနေလို့ အင်္ကျီတွေကို အိမ်သာကျင်းထဲနှစ်၊ လက်နက်[illegible]
မြေကြီးထဲမြှုပ် ဖိနပ်ကိုတော့ ကျော်ဇေယျကို ချောင်းထဲ သွား[illegible]
နိုင်းတာ ဒီကောင်က မစွန့်ပစ်ဘဲ စတိုခန်းထဲ ထည့်ဖွက်ထားလိုက်[illegible]
ကျုပ် ကျုပ်တို့ ကံဆိုးပြီပေါ့ ဆရာရယ်"

"အဲဒီ ပတ္တမြားလက်စွပ် ဘယ်ရောက်သွားလဲ ဦးကျော်[illegible]
တင့်"

"နယ်စပ်က ကျောက်ကုန်ကူးတဲ့ လူတစ်ယောက်ကို သိန်[illegible]
ဆယ်နဲ့ ရောင်းလိုက်ပါတယ် ဆရာ...ဆိုင်ကယ်နဲ့ လက်ဝတ်လက်[illegible]
အချို့ဝယ်ပြီး ကျန်ငွေကို ကွန်ကရစ်ကြမ်းခင်းအောက်မှာ ဝှက်[illegible]
ပါတယ်၊ ကျုပ် . . . ကျုပ် . . . လောဘဇောတိုက်ပြီး သားသမီး[illegible]
အလိုလိုက်ချင်ဇောနဲ့ မိုက်မိတဲ့ အပြစ်ပါဆရာတို့ရယ် . . . ဆရာ[illegible]





[illegible]သလိုသာ အရေးယူကြပါတော့"

သည့်နောက် သူက ဝှက်ထားသည့်ငွေနှင့် လူသတ်ရာမှာ အ[illegible]
[illegible]သည့် ကောဘာနှစ်ချောင်းကို ထုတ်၍ပေးသည်။

♛ ♛ ♛

(၆)

တရားခံများက ဖြောင့်ချက်ပေးချင်သည်ဆို၍ မြို့နယ်
[illegible]သူကြီး [illegible] ဥပဒေနှင့်အညီ တရားဝင် ဖြောင့်ချက်
[illegible] တည်ဆောက်ပြီးသောအခါ
[illegible] အရေးယူနိုင်ရန် တရားရုံးသို့တင်ပြလိုက်သည်။

ဪ...အသက်ကြီးမှ သားသမီးဇော၊ လောဘဇော များနှင့်
[illegible]မှိုသေ၊ လူရှိသေ ဂုဏ်သိက္ခာ၊ သမာဓိများကို ညစ်ထေးအောင်
[illegible]ရောင်ဆိုးခဲ့သည့် အဟ္တလောဘသား ကြီးမိုက်တို့၏ဘဝကား ပစ္စုပ္ပန်မှာ
[illegible]မက နောင်တမလွန်ဘဝများအထိ ချွတ်မရအောင် အမည်းစွန်း
[illegible]က ညစ်သွားခဲ့ လေပြီတည်း။

တကယ့်ဖြစ်ရပ်မှခင်း
၂၀၀၁–နိုဝင်ဘာ

www.burmeseclassic.com

www.burmeseclassic.com




## ဘရွှေ စာတတ်ခဲ့ပါပြီ

ဘရွှေ ရှုခင်းသာ အပန်းဖြေကစားကွင်းကထွက်တော့ ညနေ ငါးနာရီခန့်ရှိပြီ။ ပျော်စရာတွေကို စုံအောင်ကြည့်ပြီးပြီမို့ သန်လျင်ကားဂိတ်ရှိရာသို့ တစ်လှမ်းချင်း ထွက်လာလိုက်သည်။

သူ ပန်းခြံကစားကွင်းမှ ထွက်လိုက်တော့ အလွန် လှပကြော့ရှင်းပြီး ခေတ်မီသော အဝတ်အစားများ ဝတ်ဆင်ထားသည့် အသက် (၂၅)နှစ် ခန့်ဝန်းကျင်ရှိ အမျိုးသမီးရွယ်တစ်ဦးက သူ့ကို ဝင်တိုက်သွားသည်။

ဘရွှေ အနည်းငယ် ယိုင်သွားသလို ဝင်တိုက်သည့် အမျိုးသမီးလည်း သူ့အရှိန်နှင့်သူ လဲကျပြီး လက်ထဲမှ ပိုက်ပါလွှင့်ကျသွားသည်။

"ဆောရီး အစ်ကိုရယ်...၊ ကျွန်မ အရေးတကြီးဖြစ်သွားလို့ ဝင်တိုက်မိတာပါနော်"

စိတ်ကူးသစ်စာပေ

www.burmeseclassic.com

www.burmeseclassic.com



သို့ကလို ပြောရင်း သူ့ပစ္စည်းများကို ကူကောက်နေစဉ် အသ
(၃၀)ခန့် လူရွယ်တစ်ဦးက ပြေးလာခဲ့၍ ကျန်ပစ္စည်းအချို့ကို ဝိုင်း
ကောက် ပေးလိုက်သည်။ အမျိုးသမီးက ကျေးဇူးတင်ကြောင်းပြော
ဘရွှေတို့ရှေ့မှ သုတ်သီးသုတ်ပျာ လျှောက်သွားလိုက်သည်။

ဘရွှေနှင့် လူရွယ်ကလည်း ကိုယ့်အတွေးနှင့်ကိုယ် လျှောက်
ကြသည်။ ငါးမိနစ်ခန့်လျှောက်မိသောအခါ ပလက်ဖောင်းပေါ်မှာ ထ
နေသော ဆွဲကြိုးတစ်ကုံးကို ဘရွှေ တွေ့လိုက်ရသည်။ ကုန်းကော
အသာနောက် လှည့်ကြည့်လိုက်တော့ စောစောက လူကလည်း တွေ့
သည်ထင့် အလျင်ဦးအောင် ကောက်ရန်ပြေးဝင်လာသည်။

ဘရွှေရင်ထဲသို့ လောဘစိတ်က စူးခနဲဝင်သွားကာ ထို
ရောက် မလာခင် ပလက်ဖောင်းပေါ်မှ ဆွဲကြိုးကို လှစ်ခနဲ ကောက်ယူ
သည်။

♛ ♛ ♛

(၂)

"ရွှေဆွဲကြိုးကြီးပဲဗျ"

"အဲဒါ ဘာဖြစ်လဲ"

ဘရွှေက လောဘမျက်လုံး မနာလိုမျက်လုံးနှင့် စူးစူးစိုက်စိုက်
ကြည့်နေသည်။ ထိုလူကို မျက်နှာထားနှင့်ကြည့်ရင်း ပြန်ခွပ်လိုက်သည်။

"ဟိုးရှေ့က သွားနေတဲ့ အမျိုးသမီးကျသွားတာပဲ ဖြစ်မယ်ဗျ။
စောစောတုန်းက သူ့လည်ပင်းမှာ ဒီဆွဲကြိုးမျိုး
ချိတ်လှမ်းတွေ့လိုက်တယ်"

ဘရွှေ ဆွဲကြိုးကို လက်နှင့်ဆကြည့်လိုက်သည်။ အနည်းဆုံး
တစ်ကျပ်သားတော့ ကြိမ်းသေသည်။ အမျိုးသမီးကို
လှမ်းကြည့်လိုက်တော့ ဘာမှမသိသလို သွားလေသည်။ ခမြာသိရင်
နှမြောရှာမှာပဲ။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် လိုက်မေးကြည့်လိုက်မယ်ဗျာ"

ဘရွှေ ဆွဲကြိုးကို ဆုပ်ရင်း အမျိုးသမီးနောက်သို့ လို
ပြင်လိုက်သည်။

"ဘာလို့လိုက်ရမှာလဲ နောင်ကြီးရာ၊ ခင်ဗျားနဲ့ ကျုပ်နဲ့
လို့ ရတာ ဥစ္စာ"

"ဘာပြောတယ်"

"ရှင်းရှင်းလေးပါဗျာ၊ ဒီဆွဲကြိုးကို ခင်ဗျာရော ကျုပ်
နှစ်ယောက်ပြိုင်တူမြင်ကြတာ ဥစ္စာ၊ ခင်ဗျားနဲ့ကျုပ်နဲ့ တစ်ဝက်စီ
လိုက်ရင် အပိုင်ပဲပေါ့ဗျာ"

သူ့စကားကြောင့် ဘရွှေ ကြောင်၍ စဉ်းစားလိုက်သည်။ ပြ
လိုက်လျှင် မသကာ မုန့်ဖိုးလောက်ပဲ ရနိုင်မည်။ သူပြောသလို ဝေယူ
ရင် ငါးမူးသားဆိုနှစ်သောင်းခွဲ။ စဉ်းစားရပြီ။

"အင်း ဟုတ်ပြီ၊ လာဗျာ ကျုပ်တို့ သွားရောင်းကြမယ်"

ဘရွှေ ဆုံးဖြတ်ချက်ချလိုက်သည်။ သူလိုချင်သည့် ရွှေ
လက် ပတ်နာရီဝယ်ဖို့ ငွေရတော့မည်။

"နေဦးလေ . . .နောင်ကြီးရာ၊ ခင်ဗျား မစဉ်းစားမိဘူး
ဗျာ၊ ဆိုင်မှာ သွားရောင်းရင် ဘောက်ချာမပါတော့ အနှိမ်ခံရမှာပေါ့
နောက်ပြီး အလစ်သုတ်လာတယ်မှတ်ပြီး ရဲအကြောင်း ကြားလို
ရင်လေဗျာ"

"ဒါဆိုလည်း တစ်ဝက်စီ ဖြတ်ယူကြစို့ဗျာ"

ဘရွှေက ကိစ္စကို မြန်မြန်ပြီးချင်နေသည်။

"အဲဒါ ပိုဆိုးတာပေါ့ဗျ၊ အဲဒီ အပြတ်ကို သွားရောင်းမှ ကြိမ်
အချုပ်ထဲရောက်မှာ သိရဲ့လား။ ဒီလိုလုပ်ဗျာ"

"မြန်မြန်ပြောကွာ"

"ကျုပ်မှာတော့ ပိုက်ဆံနည်းနည်းပဲပါတယ်၊ ခင်ဗျား





က်စွပ်ပါတယ် မဟုတ်လား။ ငွေရော ဘယ်လောက်ပါလဲ"

ဘရွှေက ကိစ္စပြီးချင်နေသည်။ အိတ်ထဲမှာ ငွေစက္ကူ အချို့
သည်။ နှစ်ထောင်ခန့် လက်စွပ်က တစ်သောင်းခန့်တန်သည်။

"ကိုယ့်လူက ဘယ်လိုလုပ်ချင်လို့လဲ ပြောပါ"

"ခင်ဗျား ဒီဆွဲကြိုးကို ယူလိုက် ခင်ဗျား လက်စွပ်နဲ့ ပါတဲ့ငွေ
ချပ်ကို ပေးခဲ့ဗျာ၊ ခင်ဗျား မရှုံးပါဘူး။ ကျုပ်က ငွေနည်းနေလို့ပါ။
ဒို့ ကျုပ် အမ်းလိုက်တယ်"

ဘရွှေ ချိတုံချတုံ ဖြစ်နေသည်။

♛ ♛ ♛

(၃)

မျက်လုံးထဲမှာ အတိတ်က ပုံရိပ်အချို့ ပေါ်လာသည်။ ဘာလုပ်
ရမှာလဲ။ သူဆုံးဖြတ်ချက်တစ်ခုကို ယတိပြတ်ချလိုက်သည်။

"အခု မင်းအိတ်ထဲမှာ ပိုက်ဆံ ဘယ်လောက်ရှိလဲ"

ဘရွှေ ဆွဲကြိုးကို ဆကြည့်ရင်း မေးလိုက်သည်။ ပြီးတော့
လက်ညှိုး လက်မနှင့် ပွတ်ကြည့်ပြီး နာခေါင်းဝမှာ မသိမသာ နမ်းကြည့်
လိုက်သည်။ ထိုလူက သူ့အမေးကြောင့် မျက်လုံးများ ကျယ်သွား ပြီး။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်မှာ ငွေတစ်ရာပဲ ပါလို့ ပြောနေတာပါ"

"ဒီလိုလုပ်ကွာ၊ မင်းပါတဲ့ငွေတစ်ရာပဲ ငါ့ကို ပေးခဲ့၊ ဒီဆွဲကြိုး ကိုးလုံး မင်းအပိုင်ယူလိုက်"

"ဟောဗျာ . . . ခင်ဗျားကလည်း"

ငနဲသားမျက်နှာပျက်သွားသည်ကို ဘရွှေ လှစ်ခနဲ မြင်လို သည်။

"အေး . . . အဲဒါမှ သဘောမတူရင်လည်း မင်းနဲ့ ငါ ဒီပွဲ ကောက်ရကြောင်း ရဲစခန်းသွားပြောကြမယ်၊ လာကွာ"

ဘရွှေက ပြောရင်း ထိုလူ့လက်ကို ဆွဲလိုက်သည်။ ထိုလူ ရုန်းရင်း . . .

"ခင်ဗျား မအစမ်းပါနဲ့ဗျ၊ လွှတ်ပါ"

"အေး . . . မင်းက ငွေတစ်ရာပေးပြီး ဒီဆွဲကြိုးလည်း နိုင်၊ ရဲစခန်းသွားအပ်ရအောင်လည်း မလိုက်ရဲဘူးဆိုမှတော့ ဒီပစ္စည်း မင်းရော ငါရော မရထိုက်ဘူး၊ ဒီတော့ ကဲကွာ"

ဘရွှေလက်ထဲမှာ ဆုပ်ထားသည့် ဆွဲကြိုးကို သူ့ရှေ့လက်ယာ ဘက်ရှိ ရေပြည့်နေသော ကန်စွန်းအိုင်ကြီးထဲသို့ ဖျတ်ခနဲ လွှင့်ပစ်လို သည်။ ထိုလူ ကြောင်သွားသည်။

"လိုက်ကောက်လေကွာ"

ငနဲသားက တုတ်တုတ်မျှမလှုပ်သည့်နောက် သူ့ရင်ဘတ် ညာလက်စုံကိုင်ဆုပ်ရင်း။

"ဒီမှာ ဟောကောင် မှတ်ထား၊ သန်လျင်သားကွ၊ မင်း ဒီလို ရွှေတုံကို ဒလံနဲ့ပစ်ချပြီး အမဲဖမ်း၊ အချဉ်ဖမ်းတာ စာမတတ် လောဘသား ငအတွေကို လုပ်လို့ရမယ်၊ ငါ့လိုကောင်ကို လုပ်လို ပတ်လို့မရဘူး မှတ်ထား၊ မှတ်ထား"

ပါးစပ်က ပြောရင်း လူလိမ်ကို ဆောင့်တွန်းလိုက်သည်





အချိန်၌ ကားမှတ်တိုင်သို့သွားရန် လူနှစ်ဦး ခပ်လှမ်းလှမ်းမှ လာနေ သည်။ ငနဲသား ဘာမှပြန်မပြောတော့ဘဲ အရှေ့ဆီသို့ ခြေလှမ်းကြဲကြီးနှင့် သွားလိုက်သည်။

ဘရွှေ သူသွားရာရှေ့ဆီသို့ မျှော်ကြည့်လိုက်သောအခါ လေးရှား ပိတောက်ပင်အောက်၌ မတ်တတ်ရပ်နေသော ဟိုမိန်းမကို မြင်လိုက်ရသည်။

ဘရွှေ မအပါ၊ လက်ထဲမှာ အနှစ်မရှိဘဲ ဖော့နေသည် ဆွဲကြိုး၊ ကြည့်လို့မှ ကြေးညိုနံ့ နံ့နေသည့် ဆွဲကြိုး။

ဒါမျိုး မလုပ်နဲ့ ကိုယ့်လူ။

ငါတို့ စာတတ်တာ ကြာလှပြီ။

မှုခင်းရောင်စုံ

၂၀၀၂–ဇန်နဝါရီ

www.burmeseclassic.com

www.burmeseclassic.com



# မြေလျှိုးနိုင်လျှင် နဂါး မိုးပျံနိုင်လျှင် ဂဠုန်

(၁)

အချိန်က နံနက်(၁)နာရီခန့်ရှိသည်။ စခန်းကို ကျွန်တော်တာဝန် နေစဉ် ရုံးခန်းအတွင်းသို့ ရွှေချမ်းသာရပ်ကွက် ရ .ယ .က ဥက္ကဋ္ဌ ဖော်ဖေနှင့် လူသုံးဦးဝင်လာကြသည်။ အဲဒီအထဲမှာ တရှုံ့ရှုံ့ငိုနေသည့် သက် (၃၅)နှစ်ခန့် အမျိုးသမီးတစ်ဦးလည်းပါသည်။ သူတို့ အားလုံး ပုံပန်းသဏ္ဌာန်မှာ အလွန်တရာ အရေးကြီးနေပုံရနေ၏။

“လာ–ဥက္ကဋ္ဌကြီး ဘာအကြောင်းထူးပေါ်လာလို့လဲ ထိုင်ကြပါ ပါ”

“အကြောင်းကတော့ ထူးတယ်၊ ဆရာညို့ ရွှေချမ်းသာဈေးမှာ သတ်မှုဖြစ်သွားလို့ပဲ ဆရာ”

“လူသတ်မှု ဘုရားရေ စောစောစီးစီး အမှုကြီးပါလားဗျာ



www.burmeseclassic.com

www.burmeseclassic.com



ကဲ–ကဲ ဖြစ်ပုံကို ပြောပါဦး ဉက္ကဋ္ဌကြီး"

"ဒါက သေသူ ကိုသောင်းစိန်ရဲ့မိန်းမ မမြခင်ပါဆရာ၊ သူ

လင်မယားဈေးထဲမှာ ငါးသွားဝယ်တယ်တဲ့ ဆရာ၊ အလေးမပြည့်

ငါးသည် ကို ပြန်ပြောရာကနေ မိန်းမချင်းစကားများကြတယ်

အဲဒီကနေ ငါးသည်နဲ့ ဈေးဝယ်တဲ့ ဒီမိန်းကလေးနဲ့ ခွန်းကြီးခွန်းငယ်က

ပါးရိုက်နားရိုက် ရန်ဖြစ်ကြတယ်၊ ဒါကို သေသူကိုသောင်းစိန်က သူ့မိ

မမြခင်ကို ဝင်ဆွဲ ရှာတယ်၊ အဲဒါ ငါးရောင်းတဲ့ မကျည်းတန်ရဲ့ယောက်

အောင်မြတ်က ဓားနဲ့ခုတ်လိုက်တာ ဒီကောင်မလေးယောက်ျား ပွဲချင်း

သေပါလေရော ဆရာ၊ အဲဒါ အမှုလာဖွင့်ကြတာပါ"

"အလောင်းရော ဈေးထဲမှာပဲမို့လား"

"ဟုတ်ပါတယ် ခင်ဗျာ၊ ဈေးတာဝန်ရှိသူများနဲ့ ရယ

အဖွဲ့ဝင်တွေကို မထိမကိုင်ကြစေဖို့ အစောင့်ထားခဲ့ပါတယ်"

ကျွန်တော် လိုရင်းအချက်များကို မှတ်စုစာအုပ်အတွင်း

ရေးသွင်း လိုက်သည်။ သည့်နောက် ဂါတ်စာရေးကြီးကိုခေါ်၍ အမှုဖွင့်

လိုက်သည်။ ကိုစွပ်ပြီးသည်နှင့် နယ်ထိန်း ဆရာအောင်ကြည်လေး

အဖွဲ့ကိုခေါ်ကာ ဓာတ်ပုံ ဆရာတစ်ဦးကိုခေါ်ပြီး ရွှေချမ်းသာဈေး

ဉက္ကဋ္ဌတို့အဖွဲ့နှင့် အလျှင်အမြန် ထွက်လာခဲ့လိုက်သည်။

♛ ♛ ♛

(၂)

ဈေးထဲမှာ ဈေးသည်များဈေးဝယ်များက အလောင်းကို ဝိုင်းအုံ

ကြည့်နေကြသဖြင့် လူအုပ်ကို အရင်ဖယ်ရှားလိုက်ရသည်။ မြင်လိုက်

ရသည့် မြင်ကွင်းကား စိတ်မသက်သာစရာရှိလှသည်။ သေသူသည်

ဓားချက်ဓားမ၏ ဒဏ်ကြောင့် ဦးဆက်လိုနေရာမှ ဟက်တက်ကွဲ၍

နောက်ခုံလဲကျနေသည်။ ဒုတိယဒဏ်ရာကား လည်ပင်း ညာဘက်မှာ

ဖြစ်သည်။ အားပါသည့်ဓားချက် ကြောင့် သွေးကြောကြီးငယ်များပြတ်ကာ

ဆိုင်ခန်းကျင်မှာ သွေးများအိုင်ထွန်း ပြန့်ကျဲနေသည်။ ငါးဗန်းအချို့

မှောက်ခုံပြန့်ကျဲနေပြီး ငါးသေများက ဟိုဒီအနှံ့ ဖြစ်နေ၏။

မှုခင်းဓာတ်ပုံဆရာက သေသူ၏ အနေအထားအမျိုးမျိုးပုံနှင့်

ခင်း ဖြစ်ပွားသည့်ဝန်းကျင်ကို ထောင့်စေ့အောင် ဓာတ်ပုံ ရိုက်ယူ

သည်။ အနင်းခံထားရသည့် ငါးဗန်းတစ်ခုအပေါ်၌ အရှည်တစ်ပေခွဲ

ဓားလေး လက်မခန့်ရှိ သွေးပေနေသော ငါးခုတ်ဓားမကို တွေ့ရသဖြင့်

သက်သေခံပစ္စည်းအဖြစ် စနစ်တကျ သိမ်းဆည်းလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မျက်မြင်သက်သေများ၏ ထွက်ဆိုရှင်းပြချက်အရ
လူသတ် တရားခံအောင်မြတ်က မဆင်မချင် မိုက်မိုက်ကန်းကန်း
စက်စက် လုပ်တာပါဟု ဆိုကြသည်။ အလောင်းကို ဆေးရုံ
လုပ်ထုံးလုပ်နည်း ကိစ္စရပ်များပြီးသောအခါ တရားခံအိမ်ရှိ
ကျွန်တော်တို့ထွက်လာလိုက် ကြသည်။ ဦးစွာဆီးကြိုလိုက်သည်
အနီရောင်ရှိသည့် အင်းခွေးကြီး တစ်ကောင်ရဲ့ ဟိန်းဟောက်
ထွက်ဆွဲခြင်းဖြစ်သည်။ ဥက္ကဋ္ဌက အသံပြု လိုက်သောအခါ ခွေး
ကြောက်လန့်လန့်နှင့် ထွက်လာသည့် တရားခံရဲ့ မိန်းမကို တွေ့ရ
သူမက ငိုသံပါကြီးနှင့် သူ့ခွေးကို လှမ်းအော်လိုက်ရာ ခွေး
အိမ်နောက်ဖေးသို့ ပြေးထွက်သွားလေသည်။

ခုမှ ကြောက်လန့်စိုးရိမ်ကြီးပြီး ငိုထားလို့ထင် အမျိုး
မျက်နှာပေါ်မှာ မျက်ရည်များ အိုင်ထွန်းစီးကျနေသည်။ အထ
ကြည့်လိုက်တော့ အမျိုးသမီးက အသားညိုညို ကိုယ်လုံး ကိုယ်
ဖြောင့်ဖြောင့်။ ငါးသာ ရောင်းသည် မျက်နှာမှာ မိတ်ကပ်က မ
တစ်ဦးလို ခြယ်သထားခဲ့ပုံရှိသည်။

"ငါးရောင်းတဲ့ မကျည်းတန်ဆိုတာ အစ်မကြီးလား"

"ဟုတ်–ဟုတ်ကဲ့ရှင့်"

"ခင်ပျားယောကျ်ား ကိုအောင်မြတ်ရော"

"မ...မရှိတော့ပါဘူး။ ဆ...ဆရာ"

"သူ ဘယ်ကို ထွက်သွားသလဲ မှန်မှန်ပြောပါနော်"

"ဖြစ်ပြီးကတည်းက ထွက်–ထွက်ပြေးသွားတာပါပဲ ဆရာ
မယုံရင်ရှာကြည့်ကြပါရှင်"

အိမ်ပတ်ပတ်လည်ကို ဝိုင်းရံထားသည့် ခြံအမှုထမ်းများ
ပတ်ဝန်းကျင်ကို မျက်ခြေမပြတ် အကဲခတ်၍ ကြည့်နေကြသ
သည့်နောက် ရဲ.ယ.က ဥက္ကဋ္ဌနှင့် အရပ်သက်သေလူကြီးများကို





ထဲအနှံ့ လိုက်ရှာကြည့်ကြသည်။ အောင်မြတ်ရဲ့ အစအနကို
မတွေ့ရ။

"သူ့အမျိုးတွေ ဘယ်မှာရှိသလဲ အစ်မကြီး"

"ဖျဉ်ထောင်ကျောင်း ကျေးရွာမှာ ရှိ...ရှိပါတယ်ရှင့်"

"သူ့မှတ်ပုံတင်ရော ကျန်ခဲ့သေးသလား။ ရှိရင်ပေးပါ အစ်မ
ကြီး"

တရားခံရဲ့မိန်းမ မကျည်းတန်က အံဆွဲတစ်ခုအတွင်းမှ အောင်
မြတ်ရဲ့ မှတ်ပုံတင်ကဒ်ကို ထုတ်၍ပေးသည်။ ဓာတ်ပုံထဲမှ ပုံသဏ္ဌာန်က
တ်ကန်း ကြမ်းကြုတ်မည့် တဇောက်ကန်း မျက်နှာမျိုးဖြစ်၏။ သည့်
နောက်..မကျည်းတန်ကို စခန်းသို့ခေါ်လာခဲ့လိုက်သည်။ မြို့ဝင် မြို့ထွက်
တ်များ မြို့ချင်းဆက် မြို့များသို့ ပိတ်ဆို့ထားရန် လူခွဲ၍ တာဝန်ချ
ပေးလိုက်သည်။

www.burmeseclassic.com

www.burmeseclassic.com

(၃)

ကျွန်တော်တို့စုံစမ်း၍ သိရသလောက်ဆိုလျှင် အောင်မြ
သည်။ လောင်းကစားလည်းလုပ်သည်။ အရက်နှင့်မိန်းမ လဲသော
သည်။ မူးသည်။ ပွဲစားယောင်ယောင် ဘာယောင်ယောင်လဲလုပ်သ
ယခု မိန်းမအပြင် အငယ်အနှောင်း တီတ်တိတ်ပုန်းတစ်ယောက်
ရှိသေးသည်ဟု သိရသည်။

ဒီကောင် မှတ်ပုံတင်ကျန်ခဲ့သည့်အတွက် သွားရေးလာ
နေထိုင်ရေးများ အခက်အခဲများစွာ ရှိနိုင်သည်။ သို့ဖြစ်၍ သူ့ရဲ့ တ
ဝင်မယား မကျည်းတန်ကို ပြန်လွှတ်လိုက်သည်။ သူ့အိမ်ပတ်ဝန်းကျင်
ရှုံဒိုးချထား လိုက်သည်။ အချို့ကို သူ့မွေးဇာတိ ဖျဉ်ထောင် ကျော
ကျေးရွာသို့လွှတ်၍ စုံစမ်းရန် တာဝန်ပေးလိုက်သည်။

သူ့မယားငယ်အိမ်သို့ ကျွန်တော်တို့ရောက်သွားသောအ
ရုပ်ရည် သိပ်မလှသော်လည်း မကျည်းတန်ကဲ့သို့ ကိုယ်လုံးကိုယ်ပေါ
အလွန်ပြေပြစ်လှသည့် အသက်နှစ်ဆယ့်ငါးနှစ်ခန့် အမျိုးသမီးကို တွေ့
ရသည်။ သူ့နာမည်က. . .ခင်ထားရီဟု သိရသည်။

အင်း . . .ဒီကောင် မိန်းမတော့ အတော်စွဲသည့်ကောင်
ဖြစ်ပုံရသည်။ မယားနှစ်ဦးစလုံး ဆွဲဆောင်အားအလွန်ကောင်းသည်
ဒါ့အပြင် မယားငယ်ကိုလည်း သွပ်မိုးပျဉ်ကာ လုံးချင်းအိမ်ယာနှင့်
ထားနိုင်ပုံထောက်လျှင် စီးပွားရှာလျှင်လည်း လူရည်လည်မည့်ပုံရှိမည်ဟု





့မှန်း၍ရသည်။

သို့နှင့် . . .ရက်သတ္တပတ်သာ ကြာသွားခဲ့သည်။ သူ့မယား
ယောက်အိမ်သို့လည်း တိတ်တဆိတ်ပြန်မလာခဲ့သလို သူ့ဇာတိ
ဉ်ထောင်ကျော်းကျေးရွာနှင့် ရွာနီးချုပ်စပ်သို့လည်း အဝင်အထွက်
ကြောင်း စုံစမ်းသိရှိခဲ့ရသည်။

ဆက်လက်၍ သူ့အပေါင်းအသင်းများ သူ့ဆရာသမားများ
ာ နေရာ ဌာနများသို့ သွားရောက်စုံစမ်းပါသော်လည်း အားလုံးက
သိဘူး ဟူ၍သာ ဘူးခံ၍ ရှောင်ကြသည်ချည်းဖြစ်၏။

တရားခံကို အလျင်အမြန်မမိနိုင်သောအခါ သက်ဆိုင်ရာအကြီး
ကဲများက ကိုယ့်ကို ဆူပူကြိမ်းမောင်းလာတော့သည်။ ဒုက္ခ အလွန်ပေး
ည့် ကောင်ပါလား။

ဒင်း မြေလျှိုး၍ မိုးပျံလေရော့သလား။

သို့နှင့် အချိန်ကာလများသည် တရွေ့ရွေ့ကုန်ဆုံး၍ လာခဲ့သည်။

ကိုယ့်ကိုကိုယ်လည်း ဒေါသဖြစ်၍မဆုံး ထောင့်ပါးဝသည့်
တရားခံ ဟောင်းများ ပြစ်မှုအကြိမ်ကြိမ်ကျူးလွန်ဖူးသည့် တရားခံမျိုးကို
ခြေရာကောက်၍ မရသောအခါ ကိုယ်ညံ့ပြီး သူတော်နေလို့ဟုသာ
ကောက်ချက်ချရမလို ဖြစ်နေသည်။ စဉ်းစားလို့ရသည်မှာ တစ်ချက်ရှိ
သည်။ ဒီကောင်မှတ်ပုံတင် မပါဘဲနှင့် မြို့တ်ချုံကျ် ပျောက်ချက် အား
ကောင်းနေပုံထောက်လျှင် နယ်စပ်လို နေရာမျိုး တစ်ဖက်နိုင်ငံလိုနေရာမျိုး
သူပုန်၊ သူကန်ရှိသည့်နေရာမျိုးသို့ ရောက်နေရော့သလား။

ကျွန်တော် ကိုယ့်ဦးခေါင်းကို လက်သီးနှင့်ထုပစ်လိုက်သည်။
သို့နှင့် တရားခံပြေးအဖြစ် ဝရမ်းထုတ်ကာ အသံစွင့်၍ စုံစမ်း နေရတော့
သည်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်လား၊ ဒါနဲ့ ဉက္ကဋ္ဌကြီးတို့ ရပ်ကွက်ထဲမှာရော လူစိမ်း ...အထွက်များ ရှိသေးသလား"

"ရုံးမှာတော့ ဧည့်စာရင်းလာတိုင်တာ ရှိတာပေါ့ ဆရာ၊ ဧည့် ...ကို ကိုယ်တိုင်ခေါ်လာဖို့ မှတ်ပုံတင်ပါ ယူလာဖို့ ထုတ်ပြန်ထားတော့ ...ပ် ဧည့်သည်လာရင် ကျွန်တော်တို့ ဂရုတစိုက် ကြည့်နေပါတယ် ...ရာ"

"အခြားအဝင်အထွက်ရောဗျာ"

"အင်း အခြားအဝင်အထွက်ကတော့ ထူးထူးခြားခြား သိပ်မရှိ ...ဘူး။ တစ်ခါတစ်ရံ ညဘက် ကိုယ်အင်္ဂါမကောင်းတဲ့ သူတောင်းစားတွေ ...ပ်ပေါက်စေ့ လိုက်တောင်းစားတာလောက်ပဲ ရှိပါတယ်"

"ကျေးဇူးပဲ ဉက္ကဋ္ဌကြီးရာ အခြားထူးခြားတာရှိရင် ချက်ချင်းသ...တင်း ပို့စမ်းပါဗျာနော်"

"စိတ်ချပါ ဆရာ"

ကျွန်တော် ရွှေချမ်းသာ ဉက္ကဋ္ဌအိမ်မှ ထွက်လာပြီးနောက် အချိန် ရသေးသဖြင့် အောင်မြတ်ရဲ့ မယားငယ်နေထိုင်ရာ အုတ်မိုစုရပ်ကွက် သို့ထွက်လာခဲ့လိုက်သည်။

✿ ✿ ✿

(၄)

သုံးလကြာသောအခါ ၎င်းအမှုအကြောင်းကို ပြောသူနည်းလာ... ကြတော့သည်။ တစ်နေ့ ကျွန်တော် ရ.ယ.က ဉက္ကဋ္ဌဦးဇော်ဖေအိမ်သို့ ရောက် သွားခဲ့သည်။ ကျွန်တော့်ကို မြင်သောအခါ ဉက္ကဋ္ဌကြီး... ပျာပျာသလဲနေရာ ထိုင်ခင်းပေးပြီး ရေနွေးဓူးနှင့် ဆေးလိပ်များ... ချပေးပြီး။

"အကြောင်းထူးရှိလို့လား ဆရာညို"

"ဉက္ကဋ္ဌကို မေးစရာ၊ တိုင်ပင်စရာရှိလို့ပါဗျာ"

"မေးပါဆရာ၊ ဆရာဘာသိချင်လို့လဲပြော"

"မကျည်းတန် ငါးရောင်းတုန်းပဲလား"

"ရောင်းတုန်းပဲ ဆရာ"

"ဒီအမျိုးသမီး ခုတလော ဘာများထူးခြားသေးလဲ ဉက္ကဋ္ဌကြီး..."

"အဲ ထူးခြားတယ်လို့ ပြောရမလား မသိဘူး ဆရာ၊ အ... အခု တလော စီးပွားဖြစ်နေပုံရတယ် ခင်ဗျ။ လက်ဝတ်လက်စားတွေ... တီဗွီတောင် ဝယ်ထားတယ်လို့ ကြားရတယ်"



www.burmeseclassic.com

www.burmeseclassic.com

(၅)

အုတ်ဖိုစုရပ်ကွက် ဥက္ကဋ္ဌကလည်း မိမိကို တွေ့သည်နှင့် လွ
လွတ်လွတ်လပ်လပ်စကားပြောနိုင်ရန် လူရှင်းသည့် လက်ဖက်ရည်ဆိုင်
ခေါ်လာခဲ့သည်။

"ဥက္ကဋ္ဌကြီး အောင်မြတ်ရဲ့မယားငယ် ခင်ထားရီရဲ့ အခြေအ
ရော ဘယ်လို ထူးခြားသေးလဲ ခင်ဗျ"

"ဒီမိန်းမက အရင်ကလိုပါပဲ ဆရာ၊ ကျော့နေအောင် ဝတ်စ
ပြီး ရုပ်ရှင်ကြည့်လိုက် ရန်ကုန်တက် အဝတ်အစားတွေဝယ်လိုက်နှ
ခပ် ပျော်ပျော်ပဲ ဆရာညီရဲ့"

"ထမင်းစားဖို့ကြတော့ရော သူက ဘာအလုပ်လုပ်နေသေးလဲ"

"ကျွန်တော် သိသလောက်တော့ ငွေတိုးပေး၊ နေ့ပြန်ပေးနဲ့
ငွေကစားနေတာပဲဗျ"

"အခုတလော သူ့အခြေအနေလေး ဥက္ကဋ္ဌ ခန့်မှန်း မိသ
လောက် ပြောပြစမ်းပါဦး ဥက္ကဋ္ဌကြီးရာ"





"အင်း နဂိုအတိုင်းပါပဲ သောကမရှိသလိုပဲ"

"သူ့လင် ဝရမ်းပြေးဖြစ်နေတာများ။ ပျော်နိုင်သေးသလားဗျာ"

"သူကတော့ သာရင်နား၊ မသာရင် သွား၊ အစားမပျက် လူစားမျိုး ဆရာညီ"

"သူ့အိမ်ရော လူစိမ်းအဝင်အထွက်ရှိသေးသလား"

"ဟင့်အင်း"

"ဥက္ကဋ္ဌတို့ ရပ်ကွက်ရော နေ့နေ့ညည လူစိမ်းအဝင်အထွက် အခြေအနေထူးခြားတာရော"

"သိပ်တော့ မရှိလှပါဘူး ဆရာညီ၊ နေ့ဘက်ဆိုရင် သာမန်ခရီး သွားနဲ့ နယ်လှည့်ဈေးသည်တွေ အဝင်ရှိတယ်၊ အဲ-အဲ ညဘက်ဆိုရင် တော့-ဒုက္ခိတသူတောင်းစားလေး ဘာလေး၊ အိမ်တကာလှည့် ထမင်း တောင်းစား တာမျိုးတော့ ရှိတာပေါ့ဗျာ"

ထိုစဉ် ကျွန်တော့် ခေါင်းထဲသို့ အတွေးတစ်ခုဝင်လာသည်။

"သူတောင်းစားတွေက အမျိုးသားလား၊ အမျိုးသမီးလား၊ ကလေးလား၊ လူကြီးလား ခင်ဗျ"

"အစုံပါပဲ ဆရာ"

"ဥက္ကဋ္ဌ စကားဆုံးတော့ ကျွန်တော် အတွေးဆများ ရေစီးထဲ မျောပါသွားတော့သည်"

www.burmeseclassic.com

www.burmeseclassic.com

(၆)

အမှုပါးချိန်မို့ လူဆိုးစာရင်းဝင် မှတ်တမ်းတချို့ ပြန်ဖတ်ကြည့် နေမိသည်။ ဒီနယ်ဘက်မှာ အမှုကြီးဆိုလျှင် ဓားပြမှုနှင့် လူသတ်မှု ရှိသည်။ ထိုသူများလည်း နရသိန်ထဲသို့ ရောက်နေကြသည်။ ဝရမ်းပြေး စာရင်းပါဆိုလျှင် အောင်မြတ်တစ်ယောက်ပဲ ရှိသည်။ နယ်ထိန်းဆရာ အောင်ကြည်လေး အစီရင်ခံချက်အရဆိုလျှင် အမှုကိစ္စပြီး၍ အပြ ရောက်နေသည့် ထောင်ထွက် အချို့ရှိသော်လည်း အချို့က ဒီနယ်မှာပင် ကောင်းရောင်းကောင်းဝယ် လုပ်ကိုင်စားသောက်နေကြောင်း သိရပြီး အချို့ကတော့ ဒီနယ်မြေမှာ မရှိဘဲ ပျောက်ချက်သားကောင်းနေသည် သိရသည်။ တစ်ခါတစ်ခါ စဉ်းစားကြည့်သည် ထိုသူများနှင့် အောင်မြတ် အဆက်ရ၍ လှို့ဝှက်ပုန်းအောင်း လှုပ်ရှား နေရော့သလား။

"ဆရာ . . . ရွှေချမ်းသာဥက္ကဋ္ဌက ဆရာနဲ့တွေ့ချင်လို့တဲ့"

"လွှတ်လိုက်ပါ ဆရာငြိမ်း"

ဥက္ကဋ္ဌ ဦးဇော်ဖေ ဆေးပြင်းလိပ်ကြီးခဲ၍ ဝင်လာသည်





ျားလေ ရပါသည့် ထီးခေါက်ကြီးကို နံရံထောင့်မှာ ကပ်ထောင်ထားပြီး။

"နည်းနည်းထူးခြားလို့ လာသတင်းပို့တာ ဆရာရေ"

ထူးခြား၍ဆိုသောကြောင့် ကျွန်တော့်ရင်ထဲမှာ ဝမ်းသာ၍ ှုပ်စီး လက်သွားသည်။

"ဟုတ်လား ဥက္ကဋ္ဌလုပ်စမ်းပါဗျာ၊ အဲဒါ ကြားချင်တာဗျ၊ ရဲဘော် င်မောင် ကော်ဖီတစ်ခွက်လုပ်ခဲ့ပါဟေ့၊ ကဲ ပြောစမ်းပါဦးဗျာ"

"ဒီလို ဆရာညီရေ၊ ခုတစ်လော တစ်ပတ်ခြား တစ်ခါလောက် ျွန်တော်တို့ရပ်ကွက်ထဲကို ညဘက် ထမင်းကြမ်းလိုက်တောင်းစားတဲ့ ူတောင်းစားတစ်ဦး လာလာနေတယ်ဗျာ၊ ပုံစံကတော့ ဒုက္ခိတပုံစံပါ ဆရာ"

"အမျိုးသားလား၊ အမျိုးသမီးလား ဥက္ကဋ္ဌရဲ့"

"အမျိုးသားခင်ဗျ၊ ခါးက ခပ်ကုန်းကုန်းခင်ဗျ၊ စုတ်ပြတ်သတ်ပြီး ော်တီးတွေအထပ်ထပ်နဲ့ ကြည့်ရတာ ကိုယ်ရေပြားရောဂါသည်ပုံပဲ၊ ည(၇) နာရီ (၈)နာရီလောက် ရောက်လာပြီး၊ ဟိုအိမ်က ထမင်းကျန်၊ င်းကျန် ဒီအိမ်ကအကျန် လိုက်တောင်းပြီး၊ နီးရာဇရပ်(သို့) သစ်ပင် ောက်မှာ ထိုင်စားလေ့ရှိတယ် ခင်ဗျ"

"အဲဒါ ဘာများထူးခြားလို့လဲ ခင်ဗျာ"

"ထူးခြားတာက ဒီလိုဆရာရဲ့၊ အရေပြားရောဂါသည်လိုလို၊ အနူ လိုလိုမို့ဆိုတော့ ကျုပ်တို့လမ်းထဲက တော်ရုံဘန်ရုံလူက မသတီတော့ ာမှ မပေးကြတာများတယ်ဗျ၊ ဒီမှာ မကျည်းတန်အိမ်က ထူးခြားနေလို့ ဗျ"

"ဟုတ်လား၊ ဆက်ပြောပါဦး ဥက္ကဋ္ဌ၊ နောက်မှ ဆေးလိပ်မီးညှိ ပါဗျာ"

ကျွန်တော်က ကိုယ်ကိုကိုင်း၍ အလေးသုံးဆယ်ပြောလိုက်သည်။

"သူ့အိမ်ရှေ့မှာ အဲဒီသူတောင်းစား လာတောင်းရင် ကျည်းတန်



www.burmeseclassic.com

www.burmeseclassic.com



က ထမင်းတွေ၊ ဟင်းတွေ ကျွတ်ကျွတ်အိတ်ကြီးနဲ့ ထည့်ထည့်
တယ်ဗျာ၊ သူတောင်းစားက အာလေးလျှာလေးကြီးနဲ့ ဆုတွေပေး
ဝမ်းသာအားရ ပြန်သွားရောဗျာ၊ တစ်ပတ်ခြားတစ်ခါလာတိုင်း ကျည်း
က ဖောက်သည်လို ထွက်ပေးနေတာဆရာရဲ့"

"ကုသိုလ်ယူတာမျိုးလားဗျာ"

"ဒါတော့ မပြောတတ်ဘူး ဆရာ"

"အဲဒီသူတောင်းစားနောက်ကို နောက်ယောင်ခံ လိုက်မကြည့်
ဘူးလား ဥက္ကဋ္ဌကြီး"

"အဲဒီလိုတော့ လိုက်မကြည့်ဖူးဘူးဆရာ"

"အေးလေ စောင့်ကြည့်ကြသေးတာပေါ့"

သို့နှင့် ထူခြားသော သူတောင်းစားလာသည့်နေ့များ
ဒိုင်ယာရီ စာအုပ်မှာ ရေးမှတ်ထားလိုက်သည်။

♛ ♛ ♛

(၇)

ရွှေချမ်းသာ ဥက္ကဋ္ဌပြန်သွားပြီးနောက် ကျွန်တော် အုတ်ဖိုစု
ယ-က ဥက္ကဋ္ဌအိမ်သို့ ထွက်လာပြီး ထူးခြားမှုကို မေးကြည့်သောအခါ
က်တိုက်ဆိုင်ဆိုင် ရွှေချမ်းသာသို့လာသည့် သူတောင်းစားရဲ့ သွင်ပြင်
ကွဏာနဲ့ နေ့ရက်များပါ တိုက်ဆိုင်မှုရှိနေသည်ကို တွေ့ရသည်။

မကျည်းတန်နှင့် ခင်ထားရီတို့အခြေအနေမှာလည်း အောင်
ဆ် မရှိတော့မှ ဟိုတုန်းကထက်ပို၍ ပြည့်ပြည့်စုံစုံရှိလာပြီး စိတ်သော
အလျှဦး မရှိဘဲ ပျော်ရွှင်စွာနေကြကြောင်း ထောက်လှမ်းစုံစမ်း၍
ရှိရသည်။

သို့နှင့်–

သူတောင်းစားလာလေ့ရှိသည့် တစ်ပတ်ခြားအပတ် စနေနေ့
သို့ ရောက်သောအခါ ကျွန်တော်အပါအဝင် ရွှေချမ်းသာ ရယကဥက္ကဋ္ဌ
တော်ဖေနှင့် နယ်ထိန်းအဖွဲ့များ ရုပ်ဖျက်လူစုခွဲ၍ မကျည်းတန်တို့
င်းထဲမှာ နေရာ ယူထားလိုက်ကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ည(၇-၃၀)နာရီသို့ ရောက်သောအခါ ခါးကိုင်းကိုင်းနှင့် အ တောင်းစားတစ်ဦး လမ်းထဲသို့ဝင်လာသည်။ လက်နှင့်ခြေထောက်မျာ ပတ်တီးများ စည်းထားပြီး သွေးခဲအကဲသို့သော ညစ်ပုပ်ပုပ် အရောင် နှင့် ရွံစရာ ကောင်းလှသည်။ မျက်နှာမှာလည်း ခေါင်းပေါင်းပေါင်းထား စစ်ဦးထုပ် အစုတ်ကို ဆောင်းထားလိုက်သေးသည်။ ညာဘက် သန်ပုံမရ၊ သစ်သား ကျိုင်းထောင့်ကို အားပြုထားပြီး တိုလီမုတ်စ လွ အိတ်စုတ်ကြီးကို ပခုံးသိုင်းကာ ထော့နင်းထော့နင်းနှင့် မီးရောင်ပြ သည့် အိမ်ခြံတံခါးမပိတ်သေးသည့် အိမ်များရှေ့မှာရပ်ပြီး လေဖြ ရသည့်လေသံနှင့် ထမင်းကျန်၊ ဟင်းကျန် များကို လိုက်တောင်းနေသ

သူ့ကိုမြင်သောအခါ ရွာခွေး၊ ရပ်ခွေးများက ဝိုင်းထိုးဟောင် တော့သည်။ ဒီလိုနှင့် နှစ်အိမ်သုံးအိမ်သို့ ဝင်တောင်းသော်လည်း သူ့အ ဘာမှရမသွားရှာ။

နောက်ဆုံး ငါးရောင်းသည့် မကျည်းတန်အိမ်ရှေ့သို့ ရော သွားသည်။

"အစ်မကြီးတို့ အစ်မကြီးတို့ရယ် ကျွန်တော့်မှာ မသန်မ ဒုက္ခိတမို့ ထမင်းကျန်၊ ဟင်းကျန်လေးများရှိရင် စွန့်ကျဲပေးသနား ခင်ဗျာ"

ဘာမျှ မကြာလိုက်။ အိမ်ခြံထဲမှ အမျိုးသမီးတစ်ဦး အ တစ်လုံး ဆွဲ၍ထွက်လာသည်။ ခပ်ပြပြ မီးရောင်အောက်မှာ ငါးရော သည့် မကျည်းတန်၏ ကိုယ်လုံးအလှကိုမြင်လိုက်ရသည်။ သူ နံ့သေးမှာလည်း အမြီးနံ့ နေသည့် အင်းခွေးကြီး။

သူမက ဘာမျှမပြောဘဲ အိတ်ကိုသူတောင်းစားကြီးအ လှမ်းပေး လိုက်၏။ သူတောင်းစားက တိုးညှင်းသောလေသံနှင့် ထ တစ်ခုကို ရွတ်ဆိုပြီး အတန်ကြာစိုက်ကြည့်ကာ ထော့နင်းထော့န လမ်းထိပ်ဘက် သို့ ထွက်သွားသည်။ မကျည်းတန်နှင့် အင်းခွေးကြီ





အိမ်ထဲသို့ပြန်ဝင်သွား ကြသည်။ ပြီးနောက် ခြံတံခါးကို စေ့လိုက်သည်။

မယောင်မလည်နှင့် နောက်ယောင်ခံ၍ လိုက်ကြည့်သောအခါ သူတောင်းစား ခါးကုန်းကြီးသည် လမ်းထိပ်ဇရပ်မှာ ဝင်နားပြီး ကျွတ် ကျွတ် အိတ်ထဲမှ ထမင်းဟင်းများကို အားရပါးရ စားတော့သည်။ စားသောက်ပြီးသော် ဇရပ်ရှေ့ ရေအိုးစင်မှ ရေနှင့်လက်ဆေး၊ ရေ သောက်ပြီး လွယ်အိတ်ပွပွကြီးထဲမှ စောင်စုတ်ကြီးကိုထုတ်၍ အောက်ပိုင်း ကိုခြုံပြီး အိပ်နေတော့သည်။

♛ ♛ ♛

(၈)

"ဘယ့်နဲ့လည်း ဆရာညို"

ဉက္ကဋ္ဌက လေသံတိုးတိုးနှင့် ကျွန်တော့်ကို လှမ်းမေးလိုက်သည်။

"ကျွန်တော် ဒီည စောင့်ကြည့်ချင်တယ် ဉက္ကဋ္ဌကြီး၊ ကံကောင်း ရှင် အောင်မြင်တာကို ဒီညပဲမိနိုင်တယ်"

"ဒါ အောင်မြင်တော့ မဖြစ်နိုင်ဘူး ဆရာညို၊ အောင်မြင်ဖို့က အရပ်မြင့်မြင့် ဗလကောင်းကောင်း၊ အသံပီတယ်၊ သူ့လို အလေး



www.burmeseclassic.com

www.burmeseclassic.com



လျှာလေး ထောက်ကျိုးမဟုတ်ဘူး''

''ငါးမရတော့လည်း ရေချိုးပြန်တာပေါ့ ဥက္ကဋ္ဌရယ်၊ အရှုံးမ
နိုင်ပါဘူးဗျာ''

သို့နှင့် ကျွန်တော်တို့အုပ်စုသည် အကြော်တဲပျက်တစ်ခုအတွင်း
ခြင်နှင့်မှက်ပေါင်းစုံ အကိုက်အခဲကို အံကြိတ်ခံကာ အခြေအနေကို
စောင့် ကြည့်နေကြတော့သည်။

♛ ♛ ♛

(၉)

ဟိုး-အဝေးဆီမှ ကင်းသံချောင်းခေါက်သံ ၁၁-ချက်ကြား
ရသည်။ ဥက္ကဋ္ဌဦးဇော်ဖေ သမ်းဝေစပြုလာသည်။ ထိုစဉ် ဇရပ်ပေါ်မှ
လူတစ်ယောက် ဝုတ်တုတ်ထထိုင်လိုက်သည်ကို ၁၃-ရက်လရောင်နှင့်
လှမ်းမြင်လိုက်ရသည်။

မကြာခင် ဇရပ်ပေါ်မှ သူတောင်းစားကြီးသည် အာရုံ အနည်း
ငယ် စိုက်ပြီး သူ့လွယ်အိတ်ကြီးကို အကျအနလွယ်ကာ ဆင်းလိုက်သည်။
ခွေးအချို့က သူ့ကိုမြင်တော့ ဝိုင်းဟောင်ကြသည်။





သူက အိမ်တစ်အိမ်ဆီသို့ ခြေလှမ်းကို ဦးတည်လိုက်သည်။

၎င်းအိမ်က အခြားသူအိမ်မဟုတ် မကျည်းတန်ရဲ့အိမ်။ ခြံဝသို့
ရောက်လိုက်သောအခါ အိမ်ခြံထဲမှ အင်းခွေးကြီးထွက်လာပြီး သူ့ကို ဟောင်
တော့သည်။ သူက လက်ဖျောက်တီးလိုက်သောအခါ အင်းခွေးကြီးက
ငြိမ်ကျသွားပြီး သူ့ကိုယ်ပေါ်သို့ ကုတ်၍တက်လိုက်သည်။

ရှေ့ဆင့်နောက်ဆင့်ပင် အိမ်ခြံတံခါး အနည်းငယ်ပွင့်လာပြီး
အမျိုးသမီးတစ်ယောက်က သူ့ကို ဖြန့်းကနဲ လှမ်းကြိုကာ အိမ်ပေါ်သို့
ခေါ်တင်ပြီး ဘောင်ဘီကို အကဲခတ်၍ တံခါးကို အလျင်အမြန်ပိတ်၍ ဂျက်ထိုး
လိုက်သည့်အသံကို ကြားလိုက်ရသည်။

ကျွန်တော် လက်ဖျောက်တစ်ချက်တီးလိုက်သည်။ ဥက္ကဋ္ဌလည်း
ရုပ်စေ့ရှေ့၍ ဖြစ်စဉ်ကိုကြည့်၍ အံ့သြနေသည်။ နာရီဝက်နီးပါးခန့်
ကြာသောအခါ အထဲမှဖယောင်းတိုင်မီးရောင်လေး ပေါ်လာသည်။

မကြာခင် ၎င်းမီးရောင်ပြန်ငြိမ်းသွားခဲ့သည်။

ကျွန်တော်က ပါလာသည့် ရဲအမှုထမ်းများကို အိမ်ပတ်
ပတ်လည် ဝိုင်းထားနိုင်ဖို့ အချက်ပြလိုက်သည်။ အချို့ကို ရန်သူ
ပြေးနိုင်သည့် ဝင်လမ်း၊ ထွက်လမ်းများမှာ အသံတိတ် နေရာချ
ထားလိုက်သည်။ သည့်နောက် ပါလာသည့် မျက်နှာသုတ်ပုဝါကို ဘယ်
လက်မှာ လုံးချိလိုက်ပြီး ညာလက်နှင့် အသင့်ကိုင်ကာ အိမ်ဝန်းထဲသို့
ဥက္ကဋ္ဌနှင့်လှမ်းဝင်လာလိုက်သည်။ သည့်နောက် ဥက္ကဋ္ဌကို အချက်ပြ
လိုက်သည်။

''ကျည်းတန်-ကျည်းတန်ရေ''

''ဝုတ်-ဝုတ်-ဝေါင်း''

ဥက္ကဋ္ဌက ကျည်းတန်ဟု အသံပေးလိုက်ရုံရှိသေးသည်။ ခြံအလွန်
လုံသည့်အင်းခွေးကြီးက ဥက္ကဋ္ဌကို ပြေးခုန်၍ ခဲလိုက်သည်။ ကျွန်တော်က
ရုတ်ခနဲ အဝတ်စွတ်ထားသည့်ဘယ်လက်ကို ခွေးပါးစပ်ထဲသို့ ထိုးသွင်း



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပြီး ညာလက်က ဓားမြှောင်နှင့် ခွေးကြီးရဲ့လည်မျိုကို ထိုး
လိုက်ရာ ခွေးခမျာ တစ်ချက်သာအော်လိုက်နိုင်ပြီး မြေပြင်သို့ လူးလိ
ကျသွားတော့ သည်။

"ကျည်းတန်-ကျည်းတန် တံခါးဖွင့်စမ်းဟေ့"

နှစ်ကြိမ်-သုံးကြိမ် ခေါ်လိုက်သောအခါ အိမ်ထဲမှ လူး
လှုပ်ရှား သံများနှင့်အတူ အသံတုန်တုန်ရီရီနှင့်-

"ဘယ်သူလဲ အချိန်မတော်ကြီး"

"ငါတို့ပါ ရ-ယ-က ဥက္ကဋ္ဌပါ၊ ညှော်စာရင်းစစ်စရာရှိလို့ တံ
ဖွင့်စမ်းပါ"

"ဥက္ကဋ္ဌ ဒီမှာ ညှော်သည်မရှိဘူး"

"ရှိရှိ-မရှိရှိ ငါတို့ စစ်ဆေးစရာရှိတယ်၊ တံခါးသာဖွင့်"

သည့်နောက် အထဲမှ လှုပ်ရှားသံအချို့ ခပ်မြန်မြန်ထွက်လာ
ခုရဲအုပ်ကိုနေဝင်းကို အိမ်ရှေ့မှာထားခဲ့ပြီး နောက်ဖေးဘက်သို့ လျှပ်မြန်
ပြေးသွားလိုက်သည်။

နောက်ဖေးမီးဖိုဆောင်မှ အလျှင်စလို တံခါးချက်ဖြုတ်သံကြား
လိုက်ရပြီး ဒေါင်မြင့်မြင့် လူတစ်ယောက် စိုးရိမ်ထိတ်လန့်စွာ ထွက်လာ
သည်ကို မြင်လိုက်ရသည်။ လျှပ်တစ်ပြက် လက်နှိပ်မီးရောင်များ
သူ့မျက်နှာပေါ်သို့ ကျသွားသောအခါ လက်ဝါးနှင့်ကာပြီး အောက်သို့
ခုန်ချလိုက်သည်။ တဖန် လွယ်အိတ်ထဲမှ တစ်စုံတစ်ခုကို ထုတ်
မီးရောင်ရှိရာသို့ သူက ထိုးချိန်လိုက်သည်။

"ဒိုင်း"

"အား-အား"

သူအနည်းငယ် နောက်ကျသွားသည်။ ကျွန်တော့်လက်ထဲ
'ဝစ်ဘလီ' ခြောက်လုံးပြူးမှ ကျည်တစ်တောင့်က သူ့လက်ဖြင်ထဲသို့
ရှုးနစ်ဝင် သွားပြီး ဘဖက်သို့ လဲကျသွားသည်။ အိမ်ရှေ့၌ မကျည်းတန်





နဲ့ တကြား အော်သံများကို ကြားလိုက်ရသည်။ သူက ဘယ်လက်နှင့်
ကျ သွားသည့် သူ့သေနတ်ကို လိုက်စမ်းသည်။ စမ်း၍ မရမှန်း
သာအခါ ခြစ်ညည်းရိုးကိုတိုး၍ပြေးရန် ပြင်လိုက်သည်။

"ခွပ်"

"အား"

"အစ်ကို- အစ်ကို အမလေး မ မလုပ်ကြပါနဲ့ရှင်၊ မသတ်ကြ
မှာ"

နယ်ထိန်းဆရာအောင်ကြည်လေးရဲ့ ရိုင်ဖယ်ဒင်က သူ့ နားရော
ဒိုက်ထိသွားသောအခါ စူးစူးဝါးဝါးအော်ရင်း နေရာတွင် သတိလို
က်ဖြစ်သွားသည်။ ဒါနှင့်အတူ လက်ထိပ်ခတ်သံကိုလဲ ဆက်၍
လိုက်ရသည်။

"ဥက္ကဋ္ဌ- ဒါဘယ်သူလဲသိလား"

ဥက္ကဋ္ဌက လက်နှိပ်မီးရောင်အောက်မှ လူးလွန့်နေသူရဲ့ မျက်နှာ
အသေအချာ ကြည့်လိုက်သည်။

"ဟော အောင်မြတ်၊ ဒါ ဒါ အောင်မြတ်အစစ်ပဲ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

ခုတော့ ဝရမ်းပြေးအောင်မြတ်ရဲ့အမှုက ပို၍ကြီးထွား လူသတ်မှု၊ ဝရမ်းပြေးမှု၊ လက်နက်မှုသာမက သူ့လွယ်အိတ်ထဲမှ ဘိ ထုတ်များကိုပါ ရလိုက်သည်။ တစ်မှုကိုလိုက်ရင်း သုံးမှုဆက်တိုက် မိ သည်မို့ အကြီးအကဲများက မငြိုငြင်တော့ပဲ ပိုင်း၍ ချီးကျူးကြ ရက်ရှည်လများ ဒုက္ခခံလိုက်ရခဲ့ရသည့် လူသတ်ဝရမ်းပြေးတရား အမှုကိုနိုင်လုံစွာ တည်ဆောက်ပြီးသောအခါ သက်ဆိုင်ရာသို့ တ ဆိုရန် တင်ပြလိုက်သည်။ အောင်မြတ်ရဲ့မယား မကျည်းတန်ကိုလဲ အ ယူရတော့သည်။

ရုံးမှာ အလုပ်များနေစဉ် ရွှေချမ်းသာ ဥက္ကဋ္ဌ ဦးဇေ ဝင်လာသည်။ သူက ဆေးပြင်းလိပ်ကို ခဲရင်းမှ–

"နေစမ်းပါဦး ဆရာညို့ရဲ့ ဒီသူတောင်းစားတော့ကျိုးကို အ က ငပွ့သတ်တရားခံဝရမ်းပြေး အောင်မြတ်ပါလို့ ဘယ်လိုကောက် နိုင်လိုက်တာလဲ ဆရာ"





"ရှင်းရှင်းလေးပါ ဥက္ကဋ္ဌကြီးရာ ရဲအဖို့တော့ မခက်ပေဘူး ရှာ"

"မယားကြီးကလဲ၊ ငါးရောင်းရင်း ရွှေတွေသီးလို့ မယားငယ် ဲ ဟုတ်တိပတ်တိ အလုပ်မရှိဘဲ ကြီးပွားနေတာရယ်၊ ဒါ နောက်က တစ်ယောက်ယောက်ထောက်ပံ့နေလို့ပဲလို့ စဉ်းစားစရာ ဖြစ်လာ ပ်ျာ၊ တစ်ခါ ဥက္ကဋ္ဌကြီးပြောတဲ့ သူတောင်းစားကိစ္စ အဲဒီကိစ္စကို ်တို့ ဥက္ကဋ္ဌတို့ စောင့်ကြည့်တော့ ဒီသူတောင်းစားဝင်လာချိန်မှာ ဲ့ ရွာခွေး ဝိုင်းဟောင် ကြပေမယ့်၊ မကျည်းတန်အိမ်လဲသွားရော ွန်ဆိုးတဲ့ အင်းခွေးကြီးက လုံးဝမဟောင်ဘူး၊ ကျိန်းသေနေပြီ င်အစစ်မှန်းသိလို့ အင်းခွေးကြီးက မဟောင်တာ"

"ဖရပ်ပေါ်မှာ ဟန်ဆောင်အိပ်နေပြီး ည ၁၁–နာရီထိုးတော့ ျိုင်းထောက်မပါပဲ ထလိုက်တယ်၊ အဲ– ဒီအချိန်မှာ သူ ခါးမကုန်း ဘူး၊ သည်အချိန်စပြီး သည်အကောင်သည် ဝရမ်းပြေး အောင်မြတ် ာ ကျွန်တော် ကျိန်းသေပြောနိုင်ခဲ့ပြီးဗျာ၊ ရှေ့ဆက် ဘာဖြစ်လာ ဆိုတာ ကြိုတွက်လိုက်တော့ တွက်ထားတဲ့အတိုင်း ကွက်တိပဲ၊ ယားအိမ်ကို လူခြေတိတ်မှာဝင်တယ်၊ အိပ်တယ် ငွေကြေး ထောက်ပံ့ ်"

"ဒီကောင် နဂါးမှန်ရင် မြေလျှိုးနိုင်ရမယ်၊ ဂဠုန်မှန်ရင်လဲ နိုင်ရမယ်၊ ခုတော့ မြေလျှိုးပြီး မိုးမပျံနိုင်တော့ဘူး၊ ဟန်ဆောင်လို့ ခဏပါဗျာ၊ ဖွတ်ဟာ ဖွတ်ပဲ မိချောင်းမဟုတ်ဘူး၊ ပြီးတော့ င်မြတ်က မ,ကို သိပ်ခင်တယ်၊ အဲဒါ သူ့ရဲ့ အားနည်းချက်ပဲ သဘောပေါက်ပြီလား"

ဥက္ကဋ္ဌက ခေါင်းတညိတ်ညိတ် လုပ်ရင်း ကျွန်တော့်ကို လေးစား ည်စွာကြည့်၍ သူ့ညာဘက်လက်ကို ကမ်းပေးလိုက်သည်။ ကျွန်တော် ဲ ဒီအမှုကြီးသည် ဥက္ကဋ္ဌကြီးရဲ့ ထကြွ၊ လုံးလ၊ ဝီရိယ ကြောင့်သာ



www.burmeseclassic.com

www.burmeseclassic.com



ယခုလို အမြန်ဆုံး ဖော်ထုတ်နိုင်ရပါကြောင်း သူ့လက်ကို
ပြောလိုက်သော အခါ ဥက္ကဋ္ဌကြီး၏ မျက်နှာမှာ ပီတိများရွှမ်း
သွားလေသည်။

ပြစ်မှု
၂၀၀၁ခုနှစ်–ဖေ



www.burmeseclassic.com

www.burmeseclassic.com

# သစ်ငုတ်တစ်ငုတ်ရဲ့ တောက်ခတ်သံ

(၁)

ဝင်းဆိုတာ ကျုပ်တို့ ဆေးလုံးကြီးရှာသား ခင်ဗျ။

အရပ်က ပုပု၊ အသားက ညိုညို၊ နှာတံပေါ်ပေါ်နဲ့ မိန်းမလိုလို အကောင်ရယ်။ ဒါပေမယ့် မိန်းမလျာမဟုတ်ဘူး။ ရိုးသလား၊ အ,သလား တော့ မမေးနဲ့။ သချိုင်းကုန်းက အရိုးတောင် သူ့ကို အဘိုးခေါ်ရလိမ့်မယ်

တစ်ခါလည်း အလှူမင်္ဂလာပွဲပေါ့။ ထမင်းစား လက်မှတ် အနီကိုင်ပြီး စားဖို့ အခေါ်စောင့်နေတယ်။ ကာလသားခေါင်းက 'လက် မှတ်အနီရောင်ရသူများ ထမင်းသုံးဆောင်ရန် ကြွပါခင်ဗျာ' လို့ အော်လိုက် တယ်၊ အခြား လက်မှတ်အနီသမားတွေ ထသွားကြတယ်။ ဝင် မထဘူး။ ဒီလိုနဲ့ အပြာ တစ်လှည့်၊ အဝါတစ်လှည့်ခေါ်လို့ ထမင်းဟင် သာ ကုန်သွားခဲ့တယ်။ ဝင်း အလှူမှာ ထမင်းမစားလိုက်ရဘူး။





ဘာလို့ မစားရသလဲ သိလား။

သူကိုင်ထားတဲ့လက်မှတ် ဘာအရောင်လဲဆိုတာ သူမသိလို့ပါပဲ။ လောက်ကို ထူတဲ့ကောင်ပါ။ ရှက်တတ်တာလည်း သူ့အပြင်မရှိဘူး။ တာက အမေမုဆိုးမ အဘွားအိုကြီးနဲ့။ ရွာလယ်က ပြည်တော်သာ မှာ ရေသွားခပ်ရင် အပျိုလေးငါးယောက်များ ရေခပ်နေလို့ကတော့ ဝင်း အဲဒီနေ့ ရေဘယ်လောက်လိုလို သွားမခပ်ဘူး။

"ဟဲ့ ဝင်း ဒီမှာ ထမင်းချက်ဖို့ ရေမရှိဘူးဟဲ့ သွားခပ်လေ"

"နေပါဦးဗျာ အမေကလည်း"

"နေလို့ မဖြစ်ဘူးဟဲ့၊ ဘုန်းကြီးဆွမ်းမမီဘဲနေဦးမယ်၊ နင် ဘဖြစ် နေတာလဲ"

အမေလုပ်သူက သုံးလေးကြိမ်မေးလွန်းမက မေးတော့မှ–

"ရှက်လို့ဗျာ"

"နေပါဦး၊ နင်ဘာကို ရှက်နေတာလဲ"

"ဟိုမှာ မမြင်ဘူးလား အမေရဲ့ ကန်မှာ အပျိုတွေ အများကြီး ဗျာ"

"ဟဲ့. . .သူတို့က နင့်ကို ကိုက်စားမှာမို့လို့လား ငနွားရဲ့"

"အိုဗျာ ကိုက်မစားကြပေမဲ့ ဝိုင်းစကြတာက ကိုက်စားတာထက် ခံရခက်တယ်ဗျ"တဲ့။

ကောင်းရောလားဗျာ။ နောက်ဆုံး အမေကြီးကိုယ်တိုင် အိုးနဲ့ ားရွက်ပြီး ဆွမ်းချက်၊ ထမင်းချက်ရတဲ့ ဘဝကို ရောက်ကရောဗျာ။

လမ်းမှာ ပိုက်ဆံအိတ်ကျနေတာတွေ့ရင် မကောက်ဘူး။ မြင်ရဲ့ ားနဲ့ကျော်သွားတယ်၊ နောက်လူက ကောက်သွားရော။ အိမ်ရောက်ရင် မေလုပ်သူကို ဒီအကြောင်း ပြောပြတော့ အမေက နင်အ,လှချည်လား င်းရယ်။ ဘာလို့ မကောက်ရတာလဲဟု မေးတော့. . .

တော်ကြာ သူခိုးဆိုပြီး အစွပ်စွဲခံရရင် ဘယ်လိုလုပ် ရှာရမျက်



www.burmeseclassic.com

www.burmeseclassic.com



နာပြုရမှာလဲ အမေရတဲ့။ အဲဒီလိုကို ရိုးတဲ့လူပါဗျာ။ ဒါပေမယ့် အ
လုပ်ရှင် ဝီရိယစိုက်တယ်။ ခါးကျိုးအောင် လုပ်တယ်။ သူ့ ဦးသာ
မှာ သူရင်းငှားလုပ်နေတယ်။ လယ်ထွန်၊ ထယ်ခွဲ၊ ပေါင်းသင်၊
စပါးစိုက်၊ ကောက်လှိုင်းတိုက်၊ စပါးလှေ့၊ တလင်းသိမ်း အ
မျက်နှာလွှဲလို့ရတယ်။

လယ်ရှင်က ငါးပိရည်နဲ့ ကျွေးလည်းစားတယ်။ ဟင်း
တစ်ဆစ်ပေးလည်း နည်းတယ်လို့ မညည်းဘူး။ ထမင်းကြမ်းကျွေး
ပြုံးပြုံးပဲ။ နှစ်ချုပ်လို့ စပါး(၅၀)လုပ်အားခကို (၄၀)ပဲ ပေးရင်
ငြိမ်ခံ တယ်။ အတွန့် မတက်ဘူး။

အဲဒီလို ရိုးလွန်း၊ အလွန်းလို့ သူ့ကိုအားမလိုအားမရ ဖြ
ရသူက ရွာတောင်ပိုင်းက မလွန်းရှိန်ပဲ။ မလွန်းရှိန်ကလည်း
သမီးပဲ။ ကောက်စိုက်ရာမှာတော့ တစ်ရွာလုံး သူ့ကို လိုက်မ
ပြိုက်ဘက်မရှိဘဲ။ ရုပ်ကလေးရော ကိုယ်လုံးကိုယ်ပေါက်ကလေး
ရှိတယ်ခင်ဗျ။ ဆတ် ဆတ်ကြဲမို့ တော်ရုံလူ အနားမကပ်ရဲဘူး။
ထင်းခွဲ၊ တောတက်၊ တားခုတ် ယောကျ်ားသားများနဲ့ ယှဉ်နိုင်တယ်

တစ်ရွာလုံးမှာရှိကြတဲ့ အမျိုးသမီးတွေထဲက ဝင်းစကား
တာဆိုရင် မလွန်းရှိန်တစ်ယောက်ပဲ ရှိတယ်။ ဒါတောင် ဝင်းက စ
တာ မဟုတ်ဘူး။ မလွန်းရှိန်က စပြောလို့။

ရှင်းရှင်းပြောရရင် မလွန်းရှိန်က ဝင်းအ,တာ၊ ရိုးတာ
အား မလို အားမရဖြစ်ပေမယ့် ကြိုးစားတဲ့ လုံ့လအရှည်အသွေးရှိ
အရက်မသောက်၊ ဖဲမရိုက်၊ ကြက်မတိုက်လို့ စိတ်ဝင်စား ကြိတ်သ
နေတာ။

ဒါကို ဝင်းက နားမလည်ဘူး။ ဒါကို သူ့သူငယ်ချင်းတွေ
ရိပ်မိတယ်။

"ဝင်း မင်းကို မိလွန်းရှိန်က ကျနေတယ်ကွ"





"ကျနေရင် သူ့ဘာသာသူ ပြန်ကောက်ပစေပေါ့ကွာ"

"ဟ...အဲဒီကျတာကို ပြောတာမဟုတ်ဘူး။ နင့်ကို ကြိုက်နေ
တာလို့ပြောတာ"

"ဟော ခင်ဗျားတို့ကလည်း ရှက်...ရှက်စရာကြီးဗျာ၊ ဟာဗျာ"

ဒီလိုလေး စပြောရုံရှိသေးတယ်။ စကားဝိုင်းထဲက ထလစ်ပြီး
ထယ်ထဲဆင်းပြေးပါလေရောဗျာ။ ဒါကြောင့် သူ့သူငယ်ချင်းတွေ သူ့ကို
ရိုးလွန်းလို့ ဝင်းတောင်မခေါ်ဘူး။ 'ထွန်တုံး'တဲ့...။

♛ ♛ ♛

(၂)

"ဟေ့ကောင် ထွန်တုံး"

တစ်နေ့ ဝင်းလယ်နားလို့ စားသောက်ပြီး ကုက္ကိုရိပ်မှာ လှဲနေတဲ့ အချိန်။ မဲနဲ့အဖွဲ့ ရောက်လာတယ်။ မဲဆိုတာ ဆေးလုံးကြီး ကျေးရွာရဲ့ လူမိုက်ပဲ။ တစ်ရွာလုံးရဲ့ အောကြောလန် ချဉ်ပတ်ပဲ။ အရက်သောက်၊ ထန်း ရည်မူး။ ကြက်တိုက်၊ ဖဲရိုက်၊ နွားခိုး၊ ကြက်၊ ဘဲခိုး၊ ထဘီခိုး လူရမ်းကား။ လူဆိုးလူသွမ်းပဲ။ သူကြီးနဲ့ကလည်း ခွေရိပ်မိုးရိပ် မကင်းတော့ ရွာထဲမှာ လူတွင်ကျယ်လုပ်နိုင်သပေါ့ဗျာ။



www.burmeseclassic.com

www.burmeseclassic.com



မေရဲ့ နောက်လိုက်တပည့်တွေက အောင်ပု၊ စိန်ကုလား နဲ့ ကြွက်သိုး။

သူတို့က သူတို့ဆရာ မေရဲ့အရှိန်နဲ့ ကိန်းခန်းကြီးနေကြတာ။ မေက ဖက်ရဲလက်ရဲ၊ သူကြီးတောင် သူ့ကို ခပ်ရှုံ့ရှုံ့ ခပ်လန့်လန့် ရယ်။

"ထွန်းတုံး..."

"ဗျာ အ...အစ်ကို...ေ...ေ...မဲ"

"ငါ့ကို အရက်ဝယ်တိုက်စမ်းကွာ..."

"ပိုက်...ပိုက်ဆံ...မ...မရှိပါဘူး အစ်ကို.. ေ...မေရာ"

ဝင်းက ကြောက်ကြောက်ရွံ့ရွံ့နဲ့ ထထိုင်ပြီး တောင်းပန်တယ်။ မေတို့လူစုက ယေန်နိုင်ပိပိ သူ့ကို ဝိုင်းလိုက်တယ်။ ဝင်း ထိုသူ့မျက်နှာကို လှည့်ပတ်ကြည့်ရင်း စိုးရိမ်ကြောက်လန့်လာတယ်။

"ပိုက်ဆံမရှိရင် အကြွေးဝယ်တိုက်ပေါ့ကွ"

"မ...မလုပ်ပါနဲ့ အစ်ကိုရာ၊ မဝယ်လည်း မဝယ်ဖူးလို့ပါဗျာ နော်...နော်"

"အောင်မာ မင်းက ငါ့ကို မသဒ္ဓါဘူးပေါ့ ဟုတ်လား၊ ကဲကွာ ကဲကွာ တွန့်တိုဦး ကဲ..."

ပါးစပ်ကလည်း ပြောရင်း လက်နဲ့လည်း နားရင်းပါးရင်းကို ရိုက်၊ ခြေထောက်နဲ့လည်း ပိတ်ကန်ပစ်လိုက်တယ်။

"ကြောက်ပါတယ် အစ်ကိုရာ၊ အား...အ...မ.. မလုပ်ပါနဲ့ ဗျာ၊ အား...အမလေး"

"ကြောက်ရင် မင်း အခု ဝယ်တိုက်မလား၊ မတိုက်ဘူးလား ပြော ပြောလေကွာ"

"တိုက်...တိုက်ပါ့မယ်ဗျာ...၊ အား...မလုပ်ပါနဲ့ဗျာ၊ အခု သွားဝယ်ပါ့မယ် အစ်ကိုရာ"

ဝင်း ရွံ့သဲတွေ ဖုတ်ဖက်ခါထပြီး ရွာမြောက်ဖျားက မပုတို့





အရက်ပုန်းဆိုင်မှာ တောင်းတောင်းပန်ပန်နဲ့ အရက်တစ်လုံး အကြွေး ယယ်လို့ သူတို့ကို ပေးလိုက်ရတယ်။ အရက်ဝယ်တိုက်ရုံနဲ့ အားမရ သေးဘူး။ သူတို့သောက်နေတုန်း ကပြဖျော်ဖြေရမယ်ဆိုလို့ ကြောက် ကြောက်နဲ့ ပါးစပ်ဆိုင်းတီးပြီး အိုးစည်က၊ ဒိုးပတ်က ကလို့ ညှဉ်းခံရ သေးတယ်။ ခြေကုန်လက်ပန်းကျပြီး သူတို့ကျေနပ်တော့မှ မင်းသွား တော့ဆိုပြီး ဖနောင့်နဲ့ကန်ထုတ်လိုက်လို့ လယ်ထဲကို အပြေးအလွှား ဆင်းခဲ့ရတယ်။

လယ်ဆင်းနောက်ကျတော့ စာရင်းဒိုင်က ဆဲရော။ ဝင်းက အကျိုး အကြောင်းပြောပြပါတယ်။ စာရင်းဒိုင်က မေတို့အုပ်စုကို ကျိန်ဆဲတယ်။ ရဲရဲကျယ်ကျယ်မဟုတ်ဘူး။ တိုးတိုးကြိတ်ဆဲတာရယ်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



ကလည်း သူတို့အုပ်စုကို ခပ်လန့်လန့်မို့ မတီးချင်တီးချင်နဲ့ တီးပေးရတယ်။

အခြားရွာက အပျိုအအိုနဲ့ ကလေးတွေက ဝင်း မျောက်ကတာကို ကြည့်ပြီး အရမ်းသဘောကျကြတာပေါ့။ ဒီအဖြစ်ကိုမကြည့်ရက်ဘဲ အံကြိတ်ကြည့်နေသူများကတော့ မလွှန်းရှိန်တို့ ရွာခံအပျိုဝိုင်းပါပဲ။

အိုးစည်ဝိုင်းလည်း လက်ပန်းကျ၊ ဝင်းလည်း အရုပ်ကြိုးပြတ်ခါနီးကြတော့မှ ငမဲတို့ ပြန်သွားကြသည်။ နို့မို့ မပြန်ဘူး။ ဦးဇင်းကျောက်အိုးကို မလွှန်းရှိန်က ငိုယိုပြီးသွားလျှောက်လို့ ဦးဇင်းကျောက်အိုးကိုယ်တိုင် တုတ်လုံးနဲ့ ထွက်လာမှ သူတို့ လစ်ပြေးသွားကြတာ။

❀ ❀ ❀

(၃)

အိုး . . . ရွာကထိန်တုန်းဆိုရင် ကြည့်ဗျာ . . .။ ခင်းတို့ လုပ်ရက်ပုံများနှယ်။

ကထိန်ဆိုတော့ ရွာနီးချုပ်စပ်ကလည်း လာကြတာကိုး ဗျ ကိုစိန် သောင်းတို့ အိုးစည်ဝိုင်းကလည်း ရွာစုံအပျိုကြားမှာ ဆိုကောင်းတီး ကောင်းပေါ့ဗျာ။ ဒီအချိန်မှာမှပဲ ငမဲတို့အုပ်စု ရောက်လာပြီး ထမင်းချက်ရာမှာ ဝိုင်းကူညီနေတဲ့ ဝင်းကို ကုပ်ဆွဲခေါ်လာခဲ့တယ်။ မျက်နှာကိုလည်း အိုးမည်းသုတ်ပြီး ထုံးတွေနဲ့ နှာကြားဖော် လိမ်းခြယ်ပေးထားတယ်။ ဝင်းရဲ့ မြီးညှောင့်ရိုးအပေါ်မှာလည်း နွား နဖားကြိုးတစ်ခုကို အမြီး လုပ်ပြီး ချိတ်ထား လေရဲ့။

ပြီးတော့ အိုးစည်ဝိုင်းကို မျောက်ဆိုင်းတီးဖို့ အမိန့်ပေးလိုက်ပြီး ဝင်းကို မျောက်က က,ခိုင်းတယ်။ ဝင်းက ရှက်လို့ မကပါရစေနဲ့လို့ ခြေသလုံးဖက်တောင်းပန်ပေမယ့် မရဘူး။ လူတောထဲမှာ နာရင်းကို နှစ်ချက်၊ သုံးချက် အုပ်ပစ်လိုက်တယ်။ နောက်ဆုံး မျက်ရည်စို့စို့ ကြောက်ကြောက် လန့်လန့်နဲ့ မျောက်လို က,ရပါရော။ အိုးစည်



www.burmeseclassic.com

www.burmeseclassic.com

(၄)

ရှင်းရှင်းပြောရရင် ရွာမှာ ဝေဝင်းက မေမဲတို့လူရမ်းကား အျ
အနှိပ်စက်ခံပဲ။ အခြားလူငယ်အချို့လည်း အနှိပ်စက်ခံရတာပါပဲ။ သူ
လည်း ဘယ်သူမှ ယှဉ်မဖြစ်ရဲဘူးလေ။ မေမဲအဖေက ပိုက်ဆံရှိတာ
တစ်ရွာလုံး အတိုးပေးစားနေတာရယ်။ မြန်မာချစ်တီးအစစ်ဗျ။ ဒီ
ရွာမျက်နှာဖုံး စာရင်းဝင်ဖြစ်နေရော။ သူ့သား ဆိုးချင်သလောက်
သူ့အဖေက ငွေနဲ့ လိုက်ဖုံးလိုက်၊ သြဇာနဲ့ လိုက်ဖုံးလိုက်။ ဒီလိုလု
လို့လည်း မေမဲက တာတေ လန်အောင် ဆိုးသွမ်းနေတာပေါ့ဗျာ။

သူတို့အုပ်စုမူးရူးလာရင် လယ်ထွန်နေတဲ့ ဝေဝင်းကို လယ်ထွ
နိုင်းပြီး ဂဏာန်းနှိုက်ခိုင်းတယ်၊ ပြီးရင် မီးဖုတ်ခိုင်းတယ်၊ သူတို
ကုက္ကိုပင် အောက်မှာ အရက်ပုလင်းနဲ့ ဇရက်မင်းစည်းစိမ်ယူ။

မပြီးသေးဘူး။ အရှိန်ရရင် ဝေဝင်းကို တစ်လှည့်စီ နွား
စီးလိုက်၊ မြင်းလုပ်စီးလိုက်၊ အမိဟာယ်မဲ့ သစ်ပင်ပေါ် ဆင်းခိုင်း။ တက
လုပ် ဝေဝင်းခမျာ အူကွဲ၊ လက်ကွဲ။ ညနေအိမ်ပြန်ရင် အမေ့ကို ဒီအကြေ
လုံးဝမပြောရဲဘူး။သိရင် စိတ်ထိခိုက်မှာစိုးလို့။ ဒဏ်ရာတွေကို အမေ
အောင် နန္ဒင်းမှုန့် သိပ်၊ အံကြိတ်မျက်ရည်ကျ။

ဒီကိစ္စကို အရပ်က ရွာက သိမြင်ကြပေမယ့် ဝင်မပြောရဲ

မေမဲအဖေရဲ့ အရှိန်၊ မေမဲ့အရှိန်ကြောင့် ဝင်ပြီးအမှန်း
ကြဘူး။မိလွန်းရှိန်ကတော့ တစ်နေ့ နှစ်ယောက်ထဲ ရွာရေကန်မှာဆုံတေ

"နင်...ယောကျ်ားမဟုတ်ဘူးလား ဝေဝင်း"





"ကျားတော့...ကျားပေါ့ဟာ၊ ဒါပေမယ့်..."

"ဒါပေမယ့်တွေ ဘာတွေ လုပ်မနေပါနဲ့၊ နင်ဟာ မိန်းမလျှာလို့
ပြောခံရတာ ကောင်နည်းသေးတယ်ဟဲ့၊ ဒါကြောင့် နင့်ကို ထွန်တုံးလို့
ခေါ်ကခေါ်တာ သိလား၊ ငါများ အဲဒီလို လာလုပ်ကြည့်ပါလား"

"သည်းခံတော့ ရန်ငြိမ်းတာပေါ့ လွန်းရှိန်ရယ်"

"အဲဒီလို နှိပ်စက်တာ စော်ကားတာကို သည်းခံတော့ နင်
ဟာ ပြည့်ရောက်မှာမို့လား"

"တော်ပါတော့ လွန်းရှိန်ရာ၊ နင်ခံရတာ မဟုတ်ဘူး၊ ငါ.. ငါ
ကြွေးရှိလို့ ခံရတာပါ၊ ဝဋ်ကုန်ရင် ပြီးသွားမှာပါဟာ"

"တော်...ဝေဝင်းရာ၊ ငါက နင့်ဘက်က နာလို့ဟဲ့ နာလွန်းလို့
ဘက် နင်...နင် ငါ့ ထမိန်ဝတ်ဖို့ကောင်းတယ် ထွန်တုံးရာ ကင်း"

တစ်ခါတစ်ခါတော့ ဝေဝင်း စဉ်းစားတယ်၊ သူ့အမေအိုကြီးကိုခေါ်
ဟိုးအရှေ့ရွာဖြစ်တဲ့ ချောင်းစောက်ကျေးရွာကို ပြောင်းသွားကြရင်
ကောင်းမလား။

သို့သော် အမေက အဖေခေါင်းချသွားသည့် ...လုံးကြီး
ရွာလေးကို ချစ်တယ်၊ သူသေရင် အဖေ့မြေပုံနံဘေးမှာ မြှုပ်ပေးပါလို့
ကို မကြာခဏပြောဖူးတယ်။ မေမဲတို့ သူ့သားကို နှိပ်စက်ကလူ ပြုသည့်
ကြောင်းကို ကြားရပေမယ့် ရန်ကိုရန်ချင်း မတုန့်ပြန်ဖို့ သည်းခံဖို့ဆုံးမ
ယ်။ ပစ္စည်းမဲ့ဘဝမို့ ဆူးပေါ်ဖက်ကျလည်း ဖက်ပဲပေါက်ပါ့မယ် သား
ယ်။ သည်းခံလက်စနဲ့ သည်းခံလိုက်ပါလို့ ပြောခဲ့ရသည့် အကြိမ်များ
ည် တစ်ရာ၊ နှစ်ရာမကတော့။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၅)

တစ်နေ့. . .။

ကွင်းပိုင်မြှောက်ဖို့ ဝင်း ကြက်ဖလေးတစ်ကောင် အ ဝယ် လာလိုက်တယ်။ ရွာမှာ လယ်သမားထုံးစံအရ လယ်ဆင် စပါးရိတ်ချိန်မှာ ကွင်းပိုင်ကြီးကို အရက်၊ ထန်းရည်၊ ကွမ်းယာ ကြက်အရှင်ရဲ့ ယည်ချောင်းသွေးကို မြှောက်ရတယ်။ ပြီးတော့ လက်ခင်း သာယာဖို့ အန္တရာယ်ကင်းဖို့ မိုးမပါအဖိုးလို့ သုံး သုံးခါအော်ပြောရတယ်၊ ဒါက ကျုပ်တို့ရွာရဲ့ ဘိုးစဉ်ဘောင်ဆက် ရွာ လယ်ဓလေ့ပဲ။

ဒီနေ့ည ကွင်းတင်ဖို့ ထန်းရည်လည်း ဝယ်ထားပြီးပြီ

ကြက်ကလေးပိုက်ပြီး အိမ်အပြန်လာ ကံဆိုးချင် ထန်းရည်မူးလာတဲ့ ငမဲတို့အုပ်စုနဲ့ ရွာလယ်လမ်းမှာ သွားဆုံ လေရော။

"ဟေ့ကောင် ထွန်တုံး၊ အံမယ် ကြက်ကြီးပိုက်လို့ပါ အတော်ပဲဟေ့ ငါတို့အမြည်းလိုနေတာနဲ့ ပေးစမ်း"





ငမဲက သူ့လက်ထဲက ကြက်ဖကလေးကို လှမ်းဆွဲ လုလိုက်တယ်။ ဝင်းက ပြန်လုရင်း

"မလုပ်. . .ပါနဲ့. . .အစ်ကို င. . .မဲရာ၊ ဒါ. . .ဒါ ကွင်းပိုင်မြှောက်ဖို့ပါဗျာ နော်. . .နော်"

"ဟေ့ကောင် မင်း ကွင်းပိုင်ကိုနောက်နေ့မှ မြှောက်၊ အခု ငါတို့ အမြည်းလိုနေတယ်၊ ပေးစမ်း. . ."

တောင်းပန်လို့မရဘူး။ သူ့လူတွေကပါ ဝိုင်းဆွဲတွန်းထိုးပြီး လက်ထဲ ကကြက်ကို လုယူသွားကြတယ်။

"တောက်"

ဝင်း တောက်တစ်ချက်ခတ်ရင်း အံကို ကြိတ်လိုက်တယ်။ မျက်ရည်တွေလည်း စီးကျလာတယ်။ သူ့တစ်ကိုယ်လုံးကို ကြိုက်သလို လုပ်ပါ၊ သူခံနိုင်ပါတယ်။ ဒါပေမယ့် ကွင်းပိုင်မြှောက်မယ့် ကြက်ကို ဒီလိုလုပ်တာ သူ ရင်နာလို့မဆုံးသလို ကြောက်လည်း ကြောက်သွားတယ်။ ဒါပေမယ့် သူဖြေလိုက်တယ်။ ကွင်းပိုင်ကို သူကတိဖျက်တာ မဟုတ်ဘူး။ သင်းတို့က စော်ကားတာ၊ သူ ကွင်းပိုင်ကြီး ဦးလောဝါးကို လက်အုပ်ချီလို့ တောင်းပန်လိုက်တယ်။ ဒီနေ့ည ကွင်းမမြှောက်ဖြစ်သည် ကို ခွင့်လွှတ်ပါ အဘိုးခင်ဗျာ။

www.burmeseclassic.com

www.burmeseclassic.com

(၆)

ဒီနေ့တော့ ဆေးလုံးကြီးရွာရဲ့ ရာဇဝင်လှူသမိုင်းမှာ မေ့
မထားဘဲ သစ်ငုတ်တစ်ငုတ်ရဲ့ ရင်ခုန်သံကို အားလုံးကြားလိုက်
နေ့ပဲ။

အချိန်က နေ့လည်နေ့မွန်းတည့်ချိန်

စာရင်းဒိုင်ရဲ့ လယ်ပွဲကို ဝင်းအပါအဝင် ရွာက ကောက်
သမ အဖွဲ့များပါ စုပေါင်းစပါးရိတ်ပြီး၊ ထမင်းစားနားတဲ့အချိန်
မလွန်းရှိန်တို့ မတင်မြတို့ အပျိုအုပ်စုက ကောက်ရိတ်
ခေါင်း ဒေါ်ဒေါင်းနဲ့ပါလာတဲ့ ထမင်းထုပ်များ ဖြည်စားပြီး
သောက်နေသလို။

ဝင်း၊ ဖိုးသောင်းနဲ့ လှအောင်တို့ကလည်း ကုက္ကိုရိပ်မှာ
ထမင်းစားကြတယ်။ စားလို့ပြီးတော့ အမျိုးသမီးအုပ်စုက ဟို
ကုက္ကိုပင်ရိပ်အောက်မှာ လှဲပြီး၊ ထမင်းလုံး စီနေကြသလို ဝင်
သုံးယောက်ကလည်း ထမင်းလုံးစီရင်း အိပ်ပျော်သွားခဲ့ကြတယ်

အဲဒီအချိန်မှာပဲ ငမဲရယ်၊ အောင်ပုရယ်၊ စိန်ကုလား
ကြွက်သိုးရယ် ရောက်လာတယ်။ တိတ်တိတ်ကလေး ရောက်လာ
မောမောနဲ့ အိပ်မောကျနေကြတဲ့ သူတို့အားလုံး ဘယ်သူမှ မသိ





ဘူး။ ချွတ်ခန့် အသံကြားလို့ နိုးသွားခဲ့တာက မလွန်းရှိန်ပဲ။

လွန်းရှိန်က နိုးတယ်ဆိုရင်ပဲ အပျိုခေါင်းဒေါ်ဒေါင်းနဲ့ သူ့အဖော်
တွေကို လက်ကုတ်ပြီး နှိုးလိုက်တယ်။ သူတို့အားလုံး နိုးလာကြတယ်။
တို့အုပ်စုက ဒယီးဒယိုင်နဲ့ ဝင်းတို့ရှိရာကို သွားနေကြတယ်။ သူတို့
အားလုံး သင်းတို့ဘာလုပ်ကြမလဲဆိုတာကို စိုးရိမ်ကြီးစွာ ကြည့်နေ
ကြတယ်။ လှမ်းလည်း မပြောရဲဘူး။ ဒီကောင်တွေက လူ့မိုက်ရိုင်းတွေ။

ကြည့်နေဆဲမှာပဲ . . .

ငမဲက ပက်လက်လှန်ပြီး အိပ်မောကျနေတဲ့ ဝင်းရဲ့ လည်ပင်း
ခွလိုက်တယ်။ ကုလားကြီးက ဝင်းခြေထောက်ကို တက်နင်း လိုက်
တော့ ဝင်းက လန့်အော်ပြီး ကုန်းအထ . . .

ဒီတင် ဝင်းက တံတွေးနဲ့ထွေးလိုက်တာ ငမဲရဲ့မျက်နှာကို
မှန်မိ ရက်သား ဖြစ်သွားတယ်။ လှအောင်တို့ကလည်း အခြေအနေ
မကောင်းလို့ လစ်ကြပြီ။

"ခြော် . . . မင်းက . . . မင်းက ရွာသူတွေရှေ့မှာ ငါ့ကို
တံတယ်ပေါ့ ဟုတ်လား။ ဟေ့ကောင် ထွန်တုံး မင်းကို ဒီနေ့
သတ်မယ်ကွ၊ သတ်မယ်၊ ကဲကွာ . . . ကိုင်းကွာ . . ."

ငမဲက ပြောရင်းကနေ ကုန်းထပြီး လှအောင်တို့ကျန်ခဲ့တဲ့
ကောက်ရိတ် တံဇဉ်ကြီးကို လှမ်းဆွဲလို့ ဝင်းနောက်ကနေ ဒေါသနဲ့
လိုက်တယ်။ လက်တစ် မီလောက်ကျရင် တံဇဉ်နဲ့ လှမ်းခုတ်တယ်။
သူ့အုပ်ကလည်း လန့်ပြီး အော်ကြတယ်။ ဝင်းက ရှေ့ကပြေး၊
ငမဲက နောက်ကလိုက်ခုတ်။ ကုလားကြီးတို့က မြှောက်ပေးနဲ့ ဆူညံ
ကြတယ်။ မလွန်းရှိန်တို့ အော်သံကြောင့် ဟိုအဝေး တဲနီးချင်း
တွေလည်း ပြေးလာနေတယ်။

ဝင်း ကြောက်ကြောက်နဲ့ တောင်းပန်တယ်၊ မရဘူး။ တစ်ချက်
ဝင်းက မျက်နှာချင်းဆိုင်ပြီး တောင်းပန်နေတုန်း ငမဲက တံဇဉ်ကိုမြှောက်



www.burmeseclassic.com

www.burmeseclassic.com



ပြီး ဝင်းရဲ့ရင်ညွန့်ကို အားနဲ့ပေါက်ချလိုက်တယ်။ ဝင်းရဲ့အော်
ရွာသူများရဲ့ အော်သံတွေဟာ ကွင်းထဲမှာ ကမ္ဘာပျက်သလို ဆူညံ
တယ်။ ကံကောင်းချင်လို့လား။ ကံဆိုးချင်လို့လား မသိဘူး။ အ
ပေါက်အချမှာ ကျစ်စာခဲကို ခလုတ်တိုက်ပြီး မဲရှေ့ကျော် ဟပ်ထိုး
အကျမှာ ဝင်းက ကြောက်ကြောက်နဲ့ရှောင်ပြီး မဲလက်ထဲက တံစဉ်
ဝင်လုံးလုယူလိုက် တယ်။

ဝင်းမျက်လုံးထဲမှာ ဘာမှမမြင်တော့ဘူး။

ရက်တဲ့ ဒေါသ၊ နာကြည်းတဲ့ ဒေါသ၊ အသက်ကို လုနေ
မောဟတွေ အားပြိုင်ဝင်ပူးလာပြီမို့ ကျွဲချိုရိုးတပ် စပါးရိတ်တံစဉ်ကြီး
ဖျတ်ခနဲ မြှောက်လိုက်ပြီး မဲရဲ့ လည်ပင်းရှိရာကို ချိန်လို့ တစ်ချက်တည်း
အားကုန် လွှဲခုတ်ဆွဲချလိုက်တယ်။

"အား...အ...အ"

နွေလယ်ခေါင် နေရောင်အောက်မှာ မဲရဲ့အသံနက်ကြီး
အော် လိုက်သံအဆုံး သူ့လည်ပင်းဟာ စပါးရိတ်ခံလိုက်ရသလို တ
ဉ်လုနီးပါး ဖြစ်သွားတယ်။ သွေးတွေ ရဲခနဲ ပန်းထွက်လာခဲ့သ
ဂးလုံးရဲ့ ကမ္ဘာပျက် မတတ် အော်လိုက်သံများကို ကြည့်ပြီး–

ဝင်း ကြောက်ရွံ့ထိတ်လန့်စွာနဲ့ တံစဉ်ကို လွှတ်ချလိုက်တယ်

အသည်းယားစရာ၊ ကြောက်ရွံ့ထိတ်လန့်စရာ မြင်ကွင်း
မြင်လိုက်ရတဲ့ ရွာကျော်လူမိုက် စိန်ကုလားတို့သုံးယောက်လည်း ဝင်း
မတို့မထိရဲတော့ဘဲ တစ်ချိုးတည်း လစ်ပြေးကြပါလေရော။

ဒီအချိန်မှာ ရွာထဲက ဆယ်အိမ်ခေါင်းတွေရော၊ ရာအိမ်ခေါင်း
တွေနဲ့အတူ ဝင်းရဲ့အမေ မုဆိုးမကြီးဒေါ်လှကြည် ရင်ဘတ်စည်တီး
ပြေးလာတာကို ဝင်းနောက်ဆုံးမြင်လိုက်ရတယ်။

♛ ♛ ♛

(၇)

အချုပ်ထဲမှာ ဝင်းလူသတ်မှုနဲ့ တစ်နှစ်ခန့်နေရင်း တရား
ဆိုင် လိုက်ရတယ်။ အချိန်က (၁၉၅၈)ခုနှစ် မဲရဲ့ အဖေက ငွေထုပ်
ပြီး ဝင်းကို ကြိုးစင်တင်ဖို့ ကြိုးစားခဲ့ပေမယ့်...

မကြာခင် ဝင်း အမှုကနေ ကွင်းလုံးကျွတ်လာခဲ့တယ်။

တရားကို နှုတ်စောင့်ပါတယ်ဗျာ။

ဝင်းဟာ လူရိုး၊ လူအ၊ လူအေးပါ။ ကြက်တစ်ကောင်
ဖူးဘူး ထမိန့်တစ်ထည် မရုတ်ဖူးဘူး။ ဆိတ်တစ်ကောင် မသတ်ဖူးဘူး။
လူမိုက် လူရမ်းကားများရဲ့ အနိုင်စက် အညှင်းပန်းကို သစ်ငုတ်
ငုတ်ဘဝနဲ့ ကာလ အတန်ကြာ ဝင်ခံနေကြတာကို တစ်ရွာလုံး
က်သေခံကြတယ်။

မျက်မြင်သက်သေများရဲ့ ထွက်ချက်အရ မဲရဲ့ မိုက်ရိုင်းစွ
နိုင်ကျင့်ပုံတွေ၊ ဝင်းက အဲဒီလိုမှ မခုခံရင် ဝင်းရဲ့အသက်
ရမ်းကား မဲက အဆုံးစီရင်မယ်ဆိုတာကို လူပြိန်းတွေရော၊ ပ ရှိ



www.burmeseclassic.com

www.burmeseclassic.com



တရားသူကြီးတွေ ကပါ သိရှိခဲ့ရတယ်။ နောက်ဆုံး ဒိုယို့အသက်ကို
ကာကွယ်ဖို့ တစ်ချက် တည်းသော ခုခံကာပိုင်ခွင့်ရဲ့ အကျိုး သက်ရော
မှုကို ခံစားခွင့်ရရှိပြီး ဝေဝင်းအမှုကနေ ကွင်းလုံးကျွတ် လွတ်
ခဲ့လိုက်တယ်။

ဝေဝင်း အချုပ် ကျားခေါင်းဝက ထွက်လာတဲ့နေ့မှာ ဝေဝ
ချစ်လှစွာသော အမေမုဆိုးမကြီးကတော့ လုံးဝ လာမကြိုနိုင်ပါခဲ့ပါ
ဝေဝင်းအမှုကို ရင်ဆိုင်နေစဉ်မှာပဲ သားစိတ်နဲ့ ကွယ်လွန်သွားခဲ့
သုံးလခန့်ရှိပါပြီ။

အမေမုဆိုးမကြီးအစား လာကြိုသူ တစ်ယောက်တော့ ရှိ
တယ်။

အဲဒါက...

ဆံတောက်ဖားဖားကြီးနဲ့ ထဘီတိုတို ဝတ်ထားသော သ
တက်နေတဲ့ ခြေသလုံးနဲ့ မလွှန်းရှိန်ပါပဲ။

မှခင်းရော
၂၀၀၁ခုနှစ်–ဖေဖော်



www.burmeseclassic.com

www.burmeseclassic.com

# ငွေဖြစ်သော်လည်း ကြေးပစ်လျှင် အရှုံးလည်းရှိသည်

"မင်းက ဘာကြောင်နေတာလဲလှအောင်"

မောင်ဒီက အရက်ဖြူလက်ကျန်ကို မော့လိုက်ပြီး အတွေးနှင့် ငေးနေသည်။ လှအောင်ကို ယေနိုင်ဝိဝိ ဖိဟောက်လိုက်သည်။

"ကြောင်တာ မဟုတ်ဘူး မောင်ဒီ၊ ငါ ဒီဝက်သတ်တဲ့ အလုပ်ကို ရှုမုန်းလာပြီး ကြာလေ ဝဋ်လည်မှာကိုလည်း ကြောက်လာတယ်"

"ဟား...ဟား...ဟား...၊ ဘုရားဖြစ်မယ့် အုတ်နီခဲနဲ့မှလာတွေ့မှကို။ နေပါဦး မင်းက ဒီဝက်သက်တဲ့ အလုပ်ကိုမှ မလုပ်ချင်တော့ရင် ဒီထက် ဝင်ငွေကောင်းတဲ့ ဘာအလုပ်ကိုများ တွေ့ထားလို့တုံး အုတ်နီခဲကြီးရဲ့ ဒါနဲ့ ဝဋ်ဆိုတာကောရှိလို့လား။ ကိုယ့်လူ က ယုံကော ယုံသလား။ မိန့်စမ်းပါဦး ခင်ဗျား၊ အော့...ဖွီ"

ပြောရင်းမှသည် အမြည်းတစ်ဖက်ကို ကောက်ဝါးလိုက်သည်။ သူ့နှုတ်ခမ်းမွှေးကြမ်းကြမ်းကြီးများသည် အမြည်းမှဆီများ ပေကျံ၍ ပြောင်လက်နေသည်။ 'ဝဋ်ဆိုတာရှိတယ်၊ သူငယ်ချင်း မင်းတို့ ငါ့ဘို့က





ဘူဘာသာဝင်တွေပါ၊ ဝဋ်မှာအမြဲ ငရဲမှာအပတဲ့၊ ရှေးက ဝိဘက် နှစ်ရက်၊ အခု ဝိဘက် ဒူးခေါက်ကတက်တဲ့၊ မြန်တယ်၊ ငါတော့ ကြောက်လာပြီကွာ၊ အလုပ်သစ်တော့ တွေ့ထားပါတယ်၊ ဒါပေမယ့် ဝင်ငွေတော့ မရနိုင်ဘူး။ သို့ပေမယ့် ဘဝကျူးတော့ ကောင်းလိမ့်မယ်"

"အလဲ့...စီးပွားဖြစ်တော့မယ်ပေါ့၊ ဟား...ဟာ ဟား။ ဒီလိုလား ဘာအလုပ်များလဲ ကိုယ့်လူရဲ့ ပြောစမ်းပါဦး"

"ငါ...ရဟန်းဝတ်တော့မယ်"

"ဟေ..."

လှအောင်စကားကြောင့် မောင်ဒီသာမက ကျွန်တော်ပါ အံ့ဩသွားခဲ့ရလေသည်။

"ငါ...ရဟန်းဝတ်တော့မယ်"

ငါတို့အလုပ်က ဝက်သတ်ရုံမှာ အခ,စားဝက်သတ်သည့် အလုပ် ဖြစ်သည်။ ဝက်တစ်ကောင် သတ်လျှင်တစ်ရာကျပ်ရသည်။ အလုပ်က သိပ်ခက်ခက်ခဲခဲ မဟုတ်။ သို့သော် အကုသိုလ်များသည်မို့ လက်ရဲဖက်ရဲ ရှိဖို့တော့လိုသည်။ ည(၇)နာရီထိုးသည်နှင့် မြို့မြောက်ဖျားရှိ ဝက်သတ်ရုံသို့ အရောက်သွားကာ ခြေလက်လေးဖက်တုပ်ပြီး တန်းစီထားသည့် ဝက်အကောင် (၃၀)ကို သတ်ပေးရသည်။ ဒီအလုပ်ကို ကျွန်တော်မောင်ဒီနှင့် လှအောင်တို့ သုံးဦးလုပ်ကြသည်။

ကျွန်တော်တို့ သုံးဦးမှာ အလျားတစ်ပေကျော်ခန့်ရှိ လေဝင်ပျောက်ကြောင်းပါ ဝက်ထိုးဓားတစ်ချောင်းစီရှိသည်။ ဓားတွေက ခြေသလုံးမွေးရိတ်လို့ရအောင် မြနေသလို အဖျားကလည်း သန်လျက်ဦးလို ချွန်နေသည်။

ဝက်ရဲ့ နှလုံးရှိရာ လက်ပြင်နောက်သို့ ဓားချွန်ဖြင့် အားစိုက်ထိုးချလိုက်ပြီး ဆွဲနှုတ်လိုက်သည်နှင့် ဝက်တစ်ကောင်အဖို့ ပျောကြောင်းမှ လေဝင်ကာ အသံတစ်ချက်ထွက်ပြီး ဇီဝိန်ကြွေသွားရစမြဲဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဝက်တစ်ကောင် ပေါ်တိုင်း လိုင်စင်စီက ငွေတစ်ရာပေးသည်၊ (၁၀)ကောင်ကို သုံးမိနစ်နှုန်းဖြင့် ကျွန်တော်တို့ လုပ်ပေးနိုင်ကြသည်။ ဒီမှာ ဝက်ဖျက်သည့်လူက သီးသန့် ရှိသည်။

အများအားဖြင့် အလုပ်သမားများက ဝက်မသတ်ချင်ကြ။ အင်းလေ ဘယ်သတ်ချင်ကြမလဲ။ မျက်စိအောက်မှာ ဝက်ထိုးဓား ထိုးသွင်းခံရသည့် ဝက်တစ်ကောင်ရဲ့ နာကျင်စူးရှစွာ အော်ဟစ်ရုန်း အကြောဆွဲနေသည်။ မြင်ကွင်းကို လုပ်ဖော်ချင်းတောင် မကြည့်ရက် မမြင်လိုကြ။

ကျွန်တော်တို့ကကော...တဲ့။

မှန်ရာပြောရလျှင် ကျွန်တော်လည်း ဒီဝက်သတ်သည့် အလုပ်ကို မလုပ်ချင်။ မောင်ဒီကတော့ နဂိုကတည်းက လူပေလူတေ စိတ်ကြမ်းလူကြမ်းမို့ ဇက်ရဲလက်ရဲရှိသည်။ ဒီကြားထဲက အချိန်ရလျှင် အမဲသတ်ရုံ (နွားသတ်ရုံ)သို့ ကူး၍ နွားပေါ်ပေးလိုက်သေးသည်။ ဒါကြောင့် ဝင်ငွေ ဖြောင့်ပြီး သုံးချင်သလိုသုံး ဖြုန်းချင်သလိုဖြုန်းနှင့် လိုင်းပေါ်င်းစုံသည်။

လှအောင်ကား ပီဘိ လူရိုးတည်း။ သူက အမေမုဆိုးမကြီးနှင့် နေသည်။ ကျွန်တော်တို့နှစ်ဦးသည် ပညာမဲ့ကြသူများပီပီ ကန်ထရိုက် အလုပ်ပေါင်းစုံမှာ နေ့စားအလုပ်က နေကုန်မှ နှစ်ရာကျော်လေးပဲရ သည်။ ထမင်းချိုင့် မပါကြသူများမို့ ဆိုင်မှာဝယ်စားကြရသောအခါ ပြန်ပါလာသည့် ငွေက မဖြစ်စလောက် သည်နောက်ပိုင်း။

ငယ်ပေါင်းမောင်ဒီရဲ့ အဆွယ်ကောင်းမှုနှင့် ဝင်ငွေတစ်နေ့ တစ်ထောင်ခန့်ရသည့် ဝက်သတ်သည့် လုပ်ငန်းခွင်ထဲသို့ ရောက်လာ ရသည်။ ဝက်သတ်ရုံမလာခင် သုံးယောက်ပေါင်း အရက်(၂)လုံးကို ရဲဆေးတင်လိုက်သည်။ သို့မှသာ ရက်ရက်စက်စက်လုပ်ရသည့် အလုပ်မှာ စိတ်ဝင်စားပြီး လက်သွက်ကြသည်။

လှအောင်အမေ မုဆိုးမကြီးကား သူ့သားဝက်သတ်သည့်





အလုပ်လုပ်နေသည်ကို လုံးဝမသိ။ တကယ့်ကို ပုတီးသမား ဘုရားသမား ဖြစ်သည်။ လှအောင် အရက်သောက်သည်ကို မနှစ်သက်သော်လည်း အလုပ်ပင်ပန်း၍ သောက်သည်ဟု နားလည်မှုရှိစွာနှင့် ခွင့်မလွှတ်ချင်ဘဲ လွှတ်ထားရသည်။ အနို့ဒွာရဲ့ အလုပ်ကို လုပ်ရပါများလာသောအခါ။

လှအောင် စိတ်ညစ်လာသည်။ အရက်ကိုလည်း ခါတိုင်းထက် ပိုသောက်လာသည်။ ဝက်သတ်ပြီးတိုင်း သူ့လက်တွေ တုန်နေသည်။ သည့်အတွက် သူအရက်ကို ဖိ၍ သောက်ရင်း။

သုံးယောက်စလုံး ဝက်မသတ်ခင်လည်း သောက်။ ဝက်သတ်ပြီး ရုံမှ ထွက်လာကြသောအခါ သေွးညှီနံ့များနှင့်အတူ မကြာခဏ စိတ်ရိုင်း များ စကားလုံးရိုင်းရိုင်းကြမ်းကြမ်းများလည်း ပါလာကြသည်။

သည်ကြားထဲ : . . မောင်ဒီက အရက်သာမက ဖဲပါ ရိုက် လိုက်သေးသည်။ ကျွန်တော်တို့..ဖဲဝိုင်းရောက်လာပြီဆိုလျှင် အများ အားဖြင့် အရင်ကစား နေကြသူများ ထ,သွားတတ်ကြသည်။ အခြား ကြောင့်မဟုတ် လူကြမ်းကြီး မောင်ဒီကြောင့်ဖြစ်သည်။

မောင်ဒီက...ဖဲရှုံးလာပြီဆိုလျှင် ခါးကြားမှာ ဓားမြှောင်ကြီးကို သူ့ရှေ့ ကြမ်းပြင်မှာ ထိုးစိုက်ပြီး မူးမူးနှင့်ကြိမ်းလေ့ရှိသည်။

"မလိမ်နဲ့ကွနော်...မောင်ဒီအကြောင်းကို မင်းတို့ သိတယ်၊ ဒီမှာ တွေ့လား"

"ဒုတ်"

ဒီလို ရှုံးမဲ မဲလေ့ရှိသဖြင့် ကျွန်တော်တို့ (အထူးသဖြင့် မောင်ဒီ ပါလာလျှင် ဖဲဝိုင်း ပျက်လေ့ရှိသည်။ ကြိတ်ဝိုင်းမို့ လူသိမခံရဲရသည့်အထဲ မောင်ဒီလို ပြဿနာကောင်နှင့် ယှဉ်၍ မည်သူမျှ အမိုက်ကန်းမကုန်ရဲ။ ကျွန်တော်နှင့် လှအောင်က မလိုက်ချင်ကြ။ အကြောင်းကြောင်းသော မောင်ဒီ ကျေးဇူးများကိုထောက်၍ သူ့အလိုလိုက်နေရခြင်းရယ်သာ။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com



"သူ့အမေလည်း ဒီနေ့ပဲ သီလရှင် ဝတ်သွားပြီ"

"အေး...ကောင်းတာပေါ့ကွာ၊ သုံးယောက်မှာ တစ်ယောက် ပဲသွားတော့လည်း အဲဒီအတွက် ငါတို့ပိုရတာပေါ့၊ လာ...တစ်လုံး ထောင်ပြီးရင် ဝက်သတ်ရုံသွားမယ်၊ ဘာငိုင်နေတာလဲကွ၊ မင်းလည်း လှအောင် ကြောင်သလို ကြောင်မနေနဲ့၊ လာ...အချိန်မရှိဘူး"

မောင်ဒီက ဓားအိမ်ထဲသို့ ဓားကို ထိုးသွင်းရင်း မသန်းချစ်တို့ လိုင်စင်စီ အရက်ဆိုင်သို့ ခြေလှမ်းလိုက်သည်။ မျက်လုံးထဲမှာ သူငယ်ချင်း လှအောင်ရဲ့ သင်္ကန်းဝတ် မြင်းကွင်းကို မြင်နေမိသည်။ သိမ်ထွက်တော့ လှအောင်ရဲ့ ပကတိအင်္ဂါရုပ်သည် စိုးရိမ်ကြောင့်ကြမှု အလျဉ်းမရှိ။ ရက်စက် ကြမ်းကြုတ်မှု အလျဉ်းမရှိ။ ပီတိ တည်ကြည်သော ဣန္ဒြေနှင့် ငြိမ်းချမ်းစွာ ကျက်သရေရှိသည်။

လှအောင်နှင့် မောင်ဒီကို နှိုင်းယှဉ်ကြည့်လိုက်သောအခါ ဆီနှင့် ရေလိုကွာနေသည်။

မိမိနှင့်ကောတဲ့...။

အင်း...ရွှေဘုံထီးနဲ့တော့ အပုံကြီးကွာသည်။ သုံးသပ်မိ သည်။

♛ ♛ ♛

(၃)

"မောင်ရွှေ..နောက်ကျလှချည်လားကွ၊ ခုနစ်နာရီထိုး တော့ မယ်"

မောင်ဒီက ဓားချွန်ကို လက်ဝါးလက်ဖျားနှင့် သ,ရင်း မှု မပြေပြာန်နှင့် လှမ်းပြောသည်။

"ကျောင်းသွားနေလို့ပါကွာ"

"ဘာကျောင်းလဲကွ၊ စာသင်ခန်းနဲ့ မင်းနဲ့ဘာဆိုင်လို့လဲ၊ ဟို ကောင်ကော မလာသေးဘူးလား"

"လှအောင် ဒီနေ့ကစပြီး မလာတော့ဘူး"

"ဘာကွ...ဘာပြောတယ်"

"သူ...နောင်ကိုလည်း လာနိုင်တော့မှာ မဟုတ်ဘူး၊ မောင် ဒီ သူ ဒီနေ့ပဲ ပဥ္စင်း တက်သွားပြီ"

"ဟာကွာ...ဒီကောင် အတော်ကြောင်တဲ့ကောင်ကွာ၊ သူ ဒီလို ဘုန်းကြီးဝတ်လိုက်တော့ သူ့အမေကြီးကို ဘယ်သူရှာကျွေးမှာလဲ"

"ပူစရာမလိုဘူး...မောင်ဒီ"

"ဟ...ပူရမှာပေါ့ကွာ၊ ထမင်းမစားဘဲ နေလို့ရမလား"



www.burmeseclassic.com

www.burmeseclassic.com

(၄)

တစ်နေ့. . .။

မောင်ဒီနှင့် နှစ်ယောက်သား မသန်းချစ်တို့ဆိုင်မှ နံနက်စာ
ပက်ပြီး ပြန်အလာလမ်းမှာ မမျှော်လင့်ဘဲ သွမ်းခံကြွလာသည့် ဦးပဍ္ဍင်း
လုအောင် ဘွဲ့အမည် ဦးဝိမလာနှင့် ဟက်ပင်းဆုံကြတော့သည်။ ကျွန်တော်
တို့ နှစ်ယောက်တွေ့တော့ ဦးပဍ္ဍင်းကြီးက စက္ကူကွန်ရွေချ၍ ရပ်ရှာသည်
ငယ်သူငယ်ချင်းလည်းဖြစ် လုပ်ဖော်ကိုင်ဖက်လည်း ဖြစ်ခဲ့ဖူးသည့်အပြ
သက်နီးရဲ့အရှိန်ကြောင့် ကျွန်တော်အလိုလိုဂတ်ဖြည့်ပြီး သားဖြ
သွားသည်။

မောင်ဒီကတော့ ခပ်တည်တည် မတ်တတ်ရပ်မျက်။

"နေကောင်းရဲ့လား ဒကာကြီး"

"မှန်ပါ. . .ကောင်းပါတယ် ဘုရား၊ ကိုယ်တော်ကော ဆွမ်
ကွမ်း သင့်တင့်ပါရဲ့လား"





"သင့်တင့်ပါတယ် ဒကာကြီး၊ ဒါနဲ့ ဒကာကြီးတို့ ဟိုအလုပ်
ပ်တုန်းပဲလား "

"မှန်. . .မှန်ပါဘုရား။ ဒီ. . .ဒီ အလုပ်ကလွဲပြီး အခြား ဝင်ငွေ
ာင်းတဲ့အလုပ် မတွေ့သေးတော့ ဒါပဲ မှေးလုပ်နေရပါတယ် ဘုရား"

"စွန့်ချိန်တန်ပါပြီ ဒကာကြီးတို့ရယ်၊ ဒကာတို့လည်း အသက်
ယ်ကြတော့ပါဘူး။ ရှုဒ္ဓဆိုတဲ့ ရက်စက်ကြမ်းကြုတ်မှုနဲ့ အသက်မွေး
ဘာ အ,သမ္မာအာဇီဝခေါ်တယ်၊ ယခု ဘဝလည်း မကောင်းဘူး၊
လွန်ပြီး နောင်တမလွန် သံသရာမှာလည်း ဒီအကုသိုလ် အကျိုး
က်ကြောင့် အဖန် ငါးရာငါးကမ္ဘာ ခံရစမြဲပဲ ဒကာတို့၊ ပစ္စုပ္ပန်
က်မှောက်ပြုတော့ ဝဋ်မှာ အမြဲ၊ ငရဲမှာ အပတဲ့၊ ဒါကြောင့် ဦးပဍ္ဍင်း
ကြပြုချင်ပါတယ်၊ ဝင်ငွေနည်းသော်လည်း သမ္မာအာဇီဝဖြစ်တဲ့
ခြားအလုပ်ကို ပြောင်းလုပ်ကြပါ၊ ရတဲ့ အချိန်ကလေးမှာ ဘုရား
ရား အာရုံစိုက်ပြီး ဘာဝနာအလုပ်ကို လုပ်ပေးကြပါ ဒါမှ လောကီ
ာကုတ္တရာနှစ်ဖြာ အကျိုးပေးကောင်းကြပေလိမ့်မယ် ဒကာတို့၊
လည်ရဲ့လား"

"မှန်ပါဘုရား"

"ဒကာကြီး. . .မောင်ဒီကော"

"ကိုယ်တော့်အလုပ်ကို ကိုယ်တော်လုပ်ပါ ကျုပ်တို့ နှစ်ဦးကို
ကျိုးစီးပွားပျက်အောင်တော့ မစည်းရုံးပါနဲ့ မောင်ရွှေ သွားစို့"

မောင်ဒီရဲ့ လေသံမျက်နှာထားစကားကြောင့် ကျွန်တော် ဦးပဍ္ဍင်း
ကို လွန်စွာမှ အားနာသွားခဲ့ရပါသည်။ သို့သော် ဦးပဍ္ဍင်းကြီးက
်ဆိုး ဟန်မပြ၊ ခွန်းတုံ့လည်း အပြန်တော့။

"လာလေကွာ"

မောင်ဒီက ခေါ်သံသံနှောသည့် လေသံနှင့် ဒုတိယမ္ပိ ကပ်ခေါ်
က်သည်။



www.burmeseclassic.com

www.burmeseclassic.com



"အရှင်ဘုရား ဒီ . . .ဒီဝတ္ထုငွေကလေး လှူ . . .

ရစေဘုရား"

ကျွန်တော်က အင်္ကျီအိတ်ထဲမှာ ကျန်နေသည့် ငါး တန်တစ်ရွက်ကို ထုတ်၍ ဦးပဥ္ဇင်းကြီး သပိတ်အဖုံးပေါ်သို့ တရို ကပ်လှူတင် လိုက်သည်။

"သာဓု . . .သာဓု . . .သာဓု ဒကာကြီး၊ ဤကုသို ဤကောင်းကျိုး ကြောင့် လောကဆင်းရဲ ဝဋ်ဆင်းရဲအပေါင်းမှ လွတ် ပြီး နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါစေသတည်း၊ သွားပေဦးတော့ ဒကာ အကြောင်း ကြီးငယ်ရှိရင် ဦးပဥ္ဇင်းကျောင်းကို လာခဲ့ သွား သွာ

ဦးဥ္ဇင်းကြီးက မျက်လွှာချ၍ ရှေ့တစ်တောင်ကိုရှုကာ ဆက် ၍ ကြွသွားခဲ့သည်။ မောင်ဒီက ကျွန်တော့်ကို အံကြိတ်၍ကြည့်ရ

"ဘာလဲ. . .မင်းက သူ့ကို သိပ်ကြည်ညိုနေသလား"

"ငါတို့ မလုပ်နိုင်တဲ့အလုပ် သူတော်ကောင်းအလုပ်ကို သူ နေတာကွ"

"တော်စမ်းပါကွာ၊ မင်း စောစောက ငွေငါးဆယ်ဟာ အ တစ်ပိုင်းရတယ်ဆိုတာ မင်းလုံးဝ မစဉ်းစားမိဘူးလား"

ကျွန်တော် နားနှစ်ဖက်ကို ပိတ်လိုက်သည်။ လုပ်ဖော်ကိုင် သာ သည်းညည်းခံနေရသည်။ ကို...သောပေါက် အပါယ်လားတော့ ဇာတ်မင်းသားကြီး ပန်တျာကြည်လင် ကပြသွားသည့် 'သုပ္ပဗုဒ္ဓ' လမ်းကို ဒီကောင်မကြည့်ဖူးဘူး။ နားမထောင်ဖူးဘူးနှင့် တူသည်။

မြတ်စွာဘုရား၏ လူ့ဘဝက ယောက်ဖတော်ခဲ့သည့် 'သုပ္ပဗုဒ္ဓ ရှင်ဘုရင်သည်' မြတ်စွာဘုရားရှင်နှင့် ရဟန်းငါးရာတို့ ကြွသည့်လမ်းမှာ အရက်သေစာများမူး၍ ယခု မောင်ဒီ ပြုမူသကဲ့ ဆွမ်းလောင်းလှူခြင်းအမှုကို ပျက်ရယ်ပြုသည်။ ဆန့်ကျင် ကန့်ကွ သည်။ သည် အကုသိုလ် ကံတရားအမှုကြောင့် 'သုပ္ပဗုဒ္ဓ ဘုရင်သ





(၇)ရက်စေ့သော အခါ သောင်းကျန်းနေသည့် သူ့စီးတော်မြင်းကို ...ခုနစ်ဆင့် နန်းတော်မှဆင်း၍ ထိန်းလိုက်စဉ် မြေပြင်ခြေဖဝါး ထိရုံမျှနှင့် ...က်ချင်းမြေပြိုကာ ငရဲသို့ကျခဲ့ရသည်။

မောင်ဒီ . . .မင်းလည်း ငရဲကို ဆင်းဖို့ စရံသတ်နေပါ ...ကောလား။

♛ ♛ ♛

(၅)

မောင်ဒီ ဖဲဝိုင်းမှာ ဖဲရှုံးသည်။ ဝက်သတ်၍ ညဦးက ရလာ သည့် ငွေများကုန်သည်။ သူ့ပိုက်ဆံကုန်သောအခါ ကျွန်တော့်ထံမှ ငွေတစ်ထောင် ထပ်ချေးပြန်သည်။ မကစားရန် တားသော်လည်း ဖဲသမား ...မဲ မဲနေသည်။ နောက်ဆုံး မတတ်သာ၍ ချေးလိုက်ရသည်။ ချေးလိုက် သည့် ငွေတစ်ထောင် လည်း နှစ်လှည့်မြောက်မှာ ကံဆိုးစွာ ပါသွားခဲ့သည်။

သည့်နောက် . . .အကောက်ခွက်ထဲမှ ရာတန်နှစ်ရွက်ကို



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့မှ ဂရုမစိုက်ဘဲ ကောက်နိုက်လာပြီး အပြင်သို့ ထွက်
လိုက်သည်။

"လာကွာ...အရက်သွားသောက်မယ်"

"ငါ မလိုက်တော့ဘူး မောင်ဒီ"

"ဘာလဲ...မင်းက တိုက်ရမှာစိုးလို့လား၊ ကျေးဇူးမကန်
ငရွှေ"

"မဟုတ်ပါဘူးကွာ၊ ငါ...သွားစရာရှိနေလို့ပါ၊ မလောက်
ရော့ တစ်ရာထပ်ယူသွား ရော့"

ကျွန်တော်က လက်ကျန်ငွေထဲမှ ရာတန်တစ်ချပ်ကို ထုတ်
လိုက်သည်။ ဖျတ်ခနဲ ဆွဲယူပြီး ဓာမြှောင်ကြီးခါးကြားထိုး၍ မသန်းချစ်
ဆိုင်ဘက်သို့ ခြေလှမ်းကျဲကြီးနှင့် ထွက်သွားသည်။ ပါးစပ်ကလည်
ဆဲရေးသွားလိုက် သေးသည်။

အချိန်ကား မွန်းတည့်ချိန်နေကလည်း ပူလိုက်သမှ ခြစ်ခြ
တောက်။

သူနှင့်လမ်းခွဲပြီးနောက်။

ကျွန်တော် ကြရည်တစ်ခွက်ဝယ်ပြီး ဦးပဥ္စင်းကြီးကျောင်းသို့
ထွက်လာလိုက်သည်။ ဘုရားကျောင်းထဲသို့ ခြေချလိုက်သည်နှင့် ကိုး
ရှင်စေတီမှ ညောင်ရွက်နှင့် ဆွဲလွဲငုံ့ ငြို့ထိခတ်သံကို ကြားလိုက်ရသည်
ရင်ထဲမှာ အေးငြိမ်းချမ်းသာလိုက်တာ။

ကျောင်းထဲသို့ လှမ်းကြည့်လိုက်တော့ ဦးပဥ္စင်းလှအောင်
ပက်လက် ကုလားထိုင်ပေါ်မှာ ပုတီးစိပ်ရင်း တွေ့လိုက်ရသည်။ လက်
မှ ပါလာသည့် ကြရည်ကို ဖန်ခွက်ထဲထည့်၍ ကပ်လိုက်သောအခါ
ဦးပဥ္စင်းကြီး က သာဓုခေါ်သည်။ ဆုတွေပေးသည်။ သည့်နောက်
သူငယ်ချင်းဖြစ်ခဲ့ဖူးသော မောင်ဒီကို အမှတ်တရမေးရှာသည်။ မပါဘူ
လားတဲ့။





ကျွန်တော်က သူအရက်ဆိုင်သို့သွားကြောင်း ပြောမထွက်။
ကာင်းအောင် ညာပြောလိုက်ချင်ပါသော်လည်း အပြစ် ဖြစ်မှာကြောက်
ည်။ သို့နှင့် တုံဏှိဘာဝေနေလိုက်ပြီး ဝတ်ဖြည့်လိုက်သည်။

♛ ♛ ♛

(၆)

ကုသိုလ်ကံနှင့် အကုသိုလ်ကံအကြောင်း စကားကောင်း၍ နာရီ
က်ခန့်ကြာသောအခါ ဘုန်းတော်ကြီးကျောင်းဝင်းထဲသို့ လူသုံးယောက်
ပြေးအလွှား ရေးကြီးသုတ်ပျာရောက်လာကြသည်။

"ကိုရွှေ...ကိုရွှေ"

"ဟေ...ဘယ်သူလဲကွ"

"ကျုပ်တို့ပါ အောင်သန်းစိန်နှင့် ဆန်းလွင်ပါ၊ ခင်ဗျား သူငယ်
ချင်း အရက်ဆိုင်မှာ ဓားထိုးခံရလို့ ခင်ဗျားကို လာပြောတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ...မောင်ဒီလား"

"ဟုတ်တယ်...အမြန်လာပါဗျ"

ဝုန်းခနဲ ကျွန်တော် ထလိုက်သည်။ ရင်ထဲမှာလည်း စိုး... စိတ်များ ဗလောင်ဆူသွားသည်။ ကျွန်တော်ထလိုက်သောအခါ ဦး... ကြီးလည်း ငယ်ပေါင်းဆိုသည့် သံယောဇဉ်စိတ်နှင့် ပက်လက်ကုလား... ထလိုက်သည်။

ကျွန်တော်က ရှေ့မှ ခလုတ်တိုက်လဲပြိုနှင့် ပြေးသွားလိုက်သည်... သန်းချစ်တို့ အရက်ဆိုင်သို့ ရောက်သောအခါ ဝိုင်းအုံကြည့်နေသည်... လူအုပ်ကြီးကို တွေ့လိုက်ရသည်။ ရဲတပ်ဖွဲ့ဝင်အချို့က လူအုပ်... ရှင်းနေကြသည်။ ဒီမှာ လူတစ်ယောက်ကိုလည်း လက်ထိပ် ခတ်လျ... နှင့်တွေ့လိုက်ရသည်။ ကျွန်တော်တို့လူအုပ်ကို တွန်းတိုးဖယ်ရှားပြီး... ကြည့်လိုက်သောအခါ မမြင်ရက်စရာ ကြောက်မက်ဖွယ် မြင်ကွင်း... ‌တွေ့လိုက်ရသည်။

ဘုရား...ဘုရား။ မောင်ဒီရယ် အိုင်ထွန်းနေသည့် သွေးအိုင်... ထဲမှာ တစောင်းလဲကျနေသည်။ သူ့ရဲ့ ဘယ်ဘက်နံကြားမှ သူ အ... သွားလေရာ ဆောင်လေ့ရှိသည့် ဓက်ထိုးဓားမြှောင်ကြီးက တစ်ဝ... ကျော်ကျော် စူးနစ်ဝင်နေသည်။ မျက်လုံးအစုံကလည်း သူသတ်ခဲ့သည်... ဝက်များ နွားများကဲ့သို့ ပြူးကျယ်ပွင့်ထွက်လျက်။

"မောင်ဒီ သူငယ်ချင်း မောင်ဒီ"

"ဘယ်...ဘယ်လို ဖြစ်ကြတာလဲဗျာ"

"ကျွန်တော်က မသန်းချစ်ယောက်ျား ကိုတင်မောင်ဦးကို ... မေးလိုက်သည်"

"ပထမတော့ သူ အရက်သောက်နေတာပဲကွ၊ အရက်တစ်လုံး... လည်းကုန်ရော သွေးက ဆိုးချင်လာတယ်၊ ဒီတင် ဆေးပေါလိပ်... မီးညှိမယ် ဆိုပြီး သူနဲ့မျက်နှာချင်းဆိုင်မှာ စီးကရက်သောက်နေတဲ့...





...ဆီကို မီးတစ်တို့ သွားတောင်းတယ်၊ ဟိုလူက သူ့စီးကရက် ခေါင်း... ကြွသွားမယ်၊ ငါ့မီးခြစ်မဆီမှာ သွားတောင်းပါလို့ ပြောလိုက်ရာကနေပြီး ...ကျယ်လှချေလား၊ မောင်ဒီကွ ဒီနယ်မှာ ဗိုလ်မထားဘူးဆိုပြီး ...ထိုးပါလေရောကွာ၊ ဘယ်လိုမှ ဆွဲလို့မရဘူး၊ ဟိုလူက ပထမတော့ ...င်ပေးနေတာပါပဲ၊ မင်းကောင်က ညစ်ညစ် ညမ်းညမ်း ဆဲရေးပြီး ...ထိုးဓားနဲ့လဲလိုက်ထိုးရော ဟိုလူကလည်း သူ့ကိုယ်သူ ကာကွယ် ...ာနေ မူးနေကြပြီကိုးကွာ၊ ဒီတင် အပြန်အလှန် ဓားလုရာကနေ ...ာင်ဒီဓားနဲ့ မောင်ဒီ့ကို ထိုးထည့်လိုက်တာ မြင်တဲ့အတိုင်းပဲ မောင်ရွှေရာ၊ ...ကောင်ကိုက ဆိုးပါတယ်ကွာ"

"ကျွတ်...ကျွတ်...ကျွတ်၊ ဖြစ်ရလေ မောင်ဒီရယ်၊ ဟင်း"

ကျွန်တော့် သူငယ်ချင်း လူမိုက်၊ လူအန္တရဲ့အဖြစ်ကိုကြည့်ရင်း ...ယောဇဉ်နှင့် မျက်ရည်ကျခဲ့သည်။ ဦးပဥ္စင်းကြီးက ကျွန်တော့် ...ကိုဖက်၍ သူ့ကျောင်းရှိရာသို့ ဖြည်းညင်းစွာ ဆွဲခေါ်သွားသည်။

"ဝဋ်ဆိုတာ လည်တတ်တယ်လို့ ကျုပ် ပြောခဲ့သားပဲ ဒကာကြီး ...ရက်စက်ကြမ်းကြုတ်သူသည် နောက်ဆုံး ရက်စက်ကြမ်းကြုတ် ...၊ ဒဏ်နဲ့ပဲ နိဂုံးချုပ်ကြစမြဲပါပဲ၊ ဒကာကြီးလည်း နောင်တရဖို့ ...ချိန်တန်ပါပြီ ဒကာကြီး"

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

(၇)

ဦးပဥ္စင်းကြီးရဲ့ တရားဓမ္မစကားများ၊ သံယောဇဉ်များနှင့် သ
အာဇီဝ အသမ္မာအာဇီဝ၏ ဆိုးယုတ်ကြောက်မက်ဖွယ် သံသရာဝဋ်
အကြောင်းကို ကြားနာပြီးနောက် ဦးပဥ္စင်းကြီးကို ဦးကုန်းချကာ ဂု
သည့် အိမ်ရှိရာသို့ အမြန်ပြန်လာလိုက်သည်။

အိမ်ပေါ်သို့ရောက်သောအခါ ထရံမှာထိုးထားသည့် ဝက်သ
ဓားကို ဆွဲနှုတ်လိုက်သည်။ သည့်နောက် ဓားကို တင်းကြပ်စွာဆုပ်ကိုင်
အပြေး ထွက်လာလိုက်သည်။

"ငါ့သူငယ်ချင်းကို ဒုက္ခပေးသည့်ဓား၊ ငါတို့ဘဝကို သံသ
အဆက်ဆက်မှာ မည်းညစ်စွန်းထင်အောင် လုပ်ခဲ့သည့်ဓား"

ငွေဖြစ်ပေမယ့် ကြွေပစ်သလို တစ်လှည့်မှာတော့ ရှုံး
ရောက်ကြ စမြဲ။ အရှုံးကြီးလာသောအခါ . . .

"သွားရှော့ကွာ . . ."





ဓားကိုအားနှင့်မြှောက်၍ လွှင့်ပစ်လိုက်သည်။ သွေးညှီနံ့ စွဲနစ်နေသည့်ဓားသည် အရှိန်နှင့် စီးနေသည့်ချောင်းထဲသို့ ဖြန်းခနဲကျ၍ ရေပွာများ လွှင့်စဉ်ကာ နစ်မြုပ်သွားသည်။

သည့်နောက် ဦးပဥ္စင်းကြီးရှိရာ ဒီပါအေးစေတီကျောင်းပရဝုဏ်သို့-

တစ်လှမ်းချင်း . . .

တစ်လှမ်းချင်း . . .။

ပြစ်မှုမဂ္ဂဇင်း
၂၀၀၂-ဇက်တင်ဘာ

www.burmeseclassic.com

www.burmeseclassic.com



## ဖျံရေနစ်ခြင်း

(၁)

ထွန်းလင်းဝေဆိုတာကလည်း ဖျံတစ်ကောင်ပဲဗျ။ ဖျံတစ်ကောင် ရေကူးနေသလို သူကလည်း သူကျင်လည်နေတဲ့ လူ့သက်တမ်းမှာ ဂူလယ် ကျ ဖြတ်ခုတ်၊ အချောင်ဝါး၊ လစ်ရင်တွယ်နဲ့ ရပ်တည်လာတဲ့ လူပဲ။

အသက်က (၃၀)ခန့် အသားဖြူဖြူ လူရည်သန့်ရုပ်ပါ၊ နှိုးက တော့ ကြည့်လိုက်ရင် မော်ဒယ်(လ်)ဘွိုင်းလိုလို၊ ရုပ်ရှင်မင်းသားလိုလိုပဲ။ အမြဲတန်း လက်ထဲမှာ လက်ဆွဲသားရေအိတ်အပြားကိုင်လို့ နေကာ မျက်မှန်နဲ့ ဘောင်းဘီရှည်နဲ့ လက်သန်းကြွယ်မှာ ငါးမူးသားခန့် လက်စွပ် ကြီး တစ်ကွင်းနဲ့သူမို့ ဖြတ်သွားရင် အီးဗန်းအင်ပဲရစ် ရေမွှေးကနံ့ရေ ထွဲ့သလိုပဲ မွှေးကြိုင်လို့။

ကောင်မလေးချောချော လှလှများနဲ့ သွားမိတ်ဆက်မပေးလို့ပဲ



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ရင်းနှီးသိကျွမ်းသွားရင် ရှုံးဆိုရှုံး အိမ်လည်းအိမ်၊ ချောင်းပေါက်ဆေး လာလည်မယ်၊ အကုန်အကျခံ ကျွေးမွေးမယ်၊ ပြီးရင် လက်ဆောင်ပစ္စည်း များ အမှတ်တရ ဝယ်ပေးမယ်၊ နောက် ရုပ်ရှင်လိုက်ပြမယ်၊ အဲ့ လိုင်း ဝင်ပြီးရင်တော့ . . . ဒီလိုရယ်။

တစ်နေ့ သန်လျင်ကနေ ရန်ကုန်ကို အဲယားကွန်းကားနဲ့ အ ရွှေခင်းသာပန်းခြံနားကနေ ခရီးသည်တစ်ယောက်တက်လာတယ် ခရီးသည် က အသက် (၂၃)နှစ်ခန့် မိန်းမချောလေး။ ဘယ်ပါးပေါ် စပယ်တင် မှဲ့နက်ကလေးနဲ့ ကိုယ်လုံးကိုယ်ပေါက်က ဖြောင့်ဖြော တောင့်တောင့်။

ကံဆိုးချင်လို့လား၊ ကံကောင်းချင်လို့လား မသိဘူး၊ ကားပေါ် တက်ရင်း ကောင်မလေးက မျက်လုံးတစ်ချက်ဝှေ့ပြီး လွတ်နေတဲ့ နံဘေး က ခုံလွတ်ကို လှစ်ခနဲ ဝင်ထိုင်လိုက်တယ်။ ကားရှိန်ကြောင့်လား၊ တမင် လုပ်တာလား မသိဘူး။ ကောင်မလေးယိုင်ပြီး ထွန်းလင်းဝေရဲ့ ရင်ခွင်ထဲကို ညွတ်ကျသွားတယ်၊ လက်ထဲက ကိုင်ထားတဲ့ ဆွဲခြင်းလည်း ဖရိုဖရဲ ဖြစ်သွားခဲ့တယ်။

နဂိုကမှ ဒီအခွင့်အရေးမျိုးကို စောင့်နေတဲ့ ဖျံပဲ။ ကောင်မလေး ပခုံးနှစ်ဖက်ကို သူ့လက်နှစ်ဘက်နဲ့ ဖျတ်ခနဲ ကြိုထိန်းကိုင်ပြီး သူ့ရင်ခွင် ထဲမှာ လွတ်မထွက်အောင် တကယ်စေတနာမျိုးနဲ့ မှေးထိန်းကိုင်ထားလိုက် တယ်။

"ဆောရီးနော် အစ်ကို"

စောင်းငြင်းခတ်သံလိုလို မြက်ဖျားလေတိုးသံလိုလို နူးညံ့တဲ့ လေသံနဲ့ ကောင်မလေးက မျက်လုံးလေး ပေကလပ် ပေကလပ်လုပ်ရင်း လူးလဲထလို့ တောင်းပန်လိုက်တယ်၊ သူမရဲ့ မျက်နှာပေါ်မှာလည်း ရှက်သွေး က လျှိုင်းထလို့။

"အို...ကိစ္စမရှိဘူး။ ဒီလိုမှ မထိန်းလိုက်ရင် ညီမလေးခေါင်းနဲ့





ားနံရံ နှစ်ပါးသွားမှာ စိုးလို့ပါနော်၊ ဘာများဖြစ်သွားသေးသလဲကွယ်"

"ဟို . . . ဟို . . . လန့်ပြီး ရင်နည်းနည်းတုန်သွားတာလောက် ဲ . . . အစ်ကို"

"ဟုတ်လား။ အစ်ကိုမှာ ရှုဆေးပါတယ်၊ ရော့ ရော့ အဲဒါလေး ိုက်၊ ခဏနေရင် ရင်ငြိမ်သွားလိမ့်မယ် ညီမ"

သို့နှင့် သွက်လက်စွာ သူ့ရဲ့သားရေအိတ်ပြားကြီးကို ဖစ်ခနဲဖွင့် း များပြားလှသော စာရွက်များအကြားမှ ရှုဆေးဘူးသေးသေးလေးကို ုတ်လို့ ကောင်မလေးကို ထုတ်ပေးလိုက်တယ်၊ ကောင်မလေးကလည်း ြက်မြီးဆံပင်တိုကလေးကို လှုပ်ရင်း ရှုဆေးကို ရှုလို့ ကူရှင်ကို မှီနေ ယ်။ ကိုယ့်လူက တစ်ချက် အကဲခတ်ပြီး . . .

"အစ်ကို . . . ဘာကူညီရဦးမလဲ ညီမ"

"ရပါတယ် အစ်ကို၊ ကျေးဇူးပါပဲ အစ်ကိုရယ်၊ ညီမ ခေါင်း ြာက်စရာကိစ္စလေး ကြုံလာခဲ့လို့ပါ"

"အစ်ကို သိခွင့်ရှိရင် သိပါရစေလား ညီမ၊ ကူညီလို့ရနိုင်တာ ိုးဆိုရင် ကူညီမလို့ပါ"

ကောင်မလေးက သက်ပြင်းရှည်တစ်ချက်ချရင်း လွမ်းရိပ်ဆွေး ်နှင့် ဟိုးအဝေးကို ငေးရာကနေ ပါးပေါ်ကို မျက်ရည်များ စီးကျလာ ဲတယ်၊ သူက ဒါမျိုးစောင့်နေတာရယ်၊ ကပျာကယာ ရေမွှေးဆွတ်ထား ဲ့ လက်ကိုင်ပဝါနဲ့ ကောင်မလေးရဲ့ ပါးပြင်ပေါ်က မျက်ရည်စီးကြောင်း ်ခုကို တယုတယ သုတ်ပေးလိုက်တယ်" ပီတိ . . . အကြင်နာနုနု ာစ်မျိုးပါ။

ဒီလို ကြင်နာပြလိုက်တော့ ကောင်မလေးပို၍ ဝမ်းနည်းလာပြီး ျှော်လင့်မထားဘဲလျက် သူ့ပခုံးပေါ်ကို ခေါင်းလေးတင်ကာ အသံမထွက် ာမ်း ကျိတ်ငိုရှာတယ်။

"တိတ်ပါ ညီမလေးရယ်၊ လူ့ဘဝဆိုတာ အသက်တစ်ရှူမနေ



www.burmeseclassic.com

www.burmeseclassic.com



ရပေမယ့် အမှုတစ်ရာ ကြုံရတာက်တယ်၊ အစ်ကို့ကို ပြောစမ်း၊ ညီမလေ
ဘာဖြစ်လာသလဲပြော့"

သူ့အသံနှုန်းက "နှစ်ယောက်တစ်အိပ်မက်" ဇာတ်ကားထဲ
မင်းသားက မင်းသမီးကို ချော့သည့်လေသံမျိုး။

"ဒီလို အစ်ကို၊ ညီ...ညီမ ရှုခင်းသာပန်းခြံထဲမှာ ခါးပို
နှိုက်ခံရတာလား၊ ဒါမှမဟုတ် ကျပဲပျောက်သလားမသိဘူး အစ်
ဆွဲခြင်းထဲမှာ ပိုက်ဆံအိတ်မရှိတော့ဘူး"

"ဟောဗျာ၊ ဖြစ်ရလေဗျာ၊ ပိုက်ဆံဘယ်လောက် ပါသွားသလဲ"

"အလုပ်က (၁၅)ရက် အတွက်ရလာတဲ့ လစာ၊ အာ
သုံးထောင်ကျပ်"

"ဟယ်၊ ဒုက္ခပဲ အဲဒါ ညီမ ဘယ်လိုလုပ်မတုန်း"

"ညီမ...ဘယ်လိုလုပ်ရမှန်း မသိတော့ဘူး အစ်ကို၊ အခြေ
တွေ ဘယ်လိုဆပ်ရမှန်းမသိဖြစ်ပြီး ကိုယ့်ကိုယ်ကိုယ် သတ်သာသေလို
ချင်တော့တယ်၊ အစ်ကိုရာ၊ အဟင့်...အင်...ဟင့်"

ဒီလိုနဲ့ ကားက ပန်းဆိုးတန်း ဝင်လာလိုက်တယ်။

"အခု...ညီမလေး ဘယ်မှာဆင်းမှာလဲ"

"သိမ်ကြီးဈေးက အဒေါ်ဆီမှာ သွားအကူအညီတောင်းမ
ရမှာလည်း မဟုတ်ပါဘူး၊ အစ်ကိုရာ"

"အစ်ကို ပန်းဆိုးတန်းမှာ ဆင်းမှာ၊ ညီမလေး လိုက်ခဲ့ပါလာ
အစ်ကို အဆင်ပြေအောင် လုပ်ပေးလိုက်မယ်လေ"

သို့ကလို ပြောရင်းကနေ ငိုင်တွေနေတဲ့ ကောင်မလေးရဲ့ မျ
နာကို အကဲခတ်လိုက်တယ်။ ကောင်မလေးက အတန်ငယ် စဉ်းစာ
ကနေ–

"အစ်ကိုကရော တကယ် အကူအညီပေးနိုင်မှာမို့လားဟင်"

"ကြိုးစားပေးမှာပေါ့ ညီမရဲ့၊ ညီမမှာ ငွေက အရေးကြီးနေတ





မဟုတ်လား၊ ကဲ...လာ"

ခပ်တည်တည်ပါပဲ၊ ဖျံပဲဥစ္စာ ဇတ်ခနဲ ကောင်မလေးလက်ကို
ဆွဲကိုင်ပြီး ကားပေါ်က ဆင်းလိုက်တယ်၊ ကောင်မလေး ပါလာတယ်၊
ပိုင်ပြီ၊ သည့်နောက် လူအနည်းငယ်ရှင်းသည့် လမ်း(၄၀)ဘက်သို့
လျှောက်ပြီး လက်ဖက်ရည်ဆိုင်ထဲ ဝင်ထိုင်ပြီး မုန့်နဲ့ လက်ဖက်ရည်ကို
မှာလိုက်တယ်။

"စားလေ...ညီမလေး"

"ဟင့်အင်း"

"အဲဒီလို မလုပ်နဲ့လေ ညီမရယ်၊ အစ်ကိုက စေတနာနဲ့
ကျွေးတာပါ၊ ညီမကိစ္စကို အစ်ကို ဒီနေ့ ဖန်တီးပေးပါ့မယ်၊ ဒါနဲ့ ညီမ
ဘယ်မှာ နေလဲ၊ နာမည်ကရော"

"ခင်သန့်စင်တဲ့ အစ်ကို၊ နေတာက...မှာ"

"တကယ်"

"မယုံရင် အစ်ကိုညီမနဲ့ လိုက်ခဲ့လေ"

"တစ်ယောက်တည်း နေတာလား"

"အမေနဲ့ နေတာပါ အစ်ကိုရဲ့၊ အမေက ရွာကို ခဏပြန်နေ
တယ်၊ အစ်ကိုလိုက်ချင်လို့လား။ ကူညီမယ်ဆိုတာရော တကယ်ပဲလား။
ညီမ ပြန်တော့မယ်"

"စားပါဦး ညီမရယ်၊ ကဲ ကဲ အစ်ကိုလိုက်ခဲ့ပါ့မယ်၊ ဒီမုန့်နဲ့
လက်ဖက်ရည်လေးတော့ သောက်လိုက်နော်၊ သောက်မှ လိုက်မယ်နော်၊
မသောက်ရင် မလိုက်ဘူး"

"ကျေးဇူးပါပဲ အစ်ကိုရယ်၊ ညီမက စိတ်သောကနဲ့ မှုန်ထူနေ
လို့ပါ၊ ညီမပြောတာဆိုတာကို စိတ်မရှိပါနဲ့နော် အစ်ကို"

သူက ပုတ်သင်ညိုလို ခေါင်းညိတ်ရင်း စိုးရိမ်ဟန်နှင့် ငေး
သည့် ကောင်မလေးရဲ့ ခန္ဓာကိုယ်တစ်ခုလုံးကို အကဲခတ်လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ကောင်မလေးက အရမ်းလှတယ်၊ ဖွံ့ဖွံ့ထွားထွား ခန္ဓာကိုယ်က သူမအရွ နဲ့ယှဉ်ရင် မယုံချင်စရာပါပဲ။

ကောင်မလေးက သူ့အကြည့်ကို တစ်ချက်ခိုးကြည့်ပြီး မျှ သလိုလို မျက်စောင်းထိုးရင်း စားလက်စကို လက်စသိမ်းလိုက်တယ်။

"အစ်ကို . . . သွားစို့"

❀ ❀ ❀

(၂)

(. . .)ရပ်ကွက်ရဲ့ အစွန်းပိုင်းက သွပ်မိုး ပျဉ်ထောင်အိမ်ရှေ ကိုရောက်တော့ . .

"ဒါ ညီမတို့အိမ်ပဲ အစ်ကို"

အထဲမှာ လူတစ်ယောက်မျှမရှိ အနီးပတ်ဝန်းကျင် မျက်နှာချ ဆိုင်မှာတော့ ခပ်ကျဲကျဲအိမ်စုများရှိတယ်၊ ကလေးအချို့က လမ်းကျ ကျဉ်းပေါ်မှာ ပြေးလွှားဆော့ကစားလို့ လူရွယ်သုံးဦးကတော့ ခပ်ယိုင်ယို





မိလေး တစ်လုံးရဲ့ ကြမ်းပြင်မှာ ရေနွေးကြမ်းသောက်ရင်း ၁၇တို့ ဦးကိုကြည့်လို့ တွတ်ထိုးလျက်။

"အစ်ကို၊ ထိုင်ဦးနော်၊ ညီမ အဝတ်သွားလဲလိုက်ဦးမယ်၊ အထဲ ို ဝင်မလာနဲ့နော်"

ကောင်မလေးက ညို့မျက်လုံးလေးနဲ့ ယောင့်ကပ်ကြည့်ပြီး ခန်းထဲကို ဝင်သွားတယ်၊ စားနေကျ ကြောင်ပါးက အထဲကို င်မလာနဲ့နော် ဆိုသည့်စကားကို သဘောပေါက်သည်မို့ ၁မိနစ်ခန့် ကြာမှာ အပြင်လူရဲ့ အရိပ်အခြေကို လှမ်းကြည့်ပြီး ကောင်မလေးရှိရာ ခန်းထဲကို လှမ်း ဝင်လိုက်တယ်"

"အို . . . အစ်ကို . . . ဟို . . . ဟို"

သူမြင်လိုက်ရသည်ကား ကောင်မလေးရယ်၊ အဝတ်လဲနေချိန် သုံမခြုံအခြေအနေ ဖြစ်၏။ ကောင်မလေးက အလန့်တကြား ဖြစ်သွား ယ်။

"အစ်ကို . . . အစ်ကို . . . အို . . . ဟင် . . . အင်း"

"ညီမလေး . . . အစ်ကို . . . ညီမလေးကို မြင်မြင်ချင်း ချစ် ်သွားပြီ၊ ညီမလေးရယ်၊ အစ်ကို့ကို ခွင့်လွှတ်ပါကွာ နော် . . . နော် ီမ"

သူ၏ လှုပ်ရှားမှုတွေက အကျင့်သားရ သင်တန်းသားတစ်ဦးလို ်နေ၏။ ကောင်မလေးက ရုန်းကန်သည့်တိုင် သူ၏လှုပ်ရှားမှုများက တွေ့အကြုံနှင့် ပေါင်းစပ်လိုက်သောအခါ ရင်ခုန်မြန်မှုကို ဖြစ်စေခဲ့ တော့၏။

❀ ❀ ❀

www.burmeseclassic.com

www.burmeseclassic.com

(၃)

"ဩော်...မင်းတို့က ဒီလိုတောင် ဖြစ်နေမှကိုး.. ဟင်

မိုးခြိမ်းသံအလား ကြောက်စရာကောင်းသည့်အသံနှင့်အ

ခက်ထန်ကြမ်းကြုတ်ဟန်ပေါက်သည့် လူထွားကြီးတစ်ဦးသည် အခန်

ဒေါသမျက်လုံးများနှင့် ကြည့်၍ ပေါက်ကွဲလာသံကို ကြားလိုက်ရ

အဲဒီဖြစ်ရပ်ကြောင့် သူရော ကောင်မလေးပါ အလန့်တ

ဖြစ်သွားကြသည်။ သူတို့နှစ်ဦးသည် လက်ပူးလက်ကြပ် အမိခံလို

သည့် အဖြစ်ကြောင့် ဘာလုပ်၍ဘာကိုင်ရမှန်းမသိ၊ ထွက်ပြေးရ

လည်း လူကြီးက အဝမှာ ပိတ်ရပ်လျက်။

လူကြီးက အနားသို့တိုးလာပြီး သူ့လက်ကို လိန်ချိုးလိုက်

"ငါ...မင်းတို့နှစ်ယောက်ကို လာကတည်းက မသင်္ကာ

ချောင်းကြည့်နေတာကွ၊ ခွေးမ သစ္စာမရှိတဲ့ ခွေးမ၊ လင်ကြီးငုတ်

ရှိလျက်နဲ့ သစ္စာမဲ့တဲ့ ကောင်မ၊ နင့်ကိုလည်း ငါသတ်မယ်၊ မင်းကို





ရဲစခန်းကို ပို့မယ်"

ဒီအချိန်မှာပင် စောစောက တွေ့ခဲ့ရသည့် အိမ်ရှေ့အိမ်က

နေ့ ကြမ်းသောက်နေသည့် လူတွေလည်း အသံကြားလို့ အိမ်ပေါ်သို့

က်လာ ကြတယ်။ လူကြီးက အတိုချုံးရှင်းပြလိုက်တော့ သူတို့က

သူ့ကို ရိုက်မယ်၊ နှက်မယ် တကဲကဲ လုပ်ပြတယ်၊ သူ အရမ်းလန့်လာ

တယ်။

"မ...မလုပ်ပါနဲ့...အစ်ကိုကြီးတို့ရာ ကျွန်.. ကျွန်တော်

ို ဟို"

"ဟေ့ကောင်၊ မင်း ငါ့ကို ဘာမှ ဆင်ခြေမပေးနဲ့ လက်ပူး

က်ကြပ်မိနေတာကွ၊ ဒီမှာ သက်သေတွေပါရှိနေပြီ၊ လှမောင် ရပ်ကွက်

ကြီးတွေကို သွားခေါ်ကွာ၊ သူတို့ကို ရဲစခန်းအပ်ရမယ်"

"မ...မခေါ်...ပါနဲ့ အစ်ကိုရာ ကျွန်...ကျွန်တော် တို့

ာမှ မဖြစ်ကြပါဘူး၊ မယုံရင် သူ့...သူ့ကို မေး.. မေးကြည့်ပါဗျာ"

"ဟုတ်...ဟုတ်ပါတယ်၊ အစ်ကိုကောင်းကြိုင်ရယ်၊ ကျွန်မ

ို့ စကားပြောနေကြတာပါ"

"တော်...ခွေးမ၊ ပြီးမှ နင့်လင်ကို သင်ခန်းစားပေးမယ်

င် ငါ့အကြောင်း သိတယ်မို့လား"

"အစ်ကိုကြီးရာ လူကြီးတွေ ရဲစခန်းတွေ မတိုင်ပါနဲ့ဗျာ၊

စ်ကိုကြီးကျေနပ်အောင် ကျွန်တော်ဆောင်ရွက်ပေးပါ့မယ်ဗျာ၊ ဒီ..

ှာပါတာ ယူထားပါဗျာနော်...နော်"

ဒီအချိန်မှာ မြှဟန်ဆိုတဲ့ လူတစ်ယောက်က ဒေါသ ပေါက်ကွဲ

နေတဲ့ ကောင်မလေးရဲ့ ယောကျ်ားဆိုသူ လူကြီးကို။

"ကောင်းကြိုင်..ဒီကိစ္စက အရပ်ကြား လူကြားလို့မ ကောင်း

ူးကွ၊ ရှက်စရာ၊ သိက္ခာကျစရာ ဖြစ်ကုန်မယ်၊ ဒီမှာ ဟေ့လူ ခင်ဗျား

ူ့ကို ကျေနပ်အောင် လုပ်ပေးလိုက်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"မင်းငါ့ကို လျှော်ကြေးပေးရမယ်"

"ပေး . . . ပေးပါ့မယ်ဗျာ"

"အခု ငွေဘယ်လောက်ပါသလဲ"

"အခု . . . ငါး . . . ငါးရာကျပ် ပါ ပါတယ် ခင်ဗျာ"

"ဘာ . . . ငါးရာဟုတ်လား"

လူကြီးရဲ့ လက်သီးတစ်လုံးက သူ့ရဲ့မေးရိုးကို ကျွဲဖရော်သီ အရှိန်နဲ့ ဝင်လာပြီး မိတ်ဆက်လိုက်တယ်၊ မျက်လုံးထဲ ကြယ်စုံလုံးပြ လဲကျ သွားတယ်၊ ကောင်မလေးရဲ့ ရှိုက်သံနဲ့ အစ်ကိုကြီးဆိုတဲ့ တော ပန်သံကို သူကြားလိုက်ရတယ်။

"ဟေ့ကောင် ထစမ်း၊ မင်းလက်စွပ်ကို ချွတ်လိုက်စမ်း"

"ဗျာ"

"အောင်မာ ခံပြောနေသေးတယ် ဟုတ်လား။ သူများ မယ ဖောက်ပြန်တုံးကတော့ ဒီမျက်ခွက်မျိုးမဟုတ်ဘူး။ မြဟန် ကြာတာ ဥက္ကဋ္ဌကို သွားခေါ်ကွာ၊ တောက် . . . တယ်"

"မလုပ်ကြပါနဲ့ဗျာ၊ ကျွန် . . . ကျွန်တော် ပေးပေးပါ့မယ် ရော့ ရော့"

သူက တုန်တုန်ယင်ယင် ငိုငိုရယ်ရယ်လုပ်ရင်း လက်သန်းကြွ မှလက်စွပ်ကို ချွတ်ပေးလိုက်တယ်။

"ကဲ . . . မင်းပြန်နိုင်ပြီ၊ နောက်တစ်ကြိမ် ငါ့မိန်းမနဲ့ ဆ ဆက် သွယ်သွယ်လုပ်ရင် အရှက်တကွဲဖြစ်ပြီး ထောင်ကျရင်ကျ မဟုတ် သေရစေမယ်၊ သိလား။ သွား အခုထွက်သွား။ ခွေးမသားတော ငါ လုပ်လိုက်ရရင် . . . မင်း"

♛ ♛ ♛

(၄)

ထွန်းလင်းဝေ အလွန်ကြောက်စရာကောင်းသည့် မာယာထောင် ချောက်ကို ကျောခိုင်း၍အစွမ်းကုန် သုတ်ခြေတင်လိုက်တယ်၊ ကိုယ့်ဟာ ကိုယ်သာ ဖူးလို့ထင်နေတာ ဟိုမိန်းကလေးနဲ့ လူတစ်စုဟာ ပိုပြီး ဖူးကျတာ ကြည့်၍ သူသဘောပေါက်သွားလေပြီ။

ကောင်မလေးက သူ့ကိုအမှန်တော့ လုပ်ဇာတ်ခင်းပြီး ညို့ယူ ခေါ်သွားခဲ့တာရယ်၊ ဒီဇာတ်ကို အလွမ်းကောင်းတော့ သူက အမှန် ထကယ် မှတ်ပြီး ငွေငါးရာနဲ့အပိုင်ကြံမလို့ စီစဉ်ကြစည့်တာ၊ ခုတော့ ငါးမူးသား ကျော်ကျော်ရှိတဲ့ လက်စွပ်ကို ထောင်ချောက်တောမှာ ဒါန ပြုခဲ့လိုက်ရပြီ။ သို့သော် သူဖြေသည်။

ဒီမျှလောက်နှင့် ဆုံးရှုံးရတာ သူ လုံးဝ ဝမ်းမနည်းပါ၊ အခု လောက်ဆိုလျှင် ကုန်းပေါ်က ဖျံတစ်သိုက်လည်း အူနကြွခတ်ခံရ၍ ရက်ရည်ကျနေ ရော့မည်။

ဘာကြောင့်မှ

သူချွတ်ပေးခဲ့သည့် ငါးမူးသားကျော်ကျော်ရှိသည့် ရွှေလက်စွပ် အစစ်မဟုတ်ပါ၊ ခြောက်လခံ ရွှေရည်စိမ်အတုသာတည်း။

တကယ့်ဖြစ်ရပ်မှခင်း
၂၀၀၁ခုနှစ် – မတ်လ

www.burmeseclassic.com

www.burmeseclassic.com




# နီမြစ်သွားသည့် စွန်များ

ကိုညီ့ရဲ့စခန်း၌ တာဝန်မှူးကျနေစဉ် အမျိုးသမီးတစ်ဦးနှင့် အမျိုးသားနှစ်ဦး စားပွဲရှေ့သို့ရောက်လာသည်။

"ကျွန်တော် ဘာများအကူအညီ ပေးရမလဲ ခင်ဗျာ"

သို့ကလို မေးလိုက်တော့ ကိုယ်လုံးကိုယ်ထည်ဝဝ၊ အရပ်မြင့်မြင့် သားဖြူဖြူ သားရေအိတ်အနက် လွယ်ထားသည့်သူက...

"ကျွန်တော့်နာမည် ကိုဖုန်းလို့ခေါ်ပါတယ် တာဝန်မှူး ဒီလူက အရေးဆရာ ကိုစိမ်းညို့ပါ၊ ဒီကလေးမလေးနာမည်က အေးသီတာတဲ့"

"ဟုတ်ကဲ့...ထိုင်ပါခင်ဗျာ၊ ထိုင်ပြောကြပါ"

"ဖြစ်ပုံက ဒီကလေးမရယ်၊ မနေ့ည (၈)နာရီခန့်က အလုပ်က အပြန်ပေါ့ဆရာ၊ ဆူးလေလမ်းမအကူးမှာ ပန်းကိုနောက်ကနေ အပုတ်ခံ လိုက်ရပြီး...တိုတိုပြောရရင် ပါသမျှလက်ဝတ် လက်စားအကုန် ဖြုတ်ယူခံ လိုက်ရပါတယ်ခင်ဗျာ၊ အဲဒါ...လာအမှုဖွင့်တာပါ"

စိတ်ကူးသစ်တာဆ

www.burmeseclassic.com

www.burmeseclassic.com



ကိုညိုက ပစ္စည်းအဖြုတ်ခံသည်ဆိုသည့် ကလေးမကို အ... ခတ်လိုက်သည်။ အသားညိုညို၊ အရပ်ပုပု၊ အသက် (၂၅)နှစ်... ပုံစံက မှိုင်းတိုင်းတိုင်း၊ မှုန်ကုတ်ကုတ်နှင့် ရိုးသားသလိုလို။

"ဘယ်နားမှာ ဘယ်လိုဖြစ်တာလဲ ညီမ"

သူမက အတန်ကြာစဉ်းစားပြီးမှ အာလေးလျှာလေးနှင့်-

"ဟို...ဆူးလေဘုရားနားက လမ်းမကြီးအကူးမှာပါ၊ နော... ကနေ ပခုံးကို အပုတ်ခံလိုက်ရတယ်၊ နောက်တော့ ကောင်းကောင်းသ... မရတော့ပါဘူး။ ရှေ့ကသွား...ရှေ့ကသွားလို့ မိန်းမအသံလိုလို၊ ယောကျ်... အသံလိုလို ကြားရတယ်"

"နောက် ဘယ်ကိုခေါ်သွားလဲ"

"ကောင်းကောင်း မမှတ်မိတော့ဘူး"

"လှည့်ကြည့်မိလား"

"ဟင့်အင်း"

"ယောကျ်ားလား၊ မိန်းမလား"

"ဒါလည်း ကျွန်မ မသိဘူး"

"ဘယ်နှစ်ယောက်လဲ"

"မသိဘူး"

"ပစ္စည်းတွေရော ဘယ်နားမှာဖြုတ်ယူသလဲ"

"အဲဒါလဲ မမှတ်မိတော့ဘူး"

"ဘာပစ္စည်းတွေ ပါသွားသလဲ"

"လက်ကောက်က (၃)ကွင်း၊ ငါးမူးသား ဆွဲကြိုးတစ်ကုံး... ကျောက်စီ လက်စွပ်နှစ်ကွင်း ပါသွားပါတယ်"

"ညည်းက ဖြုတ်ပေးလိုက်တာလား၊ သူတို့က ဖြုတ်... လိုက်တာလား"

"အဲဒါလဲ ကျွန်မ မမှတ်မိပါဘူးရှင်"





"ဒုက္ခပဲ . . .နောက်ဆုံး ဘယ်လိုလုပ် သတိရလာသလဲ၊ ပြောပါဦး"

"ပန်းဆိုးတန်းလမ်းမှာ ဈေးရောင်းနေတဲ့ ခဲအိုဝမ်းကွဲက လာပုတ်ပြီး လာမေးတော့မှ ကျွန်မ ပြန်သတိရတယ်၊ ဒါပေမယ့် စကားသိပ်မပြော နိုင်ဘူး။ ခေါင်းထဲမှာ မူးသလိုလို၊ အိပ်ချင်သလိုလို ဖြစ်နေတယ်"

"ညည်း အလုပ်က ထွက်လာတော့ တစ်စုံတစ်ယောက်က အရည် တစ်ခုခု တိုက်သေးသလား"

"ဟင့်အင်း...ဘယ်သူမှ မတိုက်ဘူး။ ကျွန်မလဲ ဝယ်မသောက် ဘူး"

လူလည်း မမှတ်မိ၊ ဘယ်နှစ်ယောက်လည်း မသိ၊ ကိုယ်က ဖြုတ်ပေးသလား၊ သူက ဖြုတ်ယူသလားဆိုတာလည်း မသိတော့ အမှု ဖွင့်ရာတွင် အကြောင်းခြင်းရာ အပြည့်အစုံ (သဲလွန်စရနိုင်သည့် တရားလို၏ စွပ်စွဲချက်) ရေးသွင်းဖို့ အားနည်းနေသည်။

"ညတွင်းချင်း ဘာလို့ လာမတိုင်တာလဲဗျာ"

ထိုအမေးကြောင့် ကိုဖုန်းဆိုသူက ကြားဝင်၍ ရှင်းပြခဲ့၏။

"ကလေးမက အဖေအိုကြီးနဲ့ နေတာပါခင်ဗျာ၊ ကျွန်တော်တို့ ကြားသိသိချင်း ဝိုင်းမေးကြတယ်၊ အိပ်ချင်တယ်ဆိုပြီး မေးလို့မရပဲ အိပ်ပျော်သွားခဲ့လို့ပါ"

"အင်း . . .အရည်တစ်ခုခုထဲ ဆေးထည့်တိုက်ပြီးမှ ပစ္စည်း ဖြုတ်တာတော့ အရေးယူဖူးတယ်ဗျာ၊ အခုလိုဖြစ်ရပ်မျိုးတော့ မကြုံခဲ့ ဖူးသေးဘူး။ အေးလေ . . .ကျွန်တော်တို့ ကိုယ်စွမ်း၊ ဉာဏ်စွမ်းရှိသမျှ စုံစမ်းဖော်ထုတ်ပါ့မယ်၊ လိုအပ်ရင်ခေါ်လိုက်မယ်နော်၊ အိမ်လိပ်စာတော့ ပေးခဲ့"

သို့နှင့် သူတို့အသီးသီးရဲ့ လိပ်စာ၊ ခဲအိုဝမ်းကွဲဆိုသူ၏ လိပ်စာ



www.burmeseclassic.com

www.burmeseclassic.com



များကို ရေးမှတ်ပြီး သူတို့ပြန်သွားတော့ စခန်းမှူးထံ အခြေအနေ အရပ်ရပ်ကို အစီရင်ခံလိုက်သည်။ ဖြစ်စဉ်ကို သိလိုက်ရသဖြင့် စခန်းမှူး လည်း ခေါင်းနည်းနည်း ရှုပ်သွားသည်။ လိမ်နည်း၊ ဖြုတ်နည်းတွေက တစ်နေ့နှင့်တစ်နေ့ မတူတော့။

ပရိယာယ်တွေများလာ၏။ နည်းတွေက စုံလာပြီ။ အဓိက ကတော့ အမျိုးသမီးများပဲ ဖြစ်သည်။ ကြွားဝါချင်ကြသည်။ ရှိရှိသမျှ ရွှေ ငွေ လက်ဝတ် လက်စားများကို ဝတ်ဆင်ကြသည်။ သူတို့ပြုသည်က အနိုင်ရသည်မဟုတ်။

သည့်နောက်မှာ လူလိမ်၊ လူမသမာတွေက အကဲခတ် စောင့်ကြည့်နေသည်ကို သူမတို့ မသိ။ သင်းကွဲလာသောအခါ အကြံ သမား၊ အချောင်သမားက လိမ်နည်းချူဟာမျိုးစုံဖြင့် ပညာပြ လိုက်ကြသည်။ အခု အမှုဖြစ် စဉ်ကိုကြည့်လျှင် သဲလွန်စကို အရှာ ခက်နေသည်။ မေးစရာဆို၍ ခဲအိုဝမ်းကွဲ ဆိုသူပဲ ရှိသည်။ ယင်းအမှုအား ဒုရဲအုပ်သက်ဦးတို့ တာဝန်ပေးအပ်ရန် စခန်းမှူး ရဲအုပ်မင်းနောင်က စဉ်းစားလိုက်လေသည်။

ရန်ကုန်သည် နေ့ဘက်မှာ စည်ကားပြီး ညဘက်မှာ ပျော်စရာ ကောင်းသည်။ အထူးသဖြင့် ဆူးလေလမ်းမကြီးတစ်လျှောက် ရုပ်ရှင်ရုံ များနှင့် စတိုးဆိုင်များရှိသည်။ အသွားအလာ အလွန်စည်ကားလှသည်။ အချို့သော စုံတွဲများမှာ ဆူးလေလမ်းမ ဝဲယာရှိ ရေတမာ အုတ်ခုံများ ပေါ်မှာထိုင်၍ ခပ်ရဲရဲပင် တွတ်ထိုးနေတတ်ကြသည်။

တစ်ခုသော ရေတမာအုတ်ခုံပေါ်၌ အသက်(၂၅)နှစ်ခန့်ရှိ အမျိုး သမီးတစ်ဦးသည် တစ်စုံတစ်ဦးအလာကို မျှော်နေသည်။ အသားဖြူဖြူ မျက်နှာသွယ်သွယ်နှင့် သဏ္ဌာန်က ရိုးရိုးယဉ်ယဉ်လေး။ ကြည့်ရတာ ရည်းစားနဲ့ ချိန်းထားလေရော့သလားမသိ။ ဘယ်လက်မှ နာရီကို ပြန်ပြန်ကြည့်သည်။ ပြန်ကြည့်ချိန်မှာ လေးငါးကြိမ်ခန့်ရှိနေပြီ။ ကိုယ်ပေါ်





မှာလည်း လက်ဝတ် လက်စားများအပြည့်၊ စလင်းဘက် အညို ရောင်ကလည်း ဖောင်းလို့။

အချို့သော ယောက်ျားများက ဒီသမင်မကို မျက်လုံးဝင့်၍ အကဲခတ်နေကြသည်။ အချိန်က ည(၇)နာရီခွဲခန့်၊ သူမပုံစံက ချိန်းထား သူ မလာ၍ စိတ်ညစ်နေသည့်ပုံ။

သည့်မှာပင် အမျိုးသားနှစ်ဦးက သူမရဲ့နံဘေးဝဲယာကို ညှပ်၍ မသိမသာ လာထိုင်လိုက်ကြသည်။ သူကလန့်ပြီး မျက်လုံးဝေ့၍ အကဲခတ် လိုက်သည်။ အမျိုးသားတစ်ဦးက ပြုံးပြလိုက်သောအခါ သူမနှင့် မသိသူမို့ အမျိုးသမီးမှာ ကြက်သီးများ ထသွားခဲ့သည်။ ဒီတင်

"ညီမလေး...ဘာစောင့်နေတာလဲ"

"ဟို...ဟို...ဟိုဒင်း"

"မစောင့်ပါနဲ့ ညီမရာ၊ ဒီအချိန်မှဆို လာတော့မှာ မဟုတ်ပါ ဘူး"

"အို...ရှင်...ရှင်တို့ ဘာ...ဘာ.. စကားပြော...ပြော"

စကားမဆုံးခင် သူတို့နှစ်ဦးက သူမနံဘေးသို့ ချဉ်းကပ်၍ တိုးလာကြသည်။ လမ်းပေါ်၌ လူသွားလူလာ စည်ကားနေသော်လည်း သူမ ကြောက်လွန်း၍ အော်လည်း မအော်ရဲ၊ သို့ကလို ရှိနေစဉ် ကံကောင်း ချင်တော့ အသက်(၃၀)ကျော်ခန့်ရှိ ခေတ်မီမီ ဝတ်စားထားသည့် အမျိုး သမီး ခပ်ချောချောတစ်ဦး သူမတို့ရှိရာသို့ လျှောက်လာကာ

"ဟော...ညီမ၊ စောင့်နေတာကြာပြီလား။ လာ...လာ ကိုယ်လဲစခန်းမှူးနဲ့ စကားပြောနေလို့ နောက်ကျသွားတယ် ညီမရေ"

ထိုအမျိုးသမီးက သို့ကလိုပြောရင်း သူမလက်ကို လှမ်းကိုင် လိုက်သောအခါ ငနဲသားနှစ်ယောက် သုတ်ခနဲ ထပြေးကြတော့သည်။

"ဟို...ဟို...အစ်မ...က"

"မကြောက်ပါနဲ့ ညီမရယ်၊ ကိုယ့်ညီမကို အကဲခတ်နေတာကြာ



www.burmeseclassic.com

www.burmeseclassic.com



ပါပြီ၊ ဒီကောင်တွေက အချောင်သမားတွေလေ၊ ညီမ ဒီလိုနေရာမျိုးမှာ ခုလိုအချိန် တစ်ယောက်တည်း ထိုင်ဖို့မသင့်ဘူး၊ ကြည့် ညီမတို့ရဲ့ အခြေအနေ မဟာန်မှန်းသိလို့ ခပ်တည်တည်နဲ့ အစ်မ ဝင်ကူညီလိုက်တာ''

''အို...ကျေးဇူးတင်လိုက်တာ မမရယ်၊ သိပ်ကျေးဇူးတင်တာပါပဲ''

''ရပါတယ် ညီမရယ်၊ မိန်းမသားချင်း အခက်အခဲရှိရင် ကူညီရမှာပဲ၊ အစ်မ နာမည်မှတ်ထား ကြည်ပြာနိုင်တဲ့၊ ဒါနဲ့ ညီမ ဒီမှာ တစ်ယောက်တည်း ဘာလုပ်နေတာလဲ''

''ဟို...ဟို...၊ ကျွန်မရဲ့...ဟိုလေ... အမျိုးသားကို ချိန်းထားလို့ စောင့်..စောင့်နေတာ''

''ကဲ...အမိ၊ ဒီလိုနေရာမျိုးမှာ မိန်းကလေးတစ်ယောက်တည်း ထိုင်စောင့်ရင် အချို့က မကောင်းတဲ့မိန်းမလို့ အထင်သေးမယ် ကဲလာ ဟို လက်ဖက်ရည်ဆိုင်မှာ မမနဲ့ လက်ဖက်ရည်သောက်ရင်း စောင့်၊ ညီမလေး ရဲ့ အမျိုးသားလာမှ ထသွား။ လာ...ဒါနဲ့ညီမလေး နာမည်က''

''ဝေဝေလှိုင်ပါ မမ''

''လာ...ဝေဝေလှိုင်''

ဒီလိုနှင့် တစ်ဘက်လမ်းပေါ်ရှိ (---)လက်ဖက်ရည်ဆိုင်မှာ သူမ တို့နှစ်ဦး ကြည်နူးဝမ်းသာစွာ ထိုင်ဖြစ်ကြလေသည်။

♛ ♛ ♛

မကြည်ပြာနိုင်က စားပွဲထိုးကောင်လေးကို လက်ဖက်ရည်နှစ်ခွက်မှာလိုက်သည်။ ပြီးတော့ ဝေဝေလှိုင့်ဘဝကို စပ်စုသည်။

''မမက ဘာလုပ်ငန်းလုပ်သလဲ''

''မမက (---) ကုမ္ပဏီက ဒုမန်နေဂျာလေ''

သို့ကလိုပြောရင်း မကြည်ပြာနိုင်က စလင်းဘက်အိတ်ထဲမှ ဗူးကလေးနှစ်ထုပ်ကို ထုတ်၍ တစ်ထုပ်ကိုဖြေကာ ဆေးမှုန့်အချို့ကို လျှာပေါ်တင်ပြီး လက်ဖက်ရည်နှင့် မျှောချလိုက်၏။

''ဘာဆေးလဲဟင်...

''မမက ကုမ္ပဏီမှာ အလုပ်သိပ်များတယ် ညီမရယ်၊ ကြာတော့ ဇက်ကြောတက်၊ ဇက်ကြောထိုးတဲ့ ဝေဒနာဖြစ်လာတယ်၊ အထိုင်များရင် မူးဖြစ်တယ်၊ အဲဒီလို ဖြစ်လာရင် ဒီဆေးမှုန့်ကို အရေးပေါ်သောက်ရတယ်၊ ဟိုတစ်ထုပ်က လည်ပင်းကျီးပေါင်းအတွက် သောက်ဆေး''

သို့နှင့် စကားပြောကြသည်မှာ (၁၅)မိနစ်ခန့် ကြာသွားသည်။

---

စိတ်ကူးသစ်တယေ

www.burmeseclassic.com

www.burmeseclassic.com



ဝေဝေလှိုင်ကလည်း သူမ၏ချစ်သူလာမည့် နေရာသို့ မကြာခဏ လှမ်းလှမ်း ကြည့်ရသေးသည်။ သို့ကြည့်ရင်း အရေးထဲ အပေါ့သွား လိုစိတ်က ဖြစ်ပေါ်လာသည်။

"အစ်မရေ...ညီမဆီးအောင့်လို့ အိမ်သာတက်ချင်တယ်"

"ဟော့...စားပွဲထိုး မောင်လေး၊ ငါ့ညီမကို သန့်စင်ခန်း လိုက်ပြလိုက်ပါဟော့"

စားပွဲထိုးကောင်လေးက အိမ်သာရှိရာသို့ လမ်းညွှန်လိုက်သည်။ မကြည်ပြာနိုင်က စီးကရက်တစ်လိပ်ခဲရင်း လက်ဖက်ရည်ကို အရသာခံ သောက်နေသည်။

သည့်တွင် ဝေဝေလှိုင်က အိမ်သာတက်မလိုဟန်ပြင်ရင်း မတက်ပဲ အကွယ်လေးတစ်ခုမှ မကြည်ပြာနိုင်ရဲ့ အခြေအနေကို အသာ ချောင်း၍ အကဲခတ် စောင့်ကြည့်နေလိုက်၏။ ချက်ချင်းဆိုသလိုပင် မကြည်ပြာနိုင် သည် စက္ကူထုပ်တစ်ထုပ်ကို ကဗျာကယာ ကျွမ်းကျင်စွာ ဖြေလိုက်ပြီး အမှုန့်အချို့အား ဝေဝေလှိုင်သောက်မည့် လက်ဖက်ရည် အချိုခွက်ထဲသို့ သွန်ချလိုက်သည်။ ဒါကို ဝေဝေလှိုင် မြင်လိုက်ရသော အခါ အလွန်အံ့ဩသွား၏။ သို့သော် ဣန္ဒြေမပျက်ဘဲ အသာပြန်လာပြီး ထိုင်လိုက်သည်။

"ကိုင်း...ညီမလေး၊ လက်ဖက်ရည်တွေ အေးကုန်မယ် သောက်လိုက်"

"ဟုတ်ကဲ့...မမ"

ပြောရင်း ဝေဝေလှိုင်က ဆေးခတ်ခံထားရသည့် လက်ဖက်ရည် ခွက်ကို ဇွန်းနှင့် ခပ်တည်တည်ပဲ မွှေနေလိုက်သည်။

"သောက်...သောက်၊ ညီမလေး၊ တော်ကြာ မင်းမောင် တော်ရောက်လာလို့"

"အဟင့်...ဟင့်၊ ရပါတယ် မမရယ်၊ ရောက်လာတော့





ကိုယ့် ကျေးဇူးရှင် မမနဲ့ မိတ်ဆက်ပေးရမှာပေါ့လို့၊ မဟုတ်ဘူးလား"

"ဪ...ညီမလေး၊ မမ ဖုန်းသွားဆက်လိုက်ဦးမယ်"

"ဆက်...ဆက် မမ၊ ညီမသောက်ရင်း စောင့်လိုက်မယ်"

မကြည်ပြာနိုင် ဖုန်းရှိရာသို့ ခြေလှမ်းနေခိုက် ဝေဝေလှိုင်က ဆေးမှုန့်ခပ်ထားသည့် လက်ဖက်ရည်အချို့ကို ကြည်ပြာနိုင်၏ လက်ဖက် ရည်ခွက်ထဲသို့ သွန်ထည့်လိုက်သည်။ ပြီးတော့ ခပ်တည်တည် ပြန်နေ လိုက်သည်။ အချို့ကို သွန်ပစ်လိုက်သည်။

"အလုပ်ကလဲ အချိန်နဲ့အမျှ လှမ်းသတိပေးမှ ညီမရေ၊ ကိုယ့် တာဝန်က ဘယ်သွားသွား နောက်ဆံမအေးရဘူးကွယ့်၊ ညီမ သောက်ပြီး ပြီလား"

"ပြီးပြီမမ၊ ဒီဆိုင်က လက်ဖက်ရည်က ကောင်းတယ်နော်"

"ဒါ...မမတို့ဖောက်သည်ဆိုင်လေ၊ တော်ကြာ မမတို့ရုံး က လူတွေ ဒီမှာ လာသောက်ကြလိမ့်မယ်"

"ဪ...ဒီကိုလာကြမယ်လား"

"ဟုတ်ပဲ့ရှင်၊ ဒီကညီမချောချောနဲ့ မိတ်ဆက်ပေးရအုံးမယ်၊ ဘော့စ်လည်းလာမှာကွယ့်"

သည်လိုပြောနေစဉ်မှာပင် ဝေဝေလှိုင်က နဖူးကို လက်နှင့် ဖိလိုက်သည်။

"ဘာဖြစ်လို့လဲ ညီမလေး"

"ခေါင်းထဲမှာ မူးသလိုပဲ အစ်မရယ်"

ကြည်ပြာနိုင်က အဓိပ္ပာယ်ကြီးစွာ ပြုံးလိုက်သည်။ သည်အပြုံး ကို ဝေဝေလှိုင် မမြင်လိုက်။

"ရှူဆေး ရှူမလား...ရော့...ရော့"

ကြည်ပြာနိုင်က ရှူဆေးဘူးကို သူမရဲ့နှာဝမှာ တေ့ပေးရန် ပြင်လိုက်သည်။ ဝေဝေလှိုင်က လျှင်မြန်စွာ လက်နှင့်ကာ၍ ရှူဆေး



www.burmeseclassic.com

www.burmeseclassic.com



ဗူးကိုယူပြီး စလင်း ဘက်အိတ်ထဲသို့ထည့်ကာ

"လိုမှသုံးမယ် မမရယ်၊ အိပ်ချင်လိုက်တာရှင်"

သည်တွင် အကြံသမားကြည်ပြာနိုင်က ထောင့်ကျကျစားပွဲမှ လူနှစ်ဦးကို မျက်ရိပ်ပြလိုက်သည်။ လူဝဝတစ်ဦးနှင့် ပိန်ပိန်တစ်ဦးတို့ ထိုင်ရာမှ ထလာပြီး

"ဘာဖြစ်လို့ပါလဲခင်ဗျာ၊ ဘာအကူအညီပေးရမလဲ ခင်ဗျာ"

"မမရဲ့ ညီမလေးခေါင်းမူးလို့ပါကွယ်၊ ကားထဲလိုက်ပို့ပေးကြပါ လားဟင်"

"ဟာ...ရတာယ်အစ်မ၊ ရတယ် ကဲ...ကဲ၊ လာလာ ညီမ၊ ထ ထ"

လူဝက တစ်ဖက်၊ ကြည်ပြာနိုင်က တစ်ဖက်၊ ပခုံးကိုညှပ်၍ သူမကို ပိုင်းထူလိုက်စဉ်

"ဖျောက်"

"ဟာ"

"ဟင်...ဒါ...ဒါ ဘာလုပ်တာလဲ"

"လက်ထိပ်ခတ်လိုက်တာလေ မကြည်ပြာနိုင်"

"ဟင်...မင်း၊ ငါ့ကို ကျေးဇူးရှင်ကို နင်...နင်၊ ဘာလဲ အိုး မူးလိုက်တာ၊ ဘုရား ဘုရား၊ သောင်းကြိုင်၊ လှဝေ၊ ငါ့ကိုကူကြစမ်း"

ဝေဝေလှိုင်က စလင်းဘက်အိတ်ထဲက စတီးလ်လက်ထိပ်ကို ကျင်လည်စွာ ထုတ်ရင်း မကြည်ပြာနိုင်၏ လက်ကောက်ဝတ်ကို ခတ်လိုက်သဖြင့် သောင်းကြိုင်နှင့် လှဝေဆိုသည့် လူနှစ်ဦးက ဝေဝေလှိုင်ကို ဝင်လုံးရန် ရုတ်ချည်းဟန်ပြင်လိုက်သည်။

"ဟော့ကောင်၊ ပဋ္ဌလက်လှဝေ၊ ငြိမ်ငြိမ်နေနော်"

ဒေါသထွက်နေသည့် လှဝေ ချက်ချင်း ငြိမ်ကျသွားခဲ့သည်။ မငြိမ်ရရိုးလားလေ။ ဝေဝေလှိုင်လက်ထဲမှာ ပွိုင့်သာတီတူး သေနတ်က





လှဝေရင်ဝ ကို တေ့ထောက်ပြီးသားဖြစ်သကဲ့သို့။

"အရပ်ဝတ် ဝတ်ထားသည့် ရဲတပ်ဖွဲ့ဝင်များနှင့် နယ်ထိန်း တပ်ဖွဲ့ ဝင်များကလည်း ရုတ်ချည်းဝင်လာကာ သူတို့နှစ်ဦးစလုံးကို လက်ထိပ်ခတ် လိုက်ကြသည်။ ကြည်ပြာနိုင်မှ သူခတ်သည့် ဆေးကို သုံးပြန်သောက်မိခဲ့၍ အူကြောင်ကြောင်၊ ဝေါင်းစင်းစင်းဖြစ်နေခဲ့လေပြီ။

♛ ♛ ♛

ဝေဝေလှိုင်က (---) စခန်းသို့ ရောက်သောအခါ စခန်းမှူးကို အလေးပြုလိုက်သည်။

"အားလုံးကွက်တိပဲ မဟုတ်လား ဝေဝေလှိုင်"

"ဟုတ်ကဲ့ စခန်းမှူး၊ သုံးပင်လိမ် မြွေရောပ၊ ပဋ္ဌလက် လှဝေနဲ့ (ခါး)အောင်ကြိုင်ပါ တစ်ခါတည်း မိလိုက်တယ်၊ သုံးပင်လိမ် မြွေကတော့ သူခတ်တဲ့ဆေး သူပြန်သောက်မိပြီး ကြောင်နေလို့ ဆေးရုံကို ပို့လိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



"အေး ဒီကောင်တွေကို မိဖို့ဆိုတာက ညည်းကို ငါးစာအဖြ
မှုားမှရမှာလို့ ငါစဉ်းစားမိပြီး စီစဉ်လိုက်တာပဲ၊ ညည်းလဲ သရုပ်ဆော
တော်တယ်၊ ကွက်တိပဲ၊ ကဲ…တို့ ဒီကောင်တွေကို စစ်ဆေးရအုံးမယ်

နောက်ခုံး သူတို့သုံးဦးကို လူစုခွဲ၍ စစ်ဆေးလိုက်သောအ
သုံးပင်လိမ် မြွေ(ခ)ကြည်ပြာခိုင်က ပစ္စည်းရှိသည့် မိန်းမငယ်လေးများ
လိမ်လည်မြှူဆွယ်၍ လက်ဖက်ရည်ဆိုင်မှာ ဆေးခတ်သည့် တာဝန်
ယူရသည်တဲ့။

ဒီအဖွဲ့ခေါင်းဆောင်က ပဥ္စလက် လှဝေ၊ လှဝေကား နာမည်
ကျော် လူလိမ်၊ လူကောက်၊ (ခါး) ခေါင်းဆောင်ဖြစ်သည်။

(ခါး)အောင်ကြိုင်ကား ကြံလျှင်ကြံသလို ခွဲနှိုက်ဖြတ်သု
လုပ်သည့် ဒုစရိုက်သမား။

သက်သေခံ ပစ္စည်းအဖြစ် (---) မိန်းမောစေသည့် ခတ်ဆေ
မှုန့်ထုပ်ကိုပါ သက်သေခံအဖြစ် ရရှိခဲ့သည်။ ပါးပေါ်အမာရွတ်ပါသည့်
ဒလန် သမားနှစ်ဦးကိုလည်း မိလိုက်သည်။

ဆက်လက်၍ စုံစမ်းစစ်ဆေးလိုက်သောအခါ (---)နေ့ဇ
ဆူးလေလမ်းမနားမှာ အေးသီတာဆိုသည့် အလုပ်ပြန်လာသော မိ
ကလေးကို တို့ဆေးနှင့်ကြံ၍ ပစ္စည်းဖြတ်သည်မှာလည်း သူတို့ဇ
သိရသည်။

ဘာတို့ဆေးလဲဟု မေးတော့ တို့ဆေးမဟုတ်ပါ၊ မူးမေ့စေသော
အငွေ့မျိုးဖြင့်မှုတ်ခြင်း ဖြစ်သည်ဟု ဝန်ခံခဲ့သည်။ ပစ္စည်းများကို
လိုက်လံ ပြခဲ့သည့်အတွက် အဓိကသက်သေခံ ပစ္စည်းများအဖြ
ပိုင်ပိုင်နိုင်နိုင် ရရှိခဲ့သည်။

သည့်နောက် အမှုကိုခိုင်မာစွာ တည်ဆောက်ပြီး သက်ဆိုင်ရာ
တရားရုံးသို့ တရားစွဲဆိုတင်ပို့လိုက်သည်။

မိန်းမလည်း သုံးပင်လိမ်မြွေမှာ ပြန်လည် သတိရလာ

---

**စိတ်ကူးသစ်စာပေ**



သည့်အချိန်ကျမှ ငှင်းအနေဖြင့် အချည်ဟု ထင်ခဲ့သည့် ဝေဝေလှိုင်ဆိုသော
ကောင်မလေး မှာ (---)ရဲစခန်းမှ အမျိုးသမီး ဒုရဲအုပ်မှန်း သိလိုက်ရ
သောအခါ မျက်ရည်ပေါက်ကြီးငယ်ကျနေသည့် မျက်လုံးများနှင့်
ဝေဝေလှိုင်ကို အသနားခံသလို ကြည့်နေခဲ့သည်။

ဝေဝေလှိုင်က လက်ဖက်ရည် သောက်ဦးမလားဆိုသည့် ဟန်ကို
လုပ်ပြလိုက်သောအခါ မျက်ရည်ကြားမှ အံကြိတ်ပြီး တစ်ဘက်သို့ မျက်နှာ
လွှဲပစ်လိုက်လေသတည်း။

တကယ့်ဖြစ်ရပ်မှုခင်း
၂၀၀၃ခုနှစ်–ဖေဖော်ဝါရီလ

(တကယ့်ဖြစ်ရပ်တစ်ခုကို ဆီလျော်စေရန် ဇာတ်လမ်းဖွဲ့၍ အများ
ပြည်သူလူထု သတိပြုမိစေရန် တင်ပြရခြင်းဖြစ်ပါသည်။)

www.burmeseclassic.com

www.burmeseclassic.com




## မုဒိမ်းမှုများနှင့်ကြိုတင်ကာကွယ်ရေး အမြင်ရှုထောင့်များ

(၁)

မုဒိမ်းမှု၊ အဓမ္မကျင့်ရန် ကြိုးစားအားထုတ်မှုနှင့် အိမ်ကျော်နင်းမှုတွေအကြောင်း မှုခင်းမဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်အချို့မှာ မကြာခဏတော်ခဲ့ရပါတယ်။

ဘာကြောင့် ဒီလိုရာဇဝတ်ပြစ်မှုတွေ ဖြစ်ပွားကြရသလဲဆိုတဲ့ အကြောင်းခြင်းရာများကို စူးစမ်းကြည့်လိုက်တော့ အမှုဖြစ်စဉ်သတင်းဖြစ်ရပ် ထဲမှာကိုပဲ ဖြစ်ရသည့်အကြောင်းခြင်းရာ အားနည်းချက်တွေကို သွားတွေ့နေ ရပါတယ်။ ဒီအားနည်းချက် အကြောင်းအရာများကို ထောက်ပြပြီး ကြိုတင် သတိပြုကာကွယ်၊ ပြင်ဆင်နိုင်ကြဖို့ တင်ပြလိုက်ပါတယ်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၂)

ပထမဦးဆုံး နမူနာအဖြစ် အသွင်သဏ္ဍာန်မတူသော မုဒိမ်း ... ဖြစ်စဉ်များအကြောင်း တစ်ခုချင်းပြောရမယ်ဆိုရင် (၆–၅–၉၈)နေ့ ... မှုခင်းသတင်းဂျာနယ်ပါ မုဒိမ်းမှုအကြောင်းကနေ စပြောပါမယ်။ မှုခ... ခေါင်းစီးက အမွှသမား ထောင်(၇)နှစ်တဲ့။ ဖြစ်စဉ်အကျဉ်းက ဒီလို...

ကလေးသုံးယောက်အဖေ မိန်းမနဲ့ကွဲနေတဲ့ တင်စိုးဟာ အိမ်... ထွက်လာပြီး လမ်းထိပ်ရောက်တော့၊ ကစ်ရပ်ကွက်တည်းနေတဲ့ မ... ကို တွေ့တယ်။

"ဟဲ့...ဘယ်သွားမလို့လဲ"

"တောထဲ ထင်းခုတ်သွားမလို့ပါ"

"ဟင်...နင့်တစ်ယောက်တည်းလား။ ဘယ်သူမှ အဖေ... မပါဘူးလား"

"ဟင့်အင်း...မပါဘူး"

တင်စိုးရဲ့ရင်ထဲက မကောင်းတဲ့စိတ်တွေဟာ ဖျတ်ခနဲ လှုပ်နှိုး... လိုက်ရတယ်။

"နင့်နှယ်ဟာ တောထဲသွားတာ အဖော်မပါဘဲသွားရသလား... ဟာ၊ နင်...မိန်းကလေးနော်၊ မသမာတဲ့လူနဲ့တွေ့ရင် ဘယ့်နှယ်လု...





...လဲ၊ တော်သေးတာပေါ့ဟာ ငါလဲ အခု တောထဲသွားမလို့ ထွက်လာ ...တာနဲ့ ကြုံလို့ပေါ့၊ ကဲ...ကဲ...လာသွားကြမယ်"

တင်စိုးက အစ်ကိုကြီးလေသံနဲ့ပြောရင်း မိန်းကလေးကို စိတ်ဝင် ...စားဟန်မပြဘဲ ရှေ့မှခပ်တည်တည်နဲ့ ထွက်သွားတယ်။ သည်တော့လည်း ...မိန်းကလေးဟာ တစ်ရပ်ကွက်တည်းသားလဲဖြစ်၊ ရင်းနှီးပြီးသား လူလဲဖြစ် ...တဲ့ တင်စိုးရဲ့နောက်ကို ယုံယုံကြည်ကြည်။ အားကိုးတကြီးနဲ့ လိုက်သွားမိ ...ခဲ့တာပေါ့။

အကြံသမား တင်စိုးဟာ တောထဲလည်းရောက်ရော သူ့အကြံ ကို အကောင်အထည်ဖော်ဖို့ လုပ်ငန်းစတော့တာပေါ့။

"မောတယ် ဟူး၊ ခဏလောက်နားရအောင်"

"အင်း...နားလေ"

လွန်စွာအရိပ်ကောင်းတဲ့ ကညင်ပင်ကြီးအောက်မှာ နှစ်ယောက် သား နီးကပ်စွာထိုင်လိုက်ရင်း အမောဖြေတယ်၊ ဒီမှာတင်ပဲ မင်းသား ခေါင်းဆောင်းထားတဲ့ တင်စိုးဟာ ဘီလူးဆိုင်းတီးပြီး ဇာတ်ပြတော့ တာပေါ့။

"နင့်ကို ငါချစ်နေတာ ကြာပြီဟ"

"ရှင်"

"နင့်ကို ငါချစ်တယ်လို့ ပြောတာပါဟ"

"အို...ကိုတင်စိုးကလည်း ရှင်က ကလေးသုံးယောက်အဖေ တစ်ခုလပ် အိမ်ထောင်ပျက်ပါ။ ကျွန်မအစ်ကိုကြီးနဲ့မှ ရွယ်တူ၊ ကျွန်မက"

"အဲဒါ ဘာဖြစ်လဲဟာ...နင်ကလဲ"

ပြောပြောဆိုဆို တင်စိုးက မ..ရဲ့လက်ကို ဆုပ်ကိုင် လိုက်တယ်။ မ...က ရုန်းပေမယ့် အားချင်းမမျှ ကယ်ပါလို့ အော်ပြန်တော့လည်း လူသူကင်းဝေးရာ တောကြီးမျက်မည်းထဲမှာမို့ လူယုတ်မာရဲ့အစော်ကားကို ခံလိုက် ရပါသတဲ့။ သက်ဆိုင်ရာ ရဲစခန်းကို တိုင်လိုက်တယ်။ ဒါကြောင့်



www.burmeseclassic.com

www.burmeseclassic.com



သက်ဆိုင်ရာက စနစ်တကျစစ်ဆေးပြီး အမှုဆွဲတင်ခဲ့လို့ ရုံးတော်
ပြစ်ဒဏ်ထောင် (၇)နှစ်၊ ချမှတ်လိုက်တာ ဖြစ်ပါတယ်။

ဒီအမှုမှာ တရားခံက မိန်းမနဲ့ ကင်းကွာနေတဲ့ယောကျ်ား
ကလေး သုံးယောက်အဖေ၊ မိန်းကလေးက ဒါကို ရိုးသားတော့မမြင်ဘူး
တစ်ရပ်ကွက် ထဲသားဆိုပြီး ယုံကြည်အားကိုးလို့ လိုက်လာမိလိုက်တာ
အဲဒီမှာ ကိုယ့် ဘဝ ရေတိမ်နစ်ခဲ့ရတာပဲ။

ပြောရရင်တော့...ကိုယ့်သွေးသားရင်း တစ်အူတုံဆင်းမဟုတ်
ခဲ့ရင်တော့၊ မိန်းမသားများအနေနဲ့ သူစိမ်းယောကျ်ားသားနဲ့ နှစ်ယောက်
တည်း လူပြတ်တဲ့ခရီးလမ်း (သို့)ကိုယ်နဲ့အလှမ်းကွာတဲ့ နေရာများ
လိုက် ပါမသွားသင့်ပါဘူး။ ဘာလို့လဲဆိုတော့ ဆန့်ကျင်ဘက်လိင်
အမများ ဖြစ်နေလို့ပါပဲ၊ ဒီအကြောင်းတရားများကို ဆင်ခြင် သတိ
နိုင်ရင် အနည်းနဲ့ အများအန္တရာယ်ဆိုးက ကင်းဝေးကြမှာပါပဲ။

♛ ♛ ♛

(၃)

နောက်ဖြစ်စဉ်ကွဲ မုဒိမ်းမှုအကြောင်း သိရှိနိုင်ဖို့ (၈-၇-၉၈)ရက်
နေ့ထုတ် မှုခင်းသတင်းဂျာနယ်ပါ မုဒိမ်းမှုသတင်းအကြောင်း ပြောချင်
ပါတယ်။

"လင်ပျောက်သွားရှာသူ တူရဲ့ဇနီးကို ငါပါလိုက်ရှာပေးမယ်
ပြောပြီး တောကြီးထဲရောက်တော့ အတင်းအဓမ္မ ကြံစည်တဲ့ဦးလေး
တဲ့"

နေရာက ပြင်ဦးလွင်မြို့ (---)ရပ်ကွက်မှာ

မ...စိုးရိမ်စိတ်နဲ့ နာရီကို မော့ကြည့်လိုက်တယ်၊၊ ဘယ်နှစ်
ကြိမ်မြောက်ဆိုတာ မမှတ်မိတော့ဘူး။ ညနေ(၅)နာရီ ထိုးတော့မယ်။
သူ့ ယောကျ်ားပြန်ရောက်မလာသေးဘူး။ မနက်စာလည်း ပြန်လာ
မစားဘူး။ ခါတိုင်း ဒီလိုမဟုတ် ကြာလေစိုးရိမ်လာတာနဲ့ တစ်အိမ်တည်း
အတူနေသည့် ယောကျ်ားလုပ်သူရဲ့ ဦးလေးကို...



www.burmeseclassic.com

www.burmeseclassic.com



"ဦးလေး . . .ဦးလေး တူ ခုထက်ထိ ပြန်မလာသေးဘူး ဘာဖြစ်နေလဲ မသိဘူး၊ 'ကျွန်မ လိုက်ရှာလိုက်ဦးမယ်"

"ဟဲ့...နင်တစ်ယောက်တည်း မသွားနဲ့လေ၊ မှောင်တော့မယ် ငါ အဖော်လိုက်ခဲ့မယ်"

သို့နှင့် နှစ်ယောက်သား ရပ်ကွက်ထဲ လိုက်ရှာတယ်။ မတွေ့ခဲ့ဘူး။ သူ့ယောက်ျားအသိတွေ မေးကြည့်တယ်။ မမြင်ကြဘူးတဲ့၊ ရပ်ကွက် ပေါ်လည်း စုံပြီ၊ လူလည်း မတွေ့သေး။ နောက်ဆုံး မြို့သစ်တောင်ဘက် က သစ်တောဝင်ရှာရန် ဦးလေးက အကြံပြုတယ်။ သို့နှင့် လင်စိတ်နှင့် မ အရဲစွန့်ဝင်ရှာတယ်။ အမှောင်က သန်းလာပြီ။ မ...က ငိုသံပါနှင့် တောထဲမှာ အမည်ကိုအော် . . .အော် . . .ခေါ်တယ်။ မောလာတော့ နှစ်ယောက်သား ဝါးရုံတစ်ရုံအောက်မှာ နားကြတယ်။ သူမက ရှိုက်ငိုလျက် . . .

"မငိုပါနဲ့ဟာ. . .နင့်ယောက်ျားမရှိလဲ ငါရှိတာဥစ္စာ၊ ငါစောင့်ရှောက်မှာပေါ့၊ တိတ်ပါကွယ် တိတ်တိတ်. . ."

ပြောရင်း ဦးလေး (ဝင်းစိုး)က မျက်ရည်သုတ်ပေးကာ ပခုံးကိုဖက်လိုက်သည်။

"ဟင့်အင်း. . .သူ့မရှိရင် ကျွန်မ မနေဘူး"

"ငါ့တူထက်သာအောင် ငါက ထားမှာပေါ့၊ မ. . .ရယ် နော် နော်"

သို့ကလိုပြောရင်း သူမကို မြေကြီးပေါ်သို့ လှဲချလိုက်တယ်။ ဒီတော့မှ ကြောင်သူတော်ဦးလေးမှန်း ရိပ်မိသွားပြီး ရုန်းကန်အော်ဟစ်ခဲ့ပေမယ့် ရာဂဘီလူးစီးနေတဲ့ ဦးလေးက လည်ပင်းကိုညှစ်ပြီး အတင်းအဓမ္မ ငိုရှိုက်ကြေကွဲရုံမှတစ်ပါး . . .

အိမ်ပြန်ရောက်တော့ အိမ်နီးနားချင်း အဒေါ်ကြီးကို ရင်ဖွင့်ပြောပြ လိုက်တယ်။ မကြာခင် သူမ၏ယောက်ျားလည်း ပြန်ရောက်လာပြီး





ဦးလေးရဲ့ ယုတ်မာရက်စက်တဲ့ အကြောင်းလည်းသိရော၊ ဓားခွဲ တုတ်ခွဲ ဖြစ်ပါရော နောက်ဆုံး ရပ်ကွက်ဥက္ကဋ္ဌမှတဆင့် ပြင်ဦးလွင်ရဲစခန်းကို တိုင်လိုက်တာ (ပ) ၃၇၄/၉၈ပုဒ်မ ၃၇၆ မှုခင်းမှုနှင့် ဝင်းစိုး အရေးယူခံလိုက်ရတယ်။

ဒီ ဒုတိယမှုခင်းမှုဖြစ်စဉ်ကို ပြန်လည်သုံးသပ် စိစစ် ကြည့်ရင်တော့ အချစ်ဇောကပ်လို့ မထင်မှတ်ဘဲ သစ်တောအစပ်မှာ နစ်မျောဇာတ်ကလိုက်ရတဲ့အဖြစ်ပါပဲ။

ကျွန်တော်တို့ နှမများ ပြန်စဉ်းစားသုံးသပ် သတိပြုကြရမှာက လင်ပဲ ပျောက်ပျောက်၊ သားပဲ ပျောက်ပျောက်၊ နွားပဲ ပျောက်ပျောက်၊ အပျောက်ရှာချင်လို့ ကိုယ်ကမိန်းမသားဖြစ်နေရင် သူစိမ်းယောက်ျားနဲ့ လူဝေး သူဝေး ယုံကြည်စိတ်ချစွာ မသွားသင့်ကြပါဘူး။ သွားချင် ရှာချင် ရင်တောင်မှ လူကြီးတွေနီးစပ်ရာ တကယ့်ယုံကြည် စိတ်ချရသူတွေကို အဖော်ပြုပြီး ရှာသင့်ပါတယ်။ ဘာလို့လဲဆိုတော့ အခုကြားသိ ဖတ်ရတဲ့အတိုင်း ယောက်ျားမှန်ရင် တောင်စပ်မှတော်ရတဲ့ ဆွေမျိုးပေမို့ နှစ်ယောက်တည်း ဆိပ်ကွယ်ရာဆိုပါက စိတ်မချရဘူးဆိုတာ သက်သေပြနေလို့ပါပဲ။ စဉ်းစားချင့်ချိန်ကြပါကုန်။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com



(၄)

ရှိပါသေးတယ် (၁၂–၈–၉၈)ရက်နေ့ထုတ် မှုခင်းသတင်းဂျာနယ်ထဲက 'လင်ရှိမယားကို လင်မရှိတုန်းကြတဲ့ လူပျိုကြီး'ဆိုတဲ့ မှုခင်းသတင်းပါ။

(၈–၅–––)နေ့ နေ့လည်အချိန် နေရာက မတ္တရာမြို့နယ်(–––) ကျေးရွာ ပုပ္ပားမယ်တော်နတ်ကွန်းပေါ်ရှိ အုန်းသီး၊ ငှက်ပျောသီး ထားသည့် အခန်းထဲမှာ မ...တစ်ယောက်တည်း ဆေးလိပ်လိပ်နေစဉ် တစ်ရွာတည်းနေ အသီလူပျိုကြီး ကိုခင်မောင်ဆွေ ရောက်လာတယ်။

"မ...နင့်ယောကျာ်းရော မမြင်ပါလားဟ"

"မမြင်ဆို မန္တလေးသွားနေတယ် ကိုခင်မောင်ဆွေ"

မ...ဆီက မမျှော်လင့်သည့်စကားကို ကြားလိုက်ရတော့ ဒု... ဘေးဘီကို အကဲခတ်လိုက်ပြီး အိမ်ပေါ်တက်၍ မ...အနားသို့ တိုးလာလိုက်သည်။ မ...ကတော့ ရိုးရိုးပဲလို့ထင်နေဆဲ။

"နင့်ကို ပြောစရာရှိလို့ဟ"

"ဘာပြောမလို့လဲ...လက်က ဟိုကိုင်ဒီကိုင်မလုပ်ပါနဲ့"

"နင့်ကို ငါချစ်တယ်...၊ မ...ရာ"

"အို...မဟုတ်တာတော်၊ ကျွန်မမှာ လင်ကြီးငတ်တုတ်နဲ့ဥစ္စာ"





"တုတ်...တုတ်ဟာ နင့်ကို စွဲစွဲလန်းလန်း ချစ်နေတာကြာပြီ ငါ့ကို နင်ပြန်ချစ်ပါဟာ နော်...အို...အို...ညီမလေးကလဲ"

ပြောရင်း အခန်းတံခါးကို လှမ်းပိတ်လျှက် အတင်းပြေးဖက်၍ နမ်းရှုံ့ကြိုးစားတယ်။ မမျှော်လင့်သည့် ဖြစ်ရပ်ကြောင့် မ...အော်ရန်ပင် သတိလစ်သွားခဲ့ရတယ်။ သို့နှင့် ရှက်ရွံ့ကြောက်လန့်စွာနှင့် ရုန်းကန်နေစဉ် အိမ်ရှေ့မှ မ...အမည် ခေါ်သံကြားလိုက်ရတယ်။ အသံက သူမယောကျာ်းရဲ့ အသံ သူမတံခါးကိုပြေးဖွင့်ပြီး လင်ဖြစ်သူရဲ့ ရင်ခွင်ထဲမှာ ခေါင်းဝှက်၍ ငိုပစ်လိုက်တယ်။

ယင်းဖြစ်စဉ်နှင့်ပတ်သက်၍ ကို...က တောင်ပြုန်းကျေးရွာဥက္ကဋ္ဌမှတဆင့် မတ္တရာရဲစခန်းသို့ အမှုဖွင့်တိုင်ကြားလိုက်ရာ ဖြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၃၅၄ကို ကျူးလွန်ကြောင်း၊ ထင်ရှားသဖြင့် ဒဏ်ငွေ(၁၀၀၀)ကို ပေးဆောင်စေရန် မဆောင်နိုင်ပါက ထောင်ဒဏ်(၆)လကျခံစေရန် (၁၈–၃–၉၈)ရက်နေ့က စီရင်ချက်ချလိုက်တယ်။ တတိယအမှုကတော့ လူ့ရဲ့ အဖွတ္တအကြောင်းပါပဲ လူပျိုကြီးပဲဥစ္စာ။ ဆန္ဒသိပ်ပြင်းပြနေရင်လည်း နှစ်သက်ရာ မိန်းမတစ်ယောက် ရှာယူလိုက်ပေါ့။ ဒါမှမဟုတ်လဲဗျာ...နော့ ခုတော့ မကြိုကောင်း မစည်ရာရယ်...။

ကံကောင်းပေလို့ပေါ့။ ခရီးသွားနေသည့် ယောကျာ်းကို နတ်ကောင်းနတ်မြတ်များက စောင်မသကဲ့သို့ ချက်ချင်းအရောက်ပို့ပေးလိုသာပေါ့။ နို့မို့ခမြာ ရှက်ရှက်နဲ့ ရေတိမ်နစ်ရချည်ရဲ့ဗျာ။ ဒီနေရာမှာ အကြံပြုချင်သည်က မိမိလင်သား (သို့) မိဘအုပ်ထိန်းသူများ မရှိစဉ်အခိုက် သူစိမ်း တစ်ရံစာ ဆန့်ကျင်ဘက်လိင်ယောကျာ်းများ အိမ်ပေါ်တက်လာရင် စိတ်ချ လက်ချ ဧည့်ခံမသင့်ပေဘူးခင်ဗျ။ ဘာလို့လဲဆိုတော့ အချို့သောတန်ဖိုးမဲ့ ယောကျာ်းများသည် အခွင့်အရေးသာရမယ်ဆိုရင် ငါ့မအရွယ်၊ ငါ့သမီး အရွယ်၊ အဒေါ်အရွယ်ရယ်လို့လည်း မကြည့်သည် ငါနှင့်ဘယ်လို ပတ်သက်တယ်လို့လည်း လူ့ယဉ်ကျေးမှုနှင့်ပြီးကို



www.burmeseclassic.com

www.burmeseclassic.com



မစောင့်ကြတော့ဘူး။အဲဒီလို သစ္စာမရှိ၊ စည်းမစောင့်သည့် လူတ
လူ့လောကမှာ ရှိနေတယ် ဆိုတာ။ အခုဖြစ်စဉ်က သက်သေခံ
နောင်ကို အမျိုးကောင်းသမီးများ စဉ်းစားကြည့်ကြပါလို့ အကြံပြု
တယ်ခင်ဗျ။

❦ ❦ ❦

(၅)

နောက်ဆုံးပြောချင်တာက ဘာကြောင့် ဒီလိုမုဒိမ်းမှုတွေ
ကျော် နှင်းမှုတွေ၊ မကြာခဏ ဖြစ်နေကြတာလဲဆိုသည့် အကြောင်း
ရပ်များပါပဲ။ သုံးသပ်ကြည့်တော့ အောက်ပါ အချက်အလက်အချို့
သွားတွေ့ရပါ တယ်။

(၁) ကာယကံရှင်မိန်းမအချို့ရဲ့ အညာလွယ်မှု၊ အစဉ်းအစား
အဆင်အခြင်နည်းမှု၊ ယုံကြည်ကိုးစားလွန်းမှုနှင့် အုပ်ထိန်းသူအချို့
ပေါ့ဆ သော အုပ်ထိန်းမှုလျော့နည်းချက်များကြောင့်လည်း တစ်ကြောင်း

(၂) အပြာရုပ်ရှင်ကားလို့ခေါ်သည့် နိုင်ငံခြားဆင်ဆာ
ဗီဒီယိုအခွေများ နေရာအနှံ့အပြား လျှို့ဝှက်ရောက်ရှိ ပြသကြည့်ရှုရ





လွယ်အချို့မှာ ရာဂစိတ်ရိုင်းများဝင်၊ အယူအဆလွဲမှား သောင်းကျန်း
လာတာလည်း တစ်ကြောင်း။

(၃) ကျေးရွာရပ်ကွက်အနှံ့ မှိုလိုပေါက်နေသည့် လိုင်စင်ရအရက်
ဆိုင်၊ ဘီယာဆိုင်များ တိတ်တိတ်ပုန်း အရက်သေစာနှင့် မူးယစ်ဆေးဝါး
ရောင်းချဆိုင်များမှသည် အလွန်အကျွံသောက်စား မူးယစ်လာကြပြီး
ချုပ်တီး၍ မရနိုင်သော စိတ်ရိုင်းများကြောင့် ရာဇဝတ်မှုအမျိုးမျိုး
ကျူးလွန်လာကြသည်လည်း တစ်ကြောင်း။

(၄) မြို့ကြီးပြကြီးတွေနဲ့ အဲဒီအနီးဝန်းကျင် ဒေသတွေမှာတော့
လော်မာသော ဝတ်စားဆင်ယင်မှုကြောင့် ဖြစ်တာလည်း ရှိပါတယ်။
အဝတ် အစား ဖက်ရှင်ဒီဇိုင်း တီထွင်ထုတ်လုပ် ရောင်းချသူများကိုလည်း
အဓိက လက်ညှိုးထိုးပြချင်ပါတယ်။ အချို့သော ခေတ်ပေါ် အဝတ်အစား
များက ဆန့်ကျင်ဘက်လိင်ရဲ့ ကာမ၊ ရာဂစိတ်ကို ချက်ချင်း နိုးကြွအောင်
လှုံ့ဆော် သွေးဆောင်နေလို့ပါပဲ။ ဒီလို ဒူးပေါ်၊ ပေါင်ပေါ်၊ ချက်ပေါ်၊
ရင်ပေါ် အဝတ်အစားများ ဒီဇိုင်းများကလည်း မိန်းကလေးများဘဝ
ရေတိမ်နစ်စေဖို့ အရင်းအနှီးများပါပဲဆိုတာ သတိရှိကြဖို့ လိုအပ်ပါတယ်။

မြန်မာ့ရိုးရာ ယဉ်ကျေးမှုနှင့် ဓလေ့ဆန့်ကျင်ဖြစ်နေသော
အနောက်တိုင်းယဉ်ကျေးမှု၊ ဝတ်စားဆင်ယင်မှု၊ ပေါင်းသင်းဆက်ဆံရေး
ရိုက်ခတ်မှုများကို တာဝန်သိသိ၊ သစ္စာရှိရှိ ဆန့်ကျင်ကာကွယ်ကြပြီး
ဖော်ပြပါအကြောင်း အရာများကို အစဉ်သတိရနေကြပါလျှင် ရာဂနှင့်
ပတ်သက်သည့် ရာဇဝတ်မှုများ တစ်နေ့တစ်ခြား လျော့ပါးသွား
နိုင်ဖွယ်ရှိပါကြောင်း ရေးသားအကြံပြု လိုက်ပါတယ်။

ဖြစ်ရပ်မှန် စုံထောက်မဂ္ဂဇင်း
၂၀၀၂ခုနှစ်– ဇက်တင်ဘာလ

www.burmeseclassic.com

www.burmeseclassic.com



# လိပ်ပြာတောင်ပံ ကျိုးတဲ့ည

(၁)

အချိန်က ည(၁၁)နာရီ (၃၀)မိနစ်။

ဒုရဲအုပ် ကိုဝေမင်းနိုင်တို့ ညလှည့်ကင်းအဖွဲ့ အောင်ဇေယျလမ်း ဆီသို့ စက်ဘီးကို အရှိန်မှာ ထိတ်လန့်တကြားအော်ဟစ် ပြေးလွှားသံများ င့်အတူ လူတစ်ယောက် တစ်စုံတစ်ခုကိုကိုင်၍ မိမိတို့ရှိရာသို့ ရှေ့ရှုပြီး ကြောက်လန့်တကြား ပြေးလာသည်ကို တွေ့လိုက်ရသည်။

ယင်းမြင်ကွင်းကြောင့် အားလုံးစက်ဘီးပေါ်မှဆင်းပြီး နေရာယူ ထားလိုက်ကြသည်။ ဒုရဲအုပ် ဝေမင်းနိုင်မှ ခါးပတ်အိတ်ထဲမှ ခြောက်လုံး ပြူး သေနတ်ကို ဆွဲထုတ်လိုက်ပြီး . . .

"ဟေ့ . . . ရပ်လိုက်စမ်း"

သူ့အမိန့်ပေးသံအတိုင်း လက်နှိပ်မီးရောင်များက ပြေးလာသူ ကိုယ်ပေါ်သို့ ကျရောက်သွားသည်။ ထိုသူသည် သူတို့အနီးသို့ ရောက် သောအခါ အမောဆို့ပြီး လဲကျသွားသည်။ မီးရောင်အောက်မှ



www.burmeseclassic.com

www.burmeseclassic.com



မြင်လိုက်ရသည့် မြင်ကွင်းကား အသက်(၁၇)နှစ်ခန့် အမျိုးသမီး ငယ်တစ်ဦး။ လက်ထဲမှာလည်း သွေးစွန်းနေသည့် ဓားမြှောင်တစ်ချောင်းကို ဆုပ်ကိုင်ထားသည်။ သူမရဲ့ အင်္ကျီနှင့်ထဘီမှာလည်း နီရဲသောသွေးများ နေရာအနှံ့ ပေကျံနေသလို အပေါ် အင်္ကျီမှာလည်း စုတ်ပြဲ၍ အတွင်းခံ ဘော်လီအင်္ကျီကိုပါ အထင်းသား မြင်နေရသည်။

"မင်း...မင်း...ဘယ်လိုဖြစ်လာတာလဲ၊ မိန်းကလေး ဓားကို ချလိုက်ပါ"

မိန်းမငယ်က အမိန့်ကို နာခံသည်။ လက်ထဲမှ သွေးစွန်းဓားကို အခုမှ ကြောက်လန့်တကြား လွှတ်ချလိုက်သည်။ ပြီးနောက် မျက်နှာကို လက်ဝါးအစုံနှင့် အုပ်၍ ချုံးပွဲချပြီး ရှိုက်ကြီးတငင် ငိုပစ်လိုက်သည်။

"ကဲ . . .ကလေးမ မင်းဘာဖြစ်လာတယ်ဆိုတာကိုသာ အရင်ပြော စမ်း၊ ဒါမှ တို့က မင်းကို ကူညီလို့ရမှာရယ်...ပြော"

"ကျွန်...ကျွန်...မ...လူ...လူ...သတ်ခဲ့ ပါတယ် ဗိုလ် ဗိုလ်ကြီး"

"ဟေ...လူသတ်လာတယ်၊ ဘယ်နေရာမှာ သတ်လာ ခဲ့တာ လဲ"

"ဒီလမ်းရဲ့ ဟိုဘက်ထိပ်က ချစ်ဒါလီ တိုက်အိမ်ထဲ...ထဲ မှာပါရှင်"

"ပြဿနာပဲ၊ ကဲ...ဆရာကြည်အောင် ဒီရပ်ကွက်က ရ-ယ-က ဥက္ကဋ္ဌကို အမြန်သွားခေါ်လိုက်ဗျာ၊ ကျန်တာ ကျွန်တော်တို့ ဆက်လုပ်လိုက် မယ်၊ လာ...မင်းကိုယ်တိုင် လိုက်ပြစမ်း...ထ"

တစ်ယောက်က သက်သေခံဓားကို စက္ကူနှင့် စနစ်တကျပတ်၍ သိမ်းလိုက်ပြီး မိန်းမငယ် ဦးဆောင်ရာသို့ သတိနှင့် လိုက်လာလိုက်ကြ သည်။

♛ ♛ ♛

(၂)

တိုက်အိမ် အဝင်တံခါးသည် ဖွင့်နေသည်။ အထဲမှာ လူသံ သည်း မကြားရ။ တိုက်ထဲကို ဝင်လိုက်တော့ ပန်းညိုး ဖွေယာအချို့ ပြန့် ကျဲနေသည်ကို တွေ့ရသည်။ လျှပ်စစ်မီးရောင်အောက်မှာ သွေးစက် အချို့က ဟိုနား တစ်စက်၊ ဒီနားတစ်စက်။

"မင်း...ဘယ်နေရာမှာ သတ်တာလဲ"

"ဟို . . .အောက်ထပ်မီးဖိုဆောင်နဲ့ ကပ်လျက်အခန်းထဲမှာ တစ်ယောက်၊ နောက်ပြီး..."

"ဆက်ပြောလေ"

"ဟို...အပေါ်ထပ်က အခန်းထဲမှာတစ်ယောက်"

"ဘာ . . .ဘာ မင်းနှစ်ယောက်တောင် သတ်လိုက်တယ် ဟုတ်လား"

"ဟုတ်...ဟုတ်...ပါတယ် ဗိုလ်ကြီးရှယ်၊ ဟီး.. ဟီး...ဟင့် ဟင့်...ဟီး"

ရ-ယ-က ဥက္ကဋ္ဌနှင့် အရပ်သက်သေလူကြီးများ ရောက်လာ



www.burmeseclassic.com

www.burmeseclassic.com



တော့ သူတို့ မီးပိုဆောင်နှင့် ကပ်လျက်အခန်းသို့ ဦးစွာဝင်လိုက်ကြသ
မြင်လိုက် ရသည့်မြင်ကွင်းကား ခါးဝတ်ပုဆိုးမရှိသည့် အသက်(၄၀)
ယောက်ျားကြီး တစ်ဦး။ သစ်သားကွပ်ပျစ်ကုတင်ပေါ်မှာ ရင်ခေါင်း ပွ
သေဆုံးနေသည်ကို တွေ့လိုက်ရသည်။ သည့်နောက် သူငယ်မလိုက်
သည့်အတိုင်း အပေါ်ထပ် အခန်းတစ်ခုထဲသို့ ဝင်ကြည့်လိုက်သော
ညအိပ်မီးလုံး၏ မီးရောင် အောက်၌ အသက်(၄၀)ခန့် အသားဖြူဖြ
အမျိုးသမီးတစ်ဦး မွေ့ယာပေါ်မှာ ပက်လက်။ အခန်းမီးကိုဖွင့်၍ ကြ
လိုက်တော့ လည်ပင်းမှာ ထိုးသွင်းရှူး နစ်ဒဏ်ရာတစ်ချက်နှင့် ပွဲချ
သေဆုံး နေသည်ကို တွေ့လိုက်ရသောအခါ–

(၃)

ကျွန်မ ဖြစ်ကြောင်းကုန်စင်ကို အစအဆုံး ပြောပြပါ့မယ်
ကြီးတို့၊ ဆရာကြီးတို့ရယ်။ ကျွန်မနာမည်က ခင်နှင်းရီလို့ခေါ်ပါတယ်။
–) မြို့ ရွှေဘက်၊ လက်ပံပင်ရွာကပါ။ ရွာမှာ ကျွန်မအပါအဝင်
င်မှုဆိုးမကြီး နှင့် မိသားစုငါးယောက် အတူနေကြပါတယ်။ အမေက
သေဆုံးသွားပြီး နောက်ပိုင်း မုန့်မျိုးစုံရာသီပေါ်များလုပ်ပြီး ရောင်းချ
ဝမ်းစာရှာခဲ့ပါတယ်။ အမေမကျန်းမာလို့ ဈေးလုံးဝမထွက်နိုင်တော့
ကြီးဆုံးဖြစ်တဲ့ ကျွန်မကပဲ ကောက်စိုက်ပျိုးနုတ်၊ သီးကာပ်မပေါ်ချိန်
ပဲနုတ်၊ ပြောင်းချိုး စသည်နဲ့ ကြုံရာအလုပ်မျိုးစုံ လုပ်ကိုင်ပြီး မိသားစု
ရေးကို ဦးဆောင်ရပါတယ်။ ကျွန်မရဲ့ မောင်လေးနှင့်ညီမငယ်များ
ကျောင်းမနေနိုင်ကြပါဘူး။

တစ်ခါတလေ ထမင်းဝိုင်းမှာ ဟင်းမပါဘဲ ငပိရည်တို့စရာမျှနဲ့
ခဲ့ရတဲ့နေ့တွေလည်း မနည်းခဲ့ပါဘူး။ အဲဒီဘဝကို ရုန်းကန်နေချိန်
ပဲ တစ်နေ့ ရန်ကုန်မှာ အလုပ်သွားလုပ်နေတဲ့ ကျွန်မတို့ရွာသား
အောင်ငြိမ်းနဲ့အတူ အဒေါ်ကြီးတစ်ဦး ကျွန်မတို့အိမ်ကို ရောက်
တယ်။

အဒေါ်ကြီးနာမည်က ဒေါ်ခင်ဝိုင်းချစ်တဲ့။ ဝဝသန့်သန့်
ခန့်ကြီး ရှင့်။



www.burmeseclassic.com

www.burmeseclassic.com



ကိုအောင်ငြိမ်းက နှင်တို့ ဆင်းဆင်းရဲရဲ လုပ်ကိုင်နေကြ
မကြည့်ရက်လို့ အလုပ်ကောင်းကောင်းရအောင် မြို့က
အသွယ်ကို ခေါ်လာတာတဲ့။ ဒီလိုစကား ကြားလိုက်ရတော့ ကျွန်
လှမှမာအမေရော အရမ်းဝမ်းသာသွားတာပေါ့။

ဒေါ်ခင်ပိုင်းချစ်ကလည်း ကျွန်မတို့နေတဲ့ ကြယ်မြင်
လှမြင်တဲ့ တဲသာသာအိမ်ကလေးကို လှည့်ပတ်ကြည့်ပြီး ပိန်
ညှက်ဖြစ်နေတဲ့ ကျွန်မရဲ့မောင်လေး ညီမလေးတွေကိုကြည့်ပြီး စုတ်
နေပါတယ်။

ကျွန်မကတော့ အပျိုဖော် ဝင်ပြီးစမို့ အလုပ်ကြမ်းမျိုးစုံလုပ်
တော့ မပိန်ပါဘူး။ သူငယ်ချင်းတွေကြဲ့ ဝေဖန်ချက်အရဆိုရင် ကိုယ်လုံး
ပေါက်ရှိတယ်ပေါ့။

ဒီတင် . . . ဒေါ်ခင်ပိုင်းချစ်က . . .

"အေးကွယ် . . . ငါ့တူမကြီးတို့ရဲ့အဖြစ်ကို မြင်ရတာအ
စိတ်မကောင်းလိုက်တာကွယ်၊ မောင်အောင်ငြိမ်းပြောတုန်းက ဒီလော
မယုံဘူး လက်ငင်းမြင်မှ စိတ်ထိခိုက်ရတယ်ကွယ်၊ ကဲ...ကဲ အစ်မ
ရော ငါ့တူမများရော ဘာမှအားမနည်းကြနဲ့ ရော့...ဒါ တူမကြီး
လတ်တလော သုံးဖို့ အန်တီက ကုသိုလ်ဖြစ်ကူညီတာ၊ မြို့မှာ တူမကြီး
သင့်လျော်တဲ့ အလုပ်အကိုင်လေး ကြည့်စုံစမ်း ဖန်တီး ပေးမယ်သိလာ

"အဲဒီလိုပြောပြီး ငွေငါးရာတန်တစ်ရွက်ကို သဒ္ဓါကြည်ဖြူ
ပေးခဲ့တယ်၊ တစ်ခါမှ ငွေငါးရာတန် မကိုင်ဖူးပါဘူးရှင်၊ နှတ်ကော
နှတ်မြှတ်တွေက ကယ်လို့ပဲနဲ့တူပါရဲ့၊ အဲဒီနေ့က မှတ်မှတ်ရရ အ
ကြီး(အဒေါ်ကြီး)ကိုရော၊ အစ်ကိုအောင်ငြိမ်းကိုရော...ထိုင်ထိုင် ကန်တော
လိုက်သည်မှာ အမောပါပဲ ဗိုလ်ကြီးတို့ရယ် . . . ယုံပါ"

♛ ♛ ♛

(၄)

တစ်လကို နှစ်ကြိမ်လောက် အန်တီဒေါ်ခင်ပိုင်းချစ်ကြီး ရွာကို
ရောက်ရောက်လာတယ်ရှင့်။ အစ်ကိုအောင်ငြိမ်းကတော့ မပါတော့ဘူး
လာတိုင်းလည်း မောင်လေး ညီမလေးများအတွက် အကျီအောင်ဘီ
အသစ်ကလေးတွေ ပါလာတယ်၊ ကျွန်မအတွက်လည်း မြို့က အကျီ
အဆင်ဆန်းများနဲ့ ထဘီအရောင်အသွေး လှလှလေးတွေ ဝယ်ဝ
လာတယ်၊ အစ်မကြီး (အမေ)ဖို့ဆိုပြီး ဝယ်လာလိုက်တဲ့ မုန့်တွေမှ
မြင်တောင် မမြင်ဖူးတဲ့ မုန့်အကောင်းစားတွေပါပဲ၊ အိမ်မှာ ဖယ်ရွယ်
အိပ်တယ်၊ ညရောက်ရင် ရန်ကုန်မြို့ကြီးရဲ့ သာ မြို့က တိုက်
အဆင့်အတန်းမြင့်ပုံ စသည်များကို သွားရည်ယို က်ထပ်မှာ ဖဲရိုက်
မီးလင်းလို့ပြန်ရင် မုန့်ဖိုးဆိုပြီး အနည်းဆုံး ငါး ဆိုတော့ တိတ်တိတ်
ပြန်ရော။

ငါးခေါက်မြောက် အဲဒီလို ပေးကမ်းအ လက်ဖက်ရည်တန် လက်
သွားရော အန်တီကြီး ဒေါ်ခင်ပိုင်းချစ်နဲ့ ကျွ ပ်မှာ တရုန်းရုန်းနဲ့ ပါ
ဆွေမျိုး အရင်းအချာများလို ဖြစ်သွားခဲ့ကြပြီး ဟားဟား နိုးနိုး စ်ခစ်



www.burmeseclassic.com

www.burmeseclassic.com



ပြောမနာ ဆိုမနာများ ဖြစ်ခဲ့ကြပါတယ်။

"ညည်း ထမင်းဟင်းကောင်းကောင်း ချက်တတ်ရဲ့လား ခင်နှင်းရီ"

"ချက်တတ်ပါတယ် အန်တီရဲ့၊ အလှူမင်္ဂလာဆောင်ဆို သမီးတို့ ဝိုင်းချက်နေကျ ဥစ္စာ"

"အဝတ်တွေ ဘာတွေရော လျှော်နိုင်ပါ့မလား"

"ကောက်စိုက် ပျိုးနုတ်တောင်လုပ်နိုင်သေး ဥစ္စာ၊ အန်တီကြီးကလည်း"

"ဒါကတော့ မေးရသပေါ့အေ၊ လုပ်နိုင်ရင် ငါ့တိုက်မှာလိုက်နေ ငါ့မှာက အလုပ်သမားတွေ၊ အိမ်ငှားတွေနဲ့နေတာ၊ အချို့က အလျှော် အဖွတ်လိုတယ် အေရဲ့၊ ငါလည်း လခ သီးသန့်ပေးမှာပါ၊ ကျွေးလည်း ကျွေးမှာပါ၊ အဲဒီကမှ လုပ်တတ်ကိုင်တတ်သွားရင် သူဌေးအိမ်တို့ ဘာတို့ လခကောင်းကောင်း ရနိုင်တယ်၊ ကံကောင်းရင် လင်ကောင်းသား ကောင်းပါရနိုင်တယ် သိရဲ့လား၊ ဟွန်း"

"အို...အန်တီကြီးကလည်း ရှက်စရာကြီး အဟီး"

"ဒါ ရှက်စရာ မဟုတ်ပါဘူးအေ၊ ကိုယ်က ကိုယ့်တူမများ ကောင်းစားစေချင်လို့ပါ"

ဒီတင် အမေကလည်း ညီမရယ် ညည်းတူမများ ညည်းဆဲ ^သလို နေရာချ စီစဉ်ပေးလိုက်ပါတော့ ငါယုံပါတယ်တဲ့။

♛ ♛ ♛

(၅)

အဲဒီလိုနဲ့ ကျွန်မ ရန်ကုန်မြို့ (    ) ရပ်ကွက်စွန်က ဒေါ်ခင်ဝိုင်းချစ်ရဲ့ 'ချစ်ဒါလီ'အမည်ရှိ တိုက်အိမ်ကြီးကို ရောက်ခဲ့ရပါတယ်၊ အဲဒီမှာ ထမင်းချက်ရတယ်၊ အဝတ်လျှော်ရတယ်၊ မီးပူတိုက်ရတယ်၊ ဧည့်သည်က များလွန်းတော့ လက်ဖက်ရည် အအေးကအစ လုပ်ပေးရတယ်၊ ဧည့်သည် တွေကလည်း အမျိုးစုံပါပဲ၊ အချို့က ကားနဲ့လာတယ်၊ အချို့က ဆိုင်ကယ်နဲ့ လာကြတယ်၊ အများအားဖြင့် အမျိုးသားများနဲ့အတူ ခေတ်ဆန်ဆန် ဝတ်စားထားတဲ့ ငယ်ငယ်ရွယ်ရွယ် လှလှပပ အမျိုးသမီးတွေ အလာများ ကြတယ်၊ အချို့က တိုက်အပေါ်ထပ်ကို တက်သွားကြသလို အချို့က အောက်ထပ်မှာ ဖဲရိုက်ကြတယ်၊ ရပ်ကွက်အစွန်က သီးသန့်ခြံကျယ်ကြီး ဆိုတော့ တိတ်တိတ်ဆိတ်ဆိတ် ရှိသကိုး။

သူတို့လာရင် အအေးတန် အအေး၊ လက်ဖက်ရည်တန် လက်ဖက်ရည် ပို့ပေးရပါတယ်၊ အချို့များ အပေါ်ထပ်မှာ တရုန်းရုန်းနဲ့ပါပဲ၊ ဘာတွေလုပ်နေကြသလဲ မသိပါဘူး။ ဟီးဟီးဟားဟား နိုးခိုးခစ်ခစ်



www.burmeseclassic.com

www.burmeseclassic.com



ရယ်သံ များလည်း ကြားရရဲ့၊ အဲဒီကိစ္စအဝဝကို တာဝန်ယူ ကြီးကြပ် စီစဉ်တာက ဦးပီတာ လုချစ်ဆိုတဲ့ လူမျိုးခြားပဲရှင့်၊ သူက ဒီတိုက် အိမ်ကြီးမှာ ဒေါ်ခင်ဝိုင်းချစ်ပြီးရင် ဩဇာအရှိဆုံးပဲ၊ ကျွန်မ သတိထား မိသလောက်ကတော့ မနက်(၉)နာရီထိုးပြီးရင် အမျိုးသမီး အရွယ် ကောင်းလေးတွေ ဖြီးလိမ်းဝတ်စားပြီး အိမ်ကို ရောက်လာကြတာပဲ သူတို့ကို ဦးပီတာလုချစ်က ပရော ပရိုလုပ်လားလုပ်ရဲ့၊ မိန်းမတွေ ကလည်း ဟိုဒင်း မပြောလိုက်ချင်ပါဘူး၊ အရှက်ကို နည်းလွန်းလှပါတယ် အချို့မိန်းမများနှယ်တော် အဲဒီလူကြီးကို ဖက်လား ဆွဲလားတွဲလာနဲ့ ကျွန်မဖြင့် မြင်ရတာ ရှက်လွန်းလို့ ကိစ္စမရှိရင် အိမ်ရှေ့ ညှော်ခန်းကို လုံးဝမထွက်ဘူး။ သူတို့ကတော့ လာလာ စကားပြောကြပါရဲ့၊ ဒါပေမဲ့ ကိုယ့်ကျွန်နဲ့ကိုယ်ပဲ နေလိုက်တယ်။

တစ်နေ့ပေါ့ရှင် . . .ဦးပီတာလုချစ်က

"ခင်နှင်းရီရေ. . ."

"ရှင် . . .အန်ကယ်ချစ်"

"အပေါ်ထပ်က အခန်း(၃)ကို လီမွှော်ရည် (၂)ပုလင်း သွားပို့ လိုက်ပါကွယ်"

သူက နှီးဝိုင်းကနေ လှမ်းအော်လိုက်ပါတယ်၊ ဒါနဲ့ ကျွန်မလည်း ဒီအိမ်ရောက်ကတည်းက တစ်ခါမှ မတက်ဖူးသေးတဲ့ တိုက်အပေါ်ထပ်ကို တက်ပြီး အခန်း(၃)ရဲ့ တံခါးကို ခေါက်လိုက်တယ်၊ မကြာခင် တံခါးဂျက် ဖြုတ်သံ ကြားရပြီး ချွေးသံ့ရွှဲရွှဲနဲ့ လူတစ်ဦး စပ်ဖြီးဖြီးမျက်နှာနဲ့ ထွက်လာ တယ်၊ ကျွန်မက အန်ကယ်ချစ်ပို့ခိုင်းလိုက်တာလို့ပြောတော့ သူက ကျွန်မရဲ့ တစ်ကိုယ်လုံးကို ရမ္မက်ခိုးဝေနေတဲ့ မျက်လုံးအစုံနဲ့ စိုက်ကြည့် ပြီး–

"ဟို. . .စားပွဲပေါ်တင်ထားလိုက် ညီမလေး ချစ်ရေ လီမွှော်ရည် ရပြီတဲ"





အဲဒီလိုလည်း သူက လှည့်ပြောလိုက်ရော ခုတင်ပေါ်ကနေ အမျိုးသမီးတစ်ဦး လူးလဲထပြီး ငုတ်တုပ်ထထိုင်လိုက်တယ်၊ ကျွန်မလည်း အမှုမဲ့ လှည့်ကြည့်လိုက်တော့. . .

"အို. . ."

"ဟယ်. . .ဘာလဲ၊ မကြည့်ရဲလို့လား. . ."

"အရိုင်းကလေးနဲ့တူရဲ့ အဟဲ. . .ဟဲဟဲ"

ကျွန်မ ချက်ချင်းပဲ အောက်ထပ်ကို ပြေးဆင်းလာလိုက်တယ်၊ မျက်နှာတစ်ပြင်လုံးလည်း ရှက်သွေးတွေနဲ့ ထူပူနေလေရဲ့၊ ကျွန်မ မြင်လိုက် ရတဲ့ မြင်ကွင်းက ဟို. . .ဟို. . .အဲဒီ အမျိုးသမီးရဲ့ ခန္ဓာကိုယ်ပေါ် မှာ အဝတ်ဆိုတာ . . .အို. . .။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

(၆)

နောက်ဆုံးတော့ရှင် ကိုယ့်ကျေးဇူးရှင်ကလည်း ဖြစ်နေပြန်၊ သူ့ ဆန္ဒစားနေတော့လည်း မရဲချင်ရဲချင်နဲ့ရဲပြီး လုပ်နေရတော့ ကိုယ်ဘာမှ မဖြစ်ရင် ပြီးရောသဘောနဲ့ အလိုက်သင့်လုပ်နေရပါတယ်၊ တစ်နေ့ ညဘက် (၉)နာရီ ကျော်ကျော်လောက်ပေါ့၊ ဒေါ်ခင်ပိုင်းချစ် ကျွန်မနေတဲ့ မီးဖိုဆောင် နံဘေးက အခန်းထဲကို ရောက်လာတယ်။

"အိပ်ပြီလား...တူမကြီး"

"မအိပ်သေးပါဘူး...အန်တီကြီးရဲ့၊ ဘာခိုင်းမလို့လဲ"

"မခိုင်းပါဘူးကွယ်၊ တူမကြီးနဲ့ စကားပြောချင်လို့ပါ"

"ဘာများ အကြောင်းထူးလို့လဲ...ဟင်"

ဒေါ်ခင်ပိုင်းချစ်က စီးကရက်ကို ဟန်ပါပါမီးညှိလိုက် ပြီး၊

"ညည်း ချမ်းချမ်းသာသာ မနေချင်ဘူးလားဟင်"

"ရှင်...ဘယ်နဲ့ ပြောလိုက်ပါလိမ့် အန်တီရယ်၊ သိပ်နေချင်တာပေါ့"





"ဘာလို့...အဲဒီလို နေချင်ရတာလဲ၊ ပြောစမ်းပါဦး"

"ရွာက အမေနဲ့ မောင်လေး ညီမလေးတွေကို လူနဲ့သူနဲ့တူအောင် ထားချင်လို့ပါ"

"ဒါဆိုရင် ငွေလည်း နင့်နေအောင်ရမယ်၊ သက်သက်သာသာလည်း ရှိမယ်၊ မီးဖိုဆောင်အလုပ်လည်း လုပ်စရာမလိုတော့ဘူး၊ လှလှပပနဲ့ ကြော့ကြော့လေး နေရအောင် ငါစီစဉ်ပေးမယ်၊ ညည်း လိုက်နာနိုင်ပါ့မလား၊ ညည်းတစ်ပတ်အတွင်း ငွေသောင်းနဲ့ချီ ရမယ်အေ"

ကျွန်မ အရမ်းအံ့ဩသွားတယ်။

"ဘာ...ဘာ အလုပ်များမို့လဲ အန်တီကြီးရဲ့"

"ဒီမှာ ညည်း ဟို...သဘောသား ဝင်းဇော်ဖေဆိုတဲ့လူကို သိတယ်မို့လား၊ သူက ညည်းကို မျက်စိကျနေတာအေ့၊ ငါ့ကိုလည်း အပူ ကပ်နေတာကြာပြီ၊ သူက ညည်းနဲ့အတူ အိပ်ချင်လို့တဲ့၊ အဲဒါ အခွင့်အရေး ကောင်းပဲ ကောင်းမရဲ့၊ ညည်း သူ့အလိုကို လိုက်လိုက်ရင် ညည်းရော ငါရော ချမ်းသာရော...သိရဲ့လား"

"အို...ကျွန်မ..ကျွန်မ...ဒါ ဒါမျိုး မလုပ်ဘူး မလုပ်ဘူး"

ကျွန်မက ရှက်ရွံ့ ထိတ်လန့်စွာ အတင်းငြင်းလိုက်တယ်၊ ဒီတင် ဒေါ်ခင်ပိုင်းချစ်က ကျွန်မပခုံးကို ပွေ့ဖက်ပြီး...

"ရှက်စရာ မလိုပါဘူးအေ၊ ဘယ်သူသိတာ မှတ်လို့၊ မြန်မြန်ကြီးပွားချမ်းသာဖို့က အဓိကပဲ့၊ ဒါမှ ရွာက ညည်းအမေနဲ့..."

"အိုရှင်...ကျွန်မတို့ ငတ်သေချင်သေပလေ့စေ၊ ဒါမျိုး သုံးဝ မလုပ်စားဘူး အန်တီ၊ တော်...တော်ပါတော့ရှင်၊ ကျွန်မ ရှက်တယ် အိပ်တော့မယ်"

"ဩော်...ညည်းက ငါကျွေးမွေးစောင့်ရှောက်ခဲ့တဲ့ ကျေးဇူးကိုမှမထောက် ငါ့ကို ဆန့်ကျင်ချင်တဲ့ သဘောပေါ့ ဟုတ်လား မိခင်နှင်းရီ"

ကျွန်မ ဘာမှ ပြန်မပြောတော့ပါဘူး၊ နားနှစ်ဘက်ကို ပိတ်ထား



www.burmeseclassic.com

www.burmeseclassic.com



လိုက်တယ်။

"ညည်း စဉ်းစားပေါ့အေ၊ ငါ့စကား နားမထောင်ရင် ညည်း တစ်နေ့ နောင်တရလိမ့်မယ်"

ဒေါ်ခင်ဝိုင်းချစ် အခန်းထဲကနေ ဒေါ်နဲ့မောနဲ့ ထွက်သွားတော့ ကျွန်မအခန်းတံခါးကို ဂျက်ထိုးပြီး အသားတွေ တဆတ်ဆတ် တုန်နေတယ်၊ ကျွန်မ ဘာလုပ်ရမလဲ၊ လက်စသတ်တော့ ကျွန်မရောက်နေတာ မကောင်းတဲ့ အလုပ်ကို ဘိတ်တိတ်ပုန်း လုပ်စားနေတဲ့ လူကုံထံဟန်ပြ မိန်းမရှင် အိမ်ကိုပါကလား၊ ဘုရား ဘုရား...ဒီကိုလာနေတဲ့ အမျိုးသမီးတွေကလည်း ဟိုဒင်း...ဟို...ဟို"

ကျွန်မ သူတို့ အလိုကိုမလိုက်ဘဲ ကိုယ့်ရွာကိုယ်ပြန်နေရင် ရွာမှာ ပျိုးနုတ် ကောက်စိုက် ဆင်းဆင်းရဲရဲ နေရမယ်၊ ဒါပေမဲ့ သိက္ခာ ရှိမယ်၊ စိတ်ချမ်းသာမယ်"

သူတို့ စီစဉ်သလို အလိုလိုက်ရင်တော့ တစ်ခဏချင်း စီးပွား ဖြစ်လာမယ်၊ သို့သော် တစ်နေ့မဟုတ် တစ်နေ့ ဒီအကြောင်းတွေကို ကျွန်မ ရွာက အမေ မောင်၊ ညီမများနဲ့ ရွာက လူတွေများ သိသွားခဲ့ကြရင် ကျွန်မ တို့ မိသားစုအားလုံး အရှက်တကွဲ အကျိုးနည်းပြီ

ကျွန်မ တစ်ညလုံး ထိုင်စဉ်းစားတယ်၊ ခေါင်းတွေ ကိုက်လာတယ်၊

အိမ်ရှေ့ တိုင်ကပ်နာရီက (၁၂)နာရီ သံစုံတီးသံကြားမှ မှေးခနဲ အိပ်ပျော် သွားခဲ့တော့တယ်။

♛ ♛ ♛

(၇)

နောက်တစ်နေ့ မိုးလင်းလို့ ဈေးသွားပြန်ကာ ချက်ပြုတ်လည်း ပြီးရော...အန်တီ ဒေါ်ခင်ဝိုင်းချစ်ကို...

"အန်တီ မနက်ဖြန်ကစပြီး ကျွန်မ အလုပ်ထွက်တော့မယ်"

"အလို...အလုပ်က ထွက်တော့မလို့"

"ဟုတ်ကဲ့..."

"ညည်း...ထွက်ချင်တိုင်း ထွက်လို့ မရဘူးဆိုတာရော ညည်း သိရဲ့လား ခင်နှင်းရီ"

"အို...ဘာလို့ မရရမှာလဲ၊ ကိုယ် မလုပ်ချင်လို့ ထွက်တာ ဥစ္စာပဲ"

"ဟား...ဟား... ဟား ညည်းဘာမှ မသိသေးပါလား ခင်နှင်းရီ၊ ရတယ် ညည်းမလုပ်ချင်လို့ ထွက်ချင်ရင် ငါ့အကြွေး တစ်သောင်းကို ခုချက်ချင်းဆပ်ပြီးမှ ထွက်သွားပါ"

စိတ်ကူးသစ်တယ

www.burmeseclassic.com

www.burmeseclassic.com



"ရှင်...အကြွေးတစ်သောင်းဟုတ်လား၊ နေပါဦး.. ကျွန်မ ဘယ်တုန်းကများ အန့်တီဆီက ငွေချေးဖူးလို့လဲ"

ကျွန်မ ထိုင်နေရာကနေ ငေါက်ခနဲ ထရပ်လိုက်ပြီး သူနှင့် မျက်နှာချင်းဆိုင်လိုက်တယ်၊ သူ့ဆီက ငွေချေးဖို့ နေနေသာသာ ကျွန်မ ရတဲ့ လခကို သူရှာသွားတိုင်း ကျွန်မ လူကြုံပါးပါးနေတာဥစ္စာ၊ ဒီတင် သူက မထိမဲ့မြင် အပြုံးမျိုး ပြုံးပြီး...

"ဟင်း...ဟင်း...ဟင်း ညည်းက ငါ့အကြောင်းတွေကို မသိ သေးပဲကိုး၊ ဒီမှာ ညည်းအမေက ညည်း မသိပါစေနဲ့ဆိုလို့ ငါက မပြောဘဲ ဖုံးထားရတာရယ်၊ ညည်းက အချိုးတစ်မျိုး ပြောင်းလာ တော့လည်း ဖွင့်ပြော ရတာပေါ့အေ၊ ငါ ညည်းလခကို ညည်းအမေဆီ သွားပို့တဲ့နောက်ဆုံးအခေါက်တုန်းက သူက အရေးပေါ်ငွေလိုနေလို့တဲ့ ငွေတစ်သောင်းလောက် ချေးခဲ့ပါတဲ့၊ အဲဒီငွေကိုလည်း ညည်းလခထဲက လစဉ်အရစ်ကျ ဖြတ်သွားပါတဲ့၊ ဒါနဲ့ ငါချေးခဲ့တယ်၊ ကဲ...ညည်း သိပြီမို့လား၊ ဒီတော့ ညည်းအလုပ်က ထွက်ချင်ရင် ငါ့ငွေတစ်သောင်း ကိုဆပ် ဒါမှ မဟုတ်ရင်"

သူက စကားဆုံးအောင် မပြောဘဲ ကျွန်မကို ပြုံးထော့ထော့နဲ့ စိုက်ကြည့်နေတယ်၊ ကျွန်မ သိပ်အံ့ဩသွားခဲ့ရပါတယ်၊ ဒေါ်ခင်ပိုင်းချစ် ပြောတာ ဟုတ်ရောဟုတ်ရဲ့လားလို့ သံသယဝင်မိပါတယ်၊ သွားမေးကြည့် ချင်ပေမဲ့ ကျွန်မရွာကို ခဏတဖြုတ် ပြန်ခွင့်မရပါဘူး၊ ကျွန်မ သူ့ကို ကျောခိုင်းပြီး ချုံးပွဲချ ငိုလိုက်တယ်၊ ကျွန်မရင်ထဲမှာ အကြွေး ငွေတစ်သောင်း ကျပ်အတွက် ရင်တွင်း ဗလောင်ဆူနေပါပြီ...လေ

❦ ❦ ❦

(၈)

ခု ရက်ပိုင်းအတွင်း အန့်တီနဲ့ ဦးပီတာလှချစ်တို့က ကျွန်မကို ချော့ချော့မော့မော့လုပ်လာတယ်၊ တစ်ခါတစ်ခါ သူတို့နှစ်ဦး တီးတိုးတီး တိုး သဖန်းထိုးလုပ်ရင်း ကျွန်မကို နောက်------ ရိသဲ့သဲ့လုပ်လား လုပ်တယ်၊ အထူးသဖြင့် ဦးပီတာကြီးပါပဲ။

တစ်ခါတစ်ခါ ကျွန်မပခုံးကို ကိုင်လိုက်၊ တင်ပါးကို ပုတ်လိုက်၊ ကျောကို ပုတ်လိုက်လုပ်တယ်၊ ကျွန်မက မျက်နှာထိ မျက်နှာထားနဲ့ လုပ်ပြ ပေမဲ့ သူက တစ်နေ့တခြား ရဲရဲလာတယ်။

ဒီလိုနဲ့...တစ်ည...အဲဒီညက...

တော်သလင်းလကွယ်နေ့ည . . .ကျွန်မ အိပ်မောကျနေ ချိန်မှာရယ်၊ ကျွန်မ အိပ်မောကျနေချိန်မှာရယ်...။

အပြင်က အဆက်မပြတ် တံခါးခေါက်သံများကြောင့် ကျွန်မ နိုးလာတယ်၊ အချိန်မတော်ကြီးမို့ ဖွင့်မပေးရဲတာနဲ့ ဘယ်သူလဲလို့ မေး လိုက်တော့ အန့်တီကြီးရဲ့ အသံနဲ့ ငါပါတဲ့၊ တံခါးဖွင့်ပါဦးဆိုလို့ ဘာများ အရေးကြီးလို့လဲဆိုပြီး တံခါးဂျက်ကို ဖြုတ်လိုက်ပါတယ်၊ တံခါးလည်း ပွင့်ရော အခန်းထဲကို အရင်ဆုံးဝင်လာတာက အရက်နံ့ တထောင်း ထောင်းနဲ့ ဦးပီတာလှချစ်ပါ၊ ကျွန်မ အံ့ဩလို့ ပါးစပ်ဟနေစဉ်မှာပင် ဒေါ်ခင်ပိုင်းချစ် က ကျွန်မကို ပြုံးပြုံးကြီးကြည့်ပြီး လှည့်ထွက်သွားပါတယ်၊ ကျွန်မ သတိရပြီး သက်ဝင်လှုပ်ရှားလိုက်ချိန်မှာတော့ ဦးပီတာက တံခါးကို ဂျက်ထိုးပြီး ကျွန်မ ပခုံးနှစ်ဘက် သူ့လက်ကြမ်းကြီးနဲ့ ဆုပ်ဖက်လို့ အိပ်ရာပေါ်ကို အတင်း တွန်းလှဲချပါတယ်။

ကျွန်မက ရုန်းကန် အော်ဟစ်တောင်းပန် အသနားခံခဲ့ပေမဲ့ သူက လုံးဝ မညှာတာခဲ့ပါဘူး၊ ကျွန်မပါးစပ်ကို ပိတ်လိုက်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



လည်ပင်းကို လည်း ညှစ်ထားတယ်၊ ကျားနဲ့သမင်ရဲ့ နပန်းပွဲမှာ သမင်မျက်ရည်ကျရတာ ထုံးစံပါပဲ၊ မကြာခင် ကျွန်မ သူပြုသမျှ နရတဲ့ဘဝကို ရောက်သွားခဲ့ရပါတယ်။

ကျွန်မရဲ့ သန့်စင်မြတ်နိုးတန်ဖိုးထားခဲ့တဲ့ အပျိုရည်ဘဝကတော့ လမိုက်ညသန်းခေါင်ယံမှာ ပွဲစဉ်ကြေခဲ့ရပါပြီ၊ ကျွန်မ ရှိုက်ငိုနေစဉ်မှာ သူက ကျွန်မကို ချော့ပြီး လုပ်စရာရှိတာများကို ဆက်လုပ်ဖို့ စည်းရုံး နားချပါတယ်၊ ပြောလို့ဝတော့ ကျေနပ်မောပန်းစွာနှင့် အရက်ကင်းမဲ့စွာ အိပ်ရာပေါ်မှာ ပက်လက်လှန်ပြီး အနားယူနေပါတယ်၊ ကျွန်မ ထဘီကို မြင်ဝတ်ရင်းအပြင် ကို ထွက်မယ်လုပ်တော့...

"ဘယ်လဲ"

ကျားဟိန်းသလို ဟိန်းရင်း သူက လှမ်းအော်လိုက်တယ်။

"ကျွန်မ အိမ်သာတက်ချင်လို့"

"ပြီးရင် မြန်မြန်ပြန်လာနော် အဟဲ...ဟဲ...ဟဲ.. ဟီး"

ရွံရှာစက်ဆုပ်ဖွယ်ကောင်းတဲ့ ရယ်သံကြီးနဲ့ သူ့ရင်ဘတ်က အမွေးများကိုပွတ်ပြီး ကျွန်မကို အာသာငမ်းငမ်း စိုက်ကြည့်နေပုံများ ကျွန်မ မီးဖိုဆောင်ဘက်ကို လှမ်းဝင်လိုက်တယ်၊ အိမ်သာက အဲဒီထဲမှာ ဒါပေမဲ့ အိမ်သာထဲကို မဝင်ဘူး။ ပန်းကန်စင်ပေါ်က သားလှီးဓားကို ကောက်ကိုင်ပြီး နောက်ကျောခါးကြားမှာ ဝှက်ယူလာလိုက်တယ်။

အခန်းထဲလည်း ရောက်ရော လူယုတ်မာကြီးက ကျွန်မလက်ကို လှမ်းဆွဲပြီး သူ့ရင်ဘတ်ပေါ်ကို ဆွဲယူလိုက်တယ်၊ ပြီးတော့ မျက်စိမှိတ်ပြီး ဖိမ်ယူနေတယ်၊ ဒီအချိန်မှာပဲ ကျွန်မညာလက်က ကျောနောက်ကဓားကို ဆွဲထုတ်ပြီး အကြီးဖလာကျင်းနေတဲ့ သူ့ရင်ဝကို အားကုန်ထိုးစိုက်ချလိုက်တယ်။

"အား...အား"

အသံနက်ကြီးနဲ့ သူ ကြုံးအော်တယ်၊ ကျွန်မက သွေးဆူနေပါ





ပြီ၊ ဓားကို မနှုတ်ဘဲ ဖိချလိုက်တယ်၊ မကြာဘူး သူလူးလွန့်ပြီး ငြိမ်ကျသွားတယ်၊ ကျွန်မ ကိုယ်ပေါ်မှာ သွေးစေးတွေ ပေကျံကုန်ပြီ၊ ဓားကို ဆွဲနှုတ်လိုက်တယ်၊ ရင်ဝက သွေးတွေက အိပ်ရာခင်းပေါ်ကို စီးကျလာတယ်၊ ကျွန်မကိုယ်ကို သရဲဘီလူး စီးသွားပါပြီ၊ ကျွန်မရဲ့ အရက်နဲ့ဘဝကို ဖျက်ဆီးတဲ့ လူတစ်ယောက်တော့ လူ့ဘဝက အပြီးထွက်သွားခဲ့ပြီ၊ တစ်ယောက် ကျန်သေးတယ်။

ကျွန်မ သွေးစွန်းနေတဲ့ သားလှီးဓားချွန်ကို ကိုင်ပြီး ဝိညာဉ်စီးနေတဲ့လူလို အပေါ်ထပ်ကို ပြေးတက်လာလိုက်တယ်၊ ဒေါ်ခင်ဝိုင်းချစ် အခန်းရောက်တော့ တံခါးကို ခေါက်လိုက်တယ်၊ 'ဘယ်သူလဲ'တဲ့၊ 'ကျွပ်ပါ' လို့ ခပ်တည်တည်နဲ့ အသံဖျက်ပြောလိုက်တော့ ဦးပီတာမှတ်ပြီး တံခါးကို ဖွင့်လိုက်တယ်၊ သွေးသံရဲရဲနဲ့ ဓားကြီးကိုင်ပြီး ခက်ထန်စွာကျောနေတဲ့ ကျွန်မကို ဖြန်းစားကြီး မြင်လိုက်ရရော ဒေါ်ခင်ဝိုင်းချစ် လန့်အော်လို့ သူ့ခုတင်ပေါ်ကို လဲကျသွားခဲ့တယ်၊ ဒီအချိန်မှာပဲ သွေးဆာနေတဲ့ ရက်ညှိုးနဲ့ နာကြည်းနေတဲ့ ကျွန်မက ညာလက်ထဲက ဓားနဲ့ သူမရဲ့ လည်ပင်းကို ထိုးစိုက်ချလိုက်တယ်။

စူးစူးဝါးဝါး ဗလုံးဗထွေး အော်ဟစ်ရုန်းကန်ရင်း မကြာဘူး ငြိမ်ကျသွားတယ်၊ ဒီအချိန်မှာပဲ အခြားအခန်းများက ပျော်ပါးနေကြတဲ့ လူတွေလည်း လန့်ဖျပ်ပြီး ပြေးထွက်လာကြတယ်၊ မြင်ကွင်းကိုလည်း တွေ့သွားရော ထဘီမနိုင် ပဝါမနိုင် ပြေးကြပါလေရော၊ ကျွန်မ ထွီခနဲ တံတွေးတစ်ချက် ထွေးလိုက်ပြီး ပွင့်နေတဲ့ ခြံတံခါးဝကနေ လမ်းပေါ်ကို ပြေးထွက်လာ လိုက်တယ်၊ ဘယ်ကို သွားရမှန်းမသိဘူး၊ ဒါနဲ့ ခြေဦးတည့်ရာကို ပြေးလာတုန်း 'ဟိတ် ရပ်လိုက်'ဆိုတဲ့ ဆရာကြီးတို့ ဗိုလ်ကြီးတို့ အသံကို ကြားလိုက်ရပြီး...

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၉)

"ကျွန်မ လူမသတ်ချင်ပါဘူး၊ ဗိုလ်ကြီးရယ်၊ ကျွန်မ...ကျွန်မ ရှက်လွန်း နာကြည်းလွန်းလို့ လုပ်...လုပ်မိတာပါ၊ ကျွန်မကို ကယ် ကယ်ကြပါဦးရှင်။ ကျွန်မ ထောင်...ထောင်ကျမှာလား၊ သေဒဏ် ပေးခံရမှာလားဟင်၊ ကျွန်မ အမေနဲ့ မောင်လေး ညီမလေးတွေ ဒုက္ခ ရောက်ကုန်ပါပြီး ဗိုလ်ကြီးတို့ရယ်၊ ကျွန်မကို မကာယ်နိုင်တော့ဘူးလား ဟင်...ဟင် ဟို"

သူမဟာ အရူးတစ်ကောင်လို ငိုကြွေးပြီး တွေ့မြင်သမျှကို အားကိုးတကြီး တောင်းပန်နေပါတယ်၊ မိမိတို့ သူ့အဖြစ်ကို သနား စာနာမိပါသော်လည်း ဘာများ တတ်နိုင်ပါမည်နည်း၊ သူ့ကို သက်ညှာစွာ စဉ်းစားပေးနိုင် သည်က တရားဥပဒေရှေ့ထောင့်ပဲ ရှိပါတယ်၊ ဒါကြောင့် အားပေးစကား ပြောလိုက်ရပါတယ်။

"ဖြစ်သမျှကို ရဲရဲသာ ရင်ဆိုင်လိုက်ပေတော့ ညီမ၊ တရား ဥပဒေက ညီမရဲ့အခြေအနေကိုကြည့်ပြီး အကောင်းဆုံးဖြစ်အောင် ပေး ပါလိမ့်မယ်၊ ခုတော့ တို့များ ဥပဒေအတိုင်း ဆက်လက်ဆောင်ရွက်ရတာ ကို နားလည်ပါတော့...ညီမလေး"

မှုခင်းရောင်ရုံ
၂၀၀၃ခုနှစ်-ဒီဇင်ဘာ



www.burmeseclassic.com

www.burmeseclassic.com

# ရာဂမီးလျှံပြဒါးတစ်ရဲ့ ပြည်ပုံကားချဆိုင်းဆင့်

(၁)

ဦးကောင်းမြတ်ဦး

ငွေကြေးချမ်းသာတိုင်းသာ စိတ်ရောကိုယ်ပါ ချမ်းသာနေရမယ်ဆိုရင် (ကျုပ်တို့မြို့မှာ) ကျုပ်ထက် ပျော်စရာကောင်းမယ့်သူ ရှိမှာမဟုတ်ပါဘူးဗျာ။ ကျုပ်မှာ စက်ပစ္စည်း အရောင်းကုမ္ပဏီကြီးတစ်ခု၊ အဝေးပြေးကား သုံးစီး။ ကိုယ်တိုင်သုံး တစ်စီးရှိတယ်။ ငွေဆိုတာ ရေလိုသုံးနိုင်တယ်၊ အရင်က ကျုပ်အသောက်အစား နည်းနည်းရှိခဲ့တယ်။ အခု အသက်(၅၀)ကျော်မှ အရက်ကို ရေလိုသောက်တဲ့ဘဝကို ရောက်တော့တယ်။

ကျုပ် နေ့စဉ်မူးနေတယ်။ ရက်စတောရင့်မှာလည်း သောက်တယ်။ အိမ်က တိုက်ကိုရောက်ရင်လည်း သောက်တယ်။ မူးပြီး သတိလက်လွတ်ဖြစ် အောင်ကို သောက်တယ်။ မသောက်လို့ မဖြစ်ဘူး။





ကျုပ် ကိုယ့်ကိုကိုယ် သတ်သေချင်နေတယ်ဗျာ။

ဘာလို့လဲ သိလား။ ဒီလိုဗျာ–

ပထမအိမ်ထောင်နဲ့ သမီးတစ်ယောက်ရပြီး အဲဒီသမီး အိမ်ထောင်ကျသွားချိန်မှာ သမီးတို့အမေ ဒေါ်ခင်မာရီ (ရီရီ) ကွယ်လွန်သွားခဲ့တယ်။ ကျုပ်ရဲ့ ငယ်ချစ် - ချစ်ဇနီးပေါ့။

သိပ်မကြာလိုက်ဘူး။ နဖူးစာ မင်ရည်ပျစ်ချင်တော့ ရီရီထက်ချစ်ရမယ့် သူတစ်ဦးနဲ့ တွေ့ဆုံခဲ့ရတယ်။ သူ့ကို ညှော်ခံပွဲတစ်ခုမှာ စတွေ့ခဲ့တာ။ လှသလား မမေးနဲ့။ ရင်ဖိုအောင်ကို လှတာ။ အသားအရောဖုလဲအနုစ်လိုပဲ နှုတ်ခမ်းနှစ်လွှာ ရှန်းစိုနေပုံက အိပ်ပူးပြီး စိုနေတာမျိုး။ နှုတ်ခမ်းလေးများဗျာ ညာဘက် ပါးပေါ်မှာလည်း စံပယ်တင်မှဲ့တစ်လုံးနဲ့ သူ့အပြုံးကိုမြင်ရင် အူတွေ အသည်းတွေ ကြွေလုလုကို ဖြစ်သွားတာပဲဗျာ။

အိအိသွဲ့သွဲ့ တင်ပါးဝိုင်းအစုံက မောက်ကားပြီး စွင့်နေတာတလည်း ကျုပ်ရင်ကို ဒိန်းဒလိန်း နတ်ဖမ်းစားနေတယ်။ ဖွံ့ထွားတဲ့ရင်အစုံကလည်း မျက်စိကို မခွာချင်ဘူး။ ဒီလို မက်မောမှုများကြောင့် ကျုပ် ရွဲလမ်းခဲ့ရတယ်။

အဓိကက ငွေပဲဗျာ။

ကျုပ် သူ့ကို ရင်းနှီးဖို့ ငွေလမ်းခင်းပြီး ရင်းနှီးမှုရယူလိုက်တယ်။ သုံးကြိမ်မြောက် စကားပြောပြီးချိန်မှာ ကျုပ်တို့ လက်ထပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ဒီကိစ္စကို သမီးက သဘောမတူဘူး။ သူနဲ့မှ မိထွေးက ရွယ်တူကိုး။ နောက်ဆုံး မနည်းနားချတော့မှ မျက်နှာညှိုးညှိုးနဲ့ ဆိတ်ဆိတ်နေခဲ့တယ်။ ဒါပေမယ့် သမီးနဲ့ ကျုပ်ဇနီး လုံးဝစကားမပြောခဲ့ကြဘူး။ ရှက်လို့တဲ့။

ပြောရဦးမယ်။ ကျုပ်ရဲ့ ထူးခြားချက်က ဆံပင်ရှည် လုံးဝမထားဘဲ ခေါင်းတုံးပြောင်ပြောင်နဲ့ နေတဲ့ကိစ္စပဲ ဒီမှာ ဇနီးအသစ်လေးက အစ်ကိုကြီး 'ဘိုကေ' ထားပါတဲ့။

"ဘာလို့လဲ ညီမရဲ့၊ ကိုကြီးက ခေတ်မီအောင်ဝတ်နေတာပဲ၊



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ ဆံပင်မရှိလို့ ညီမက တွဲသွားရမှာ ရှက်လို့ ဟုတ်လားဟင်း... ဟင်း...ဟင်း''

''မရှက်ပါဘူး၊ ဟို...ဟို''

''အမလေး ချစ်ရယ်၊ တန်ဖိုးကြီးကြီး ဦးထုပ်တွေ တစ်လုံးပြီး တစ်လုံး ပြောင်းဆောင်းရင် ညီမနဲ့ အစ်ကိုကြီးက ခွေးနဲ့ထက်ထက်မိုးဦး လိုပါပဲဗျ၊ ဟား...ဟား...ဟား''

အဲဒီလိုပြောပြီး...။

''အစ်ကိုကြီးရယ် ညီ...ညီမ...မွန်းလို့ပါကွယ်၊ လွှတ်ပါဦး''

အဲဒီလို တက်ကြွတဲ့အချစ်မျိုးနဲ့ အယုအယမျိုးတွေနဲ့ (၆)လ လောက် အချစ်ချောင်းထဲ စီးမျောလို့ ကောင်းတုန်း မမျှော်လင့်ဘဲ ကားအက်ဆီးဒင့်ဖြစ်ပြီး ကျုပ်ရဲ့ အာရုံကြောတစ်ခု ထိခိုက်သွားခဲ့ရတယ်။

အထူးကုဆေးခန်းမှ နောက်ဆုံးပြန်လာတဲ့အချိန်မှာ ဆရာဝန်ရဲ့ ပြောစကားကြောင့် စိတ်ဓာတ်တွေ အကြီးအကျယ်ကျခဲ့ရတယ်၊ ဒါပေမယ့် မယုံဘူး။

ညဘက် ကျုပ်ဇနီးနဲ့အတူ အိပ်တဲ့အချိန်ကျမှ ဒီရောဂါက သက်သေခံတော့တယ်။ ကျုပ်...ကျုပ်...မစွမ်းတော့ဘူး။

ကျုပ်...ကျုပ်...လူဖြစ်ရှုံးသွားခဲ့ပြီ။

''ခွမ်း''

''အို...အစ်ကိုကြီး''

ကျုပ် အရက်ခွက်နဲ့ နံရံကို ပစ်ပေါက်လိုက်ပြီး အရူးတစ်ယောက် လို ထအော်ပစ်လိုက်တယ်။ မောဟကြီးစွာ အခန်းထဲမှာ ထိုင်လိုက် ထလိုက်၊ တောက်ခေါက်လိုက် လုပ်နေမိတယ်။ ညို့အားများလှတဲ့ သွေးကြွဖွယ် အလှရမ္မက်များနဲ့ ပြည့်လျှံတဲ့ သူမရဲ့ ကိုယ်လုံးကို အရူး လိုကြည့်နေပါတယ်။ ကျုပ်...ရူးနေသလိုပဲ။

''ဆေးကောင်းတွေ ပေါ်နေတာပဲ အစ်ကိုကြီးရယ်၊ တိုင်ပင်ပြီး





ကြည့်ဦးမှပေါ့နော် ရော့...အစ်ကိုကြီး ဒါလေးသောက်လိုက် နော့ နော်...''

သူမက အရက်ခွက်ကို ကမ်းပေးလိုက်တယ်။ စွန်တစ်ကောင် အစာသုတ်သလို ဆတ်ခနဲလှမ်းဆွဲပြီး တရှိန်ထိုး မော့ချလိုက်တယ်။

ဒါ တစ်နေ့တည်း တစ်ညတည်း မဟုတ်ဘူး။ နေ့စဉ် ညစဉ် ကျုပ် အကြောထဲကို ဘာဆေးမှ မတိုးတော့ဘူး။ ဆေးမတိုးတိုင်း အားဆေး ကြော်ငြာတွေကို လွှတ်ပြီး မေတ္တာပို့နေပါတယ်။

အဲဒါ ကျုပ်ကိုယ်ကျုပ် သတ်သေချင်တဲ့ ပထမ ပြည့်ဖုံး ကားအဖွင့်။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၂)

သုဇ္ဇာဝေစည်

အမေဆုံးပြီးကတည်းက အဖေတစ်ခု သမီးတစ်ခုဘဝမို့ ဖေဖေ့ကို ကျွန်မအမေလိုရော အဖေလိုပါ ချစ်ခဲ့ရပါတယ်။ မြန်မာစာနဲ့ ဘွဲ့တစ်ခုရပြီးနောက်ပိုင်း ဖေဖေသဘောကျတဲ့ မောင်နဲ့လက်ထပ်ပြီး မောင့်မိဘများလက်ဖွဲ့ပေးတဲ့ လုံးချင်းတိုက်မှာ လွတ်လပ်စွာနေခဲ့ရတယ်။ ဖေဖေဟာ အလုပ်ကအပြန် ကျွန်မတို့အိမ်ကို တစ်ခေါက်တော့ နေ့စဉ်ရောက်စမြဲပါ ဖေဖေက အရက်သောက်ပါတယ်။ အထီးကျန်ဘဝမို့ ဖြစ်စေ၊ ပေါင်းသင်းဆက်ဆံရေးအရ ဖြစ်စေ။ ကျွန်မသဘောမကျသော်လည်း ခွင့်လွှတ်စာနာလက်ခံခဲ့ပါတယ်။

ဖေဖေ့မှာ ထူးခြားချက်က ဦးခေါင်းကို ပြောင်အောင်ရိတ်တဲ့အကျင့်ပါ။

ထူးခြားလွန်းလို့ မေးကြည့်တော့ နှင့်အမေဆုံးတဲ့နေ့က အမှတ်တရအဖြစ် တစ်သက်လုံးထားသွားမှာတဲ့။ အဲဒီတုန်းက ရင်ထဲမှာ ဒီစကားအတွက် စိတ်မကောင်းလိုက်တာ။

ဖြစ်ချင်တော့ ကြည့်...ရေစီးကြောင်း ပြောင်းပုံများ...။

ဒီဇင်ဘာလဆန်းက စပြီး ဖေဖေအိမ်ကို အလာကျဲသွားခဲ့တယ်။





ပထမကနဦးတော့ အလုပ်များနေလို့ပဲလို့ ထင်ပါတယ်။ ဖုန်းဆက်ရင်လည်း မကိုင်ဘူး။ ဖေဖေက စားရင်လည်း ဆိုင်မှာစားတာ။

နောက်ပိုင်း သူငယ်ချင်းအမျိုးသား အမျိုးသမီးအချို့ရဲ့ သတိပေး စကားကြားတော့မှ ဖေဖေ သူ့ထက်အသက်အများကြီးငယ်တဲ့ အမျိုးသမီး ချောချောတစ်ယောက်နဲ့တွဲနေကြောင်း သိလိုက်ရတယ်။

ပိုတိကျအောင် ကျွန်မလိုက်လေ့လာခဲ့တယ်။

အသက်(၅၀) ဝန်းကျင်ရှိပေမယ့်။ ကျန်းမာသန်စွမ်းတာရယ်။ နုပျိုအောင် ဝတ်စားနေတတ်တာရယ်ကြောင့် အသက် (၄၀)ဝန်းကျင်လောက်လို့ ထင်ရပါတယ်။ ဖေဖေ့ရဲ့ ဥပဓိရုပ်ပါ။ ဒီလိုတွဲနေတာလည်း မောင့်ဝေယန် ချက်အရဆိုရင် 'အပျော်နေမှာပေါ့ ဝေရယ်'တဲ့။ နောက်တော့ မကြာဘူး အိမ်ကိုရောက်လာပြီး တဲ့တိုးပါပဲ။

"ဖေဖေ အိမ်ထောင်သစ်ထူတော့မယ် သမီး"

"ဟင်း...ဘယ်လိုဖြစ်ရတာလဲ ဖေဖေရယ်၊ အသက်ကြီးမှများ"

ကျွန်မက ကန့်ကွက်တယ်။ ဖေဖေက ရယ်တယ်...။

"ဖေဖေ စဉ်းစားကြည့်ပါ ဖေဖေ၊ ဖေဖေယူမယ့် ခြူးမွှင့်ဖွန်ဆိုတာ သမီးနဲ့မှ ရွယ်တူလောက်ရှိတာ ဖေဖေ၊ ဖေဖေနဲ့ရွယ်တူဆိုရင် ထား ပါတော့၊ ပြီးတော့ သမီး လေ့လာလို့ရသလောက်ဆိုရင် ဒီမိန်းမက ဖေဖေ့ကို ပိုင်းလုံး ထုပ်ချင်လို့၊ မိန်းမက ခေတ်ဆန်တာလည်း လွန်ရော၊ သူ့ရဲ့ အချိန်အတော် များများဟာ နိုက်ကလပ်တွေမှာ အချိန်ကုန်တယ်ဆိုတာရော ဖေဖေသိရဲ့လား ဟင်...ဖေဖေ"

"သိပါတယ် သမီးရယ်၊ သူက ခေတ်ပညာတတ်တစ် ယောက်ကိုး သမီးရဲ့၊ ဆိုရှယ်တော့ နည်းနည်းကျသပေါ့၊ နဖူးစာ ရွာလည်ခဲ့ပြီဥစ္စာ ဖေဖေ သမီးရဲ့ နောင်ရေးအတွက်လည်း အမွေကိစ္စတွေ စီစဉ်ပြီးပါပြီ၊ အဖေ့ကို စိတ်ချမ်းသာခွင့်ပြုပါ သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဖေဖေ တစ်နေ့ ဒုက္ခရောက်လိမ့်မယ် ဖေဖေ၊ သမီး အဖေ့ကို မမက်မောပါဘူး၊ ဖေဖေ စိတ်ဆင်းရဲရမှာကို ကြိုမြင်နေလို့ပါ"

"အဖေ ရင်ဆိုင်ရဲပါတယ် သမီးရယ်၊ မစိုးရိမ်ပါနဲ့"

နောက်ဆုံးတော့ ကျွန်မ လက်လျှော့လိုက်ပါတယ်။ အဲဒီအချိန်က စပြီး ဖေဖေ အိမ်ကို လုံးဝလှည့်မလာတော့ဘဲ ကားတစ်စီးနှင့် ဟိုတယ် တည်းလိုက်၊ မိုတယ် တည်းလိုက်၊ ပေလီ၊ ချောင်းသာသွားလိုက် ပုဂံဘုရား တွေလည်လိုက်နှင့် ချစ်ခြင်းရဲ့အရသာ ကြင်စဦးရဲ့အရသာကို ပျားရည်စိမ်လို့ ခံစားရင်း သမီးကို မေ့နေခဲ့တယ်။

(၆)လလောက်ကြာတော့ ဖေဖေ ကားအတ်ဆီးဒင့်ဖြစ်ရင်း ဆေးရုံ ရောက်ခဲ့တယ်။ အဲဒီကနေ အထူးကုဆေးခန်းမှာ ကုသခဲ့ပြီး များမကြာမီ ဖေဖေ ကျွန်မရဲ့အိမ်ကို ခြေဦးလှည့်လာတယ်။ အများ အားဖြင့် အိမ်ကို ရောက်ရင် ဖေဖေ မူးနေပြီ၊ မူးနေတဲ့ကြားကကို ဝယ်လာတဲ့ အရက်ပုလင်း ဖောက်ပြီး ရေခဲသေတ္တာထဲက ရေခဲတုံးနဲ့ ရောသောက်နေသေးတယ်။ ထမင်း ကျွေးရင် မစားဘူး။

အပြန်မှာ မောင်က လိုက်ပို့ရသလို တစ်ခါတစ်ရံ အိမ်မှာပဲ အိပ်ပျော်သွားခဲ့တယ်။ အဲဒီကျရင် အဖေ့ဇနီး မခြူးပွင့်ဖွန်ကို ဖုန်းဆက်လို့ ဖေဖေဒီမှာအိပ်မည့်အကြောင်းပြောလိုက်ရင် ခြူးပွင့်က ဘာပြောတယ် မှတ်လို့ လဲ။

"တစ်သက်လုံးခေါ်ထားတဲ့"

တောက်...ပြန်ပြောမယ်လုပ်ရင် ဖုန်းချလိုက်ရော။ ပြန်ဆက် ရင် လုံးဝမကိုင်တော့ဘူး။ တစ်နေ့ ဖေဖေကို မေးကြည့်တယ်။ ဖေဖေ ဘာလို့ အရက်တွေကို တရားလွန်သောက်တာလဲလို့။ သမီး မသိပါဘူးတဲ့ မသိလို့ မေးတာပေါ့။ ဖေဖေရဲ့ဆိုတော့။

"မသိချင်ပါနဲ့ သမီးရယ်၊ ဖေဖေ သေသွားတာပဲ ကောင်း ပါတယ်"





အို...ဖေဖေ ဘာတွေ ဘယ်လိုများ ခံစားနေရလို့ပါလိမ့်။ ဘယ်လိုမေးမေး ဖေဖေက မပြော။ ဒါကြောင့် ကျွန်မ ဖေဖေ့ရင်ထဲက တလုံးပေါင်း သတ်ပုံများအကြောင်း ဘာမှ နားမလည်ခဲ့။

♛ ♛ ♛

(၃)

ခြူးပွင့်ဖွန်

ကျွန်မကို ဒီလိုကြီး မျက်တောင်မခတ်စတမ်း ကြည့်နေကတည်းက သူ ကျွန်မအပေါ် ညွှတ်နေပြီဆိုတာ ရှစ်စင်က ဂျင်ခြေလည်တဲ့ 'ကျွဲ'ပဲလေ သိလိုက်တာပေါ့။ အပွန့် ဒီလူကြီးက အရမ်းချမ်းသာတယ်တဲ့။ အရောင်း ကုမ္ပဏီလည်း ရှိတယ်။

ဟိုင်းဝေးကားတွေလည်း ရှိတယ်။ မှဆိုးဖို။ သူ့သမီးက အိမ် ထောင်ရှင်။ သူတစ်ယောက်တည်း အထီးကျန် တစ်ကိုယ်တည်းဆိုတော့ ရက်စတော့ရင့်နဲ့ ကာရာအိုကေ နိုက်ကလပ်တွေက သူ့ရဲ့အပန်းဖြေ နေရာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



သူဟာ ကျွန်မရဲ့ သားကောင်ပါ။ ကျွန်မ သူ့ကို ပြုံးပြလိုက်တယ်။ ဟုတ်ကဲ့ . . .ကျွန်မရဲ့ ညို့မျက်ဝန်းက တောသုံးကောင်ကို အရှက်ခြွေမယ့် ကျားမတစ်ကောင်ရဲ့ ပရိယာယ်ပါ သူက ခေါင်းညိတ်ပြီး ပြန်ပြုံးပြတယ်။ ဘာကြောလို့လဲရှင် တီးဝိုင်းခေါင်းဆောင် ကိုချော ထွန်းမြတ်ရဲ့ မိတ်ဆက်ပေးမှုနဲ့ ရင်းနှီးမှုတွေ ပေါင်းစပ်သွားခဲ့တယ်။

အဲဒီအချိန်ကစပြီး သူက ကျွန်မအပါးက တစ်ဖဝါးမခွာနိုင်တော့ဘူး။ ကျွန်မ ငှားနေတဲ့တိုက်ခန်းကို ကားနဲ့လာကြိုလား ကြိုရဲ့။ ဓာတ်သောက်ဆိုင် [illegible]ည်ကြီးတွေကို တကူးတကန့် ခေါ်သွားလား ခေါ်ရဲ့။ [illegible]တစ်ချက် ရှုလိုက်တာနဲ့ သူက ဝေသန္တရာလုပ်ဖို့ အသင့်။ နိုက်ကလပ်ညများမှာ ကျွန်မရဲ့ ဆင်စွယ်နှစ်ရောင် လက်ချောင်း လေးတွေကို ယုယုယယ ဆုပ်ကိုင် နည်းနည်းထွေလာရင် ကျွန်မပခုံးကိုမှီ ကျွန်မပါးကို ထွက်သက်လေနဲ့ တို့ကစား။

ဟုတ်ကဲ့ . . .။

မယ်ကုဝဏ်ဏတ်ကြမ်းကိုပေါ့။

''အပလီခရာပိ

ယဉ်ဆိုရင် မနောဓာတ်

ဒူးကိုတောင် ဖြတ်ဝံ့ရဲ့

လပ်စေတော့ ကာလာသား

ကျွန်မနဲ့ညားခဲ့ရင်

ငါးဆုပ်သစ်တောင် လူသေ

ကောင်ပင် . . .

ထောင်၍ သေရမတဲ့'' တဲ့ . . .အဟင်း . . .ဟင်း . . ဟင်း . .။ အသက်မရှိတဲ့ သစ်သားတုံး လူသေကောင်မင့် ခြူးပွင့်ဖွန်နဲ့ တွေ့ရင် အသက်ပြန်ဝင်ရပါစေမယ်။ ရှင် သူလား . . .။ ကျွန်မ ရင်ခွင် ထဲမှာ ခေါင်းအုံးအိပ်ရတာ အပျော်ဆုံးတဲ့။ အဟင်း . . .ဟင်း . . သူဘာ





လိုချင်သလဲ။ ဘယ်လို လူစားလဲဆိုတာ အူထဲအထိ ဖောက်မြင်ပါတယ်။ ခြူးပွင့်ပါ . . .။

ကျွန်မ သူ့ကို စပါးကြီးမြွေ ညို့သလို တစ်ရစ်ချင်း ညို့လိုက်တယ်။ အံမယ် . . .သူက အသက်သာကြီးတယ်နော် အဟင်း . . .မပြောလိုက်ချင်ဘူး။ ကျွန်မကလည်း ငွေကိုသာ အချိန်မရွေး ရမယ်ဆိုရင် ငရဲပြည်တောင် ညအိပ်လိုက်ရဲတဲ့ မိန်းမလေ အဟင်း . . .ဟင်း . . ဟင်း။

အချိန်တိုတိုအတွင်း သူနဲ့ကျွန်မ လက်ထပ်သွားဖြစ်ခဲ့တယ်။ အမွေ သိန်း(၁၀၀)လောက်ကို ကျွန်မနာမည်နဲ့ လွှဲပေးနိုင်ခဲ့တယ်။ ပိုင်ပါ တယ်နော်။

သူ မြတ်နိုးတာကလည်း ကျွန်မရဲ့ ခန္ဓာကိုယ်ပေါ်က နူးညံ့တဲ့ အလှနဲ့ အတီအတာ အယုအယတွေပဲလေ။ သိတာပေါ့။ ဒီပညာက ကျွန်မရဲ့ ကျွမ်းကျင်ဘာသာရပ်ပါ။ နေ့စဉ် နေ့စဉ် ဒီသီချင်းနဲ့ ကျွန်မ သူ့ကို အိပ်ရာ ဝင်စေခဲ့တယ်။ ဒီဆယ့်နှစ်ကြိုးနဲ့ ညစဉ် ဖမ်းစားနိုင်ခဲ့တယ်။ သူ ကျွန်မ အပေါ် စွဲလမ်းသွားခဲ့ပါပြီ။

သူရော ကျွန်မရော မိုးမမြင်လေမမြင် ပျော်လို့ အကောင်းဆုံးအချိန်မှာပဲ သူကံဆိုးချင်လို့လား ကျွန်မကံကောင်းချင်လို့လား မသိဘူး။ (၈)မိုင်မှာ ကားမှောက်ရင်း လူမသေခဲ့ပေမယ့် အာရုံကြော တစ်ခုထိခိုက်ပြီး ယောကျ်ား စွမ်းရည် သေသွားခဲ့ရသည်။

သူက ညစဉ် ကျွန်မရဲ့ ခန္ဓာကိုယ်ကို ဖေွဖက်ရင်း ကလေးဆိုးကြီးလိုလို အရူးလိုလိုနဲ့ ရှိုက်ကြီးတငင် ငိုခဲ့တယ်။ သည့်နောက်ပိုင်း အရက်ကို ကျွန်မထက်ပိုချစ်သွားခဲ့တယ်။ ကျွန်မ သူ့ကို တရားမချနိုင်ပါဘူး။ ကျွန်မက အပျော်ကြိုက်တဲ့ မိန်းမဉစ္စာ။ ဒီတော့ သူမပါလည်း တိုတုန်းကလိုပဲ နိုက်ကလပ်တွေကို သွား။ အချိန်ကုန်မှ ပြန်လာ။ ဒီ အချိန်မှာ လင်တော်မောင်ကြီးက အန်ဖတ်တွေနဲ့ တခေါခေါ[illegible]က်။



www.burmeseclassic.com

www.burmeseclassic.com



ဇာတာတက်ချင်တော့ ကြည့်။

ဒေးဗစ်ကျော်နဲ့ပြန်တွေ့တယ်။ သူလား သူက ကျွန်မရဲ့ငယ်ချစ်လေ။ အခု ကားပွဲစားလုပ်နေသတဲ့။ ကြည့်ပါလား။ ရှိုးက 'အိုဗာ'တောင်ဖြစ်လို့ ကျွတ် . . မှန်းစရာ။ ကျွန်မနဲ့လည်း ပြန်ဆုံရော သိတယ်မို့လား။ အသိုက်ပျက်တဲ့ ငှက်နဲ့ အရွက်မဲ့တဲ့ သစ်ပင်။

ကြောင်ခံတွင်းပျက်နဲ့ ဆက်ရက်တောင်ပံကျိုး ပြောပြော ကျွန်မရဲ့ ဆန္ဒတွေ ပြည့်ဝသွားခဲ့တယ်။ ဒီလိုနဲ့ ကျွန်မနဲ့ ဒေးဗစ် ရာဂမီးလျှံတွေကို အာသာငမ်းငမ်း ဝါးစားနေလိုက်ကြတာ အိမ်က အဘိုးကြီးကို သတိမရ တော့သလောက်ပါပဲ။

❦ ❦ ❦

(၄)

တော်င်ပြိုတဲ့နေ့

စိတ်ရောကိုယ်ရော မလန်းဆန်းတဲ့ကြားက အလုပ်ကိစ္စနဲ့ ခရီးထွက်ဖို့ ပေါ်လာတယ်။ ဒါကြောင့် ခြူးမွှင့်ဖွန်ကို တစ်ညအိပ်ကြာမယ်လို့။ ခြူးမွှင့်က အိမ်ဓာအထွက်မှာ ကန့်ကလျှရပ်ပြီး ကျူပ် လည်ပင်းကို ယီးလေး နိုရင်း။

"ကိုကြီး ကိစ္စပြီးရင် အိမ်ကို မြန်မြန်ပြန်လာနော်"

"ဘာဖြစ်လို့လဲ"

"လွမ်းလို့"

အို . . . ရင်ဘတ်ထဲကို အိုအေစစ်ဇိုက်ခင်းတွေ ပြေးဝင်လာသလိုပဲ။ သူမရဲ့ ခါးကျဉ်ကျဉ်ကလေးကို လှမ်းဖက်လိုက်တယ်။ အသွေးထဲကို ပူနွေးတဲ့ရသတစ်ခု စီးဝင်သွားခဲ့ပေမယ့် စိတ်ဓာတ်က ပန်းတိုင်ကို မရောက် ခဲ့ပါဘူး။ စိတ်ညစ်ညူးစွာ လှည့်ထွက်လိုက်တယ်။ သည့်နောက် ကားစက်ကိုနှိုးပြီး ထွက်လာခဲ့လိုက်တယ်။



www.burmeseclassic.com

www.burmeseclassic.com



"လမင်းသိန်းသန်း" စံရိပ်ငြိမ်မှာ လူစုပြီးစောင့်နေတုန်း ခနီး လမ်းကြောင်း အစီအစဉ်ဖျက်တယ်ဆိုတဲ့ ဖုန်းဝင်လာတာနဲ့ မထူးဘူးဆိုပြီး ကောင်းဆက်ပိုတယ်မှာ တစ်ဝိုင်းဖွဲ့လိုက်ကြတယ်။ ကျုပ် မမူးပါဘူး ခပ်ထွေထွေလေးပါ။ ဝိုင်းသိမ်းတော့ အိမ်ကို ကားမောင်း ပြန်လာ လိုက်တယ်။

တိုက်တံခါးဝကို လှမ်းကြည့်လိုက်တော့ အထဲမှာ ဘယ်သူမှ မတွေ့ဘူး။

ဘာတွေများ လုပ်နေပါလိမ့်။ အသာကားဟွန်းမတီးဘဲ ခြူးမွှင့် ကို အံ့သြသွားအောင် လုပ်မဟဲ့ ဆိုပြီး ခြံတံခါးဖွင့်ဝင်။

စေ့ထားတဲ့ ဘာဂျာတံခါးကို အသံမကြားအောင် အသာတွန်းပြီး အိမ်ထဲကို ဝင်လိုက်တယ်။ ခြူးညနေစာများ ချက်နေရောသလား၊ ဒါမှမဟုတ် အခန်းထဲမှာ အခွေထိုင်ကြည့်နေသလား။ အသာ ခန်းဆီး လိုက်ကာကို လှစ် ကြည့်လိုက်ရော။

"ဟယ်..."

ဟုတ်မှဟုတ်ရဲ့လားလို့ ကျုပ် မမူးပါဘူး။ အထဲက မြင်ကွင်း ကြောင့် မှင်တက်နေရာ လက်တွေ ရင်တွေ တုန်လာတယ်။ ပိုနိုင်လုံအောင် မကြည့်ချင်စရာမြင်ကွင်းကို ပြန်ကြည့်လိုက်တယ်။ ခြူးမှခြူးအစစ်။ တစ်ယောက် တည်းမဟုတ်ဘူး။ နောက်တစ်ယောက်နဲ့ အဲဒီတစ်ယောက်က ပုရိသ ယောကျာ်း။ သူတို့ အိပ်ခန်းထဲမှာ မျောက်ဖာတ်ကို ခင်းနေတယ်။

ကျုပ် တုန်ခါနေတဲ့ ရင်ကို ဖိရင်းမောဟိုက်နေတယ်။ ဘာလုပ် ရမလဲ။ ကျုပ်ရင်ထဲမှာ ရထားအစင်းပေါင်းများစွာ ခုတ်မောင်းနေကြပြီ ဒေါသနဲ့ နာကြည်းမှုတွေလည်း လိပ်လိပ်တက်လာတယ်။ ဒီအတွဲကို အိမ်နီးနားချင်း အကူအညီနဲ့ ဖမ်းပြီး ရဲစခန်းပို့ရင်ကောင်းမလား။ ဒါမှ မဟုတ် ငါကိုယ်တိုင် ဝင်ရိုက်ရင်ကောင်းမလား။ ဝင်ရိုက်ပြန်ရင် ခြူးက ဘယ်သူ့ဘက်ကပါမလဲ။ ရဲတိုင်ရင်လည်း တစ်ရက်က နှစ်ရက် ကွဲဦးမယ်။





ကျုပ်ရင်ထဲမှာ ဆို့နစ်လာ တယ်။ အံ့လည်း အံ့သြခဲ့ရတယ်။ နောက်ဆုံး ဝမ်းနည်းစွာနဲ့ အသာထွက် လာလိုက်တယ်။ ပြီးတော့ ဘာဂျာတံခါးကို ဂုန်းခနဲ ဆောင့်ပိတ်လိုက်တယ်။ အထဲက လှုပ်ရှားသံအချို့ထွက်လာတယ်။ ကျုပ်ကားပေါ်ရောက်ချိန်မှာ ဆံပင် ဖိုးရိုးဖားရား အင်္ကျီကြယ်သီး မလုံမလဲနဲ့ ခြူးက ဘာဂျာတံခါးကြားကနေ ကျုပ်ကို အံ့သြတဲ့ မျက်လုံးအစုံနဲ့ ကြည့်ရင်း တုန်နေတယ်။ ကျုပ် ကားကို ဒေါသတကြီး မောင်းထွက်လိုက်တယ်။

"တောက်...ရက်စက်လိုက်လေ ခြူးရယ်"

♛ ♛ ♛

www.burmeseclassic.com

(၅)

ဝက်ကွသချာ

"ဒေး...ဒေး...ဗစ်...ဘယ်လို လုပ်ကြမလဲဟင် အဘိုးကြီး ဆီ...သိသွားပြီ"

ကျွန်မရင်တွေ ခုန်နေပြီ။ ခေါင်းထဲမှာလည်း မီးတောက်နေပြီ။ ပြန်လာရင် ဒီကိစ္စ ရှင်းရတော့မယ်။ သူကရော ကျွန်မကို ခွင့်လွှတ်နိုင်ပါ့မလား။ ဒေးဗစ်က အကျီကြယ်သီးများကို တပ်ရင်း ပြန်ဖို့ ဟန်ပြင်နေတယ်။

"ပြောလေ ဒေးဗစ်၊ ခြူးတို့ ခြူးတို့...ဘာလုပ်ကြမလဲ"

"ခြူး...မင်းဘာဖြစ်ချင်သလဲ၊ ကိုယ်နဲ့တစ်ခါတည်း လိုက်ခဲ့မလား"

"အို...အဲဒီလိုလုပ်လိုက်ရင် ငါတို့ ပိုင်ဆိုင်ခွင့်တွေ ဆုံးရှုံးကုန်မှာပေါ့"

ဟုတ်တယ်လေ။ သိန်း(၁၀၀)ကျော်ဆိုတာ နည်းတာမဟုတ်ဘူး။





အဆုံးမခံနိုင်ဘူး။

"ရဲစခန်းကို တိုင်ရင်တော့ ငါတော့ ဒုက္ခပဲ"

"သူ...သူ...အဲဒီလိုတော့ အရှက်ကွဲခံမယ် မထင်ဘူး ဒေးဗစ်"

"မထူးဘူးဟာ ဒီလိုလုပ်ကြစို့"

"ဘာ...ဘာ...လုပ်မှာလဲ"

"ငါ သူ့ကို အပြတ်ရှင်းလိုက်မယ်"

"အို...နင် ထောင်ကျသွားမှာပေါ့"

"အချစ်က စိုးရိမ်လို့လား" ဒေးဗစ်က ကျဉ်းထဲကြပ်ထဲမှာတောင် ကျွန်မကို သူ့ရင်ခွင်ထဲ ဆွဲသွင်းရင်း ကျောကို သိုင်းဖက်လို့ ပါးချင်းကပ် ထားလိုက်တယ်၊ ကျွန်မ ရင်တွေ တုန်နေဆဲပါ။

"စိတ်ချပါ အချစ်ရယ်၊ မောင်နဲ့ အချစ်လည်း ခွေဘုံပေါ်မှာ စံရမယ်။ သူလည်း လူ့လောကကနေ အမြန်ဆုံးထွက်သွားနည်းကို မောင်တို့ နှစ်ဦး ခေါင်းအေးအေးနဲ့ စဉ်းစားတိုင်ပင်ပြီး ကြည့်လုပ်ကြတာပေါ့။ မင်းကသာ အဘိုးကြီး ပြန်လာလို့ ဒေါသတွေပေါက်ကွဲခဲ့ရင် မျက်ရည်ခံကလေးနဲ့ နောင် မလုပ်တော့ပါဘူးလို့ ပလီချွဲချွဲလိုက်ပေရော့။ ဟုတ်လား ကဲ.. ကိုယ်သွားမယ်။ ခြော်...အချစ် မောင့်ကို ငွေတစ်သောင်းလောက် ပေးလိုက်ဦးကွယ်...နော်...နော်"

❦ ❦ ❦

www.burmeseclassic.com

(၆)

အချစ်ရူးသမားရဲ့ ထွက်ပေါက်

ခွက်ထဲမှာ လက်ကျန်ကို ပက်ခနဲသောက်မော့ပြီးနောက် ဦးကောင်းမြတ်ဦး ဇက်တစ်ချက်လည်တယ်။

''လျှော့သောက်စမ်းပါ ကောင်းမြတ်ရာ၊ မင်း..အခု အရက်ရဲ့ ကျေးကျွန်ဖြစ်နေပြီ သိရဲ့လား။ အရက်သောက်ရင် ကျွန်မဖြစ်စေနဲ့ကွ၊ အရှင် သခင်ဖြစ်ပလေ့စေ။ မင်းကိုကြည့်ပြီး ငါ စိတ်ဆင်းရဲတယ် ကောင်းမြတ်၊ အသက်လည်း မငယ်တော့ဘူး။ မင်း ဘာလို့ ဒီလောက် သောက်နေတာလဲ ဟင်၊ ဟော့ကောင် မင်း မင်းမိန်းမနဲ့ အဆင်မပြေဘူးလား''

ဦးကောင်းမြတ်ဦး ဘာမှ ပြန်မပြော။ ကုလားထိုင်ပေါ်မှာ ခေါင်း နောက်လှန်ပြီး မရိတ်ဘဲ ပစ်ထား၍ ရှည်ထွက်နေသော ဆံပင်များကို လက်နှင့် ဆုပ်ကိုင်ပြီး ဆွဲနေတယ်။

''ငါ အရမ်းစိတ်ညစ်တယ် မြတ်မိုး''





''ငါ ဘာကူညီရမလဲ သူငယ်ချင်း''

''အေ့...အေ့...မင်း...မင်း ဘာမှ လုပ်လို့မရ ဘူး''

''ဒါဖြင့် မင်း အခု ဘာဖြစ်နေသလဲ ပြော''

''ငါ...ငါ...သေချင်တယ်''

''ဘာ''

သူ့စကားကြောင့် ကျုပ် မျက်လုံးပြူးသွားခဲ့ရတယ်။ ဒီကောင်နဲ့ ကျုပ်က ငယ်ပေါင်းတွေပါ။ ကျောင်းနေဖက်ပါ။ ဆိုးတူကောင်းဖက် သူငယ်ချင်းပါ။ ရင်ဖွင့်ဖော် ရင်ဖွင့်ဖက်ပါ။ သူ့ နောက်အိမ်ထောင်ပြုပြီး နောက်ပိုင်းမှ ပျက်စီးလာခဲ့တာ စည်းစိမ်ချမ်းသာသုခ မယားလှလှ ငယ်ငယ် ချောချောလေး ရထားပါလျက်နဲ့ အရက်သမားကြီးလုံးလုံး ဖြစ်နေတာကို စဉ်းစားလို့ မရဘူး။

''မြတ်မိုး...ငါ...လူသတ်ချင်တယ်''

''ဟာ...ကောင်းမြတ် မင်းမူးနေပြီ၊ လာ ဒီမှာ အိပ်ပလား''

''ဟား...ဟား...ဟား...မမူးပါဘူးကွ၊ ငါ အခု အိမ်ပြန်မယ်ကွ''

''ငါလိုက်ပို့မယ်နော်''

''မလိုပါဘူး မလိုပါ...ဘူး...ငါလေယာဉ်ပျံတောင် မောင်းနိုင်ပါတယ်ကွ''

သူ ဒယိမ်းဒယိုင် ထလိုက်တယ်။ ကျုပ်က နံဘေးကနေတွဲရင်း ကားဆီကို လိုက်ပို့လိုက်တယ်။ သူက သိက္ခာကျတယ် မတွဲနဲ့လို့ တွန်းဖယ် ရင်း ကားမောင်းသူနေရာဝယ် ထိုင်ကာ ကားကို မြင်းရိုင်းတစ်ကောင် ကာထွက်သလို မောင်းထွက်သွားခဲ့တယ်။ ဘုရား...ဘုရား သူ.. သူ ဘာမှ မဖြစ်ပါစေနဲ့။

ကျုပ် ဧည့်ခန်းထဲ ပြန်ဝင်လိုက်တော့ စာအုပ်တစ်အုပ်ရ က် တီကုလားထိုင်အကြားမှာ ကျနေတယ်။ ကောက်ကြည့်လိုက်တော့

စိတ်ကူးသစ်တယ

www.burmeseclassic.com

www.burmeseclassic.com



ကောင်းမြတ်ဦးရဲ့ ဒိုင်ယာရီစာအုပ်။ ဒါနဲ့ ဖွင့်ဖတ်မယ်လုပ်ပြီးမှ လူကြီး လူကောင်းတွေ အလုပ်မဟုတ်မှန်းသိတာမို့ စာအုပ်ကို သိမ်းထားလိုက်တယ်။ နောင်ကြုံမှ ပြန်ပေးမယ်လေ။

အဲဒီ ဒိုင်ယာရီကို အဲဒီနေ့က ကျုပ်ဖတ်မိခဲ့ရင် ကျုပ်သူငယ်ချင်း အခုလောက် ဘဝမဆိုးနိုင်ဘူး။ ခုတော့ စည်းစောင့်လိုက်တဲ့ ဟာကွက် တစ်ခုကြောင့်။

♛ ♛ ♛

(၇)

သေမင်းတံခါးသံ

မြို့ထဲကို ကားဝင်လာသံကြားတာနဲ့ ကျုပ် မြူးမွှင့်ကို ဖက်ထား ရာကနေ အခန်းတံခါးနောက်ကွယ်တစ်ခုမှာ ပုန်းနေလိုက်တယ်။ အဘိုးကြီး ဒယိမ်းဒယိုင်နဲ့ အတော့်ကို မူးနေတယ်။ မြူးမွှင့်က မြေးကြီးတွဲကူရင်း အိပ်ရာပေါ်ကို ပို့ပေးနေတယ်။ အဘိုးကြီးက မူးမူးရူးရူးနဲ့ မြူးမွှင့်ကို ဖက်လှဲချလိုက်တယ်။ မြူးမွှင့်ရဲ့ ပလီပလာညည်းညူသံဆုံးသွားတော့ သူ အိပ်ပျော်မောကျ သွားခဲ့တယ်။

"ရှူး...ဘယ်နဲ့လဲ"

"အိပ်ပျော်သွားပြီ"

"ဒါဆို ငါ အလုပ် စတော့မယ်"

ကျုပ်က တိုးတိုးလေးပြော၊ အိမ်ရှေ့က ဘောကျာတံခါးကို



www.burmeseclassic.com

www.burmeseclassic.com



ဆွဲဖိတ် လိုက်တယ်။ အဲဒီအချိန်မှာ တိုင်ကပ်နာရီက ည(၁၀)နာရီထိုးသံ ထွက်ပေါ်လာတယ်။

"မြစ်ပါမလား အေး...အေး...ဖက်ရယ်"

ခြူးမွှင့်က စိုးရိမ်ကြောက်လန့်တဲ့လေသံနဲ့ ကျုပ်လက်မောင်းကို ကိုင်လှုပ်ရင်းမေးလိုက်တယ်။ ခြူးမွှင့်ရင်ခုန်သံကို ကျုပ်အတိုင်းသား ကြား နေရတယ်။

"အသာနေစမ်းပါဟာ ...ရော့ ...ရင်ငြိမ်သွားအောင် ရေတစ်ခွက် သောက်လိုက်၊ ငါ့အလုပ်ကို ငါပီပြင်အောင် လုပ်နိုင်တယ်၊ ရော့"

ခြူးမွှင့်က ကျုပ်ကမ်းပေးလိုက်တဲ့ ခွက်ကို လက်နှစ်ဖက်နဲ့ လှမ်းယူပြီး အမိန့်အတိုင်း မော့ချလိုက်တယ်။ ရင်ခေါင်းထဲကို ခုန်ဆင်း ဝင်ရောက် သွားတော့ စောစောကလောက် မတုန်လှုပ်တော့။

"ခြူး...သွား...နင်အိမ်ရှေ့မှာ တီဗွီသွားကြည့်နေ"

သူမ အိမ်ရှေ့ခန်းကို ထွက်သွားသည်နှင့် ကျုပ် အသင့် ဆောင်ထားတဲ့ ပစ္စည်းနှစ်မျိုးကို ထုတ်လိုက်တယ်။ ပြီးတော့ မှူးပြီး အိပ်မောကျနေတဲ့ ဦးကောင်းမြတ်ရဲ့ ခေါင်းရင်းကို ဝင်ရပ်လိုက်တယ်။ မကြာခင်...။

♛ ♛ ♛

(၈)

မရဏမောင်းတီးသံ

အိမ်ရှေ့ညှို့ခန်းမှ အဆက်မပြတ်မြည်နေတဲ့ ဖုန်းကြောင့် မီးဖိုခန်းထဲကနေ အိမ်ရှေ့ကို အမြန်ထွက်လာခဲ့ပြီး ဖုန်းခွက်ကို ကောက် ကိုင်လိုက် တယ်။

"သဘ္ဘာ ငါပါ၊ ခြူးမွှင့်ပါ"

ခြူးမွှင့်ဆိုသော အသံကြောင့် စိတ်ထဲမှာ တင်းသွားခဲ့ပေမယ့် အသံကို ပြန်ထိန်းရင်း...

"ဘာကိစ္စရှိလို့လဲ"

"အစ်ကိုကြီး...ဆုံး...ဆုံးသွားပြီ"

"ဟင်...ဖေဖေ...ဖေ...ဖေ...ဆုံး...ဆုံး သွားပြီ...ဟုတ် ဟုတ်ရဲ့လားဟင်"

"ဟုတ်တယ် တို့လည်း မိုးလင်းလို့ နှိုး...နှိုး...ကြည့် တော့မှ အသက်မရှိမှန်း သိရတယ်၊ သဘ္ဘာ...အဲဒါ လှမ်းအကြောင်း ကြားတာ"

ဖုန်းချသံ ကြားလိုက်ရတယ်။ ကျွန်မ မျက်နှာကို လက်ဝါးနှင့် အုပ်ပြီး ချုံးပွဲချပစ်လိုက်တယ်။ ဖေဖေ ကျွန်မရဲ့ ဖေဖေမရှိတော့ဘူး။

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

## (၉)

ထူးဆန်းသောဝေဒနာများ

ဖေဖေ့တိုက်ခန်းကို ကျွန်မနဲ့မောင် ရောက်သွားတော့ ဖေဖေ့ရဲ့ အသက်မဲ့တဲ့ ခန္ဓာကိုယ်က ခုတင်ထက်က ဆီးကြိုနေပါတယ်။ အရှ သည်ရုပ်မလှုန်ကဲသော်လည်း ဝမ်းနည်းကြေကွဲရိပ်ပြနေတဲ့ ခြူးပွင့်ဖွန့်ကို သူ့ အဖော်တွေ အကြား၊ အိမ်နီးနားချင်းများအကြားမှာ မျက်ရည် စမ်းစမ်းနဲ့ တွေ့လိုက်ရပါတယ်။ ခြူးပွင့်ဖွန့်က အစ်ကိုကြီးရေ အစ်ကိုကြီး သမီးလာနေပြီ ထကြည့်ပါဦးဆိုတဲ့ ငိုလိုက်သံဆုံးတော့ ကျွန်မ ဖေဖေ့ အလောင်းကို ပြေးဖက်ပြီး သိမ့်သိမ့်တုန်ရင်ကွဲအမျှ လှိုမ့်ငိုချလိုက်ပါတယ်။ ဟိုနေ့တွေက အကောင်းရယ် ဒီနေ့ အသက်မရှိတော့ဘူးတဲ့။

ခြူးပွင့်ရဲ့ အဆိုအရ ဖေဖေ့မှာ သွေးတိုးရှိမည်တဲ့။ အရက်ကို မသောက်ရန် သတိပေးသည့်ကြားမှ ညက အရက်သောက်များ သွား သဖြင့် သူ့ဘဝ ဆုံးရှုံးခဲ့ရပြီ။ ချုံချုံဖွဲ့ဖွဲ့ပြောရင်း မျက်ရည်များကို လက်ကိုင်ပဝါနှင့် သုတ်နေတယ်။

လူကြီးအဲချို့ရဲ့ ဝိုင်းဝန်းတရားချသံဆုံးတော့ အလောင်း





မြေကျရေး ကိစ္စကို တိုင်ပင်ကြသည်။ ကျွန်မက ဖေဖေ့ဦးခေါင်းမှ ရှည်ထွက်စပြုနေတဲ့ ဆံပင်များကိုကြည့်ပြီး စိတ်မချမ်းသာ။ မေမေ ဆုံးပြီးကတည်း ခေါင်းတုံးနှင့် နေခဲ့သည့် အဖေ။

"မခြူး ကျွန်မ ဖေဖေအလောင်းကို ပြင်ချင်တယ်"

"ဘယ်လို လုပ်ချင်လို့လဲ"

"ဖေဖေဟာ တစ်သက်လုံး ခေါင်းတုံးနဲ့ နေလာခဲ့တာ၊ ကျွန်မ ဖေဖေ့ဦးခေါင်းက ရှည်နေတဲ့ ဆံပင်တွေကို ရိတ်ပေးချင်တယ်"

ဒီလိုပြောလိုက်တော့ ခြူးပွင့်ဖွန့်က မျက်လုံးပြူးသွားပြီ..

"အို...အို...ဒါတော့ လက်မခံနိုင်ဘူး၊ အစ်ကိုကြီးက ငါ့ကို ချစ်လို့ ဆံပင်အရှည်ပြန်ထားတာ၊ ဒီအတိုင်းထားပြီး ခေါင်းသွင်း မီး သင်္ဂြိုဟ်မယ်"

နောက်ဆုံးအငြင်းအခုံ စကားများကြရာမှ သဘောတူညီ ချက်တစ်ခုစီရသွားခဲ့ပါတယ်။ ခြူးပွင့်ဖွန့်က သူ့ယောကျ်ားအလောင်းကို မြတ်နိုးစွာ ပြုပြင်ပါ။ ကျွန်မက ဖေဖေ့ကို မီးမသင်္ဂြိုဟ်ဘဲ ဒီအတိုင်း ဂူသွင်းမည်။ (ကျွန်မတို့မြို့မှာမီးသင်္ဂြိုဟ်စက် မရှိပါ၍ မီးသင်္ဂြိုဟ်လျှင် ထင်းမီးနှင့်သာ သင်္ဂြိုဟ်လေ့ရှိသည်။) သည်လို ညှိနှိုင်းလို့ ရသွားခဲ့ကြ သည်။

ပြန်ခါနီးကျတော့ ကျွန်မက ဖေဖေ့မျက်နှာကို ငုံ့နမ်းမလို့ ပြင် လိုက်တယ်။ ဒီမှာ...ခေါင်းပေါ်ဘက်က ယင်ကောင်အချို့ထပျံသွား တယ်။ အမှုမဲ့အမှတ်မဲ့ သတိပြုမိလိုက်သော်လည်း သာမန်လို့ပဲ ထင် လိုက်ပါတယ်။

ကျွန်မ အားရပါးရ နမ်းရှုံ့ငိုကြွေးပြီးမှ အိမ်ကို ပြန်လာ လိုက်တယ်။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

(၁၀)

မမျှော်လင့်သော သဲလွန်စများ

ဖေဖေ့ကိစ္စရက်လည်ပြီး (၈)ရက်မြောက်တဲ့နေ့မှာ ဖေဖေ့လူငယ်ချင်း ဦးမြတ်မင်း အိမ်ကို ရောက်လာတယ်။

"ဟော...အန်ကယ်ပါလား၊ လာထိုင်ပါ အန်ကယ်၊ မိအေးရေ အအေးလုပ်ပါဟေ့"

"နေပါစေ သမီးရယ်၊ ဒီမှာ သမီးလေးကို ပေးစရာရှိလို့"

ဦးမြတ်မင်းက ပြောရင်းမှသည်အတက်ချိုကေ့စ်ကို ဖွင့်ပြီး ဒိုင်ယာရီ စာအုပ်တစ်အုပ်ကို ကမ်းပေးလိုက်တယ်။

"သမီးဖေဖေ မဆုံးခင်နေ့က အိမ်မှာ အရက်သောက်ရင်း မေ့ကျန်သွားခဲ့တဲ့ သူ့ဒိုင်ယာရီစာအုပ်ပဲ၊ သမီးအတွက် အမှတ်တရ ရှိနိုင်တာမို့ လာပေးတာပါ"

ကျွန်မ တုန်ရီသော လက်အစုံနဲ့ ဒိုင်ယာရီစာအုပ်ကို လှမ်းယူပြီး ကြုံရာစာမျက်နှာကို လှန်ကြည့်လိုက်တယ်။

အလို...ကြည့်စမ်း။





၂၀-၁၂-၁၉၉၉

တောက်...ရှုက်စရာကောင်းလိုက်တာ။ ခရီးမထွက်ဖြစ်လို့ အိမ်ကို ပြန်လာခဲ့တယ်။ လူသံတိတ်လို့ အထဲကို ဝင်လာလိုက်တော့ အိပ်ခန်းထဲက ခုတင်ပေါ်မှာ ယောက်ျားတစ်ဦးနဲ့ခြူး မျောက်ဖက်တင်ခင်း နေကြတယ်။

အဲဒီလူက ဒေးဗစ်ကျော်နိုင်တဲ့...။

ငါ့အသည်းတွေ တစ်စစီ ကြွေကျနပ်ပါပြီ။

"အလို...ဇာတ်လမ်းက ဒီလိုပါလား"

ဒါနဲ့ စိတ်ဝင်စားသွားပြီး ဆက်ဖတ်လိုက်တယ်။

၂၁-၁၂-၁၉၉၉

အရက်ကလွဲပြီး ငါ့အပေါ် ဘယ်အရာမှ သစ္စာမရှိဘူး။ ငါ သေချင်တယ်။ ငါအချစ်ဆုံးရှုံးခဲ့ပြီ။

၂၂-၁၂-၁၉၉၉

ငါ လူသတ်ချင်တယ်။ ခြူးကိုသတ်ရင် ကောင်းမလား။ ဒေးဗစ်ကို သတ်ရင် ကောင်းမလား။ ငါ့ကိုယ်ငါ သတ်ရင်ကောင်းမလား။

ဘုရား...ဘုရား ဇာတ်လမ်းက ဒီလိုပါလား။ ကျွန်မ ဒည့်သည်ကို စကားမပြောနိုင်ဘူး။ သဲလွန်စရလိုရငြား နောက်ပိုင်း စာမျက်နှာတွေကို အမြန်လှန်ဖက်လိုက်တယ်။

၁၀-၁၀-၁၉၉၉

ကားမှောက်၍ ဆေးရုံရောက်ခဲ့သည်။

၁၇-၁၀-၁၉၉၉

အထူးကုဆေးခန်းမှာ ဆက်ပြတုန်း ငါ့ဘဝဆုံးပြီ ဆရာဝန်က အာရုံကြောတစ်ခု ချို့ယွင်းထိခိုက်သွား၍ ယောက်ျားကိစ္စလုံးဝ မစွမ်းနိုင်တော့ပါတဲ့။ သွားပြီ ငါ...ငါ...လူဖြစ်ရှုံးသွားပြီ။

၂၁-၁၀-၁၉၉၉



www.burmeseclassic.com

www.burmeseclassic.com



ဒေးဗစ်ကျော်နိုင်ဆိုတဲ့ ကောင်နဲ့ခြူးတွဲနေတဲ့အကြောင်း အပေါင်းအသင်းများက ဖုန်းဆက်အသိပေးသည်။ ခြူးကတော့ သာမန်ပါတဲ့။

"အန်ကယ်"

ကျွန်မအသံတွေ တုန်နေတယ်။ သည့်နောက် တအုပ်ကို ထိုးပေးလိုက်ပြီ။

"ဒီ...ဒီမှာ...ဖတ်မကြည့်စမ်းပါဦး အန်ကယ်ရယ်၊ ဒါ ဒါ"

ဦးမြတ်မင်းက ဒိုင်ယာရီစာအုပ်ကို ဖျတ်ခနဲ လှမ်းယူပြီး အသော့ဖတ်လိုက်သည်။

"တောက်...သစ္စာမဲ့လိုက်တာကွာ"

"အန်ကယ် ဒီကိစ္စ ကျွန်မလုံးဝ မသက်ာဘူး အန်ကယ်"

"သမီး ဘယ်လိုတွေးမိလို့လဲ"

"သူတို့အခြေအနေမဟန်လို့ ဖေဖေ့ကို လုပ်ကြံတာ ဖြစ်လိမ့်မယ်"

"ဒီလိုပြောနိုင်ဖို့က သက်သေအထောက်အထားပြနိုင်ဖို့ အရေးကြီးတယ် သမီး"

သက်သေအထောက်အထား ကျွန်မ ခေါင်းချောက်သွားခဲ့တယ်။ ဒါကြောင့် ဦးနှောက်ကို ဆက်စပ်ပြီး အလုပ်ပေးနေမိတယ်။ ဟော သိပြီ။

"အန်ကယ် သမီးတစ်ခု စဉ်းစားလို့ရပြီ"

"ဘာ...ဘာလဲ သမီး"

"အန်ကယ်တို့လည်း အသိပါ၊ ဖေဖေဟာ မေမေဆုံးပြီး ကတည်းက နောက်အိမ်ထောင်ကျသည့်အထိ ခေါင်းတုံးနဲ့ နေခဲ့သူပါ အန်ကယ်"

"ဒါလည်း စိတ်ညစ်လို့ ခေါင်းတုံး မတုံးဖြစ်တာ နေမှာ





ပေါ့ကွယ်"

"မဟုတ်သေးဘူး အန်ကယ်၊ အဲဒီနေ့က သမီးက ဖေဖေ့အလောင်းကို ပြုပြင်ရာမှာ ခေါင်းတုံးရိတ်ဖို့ ပြောတော့ မိထွေးက မတုံးရဘူးလို့ အကြောက်အကန် ကန့်ကွက်တယ်၊ အဲဒီနောက်မှာ သမီး ထူးထူးဆန်းဆန်းတစ်ခု သွားတွေ့ရတယ်"

"ဘာ...ဘာလဲဟင် ပြောလေ"

"ဖေဖေ့အလောင်းရဲ့ အဲဒီနေရာကို ဘာလို့ ယင်ကောင်တွေ နားလိုက်ပျံလိုက်လုပ်နေတာလဲ"

"ဟင်..."

"အဲဒီတုန်းက သမီးက အဲဒီနေရာကို ဘာလို့ မစစ်ဆေးလိုက်တာလဲကွယ်"

"မထင်ဘူးလေ အန်ကယ်၊ ဝမ်းနည်းပူဆွေးနေတဲ့ သောကကလည်း ကပ်နေတာကိုး"

"ကဲ...သမီး ဘာလုပ်ချင်သလဲ ပြော..."

"ဒီဒိုင်ယာရီကို ဖတ်လိုက်ရတော့ သူတို့ကို သမီး လုံးဝမသက်ာတော့ဘူး။ သမီး ဒီလိုလုပ်ချင်တယ်"

♛ ♛ ♛

www.burmeseclassic.com

www.burmeseclassic.com

(၁၁)

အလောင်းထဲက အံ့ဖွယ်မြင်ကွင်း

ကျွန်တော်က (...)မြို့နယ် ဒုရဲအုပ်ရွှေတင်မောင်ပါ။ တရားလို ဒေါ်သဉ္ဇာဝေစည်ရဲ့ အမှုဖွင့်တိုင်ချက်အရ ဦးကောင်းမြတ်ဦး သေသည့် အမှုကို ကိုင်နေရတာပါ။ အလောင်းဖော်ထုတ်မှုပြီးမှ ပြန်နောက်ကြောင်း လိုက်ရတဲ့ အမှုဆိုတော့ အတော့်ကို လက်ဝင်ပါတယ်။

ဒါနဲ့ ဒေးဗစ်ကျော်နိုင်ရဲ့ နောက်ကြောင်းကို လေ့လာ လိုက်တဲ့ အခါမှာ သူဟာ လူလည်လူရှုပ်တစ်ဦးဖြစ်ပြီး မိန်းမကိစ္စ အလွန်ပွေသူ ဖြစ်ကြောင်းသိရသလို ခြူးပွင့်ဖွန်ကလည်း သေသူနဲ့ဆိုရင် အိမ်ထောင် သုံးဆက်ရှိခဲ့ဖူးကြောင်း သိခဲ့ရပါတယ်။

ဒီအတောအတွင်း ခြူးပွင့်ဖွန်ရဲ့ အသွားအလာလှုပ်ရှားမှုကို စောင့်ကြည့်လိုက်တော့ မန္တလေးကအမျိုးတွေဆီကို အလည်သွားနေ





သတဲ့။ သူသွားတဲ့ အပိုင်နယ်မြေကို ဒေသခံရဲ့အကူအညီနဲ့ စုံစမ်း ကြည့်လိုက်တော့ အဲဒီမှာမရှိဘူး ဖြစ်နေတယ်။

ဒါပေမယ့် နောက်ဆုံး ခြူးပွင့်ဖွန် ဘယ်မှာရှိတယ်ဆိုတာကို ရဲသတင်းပေးတစ်ဦးရဲ့ အကူအညီနဲ့ ရခဲ့ပါတယ်။

အဲဒီမှာ မသင်္ကာစရာ အဖြစ်တစ်ခုကို သိခဲ့ရတယ်။

နောက်ဆုံး မှုခင်းဆရာဝန်များ မြို့နယ်မှူးများရဲ့ ခွင့်ပြုချက်နဲ့ ဦးကောင်းမြတ်ဦးရဲ့ ဂူကို ဖျက်ပြီး အလောင်းကို ကျွန်တော်တို့ ပြန်လည်စစ် ဆေးလိုက်ရတယ်။ အလောင်းက ဖူးယောင်ပွထနေပါပြီ။

မှုခင်းဆရာဝန်များရော ဆေးရုံမှ ဆရာဝန်များရဲ့ ကြိုးစားမှု ကြောင့် ဦးကောင်းမြတ်ဦး ဘယ်လိုအဖြစ်ဆိုးနဲ့ ကွယ်လွန်ခဲ့ ရတယ် ဆိုတာကို ကျွန်တော်တို့ သိလိုက်ရတယ်။ သူဟာ နှုန်းတန်းကန်းရောဂါနဲ့ သေဆုံးခဲ့တာ မဟုတ်ဘူး။ ရက်ရက်စက်စက်ထူးဆန်းစွာ လုပ်ကြံ သတ်ဖြတ် ခံလိုက်ရတာ။ လုပ်ကြံပုံက အတော့်ကို သေသပ်တယ်။ ကြောက်စရာ လည်းကောင်းလှပါတယ်။

ကျွန်တော် သဲလွန်စကွင်းဆက်များကို စုပေါင်းစဉ်းစား ခြေရာခံ လိုက်တော့ အနီးစပ်ဆုံးတရားခံလို့ ယူဆနိုင်သူများကို တွေ့လို့ ရလာတယ်။

ဇာတ်လမ်းက ပြီးတော့မှာပါ။

❦ ❦ ❦

www.burmeseclassic.com

www.burmeseclassic.com

(၁၂)

ပြည့်ဖုံးကားချဆိုင်းဆင့်

ဒေါ်ခြူးပွင့်ဖွန်ရဲ့ တိုက်ခန်းဝကနေ လူခေါ်ဘဲလ်ကို နှိပ်လိုက်လို့ အတန်ကြာမှ ရေမွှေးကကြိုင်ကြိုင်နဲ့ အလွန်လှပခေတ်ဆန်တဲ့ အမျိုးသမီးတစ်ဦး အံ့ဩနေတဲ့ မျက်နှာနဲ့ ဘာဂျာတံခါးကို လာဖွင့်လိုက်တယ်။

''ဘာ...ဘာကိစ္စများ ရှိလို့ပါလဲ ရှင်''

''ကျွန်တော် ဒုရဲအုပ်ရွှေတင်မောင်ပါ၊ ဒေါ်ခြူးပွင့်ဖွန် ကျွန်တော်တို့ ခင်ဗျားကို နည်းနည်းမေးစရာရှိလို့ပါ''

''မေးစရာရှိလို့''

ပါလာတဲ့ အရပ်လူကြီးများနဲ့ ရဲအမှုထမ်းများကိုကြည့်ပြီး သိပ်အံ့ဩနေတယ်။ သူ့လက်တွေ တုန်နေတယ်။ ဆက်တီပေါ်မှာ ဝိုင်းထိုင်မိကြတော့ ဒေါ်ခြူးပွင့်ဖွန်က စီးကရက်တစ်လိပ်ကို ကောက် မီးညှိလိုက်တယ်။ သူ့လက်တွေ တုန်နေမြဲဖြစ်နေတာကို သတိပြုမိလိုက်တယ်၊





ဆေးလိပ်ခွက်ထဲကို အကဲခတ်လိုက်တော့ မီးလောင်လက်စ စီးကရက်တိုနှင့် အခြားအစီခံတိုများကို တွေ့လိုက်ရတယ်။ ခြူးပွင့်ဖွန်ဟာ ဆန့်ကျင်ဘက်လိင်တိုင်းအပေါ် ဆွဲဆောင်နိုင်သူဆိုတာ ကျွန်တော် ယုံပါတယ်။

''ဒေါ်ခြူးပွင့်ဖွန် ခရီးသွားနေတယ် ကြားလို့ပါ၊ ဘယ်ကို သွားပါသလဲ ခင်ဗျား''

''မန္တလေးက အမျိုးတွေဆီကိုပါ ရှင်''

ကျွန်တော်က ပြုံးလိုက်ပါတယ်၊ သူမကလည်း မှင်ကောင်းလှပါပေတယ်။

''တစ်ယောက်တည်းပဲလား...အဖော်ပါ ပါသေးလား ခင်ဗျ''

''ကျွန်မတစ်ယောက်တည်းပါ၊ နေပါဦး ကျွန်မရဲ့ ကိုယ်ရေးကိုယ်တာကိစ္စကို ဘာသဘောနဲ့ အခုလို လာမေးမြန်းစစ်ဆေးရတာလဲ''

သူမကလည်း မခေဘူး၊ ကျားမတစ်ကောင်လို ချက်ချင်းတုံ့ပြန်တယ်၊

''ဒီလိုပါ သေသူဦးကောင်းမြတ်ဦးရဲ့ သမီးသဉ္ဇာဖေစည်က သူ့အဖေ သေပုံကို မသင်္ကာလို့ ပြန်လည်စစ်ဆေးပေးဖို့ တိုင်ချက်ဖွင့်ထားလို့ပါ''

''ဘာ...အဲမယ်...သူက ရာရာစစ ဝင်ရှုပ်လို့၊ ဒါ–ဒါ ကျွန်မကို သက်သက်နာမည်ပျက်အောင် အရှက်ခွဲတာ ကျွန်မအမွေတွေကို လိုချင်လို့ လီဆယ်တာ၊ ကျွန်မ သူ့ကို အသရေဖျက်မှုနဲ့ ပြန်တရားစွဲမယ်''

''ဒါက ခင်ဗျားရဲ့ အပိုင်းပါ၊ ကျွန်တော်တို့ကတော့ ဝတ္တရားအတိုင်း မေးရမှာပါ''

''အဲဒီနေ့က ဦးကောင်းမြတ်သေမှန်း ဘယ်အချိန်ကျမှ သိရပါသလဲ''



www.burmeseclassic.com

www.burmeseclassic.com



"မိုးလင်းလို့ မထတာနဲ့ နိုးကြည့်မှ သိရတာပါ"

"သူ အိပ်ဆေးသောက်တတ်သလား"

"ဟင့်အင်း"

"မသေခင်ညကရော အရက်မူးနေသလား"

"ဟုတ်ကဲ့ သူ သိပ်မူးနေပါတယ်၊ မူးမူးနဲ့ ထိုးအိပ်တာပဲ နောက်ပြီး သွေးတိုးလည်းရှိနေတယ်လေ"

"သွေးတိုးရှိတာ ဘယ်သူက ပြောတာလဲ"

"ဆရာဝန်ကပါ"

"ဘယ်ဆရာဝန်ပါလဲခင်ဗျာ'

ဒီလိုမေးလိုက်တော့ သူမ ကြောင်အမ်းအမ်းဖြစ်သွားခဲ့တယ်။

"အဲ . . .အဲဒါတော့ မသိဘူး။ သူပြောပြလို့ ကျွန်မ သိရတာပါ"

"ဒါဖြင့် ဘယ်အချိန်သေမှန်း ခင်ဗျားမသိဘဲနဲ့ တစ်ညလုံးနေတင်ပေါ်မှာ အတူအိပ်ခဲ့တယ်ပေါ့နော်"

"ဟုတ် . . .ဟုတ်ကဲ့ရှင့်"

"နောက်တစ်ချက် မေးချင်တယ်ဗျာ၊ သူ အမြဲ (ခေါင်းတုံး) တုံးလေ့ ရှိသလား"

"ဟုတ်ကဲ့ မကြာခဏ တုံးတတ်ပါတယ်၊ နောက်တော့ အရှည်ထားလာခဲ့ပါတယ်"

"သေတဲ့နေ့က သူ့အဖေရဲ့ ဦးခေါင်းကို သူ့သမီးက ဆံပင်ကို သူ့သမီးက ရိတ်ပေးမယ်လုပ်တော့ ခင်ဗျား ဘာလို့ ခွင့်မပြုနိုင်ရတာလဲ"

"အဲ . . .အဲ . . .ဒါ့ . . .ဟို . . .ဟို"

သူမ ဘာဖြေရမှန်း မသိဘူး။ အထစ်ထစ်ငေါ့ငေါ့ ဖြစ်နေပြီ။ မျက်လုံးအစုံကလည်း အနောက်ဘက်ကို လှည့်ကြည့်ပြီး အားကိုးရှာသလိုလို။ နဖူးမှာလည်း ချွေးအချို့စို့လာနေတယ်။





"ဖြေပါ"

"ခင်ဗျားက မီးသဂြိုဟ်ချင်တာကရော . . .ကဲ"

"ဒါ . . .ဒါကလည်း အရိုးပြာကို ဂူသွင်းချင်လို့ပါရှင်"

"ကဲဗျာ . . .နောက်တစ်ချက်ပဲ သိချင်ပါတယ်၊ ခင်ဗျား မန္တလေးမှာ ဘယ်နှစ်ည အိပ်ခဲ့ပါသလဲ"

"သုံးညပါ"

"တစ်ယောက်တည်းပဲလား"

"အမျိုးအိမ်မှာပါ၊ ကျွန်မတစ်ယောက်တည်းပါ"

"ဆရာဝင်းအောင် သူ့ကို လက်ထိပ်ခတ်လိုက်ပါ"

ဒီလိုလည်း ကျွန်တော်က အမိန့်ပေးလိုက်ရော သူမလန့်ပြီး ခုန်ထ လိုက်တယ်။ ဒါပေမယ့် လက်ထိပ်က ခတ်ပြီးပါပြီ။ သူမ ငြင်းဆန် ရုန်းကန်ရင်း ရုန်းရင်းကြမ်းတမ်းတဲ့ စကားလုံးများကို ရေအန်ရွတ်နေတယ်။

"ဆရာဝင်းအောင် အခန်းထဲက တစ်ယောက်ကိုလည်း လက်ထိပ်ခတ်ထိပ်ဆိုက်ပါ ခင်ဗျာ"

ဒီမှာ အာလုံးအံ့ဩကုန်ကြတယ်။ သူမခိုရင် ပိုအံ့ဩ သွားခဲ့တယ်။ မကြာဘူး အိပ်ခန်းထဲကနေ ဒေးဗစ်ကျော်နိုင် လက်ထိပ်ခတ်ရက်နဲ့ ရုန်းရင်းကန်ရင်းပါလာတယ်။

ကျွန်တော် သိတာပေါ့။

"မအံ့ဩပါနဲ့ ဒေးဗစ်ကျော်နိုင် ကျုပ်တို့ ရောက်တဲ့အချိန်မှာ စီးကရက်တစ်တို မီးမသေဘဲ တွေ့ခဲ့ရတယ်။ ကျုပ် သတိပြု ကြည့်လိုက်တော့ အစီခံမှာ သွားကိုက်ရာကို တွေ့နေရတယ်။ ဒီစတိုင်လ် ဒီအကျင့်က ခင်ဗျား သောက်လေ့သောက်ထရှိတဲ့ အကျင့်ဆိုတာ ကျုပ်တို့စုံစမ်းသိရှိခဲ့ပြီးပါပြီ။

ကျုပ်တို့ ဘဲလ်တီးလိုက်တော့ ခင်ဗျား အိပ်ခန်းထဲ ဝင်ပုန်းနေတယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



မီးဖိုချောင်ထဲ ဝင်ပုန်းရင်တော့ အဟင်း . . . ဟင်း . . . ဟင်း ခင်ဗျားနောက်ဖေးပေါက်က ထွက်ပြေးချိန်ရနိုင်တာပေါ့ ထိုင်ပါ"

"ကျွန် . . . ကျွန်တော်နဲ့ ဘာ . . . ဘာဆိုင်လို့လဲဗျ"

"ဟုတ်ကဲ့ ဆိုင်ရမှာပေါ့၊ စိတ်ချပါ၊ ဒေါ်ခြူးပွင့်ဖွန် ခင်ဗျား ကျုပ်တို့ ကို တစ်ချိန်လုံး ညာနေခဲ့တယ်ဗျာ၊ ဒီမှာ ခင်ဗျား မနေ့လေးမှာ ညအိပ်တာ မဟုတ်ဘူး၊ တောင်ငူမြို့က ( . . . )ဟိုတယ်မှာ(၃)ရက် အိပ်တာ"

"ရှင် . . ."

"မအံ့သြပါနဲ့ဗျာ၊ ခင်ဗျားတစ်ယောက်တည်းမဟုတ်ဘူး၊ ခင်ဗျားနဲ့ ဒေးဗစ်ကျော်နိုင်နဲ့ ခင်ဗျား ဘာငြင်းချင်သေးသလဲ"

အရှိက်ကို တစ်ချက် ဝင်သွားပြီမို့ သူတို့နှစ်ဦးစလုံး ခေါင်း ငိုက်စိုက် ကျသွားခဲ့ကြတယ်။

"ခင်ဗျားတို့နှစ်ဦး ဘယ်သူက ဦးကောင်းမြတ်ဦးကို လုပ်ကြံ သတ်ခဲ့သလဲ"

"အို . . . ဒါ . . . ဒါ . . . မဟုတ်ဘူး၊ မသိဘူး . . . မသိ မသိဘူး"

"ဒီမှာ ခြူးပွင့်ဖွန် အဘိုးကြီးသေတဲ့မနက်အစောကြီး ဒီအိမ် ကနေ ထွက်သွားခဲ့တာ ဒေးဗစ်ကျော်နိုင်ပဲဗျ"

ဒီတင် ဒေးဗစ်ကျော်နိုင် ဖျတ်ခနဲ လှည့်ကြည့်ပြီး . . .

"ဘယ်သူပြောလဲ ခင်ဗျား ဘယ်လိုလုပ်ပြောနိုင်မလဲ"

ဒီတင် ကျွန်တော်က လူကြီး လင်မယားနှစ်ဦးကို လက်ညှိုးထိုးပြ ပြီး . . .

"ဒါ ဒီရှေ့တိုက်က ဖနီးမောင်နှံပဲဒေးဗစ်၊ အဲဒီနေ့မနက်က မောင်ရင့် ရေးကြီးသုတ်ပျာ စောစောစီးစီးထွက်လာတာကို သူတို့ လမ်းလျှောက်ကအပြန်မှာ ထူးဆန်းစွာ တွေ့ခဲ့ရပါတယ်တဲ့၊ ဘယ်နဲ့ ကိုယ့်လူ ငြင်းချင် ပါသေးသလား၊ ခင်ဗျားတို့ ဘယ်လို သတ်ခဲ့တယ်





ဆိုတာ မသိရင် ပြောပြပါဦးမယ်၊ နားထောင်ပါ သတ်တဲ့နည်းကတော့ ဦးကောင်းမြတ်ဦးရဲ့ ဦးနှောက်တည့်တည့်ကို (၅)လက်မ အိမ်ရိုက် သံကြီးတစ်ချောင်း အဆုံးထိ ရိုက်သွင်းပြီး ညဦးပိုင်းလောက်ကတည်းက သတ်ခဲ့တာပဲ။

ဘာလို့သတ်ခဲ့ရသလဲဆိုတော့ . . . ၊ ဟောဒီမှာ ဦးကောင်း မြတ်ဦးရဲ့ ဒိုင်ယာရီ၊ မင်းတို့နှစ်ဦး နောက်မီးလင်းတာကို တွေ့သွား သိသွားခဲ့လို့ ကွဲကြပြုကြရင်း အမွေဥစ္စာစည်းစိမ်တွေ ဆုံးရှုံးမှာစိုးလို့ စောစောစီးစီး နှုတ်ပိတ်လုပ်ကြံလိုက်တာပဲ။ ဒီမှာ သေသူရဲ့ ဓါတ်ပုံနော်။

ကျွန်တော်က အလောင်းဖော်ယူ စစ်ဆေးစဉ်က ဓါတ်ပုံများ ဆေးရုံဆေးစစ်ချက် ဓါတ်ပုံများကို ခင်းချလည်း ပြလိုက်ရော အင့်ခနဲ ငိုရှိုက် ချလိုက်တာက ဒေါ်ခြူးပွင့်ဖွန်း။

"ဝန်ခံရရင် ဝန်ခံတဲ့အကျိုးကို ခံစားခွင့်ရှိပါတယ် ဒေါ်ခြူးပွင့်ဖွန် ကဲ . . . ခင်ဗျား သတ်ခဲ့သလား"

"မ . . . မ . . . မဟုတ်ပါဘူး၊ မ . . . မသတ်ဘူး၊ မသတ်ဘူး"

"ဟုတ်ပြီ ဒါဖြင့် ဘယ်သူသတ်သလဲ"

ဒီတင် ဒေါ်ခြူးပွင့်ဖွန်က ထိတ်လန့်ကြောက်ရွံ့စွာနဲ့ ဒေးဗစ် ကျော်နိုင်ရဲ့ မျက်နှာကို လှမ်းကြည့်ပြီး . . .

"သူ . . . သူ . . . ဒေးဗစ် . . . သတ် . . . သတ်တာပါရှင့် သူ . . . သူ"

"ဘာ နင်က ခုတော့ ငါ့ကို ပုံချတယ်ဟုတ်လား၊ ဒီလိုလား မိခြူး၊ ရဲမှူး ခင်ဗျား သူနဲ့ကျွန်တော် ဟို . . . ဟိုဒင်းဖြစ်တဲ့ကိစ္စ သူ့ လင်ကြီးမိသွားခဲ့တော့ လင်မယားကွဲရင် စည်းစိမ်ပါ ဆုံးရှုံးမှာစိုးလို့ သူ့လိုအင်ဆန္ဒအရ ကျွန်တော်တို့ နှစ်ဦးတိုင်ပင်ပြီး အခုလို လုပ်ကြံ သတ်လိုက်ရတာပါ၊ မကြာခင် ကျွန်တော်တို့ လက်ထပ်ဖို့လည်း အစီအစဉ် ရှိပါတယ်၊ သူလည်း ကြံရာပါပါ သူခိုင်းလို့ပါ သူခိုင်းလို့ လုပ်ရတာပါ ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"အေးလေ ဒေါ်ခြူးပွင့်ဖွန်လို ရုပ်ချောညစ္စာပေါ် မိန်းမမျိုးကို ရဖို့ ရာဂမီးတောက်ခဲ့မှတော့ ဘယ်ငရဲမီးကို ကြောက်တော့မလဲ ကိုကျော်နိုင်ရာ ကဲ...ခင်ဗျား ရိုက်သွင်းခဲ့တဲ့တူ ဘယ်နားမှာ ဝှက်ထားခဲ့သလဲ ထုတ်ပေးဗျာ"

ခြူးပွင့်ဖွန်က သည်းထန်စွာ ငိုရှိုက်နေတယ်၊ ဒေးဗစ်ကျော်နိုင်က အမှိုက်ပုံးတစ်ခုအောက်က တူတစ်လက်ရှိရာကို လက်ညှိုးထိုးပြလိုက်တယ်၊ ကျွန်တော်က တူရဲ့ အနောင့်ကို မှန်ဘီလူးထုတ်လို့ သေသေချာချာ စစ်ဆေးလိုက်တယ်။

အင်း...ဒါကြောင့် သဏ္ဍာဝေစည်က သူ့ဖခင်ရဲ့ ဦးခေါင်းမှာ ယင်ကောင် ဝဲလိုက် နားလိုက်ဖြစ်နေတာကို သတိပြုမိတာကိုး၊ ကြည့်စမ်း တူရဲ့အနောင့်မှာ သွေးစေးခဲအချို့နှင့် ကပ်နေသည့် ဆံပင်အချို့ကို ကျွန်တော်မှန်ဘီလူးအောက်မှာ အသေအချာ တွေ့လိုက်ရလို့ပါပဲ ခင်ဗျာ။

မှုခင်းရှောင်စုံ
၂၀၀၀ ခုနှစ်—အောက်တိုဘာ


NEW IDEA စိတ်ကူးသစ်စာပေ

အမှတ်(၂၅)၊ အလယ်ဘုံရွာ ဗညားဒလလမ်း၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့ ဖုန်း-၀၁၂၁၃၁ ၂၈၄

| စဉ် | စာရေးသူ | စာအုပ်အမည် | ရောင်းဈေး |
|---|---|---|---|
| ၁။ | သတ်ဦးလွင် | လူသန်ကြီး 'တု' | ၆၀ိ/- |
| ၂။ | ။ | စူပါမင်းနှင့် အခြားကမ္ဘာမှ ဧည့်သည် | ၆၀ိ/- |
| ၃။ | ။ | စူပါမင်းနှင့် ကမ္ဘာဖျက်သတ္တဝါကြီး | ၈၀ိ/- |
| ၄။ | ။ | လင်းနို့လူသားပါဝင်သော ရှုံ့မှုက်စာ | ၆၀ိ/- |
| ၅။ | ။ | စူပါမင်းအတု ဘိဇာရို | ၆၀ိ/- |
| ၆။ | ။ | သူရဲကောင်းများစွာ | ၆၀ိ/- |
| ၇။ | ။ | စူပါမင်း မျိုးဆက်သစ်အဖွဲ့ | ၆၀ိ/- |
| ၈။ | ။ | ပင့်ကူမယ် | ၆၀ိ/- |
| ၉။ | မြရတီ | ထုတောင်းကြီးပြည့်မင်းသမီးလေးနှင့်ဖြစ်ရပ်ဆန်းကြယ် | ၆၀ိ/- |
| ၁၀။ | ။ | ပန်းနှင့် လိပ်ပြာ | ၆၀ိ/- |
| ၁၁။ | ။ | လျှရာစ်မီးလျှံ | ၇၀ိ/- |
| ၁၂။ | ။ | အချစ်၌ဖြစ်သော အစိမ်းရောင်သမုဒ္ဒယ | ၇၀ိ/- |
| ၁၃။ | မောင်ညိုမှိုင်း(သန်လျင်) | မြွေဝင်စား မခင်မြွေ | ၁၂၀ိ/- |
| ၁၄။ | ။ | လူထူးဆန်း ဘဝတိုက်ပုံ ဦးရာကျော် | ၁၂၀ိ/- |
| ၁၅။ | ။ | သည်းထိတ်ဆန်းကြယ်ခွေးနက်ကြီး | ၁၂၀ိ/- |
| ၁၆။ | ။ | သေရွာထဲကြိုက်ပြန်ဆင်ခေါင်းခံ | ၁၂၀ိ/- |
| ၁၇။ | ။ | မြွေတောတတ်ပါးမြစ်မျောက်မင်းသားဝိုးစည်နှင့်ကျောက်ခဲ | ၁၂၀ိ/- |
| ၁၈။ | ။ | မိုးဗွာရှာသူ မကြွေ | ၁၂၀ိ/- |


www.burmeseclassic.com